# မြန်မာအမျိုးသမီးလောက

တက္ကသိုလ်
ကြည်မာ



7

၉၂၀.၇၂

စာပေဗိမာန်•ပြည်သူ့•စာကြည့်တိုက်
SARPAY BEIKMAN PUBLIC LIBRARY.
ACC. No

# မြန်မာအမျိုးသမီးလောက

တက္ကသိုလ် ကြည်မာ

အဖုံးပန်းချီ ဦးဝံတီး

SARPAY BEIKMAN PUBLIC LIBRARY
ACC. No.

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပထမ နှိပ်ခြင်း။ ၁၉၇၅။ အုပ်ရေ ၃၀၀၀

မျက်နှာဖုံး- ၃၂၈-၃၃၀ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့
ညွှန်ကြားရေးမှူး ဦးအောင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က
ထုတ်ဝေသည်။

မျက်နှာဖုံး ၃၉၀ ပြည်လမ်း စာပေဗိမာန်ပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး (ပုံနှိပ်) ဦးစံမောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၄) က
ရိုက်နှိပ်သည်။

# မာတိကာ

၁။ အမျိုးသမီးနှင့် လူ့ဘောင် ...... ၅

၂။ ရှေးခေတ် မြန်မာအမျိုးသမီးများ ...... ၁၀
နိုင်ငံအုပ်ချုပ်ရေး၌ ဦးဆောင်မှု....၁၀၊ လူမှုရေးခံစားခွင့်....၁၅၊ ရှေးခေတ်အမျိုးသမီးနှင့် စာပေ....၁၉၊ ရှေးခေတ်အမျိုးသမီးများ၏ အလုပ်အကိုင်....၂၂၊

၃။ ကိုလိုနီခေတ် နိုင်ငံရေးလှုပ်ရှားမှု ...... ၂၃
ကိုလိုနီခေတ်ဦးပိုင်း....၂၃၊ ဝံသာနုစိတ်နိုးကြားခြင်း....၂၅၊ မြန်မာမိန်းမများအသင်း....၂၆၊ ဒါနသုခအသင်း....၂၈၊ ကျောင်းသူများ၏ လုပ်ရပ်များ....၂၉၊ သခင်မများ၏ နိုင်ငံရေး ကြိုးပမ်းချက်....၃၅၊ မြန်မာပြည် လွတ်လပ်ရေး အမျိုးသမီးအဖွဲ့....၃၇၊ ၁၃၀၀ ပြည့် အရေးတော်ပုံနှင့် အမျိုးသမီးများ....၃၈၊

၄။ ဂျပန်ခေတ် နိုင်ငံရေးလှုပ်ရှားမှုများ ...... ၄၁
အာရှမယ်များ....၄၂၊ တို့ဗမာမများ....၄၅၊ အမျိုးသမီးဗမာ့ဝန်ထမ်းအဖွဲ့....၄၅၊ ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲခြင်း....၄၇၊ အမျိုးသမီးတပ်၌ ပေါ်ပေါက်လာပုံ....၄၈၊ နိုင်ငံ့ဝန်ထမ်း အမျိုးသမီးသူနာပြုများ....၅၀၊

၅။ စစ်ပြီးခေတ် လွတ်လပ်ရေးကြိုးပမ်းမှု ...... ၅၃
အမျိုးသမီး အသင်းအဖွဲ့များ....၅၆၊ မြန်မာတိုင်းလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်ရေးအဖွဲ့....၅၆၊ အမျိုးသမီး ကွန်ဂရက်အဖွဲ့....၅၉၊ ဗမာပြည် လွတ်လပ်ရေး အမျိုးသမီးအဖွဲ့....၆၁၊ ဖဆပလ အမျိုးသမီးများ....၆၂၊ ပြည်သူ့ရဲဘော်မများ....၆၃၊ ဗမာ့မှတ်စလင် အမျိုးသမီးအဖွဲ့....၆၄၊ လွတ်လပ်ရေးခေတ် အဖွဲ့အစည်းများ....၆၅၊ နိုင်ငံရေးနယ်ပယ်၌ ထင်ရှားသော အမျိုးသမီးများ....၆၆၊ အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ အရှင်းအရေးတိုက်ပွဲ....၆၇၊

၆။ အမျိုးသမီးများ၏ စွမ်းရည်အထွေထွေ — ၇၇

အမျိုးသမီးများနှင့် ပညာရေး...၇၇၊ ပညာထူးချွန်သူများ...၈၆၊ ထူးချွန်သည့် ဆေးပညာရှင်များ...၉၀၊ သိပ္ပံပညာ ထူးချွန်သူများ ...၉၄၊ အမျိုးသမီးဥပဒေ ပညာရှင်များ...၉၆၊ စာနယ်ဇင်း လောကမှ အကျော်အမော်များ...၉၉၊ သာသနာ့ဝန်ထမ်း အကျော်အမော် များ...၁၀၀၊ စီးပွားရေးနယ်မှ ထူးချွန်သူများ...၁၁၄၊ အမျိုးသမီး များနှင့် လူမှုရေး...၁၂၄၊ အနုပညာရှင်အကျော်အမော်များ...၁၃၇၊ မြန်မာ့ဂုဏ်ဆောင် အားကစားသမားများ...၁၅၁၊ အမျိုးသမီးစစ်မှု ထမ်းများ...၁၆၀၊ ဝံ့ဘာပွဲဝင် အမျိုးသမီးများ...၁၆၂၊ အမျိုးသမီး များနှင့် အလုပ်အကိုင်...၁၆၃၊ အမျိုးသမီးများ၏ အနာဂတ်မြော် မှန်းချက်...၁၇၁

၇။ မှီငြမ်းပြုသော စာအုပ်စာတမ်းများ — ၁၇၇



၁

# အမျိုးသမီးနှင့် လူ့ဘောင်

လူ့သမိုင်းစဉ် အစမပျိုးမီကပင် အမျိုးသမီးတို့၏ တီထွင် ကြံဆချက်၊ ရှာဖွေတွေ့ရှိချက်နှင့် ရှေ့ဆောင်ရှေ့ရွက် ပြုမှုတို့သည် အထင်အရှား ရှိခဲ့၏။ သမိုင်းသုတေသီတို့က မိန်းမသည် လူ့ ယဉ်ကျေးမှုကို အစပြု ပျိုးထောင်ပေးသူ ဟုပင် ဆိုလေသည်။

ကမ္ဘာဦးကာလက လူတို့သည် အုပ်စုအလိုက် တနေရာမှ တနေရာသို့ ရွှေ့ပြောင်းလှည့်လည် နေထိုင်ကြ၏။ လူသား အချင်းချင်း အုပ်စုတစုနှင့်တစု ရန်ပြုတိုက်ခိုက်ခြင်းများလည်း ရှိခဲ့၏။ ထိုအခါမျိုးတွင် ယောကျ်ားသည် မိမိအုပ်စု၏ လုံခြုံ ရေးအတွက် အကာအကွယ် ပေးရ၏။ အခြားသားရဲတိရစ္ဆာန် များ၏ ဘေးရန်မှလည်း ကာကွယ်ပေးရ၏။ မိမိအုပ်စု စား သောက်ရန် သားကောင်များကိုလည်း ပစ်ခတ်ဖမ်းဆီး ပေး ရ၏။

မိန်းမသည် ယောကျ်ားကဲ့သို့ သက်စွန့်ဆံဖျား တာဝန်မယူ ရသော်လည်း ပင်ပန်းများပြားသော တာဝန်များကို ဆောင် ရွက်ရ၏။ တနေရာမှ တနေရာသို့ ရွှေ့ပြောင်းရာ၌ ကလေးကို လည်း လွယ်ရ၏။ ဝန်စည်ကိုလည်း သယ်ရ၏။ စခန်းချရာ၌ နားခိုနေထိုင်ရန် အမိုးအကာရှိသော တဲကဲ့သို့ အဆောက်အအုံ မျိုးကိုလည်း တည်ဆောက်ရ၏။ အစား အစာ အတွက်

ယောကျ်ားရှာဖွေပေးသော သားငါးနှင့် မလုံလောက်၍ သစ်သီးသစ်ဥကို ဆွတ်ခူးရ၏။ တူးဆွရ၏။ ဂျုံစေ့ စပါးစေ့တို့ကို ကျောက်ပြားဖြင့်ကြိတ်၍ အစာအဖြစ် ပန်တီးရ၏။

မိန်းမသည် ခြင်း တောင်း ကြိုးနှင့် ထိုးရှက်တို့ကို စတင်လုပ်ဆောင်သူများ ဖြစ်သည်။ အဝတ်အထည်ကို ကြံစည်ရက်လုပ်သူမှာ မိန်းမပင်ဖြစ်သည်။ စိုက်ပျိုးရေးကိုလည်း မိန်းမကပင် စတင်ခဲ့သည်။ တနေရာမှ တနေရာသို့ ရွှေ့ပြောင်းလှည့်လည်နေထိုင်ခြင်း မပြုတော့ပဲ အိုးအိမ်အတည်တကျ အခြေစိုက်နေထိုင်ခြင်းကို စတင်ဖန်တီးသူမှာလည်း မိန်းမသာဖြစ်၏။ ထို့ကြောင့် မိန်းမကို လူ့ယဉ်ကျေးမှု၏မိခင် ဟု ဆိုကြခြင်း ဖြစ်လေသည်။

သမိုင်းမတင်မီကာလက အရပ်ရပ်တွင် မိန်းမကသာဦးဆောင်စီမံခဲ့ခြင်းကြောင့် “မိခင်အုပ်ချုပ်သောခေတ်”ဟူ၍ သတ်မှတ်ပိုင်းခြားထားသော ကာလရှိခဲ့သည်။ နောင်အခါတွင် မိန်းမသည် အိမ်ထောင်ထိန်းသိမ်းရေးနှင့် ကလေးပြုစုရေးတို့၌သာ စိတ်ဝင်စား လာခဲ့၍ အရပ်ရပ်တွင် ဖခင် တည်းဟူသော ယောကျ်ားကိုသာ အားကိုးအားထား ပြုလာတော့သည်။ သို့နှင့် “ဖခင်အုပ်ချုပ်သောခေတ်” ဟူ၍ ပေါ်ပေါက်လာလေသည်။ ထိုခေတ်အခါမှစ၍ မိန်းမတို့၏ စွမ်းဆောင်နိုင်သော အရည်အသွေးများသည် တဖြည်းဖြည်းနှင့် မှေးမှိန်သေးသိမ်ခဲ့တော့၏။ မိန်းမများကိုယ်တိုင်က မိမိတို့၏ စွမ်းရည်ကိုပင် လျှော့ပေါ့ တွက်ချက်လာခဲ့တော့၏။

လူသားတို့၏ ယဉ်ကျေးမှု အဆင့်အတန်း တိုးတက်ဖွံ့ဖြိုးလာသောအခါတွင် ဒေသအလိုက် လူမျိုးအလိုက် အမျိုးသမီးများအပေါ် ထားရှိသော ယောကျ်ားတို့၏ သဘောထားသည်



ကွဲပြားခြားနားလာခဲ့၏။ ယင်းသဘောထားပေါ်တွင် အခြေပြု၍ အမျိုးသမီးတို့၏ ဘဝအခြေအနေ အဆင့်အတန်း စသည်တို့မှာလည်း ပြောင်းလဲလာခဲ့တော့၏။

ပမာဆိုရသော် ဘီစီ ၃၀၀၀ ခန့်က ရှေးအီဂျစ်နိုင်ငံတွင် ဘုရင်မများက တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြောင်း တွေ့ရ၏။ အီဂျစ်ဘုရင်မ ဟတ်ရှက်ဆုသည် စွမ်းရည်ထက်မြက်လှ၏ ဟု သမိုင်းဆရာများက အသိအမှတ်ပြုရသည်။ ရှေးဟောင်းအီဂျစ်အမျိုးသမီးများသည် အခွင့်အရေး ရကြ၏။ ဦးစားပေးခြင်းကို ခံယူရ၏။ ကိုယ်ပိုင် ပစ္စည်းဥစ္စာကို ပိုင်ဆိုင်ခွင့် ရကြ၏။ အမွေခွဲဝေရာ၌လည်း မိန်းမတို့က ဩဇာအာဏာရှိသည် ဟု သိရလေသည်။

ဘီစီ ၂၁၀၀ ခန့်က ဗာဗီလုံပြည့်ရှင်[၁] ဟမ္မူရာဘီ[၂] ဘုရင်ကြီးသည် ဗာဗီလုံ အမျိုးသမီးတို့၏ အခွင့်အရေးကို ဥပဒေဖြင့် ကာကွယ်ပေးခဲ့၏။ “ဟမ္မူရာဘီ ကိုဓဥပဒေ”တွင် တလင်တမယား စနစ်ကို အားပေး၏။ အကယ်၍ လင်မယား ကွာရှင်းခဲ့ရသော် မိန်းမသည် ရှိသမျှပစ္စည်း ရတနာအားလုံးကို ပိုင်ဆိုင်ခွင့်ရ၏။ သားသမီးတို့၏ တာဝန်ကိုလည်း ယူရ၏။ ဗာဗီလုံ အမျိုးသမီးများသည် ယောကျ်ားတို့နှင့် တန်းတူ မင်းမှုထမ်းနိုင်ခွင့်ရှိ၏။ အရောင်းအဝယ်လုပ်ငန်းလည်း လုပ်နိုင်၏။ ဘာသာရေးကိစ္စရပ်များ၌လည်း ပါဝင်ဆောင်ရွက်ခွင့်ရ၏။

ဘီစီ ၆၅၅ ခုနှစ်ခန့်က ဣတာလီနိုင်ငံကို နှစ်ပေါင်း ၁၀၀ ကျော် အုပ်စိုးခဲ့ကြသော အီထရုပ်စကန်းလူမျိုး[၃] များတွင် မိန်းမကို လေးစားမှု ရှိကြသည်။ မိန်းမတို့လည်း စာပေပညာ သင်ကြားခွင့် ရကြသည်။ တခေတ်တည်းမှာပင် ရှေးဂရိနိုင်ငံ၌

၁။ Babylon  ၂။ Hammurabi  ၃။ Etruscan

ကဗျာဆရာမ ဆက်ဖိုသည် တေးကဗျာစပ်ဆိုမှု၌ ကျွမ်းကျင်လိမ္မာလှသဖြင့် နာမည်ကျော်ကြားခဲ့သည်ကို ထောက်ရှုပါက ထိုခေတ် ဂရိတ်အမျိုးသမီးတို့၏ စာပေအရည်အသွေး မြင့်မားမှုကို သိနိုင်ပေသည်။ သို့သော် အမျိုးသမီးများအပေါ် အထင်အမြင် သေးစိတ်ကား မုချရှိခဲ့ပေလိမ့်မည်။ ဂရိပညာရှိကြီး အယ်ရစ္စတိုတယ်[၄]၏ အဆိုအမိန့်များတွင် မိန်းမများအပေါ် ရှုတ်ချထားချက်များ ပါဝင်နေပေသည်။

ဥရောပနိုင်ငံ အများအပြားတွင် မိန်းမကို အထင်သေးခြင်း၊ အခွင့်အရေးမပေးပဲ ဖိနှိပ်ထားခြင်းများ ရှိခဲ့သည်။ ယေဘုယျအားဖြင့် မိန်းမတယောက်သည် အိမ်ထောင်ပြုသောအခါ မိမိ၏ မျိုးရိုးအမည်ကို စွန့်လွှတ်လျက် ယောကျ်ား၏ မျိုးရိုးအမည်ကို ဆက်ခံရသည်။ အိမ်ထောင်ကို ဦးစီးရာ၌ ယောကျ်ား၏ ဩဇာခံသာ ဖြစ်သည်။ လင်ပြုသမျှ နုရသည်။ ငွေကြေး သုံးစွဲရာ၌ လင်၏လက်ဝေခံသာ ဖြစ်သည်။ တရားဥပဒေအရ အကျိုးခံစားခွင့်များလည်း မရကြချေ။

အာရှနိုင်ငံများ၌လည်း အလားတူပင် ဖြစ်သည်။ ရှေးဟိန္ဒူလူမျိုးတို့သည် မိန်းမကို ကောင်းစွာစောင့်ရှောက်ရမည် ဟူသော အချက်ကို လူမှုဆက်ဆံရေး၌ ပေါ်ပြသတ်မှတ်ထားသော်လည်း စင်စစ်တွင် အိမ်ထောင်သည် အမျိုးသမီးများသည် ဥပဒေဖြင့် တင်းကြပ်စွာ ချုပ်ချယ်ထားခြင်းကို ခံကြရသည်။ တကြိမ်အိမ်ထောင်ပြုပြီးပါက ကွာရှင်းခွင့် မရကြ။ သေတပန် သက်တဆုံး ပေါင်းရသည်သာမက လင်သားကွယ်လွန်ပြီးသည့် နောက်၌ပင် ထပ်မံ အိမ်ထောင်ပြုခွင့် မရှိကြ။ (ယခုခေတ်သစ် အိန္ဒိယနိုင်ငံ၌ကွာရှင်းရေးဥပဒေသစ်များပြဋ္ဌာန်းပေးထားပြီ။)

၄။ Aristotle



ရှေးတရုတ်နိုင်ငံတွင် ပညာရှိ ကွန်ဖျူးရှပ်[၅]၏ အယူဝါဒအရ မိန်းမသည် လင်၏ဩဇာခံသာ ဖြစ်ရမည်။ လင်ယောကျ်ားကို လွန်ဆန်၍ ဘာမျှလုပ်ပိုင်ခွင့်မရှိ ဟု သတ်မှတ်လျက် မိန်းမများကို အခွင့်အရေးမပေးပဲ နှိမ်ထားခဲ့ကြသည်။

ကွန်ဖျူးရှပ်၏ အယူဝါဒပျံ့နှံ့ရာ ရှေးခေတ် ဂျပန်နိုင်ငံတွင်လည်း ကျွန်နည်းနှင်နှင်ပင် မိန်းမများကို ချုပ်ချယ်ထားခဲ့ကြသည်။ မိန်းမသည် ဖခင်၊ လင်ယောကျ်ားနှင့် သားများကို ရိုသေလေးစားရသည်။ မငြိုမငြင် ပြုစုရသည်။ လင်ယောကျ်ားနှင့်ယှဉ်၍ လမ်းမလျှောက်ရ၊ ခပ်လှမ်းလှမ်းမှခွာ၍ လိုက်ရသည်။ အိမ်သို့ ဧည့်သည်လာလျှင် စကားဝိုင်း၌ ပါဝင်ပြောဆိုခွင့်မရ။

မြန်မာနိုင်ငံ၌လည်း ယေဘုယျ အားဖြင့် မိန်းမဆိုလျှင် အထင်သေးစိတ်များ ရှိကြသည်။ ယောကျ်ားက မိန်းမထက် ပို၍မြင့်မြတ်သည် ဟု သဘောထားကြသည်။ သို့သော် အခွင့်အရေးရမှု၊ အခြေအနေ အဆင့်အတန်း စသည်တို့မှာမူ နိုင်ငံတကာ အမျိုးသမီးများထက် သာလွန်နေသည်ကို တွေ့ရပေသည်။

၅။ Confucius

## ၂

# ရှေးခေတ် မြန်မာ အမျိုးသမီးများ

မြန်မာနိုင်ငံသည် ကမ္ဘာအရပ်ရပ်ရှိ ဒေသများနည်းတူပင် ကျောက်ခေတ်ကို ဖြတ်သန်းခဲ့ကြောင်း သိရသည်။ လူ့သမိုင်း၌ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုကို သုံးသပ်ရာ၌ ကျောက်လက်နက်ခေတ်တခုလုံးတွင် ယောကျ်ားနှင့်မိန်းမသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အလုပ်ခွဲဝေယူကြသည့် အချိန်ပိုင်းထိကို "မိခင်အုပ်ထိန်းသော ခေတ်" ဟု သတ်မှတ်ကြသဖြင့် မြန်မာနိုင်ငံ၌လည်း အမျိုးသမီးများဦးဆောင်သော ခေတ်ကာလရှိခဲ့မည်ဟု ယူဆရပေသည်။ ယနေ့တိုင် လယ်ယာစိုက်ပျိုးရေး၌ အမျိုးသမီးများ အဓိကတာဝန်ယူနေကြသည်ကို တွေ့ရသဲပင် ဖြစ်သည်။

### နိုင်ငံအုပ်ချုပ်ရေး၌ ဦးဆောင်မှု

မြန်မာနိုင်ငံဟူ၍ တစတည်း စုစည်းသတ်မှတ်နိုင်ခြင်းမရှိသေးမီက မြန်မာနိုင်ငံအရပ်ရပ်၌ မြို့ပြနိုင်ငံများ သီးခြားရှိခဲ့သည်။ တကောင်း၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ပုဂံ၊ သုဝဏ္ဏဘူမိ၊ ရခိုင် စသည့် နိုင်ငံများ ထင်ရှားခဲ့သည်။

တောင်တွင်းကြီးမြို့၏ အနောက်မြောက်ဘက် ၁၁ မိုင်အကွာရှိ ရှေးမူမြို့တော် ရှေးဟောင်းဗိဿနိုးမြို့တွင် ပန်ထွာ



မင်းသမီး မြို့ပြတည်ဆောက် အုပ်စိုးခဲ့ကြောင်း၊ ပန်ထွာမင်းသမီးကို အကြောင်းပြု၍ ပန်ထွာမြို့ ဟုလည်း ခေါ်ကြောင်းဖြင့် တောင်တွင်းကြီးသမိုင်း၌ ဖော်ပြထား၏။ ဗိဿနိုး မင်းသမီးတွင် သိကြားပေးသော စည်ကြီးရှိသည်။ ထိုစည်ကြီးကို တီးခတ်လျှင် ရန်ပယ်ချောင်းမှ ရေလျှံသဖြင့် ရန်သူတို့ ထွက်ပြေးရသည်။ ဒွတ္တပေါင်မင်းက ဥပါယ်တမျဉ်ဖြင့် စည်ကြီးကို ဖျက်ဆီးစေပြီးမှ ဗိတက်သိမ်းပိုက်နိုင်သည်ဟု သိရသည်။

သိကြားပေးသောစည်ဟု ဆိုခြင်းမှာ ခမ်းနားအောင် ပြောဆိုခြင်း ဖြစ်တန်ရာသည်။ ချောင်းရေကို လိုသလို ထိန်းချုပ်ပြုပြင်နိုင်သော စက်ယန္တရားကို တီထွင်ထားရှိခြင်းလည်း ဖြစ်တန်ရာသည်။

သရေခေတ္တရာတည်မည့်နေရာတွင် ရှေးက သကျအင်းဟု ခေါ်သောအမည်ဖြင့် ပျူလူမျိုးတို့နေထိုင်ခဲ့ကြောင်း၊ သကျအင်းဒေသ၌ နန်းခန်း (သို့မဟုတ်) မာလာစရှိ အမည်ရှိသော မင်းသမီးက ဘုရင်မ ပြုလုပ်၍ အုပ်ချုပ်ခဲ့ကြောင်း စသည်တို့ကို ရာဇဝင်ကြီး၊ ရာဇဝင်ကျော်၊ မှန်နန်းရာဇဝင်နှင့် သရေခေတ္တရာ ရာဇဝင်တို့၌ ဖော်ပြပါရှိသည်။

သရေခေတ္တရာ ပျက်ပြီးသည့်နောက် တောင်ငူတည်မည့် နယ်အတွင်း၌ ကြခပ်ဝရာမြို့ကို တည်၍နေကြသည်။ အကြီးအကဲမိန်းမကို ဘုရင်မအဖြစ် တင်မြှောက် စိုးစံစေသည်။ ထိုဘုရင်မတွင်လည်း ရန်ကိုအောင်စေတတ်သော စည်ကြီးတခု ပါလာသည်။ ထိုစည်ကိုတီးလျှင် ခပေါင်းချောင်းက ရေတက်၍ မြို့ကိုရေဝိုင်းသည်။ ရန်သူတို့ အလွယ်တကူ မဖျက်ဆီးနိုင်။ (ကြခပ်ဝရာမြို့သည် ဆွာချောင်း၏မြောက်ဖက် ကမ်းထိပ်၌ တည်ရှိသည်။ မြို့ရာရှိသေးသည် ဟု သိရသည်။)

ရှိဂိုရာဇဝင်၌လည်း ခရစ် ၃၃၄ ခုနှစ်မှ ၃၃၁ ခုနှစ်အထိ ဘေဘလုံနိုင်ငံ၌ ကုဝေရာမီ မိဖုရားသည် တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည်။ ခုနှ ကျောက်စာတွင်းက ရေးထိုးသည်ဟု ယူဆရသော အာနန္ဒစန္ဒြကျောက်စာ၌ "ကုဝေရာမီ မိဖုရားသည် နိုင်ငံတော်၏ ရန်သူအပေါင်းကို သုတ်သင်လျက် အလျှုဒါန ပေးခြင်း၊ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ခုနစ်နှစ် နန်းစံ၏" ဟု ပါရှိရာ ထီးနန်းစည်းစိမ်ကို တိုက်ခိုက်သိမ်းယူ၍ စိုးစံရကြောင်း ထင်ရှားသည်။ မိဖုရားကြီး နတ်ရွာစံမှသာလျှင် ကြင်ရာတော် ဥမစီယက ဆက်လက် စိုးစံကြောင်းကိုလည်း ကျောက်စာ၌ ဖော်ပြထားသည်။ နိုင်ငံကို အုပ်ချုပ်ရာ၌ အမျိုးသမီးတို့က ရှေ့ဆောင်ဆောက်ပွက်ပြုခဲ့သော သာဓကဖြစ်၏။

မွန်တို့ဒေသ ဟံသာဝတီ၌ ဘုရင်မရှင်စောပုသည် စွမ်းရည် ထက်မြက်သော ဘုရင်မကြီးဖြစ်သည်။ ဟံသာဝတီပြည်အား စစ်မက်ဘေးမှ ကင်းဝေးအောင် အုပ်ချုပ်ခဲ့သည်။ ထို့ပြင် ရွှေတိဂုံစေတီတော်ကြီးအား ကမ္ဘာ ကျော်ကြားသည့် အခြေ အနေသို့ရောက်အောင် ပြုပြင်မွမ်းမံခဲ့သော သာသနာပြုဘုရင်မ ကြီးလည်း ဖြစ်ပေသည်။

မြန်မာရာဇဝင်၌ကား ဘုရင်မအဖြစ် သီးခြားအုပ်ချုပ်နိုင်ခဲ့ သူများ မပေါ်ပေါက်ခဲ့သော်လည်း မိဖုရားဖွားစောကဲ့သို့ ရာဇ ပလ္လင်နောက်ကွယ်မှ ကြီးကိုင်နိုင်သူများ ရှိခဲ့သည်။

တိုင်းပြည်ကိုအုပ်ချုပ်ရာ၌ မိဖုရားခေါင်ကြီးသည် ဘုရင် နှင့်အတူ တွဲဖက်တာဝန်ယူရသည်။ မိဖုရားခေါင်ကြီးကို ထီးဖြူ ဆောင်းသော တိုင်းပြည်၏ဘက်အဖြစ် သတ်မှတ် နေရာပေး သည်။ တိုင်းပြည်အုပ်ချုပ်ရေး၌ဝင်ရောက် အကြံဉာဏ် ပေးရ သည်။ တရားစီရင်ခွင့်ရသူ ခုနစ်ဦးတွင် မိဖုရားခေါင်ကြီး



လည်း တဦးအပါအဝင်ဖြစ်သည်။ မည်မျှပင် ဘုန်းလက်ရုံးနှင့် ပြည့်စုံသော ဘုရင်ဖြစ်စေကာမူ မိဖုရားခေါင်ကြီးမပြည့်စုံသေး လျှင် မုဒ္ဓါဘိသိက်ခံခွင့် မရှိချေ။

မိဖုရားခေါင်ကြီးသည် ဘုရင်မုဒ္ဓါ ဘိသိက် ခံယူရာ၌လည်း ကောင်း၊ အခြားအရေးပါသော မင်းခမ်းမင်းနားများ၌လည်း ကောင်း ဘုရင်နှင့် တူယှဉ်၍ ပါဝင်ရသည်။ မိဖုရားခေါင် ကြီးအတွက် သီးသန့်ကန်တော့ခံ အခမ်းအနားလည်း ကျင်းပ ခွင့်ရသည်။

မိဖုရားခေါင်ကြီးသည် ဘုရင်၏ အတိုင်ပင်ခံ ဖြစ်သည့် အလျောက် မိဖုရားကြီး လိမ္မာမှသာ တိုင်းပြည်အေးချမ်း သည်။ ပုဂံမင်းဆက်၌ မိဖုရားဖွားစောသည် မင်းသုံးဆက် တိုင်အောင် မိဖုရားကြီးအရာ၌ ချီးမြှောက် ခံရ ခဲ့သည်မှာ မိဖုရားစော၏ ဉာဏ်အမြော်အမြင် ကြီးမားမှုကြောင့်ဖြစ်၏။

ဘုရင်နတ်ရွာစံသည့်အခါ၌ ထီးနန်း အရိုက်အရာအတွက် မင်းလျာကို ရွေးချယ်ရာတွင် မိဖုရားခေါင်ကြီးနှင့် တိုင်ပင် ရွေးချယ်ရ၏။ မိဖုရားခေါင်ကြီးမရှိပါက အခြားအဆင့်မြင့် သော မိဖုရားကြီးတပါးနှင့်ဖြစ်စေ၊ ဘုရင်၏နှမရင်း အစ်မရင်း နှင့်ဖြစ်စေ တိုင်ပင်ရွေးချယ်ရ၏။

အခြားသော မိဖုရားများ၊ မင်းသမီးများ၊ မင်းကတော်၊ အပျိုတော် စသည်တို့သည် မိမိတို့အပိုင်စားရသော မြို့ရွာများ၌ ဖြစ်ပွားသည့် အမှုအခင်း တရားတပေါင်ကို စီရင်ခွင့် ရှိကြ လေသည်။

ခရစ် ၁၂၆၀ ပြည့်နှစ်၌ ရေးထိုးသည့် ကျောက်စာတခုတွင် မြို့တော်အစွန်အဖျား၌ အုပ်ချုပ်ရန် အမျိုးသမီးကျေးသူကြီး

တည်း ရှိကြောင်း၊ ယင်းအမျိုးသမီးသည် အမိပုရှာဝ ခေါ် မိဖုရားငယ်တပါးဖြစ်ကြောင်း သိရသည်။

မြန်မာမင်းများလက်ထက်က သူကြီးမိန်းမများ အုပ်ချုပ်သည့် ကျေးရွာနယ်ပယ် အများအပြား ရှိခဲ့သည်ကိုလည်း သက်သေခံ စစ်တမ်းများအရ သိရသည်။ ယင်းတို့သည် ဘေးဘိုးအစဉ်အဆက်ကပင် မိုးရာအစဉ်လိုက် မိမိတို့ တာဝန်ယူရသော ကျေးရွာများကို အုပ်ချုပ်ခဲ့ကြကြောင်း အမည်နှင့်တကွ ပြည့်စုံစွာပင် ယင်းစစ်တမ်းများက ဖော်ပြလျက်ရှိ၏။

ရှေးခေတ် အုပ်ချုပ်ရေးစနစ်တွင် ရွာသူကြီး၊ ရွာမြေတိုင်၊ မြို့သူကြီး၊ မြို့မြေတိုင်ဟူ၍ တာဝန်ခွဲခြား သတ်မှတ်ထားရာ မြေတိုင်ရာထူးကို ဆောင်ရွက်နိုင်ရသော မိန်းမများ ရှိခဲ့ကြောင်းကိုလည်း ယင်းစစ်တမ်းများတွင် လေ့လာသိရှိရသည်။ မြေတိုင်သူကြီး စသူတို့သည် တရားမမှုအရပ်ရပ်ကို ဆုံးဖြတ်ကြရသည်။ ရာဇဝတ်မှုကြီးများကိုလည်း ရှေးဦးစွာ စစ်ဆေးခွင့်ရကြသည်။ အမှုမထင်ရှားလျှင် လွှတ်ပိုင်ခွင့်၊ ထင်ရှားလျှင် အသက်အာဏာပိုင်များထံ တင်ပို့ပေးနိုင်ခွင့်များလည်း ရှိ၏။

အမျိုးသမီး ဆယ်အိမ်ခေါင်းများကိုလည်း ခန့်ထားလေ့ရှိသည်။ ပိဋကတ်တော်အုပ် မိုးကိုင်ရွှေစားမင်း၏ မှတ်စုတွင် မိန်းမဆယ်အိမ်ခေါင်း၏ သမီးအကြောင်းကို ဖော်ပြထားသော လွှမ်းချင်းတပုဒ် ပါရှိသည်။ ယင်းကဗျာကိုထောက်ရှု၍ ရှေးခေတ်အခါက မိန်းမဆယ်အိမ်ခေါင်းများလည်း ရှိခဲ့သည်ကို သိနိုင်ပေသည်။

ယင်းအချက်အလက်များကို ခြုံငုံလေ့လာပါက ရှေးခေတ် မြန်မာအမျိုးသမီးများသည် နိုင်ငံ၊ မြို့ရွာ အုပ်ချုပ်ရေးတို့၌



ဝင်ရောက်တာဝန်ထမ်းနိုင်ခွင့် ရခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေပေသည်။

## လူမှုရေးခံစားခွင့်

ဥပဒေဟူသောစကားရပ် မပေါ်မီကတည်းကပင် ရှေးမြန်မာအမျိုးသမီးတို့သည် ဥပဒေကဲ့သို့ အကျိုးသက်ရောက်စေသော ဓလေ့ထုံးတမ်းများအရ လူမှုအခွင့်အရေးများကို မျှမျှတတ ရခဲ့ကြသည်။ ရှေးရိုးဓလေ့ထုံးစံများ၊ ဓမ္မသတ်များနှင့် ဖြတ်ထုံးများတွင် အိမ်ထောင်ရေး၊ အမွေဆက်ခံရေး၊ အလုပ်ခွဲရေး စသည့် လူမှုဆက်ဆံရေးကိစ္စရပ်များ၌ အမျိုးသမီးများကို တရားမျှတစွာ အခွင့်အရေးပေးလျက် ကာကွယ်စောင့်ရှောက်ထားသည်ကို တွေ့ရ၏။

မြန်မာ့ဓလေ့ထုံးတမ်းအရ အိမ်ထောင်ပြုခြင်းသည် လူမှုရေးကိစ္စဖြစ်သောကြောင့် ဘာသာရေးအထိန်းအကွပ်မရှိချေ။ လင်နှင့်မယား အပြန်အလှန် ကျင့်သုံးလိုက်နာရသော လင့်ဝတ္တရား၊ မယားဝတ္တရား စသည်တို့ဖြင့်သာ ချည်နှောင်ထိန်းသိမ်းထားခြင်းဖြစ်၏။ ယင်းဝတ္တရားများအတိုင်း လင်ဖြစ်သူက မယားအပေါ်တွင် မထီမဲ့မြင် မပြုရ၊ ချိုသာစွာ ပြောဆိုဆက်ဆံရသည်။ နှိပ်စက်ခြင်း မပြုရ။ ရှာဖွေရသမျှ စီးပွားဥစ္စာကို မယားအား ရိုးဖြောင့်စွာ အပ်နှင်းရသည်။ မိန်းမကို သင့်တင့်လျောက်ပတ်သော ဝတ်စားတန်ဆာ ဆင်ပေးရသည်။ တပါးသောမိန်းမတို့နှင့် ကျူးလွန်တပ်မက်မှု မရှိရချေ။

မယားဖြစ်သူကလည်း လင်သားအပေါ်၌ ဝတ္တရားကျေပြွန်ရသည်။ လင်မနိုးမီ အိပ်ရာမှထခြင်း၊ လင့်နောက်မှအိပ်ခြင်း၊

အိမ်မှုကိစ္စများကို မပျင်းမရိ ဆောင်ရွက်ခြင်း၊ ချစ်ခင်နှစ်သက်ဖွယ်ရာ ပြောဆိုခြင်း၊ လင်သားရှာဖွေပေးသော ဥစ္စာစီးပွားကို ကောင်းစွာထိန်းသိမ်းခြင်း၊ သားချင်းဆွေမျိုးများကို သင့်လျော်သလို ပေးကမ်းထောက်ပံ့ခြင်း၊ မိမိလင်မှတပါး အခြားယောကျ်ားကို တပ်မက်ကျူးလွန်မှုမရှိခြင်း စသည်တို့ကို လိုက်နာထိန်းသိမ်း ပြုကျင့်ရ၏။

ယင်းသို့ အပြန်အလှန်စောင့်ထိန်းသော ဝတ္တရားများကို ထောက်ရှု၍ လင်နှင့်မယား အခွင့်အရေးတန်းတူ ဆက်ဆံမှုရှိကြောင်း သိရသည်။

ဓမ္မသတ်အချို့၌ မိန်းမတို့ မပြုအပ်သော အပြစ်ခြောက်ပါးကို သတ်မှတ်ထားလျက် ယင်းအပြစ်တို့ကို ကျူးလွန်ပါက ရိုက်နှက်ဆုံးမသင့်သည်ကို ရိုက်နှက်ပိုင်ခွင့်ရှိသည်။ ကြီးလေးသောအပြစ်ကို ကျူးလွန်လျှင် မယားကို စွန့်ပစ်နိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။ ထို့ပြင် အိမ်ထောင်သက် ရှစ်နှစ်မှ ၁၀ နှစ်တိုင်အောင် သားသမီး မမွေးဖွားသောမိန်းမကို လင်က စွန့်ပစ်နိုင်၏။ သို့သော် ကာမကိုသာစွန့်၍ မယားအရာ၌ ထားမြဲထားရသည်။ သားသမီးရလိုရေးအတွက် မယားငယ် ယူလိုက ယူပိုင်ခွင့်ရှိသည်။ အကယ်၍ မြဲသောမိန်းမကို မပေါင်းလို၍ ကွာရှင်းလျှင် ပစ္စည်းအထိုက်အလျောက် ပေးရသည်။ သမီးမိန်းကလေးချည်းမွေးသော်၊ ၁၀ ယောက် ဖွားမြင်သော မယားကိုလည်း လင်ဖြစ်သူက ကာမကိုစွန့်၍ မယားငယ် ယူနိုင်ခွင့်ရှိ၏။ မယားကြီးကိုကွာလိုလျှင် ပစ္စည်းဥစ္စာကို အညီအမျှ ခွဲဝေပေး၍ ကွာနိုင်သည်။

နူသောမိန်းမကို နူမှန်းသိလျက်နှင့် ပေါင်းဖက်နေပြီးမှ ကွာလိုလျှင် ယောကျ်ားတွင်ရှိသမျှဥစ္စာကို မိန်းမက သိမ်းယူ



ခွင့်ရှိ၏။ ငယ်လင်ငယ်မယား ပေါင်းသင်းလာပြီးမှ နူသည်ရှိသော် မိန်းမကိုစွန့်လိုလျှင် ပစ္စည်းတဝက်ပေး၍ ကွာနိုင်သည်။ မယားက မပေါင်းလိုလျှင် သင့်လျော်သောပစ္စည်းပေး၍ ကွာရှင်းနိုင်လေသည်။

မိန်းမကလည်း လင်သားအပေါ် အရေးယူနိုင်သောအချက်များရှိ၏။ ရမ္မက်ကြီးသောသူ၊ အလွန်ဆင်းရဲသူ၊ နာတာရှည်သောသူ၊ မိုက်မဲလှသူ၊ မစွမ်းမသန်သူ၊ အိုမင်းထိုင်းမှိုင်းသူ၊ အလွန်ပျင်းရိသူ၊ အင်္ဂါချို့တဲ့သူ၊ ဤရှစ်မျိုးသော ယောကျ်ားအပေါ် မယားဖြစ်သူက ဆဲရေးမြည်တမ်းနိုင်၏။ အကျင့်မကောင်း ဟောရမ်းသောသွမ်းသူ၊ အလွန်ပျင်းရိသူ၊ ရူးသွပ်သူ ဤသုံးမျိုးသော လင်ယောကျ်ားကို မယားက အိမ်မှ နှင်ထုတ်ပိုင်ခွင့်ရှိသည်။ သူတပါးမယားကို မိုးဖန်များသူ၊ နူနာစွဲကပ်သူ ဤနှစ်မျိုးတွင် မယားက သည်းမခံနိုင်၍ကွာလိုလျှင် ကွာနိုင်၏။ ပစ္စည်းကိုမူ မသိမ်းယူနိုင်ချေ။ မယားကို တိရစ္ဆာန်ကဲ့သို့ အရှက်ကင်းမဲ့စွာ ကာမပြုကျင့်သူ၊ သူတပါး သားမယားကို ပြစ်မှားသူ၊ သေရည်သေရက်စား လောင်းကစား ပြုသူတို့ကို မယားက စွန့်ကွာထိုက်ကြောင်းကိုလည်း မနုဓမ္မသတ်၌ ဖော်ပြထား၏။

လင်နှင့်မယား နှစ်ဦးစလုံးက တဦးဦးတွင် နာတာရှည် စွဲကပ်ခြင်း၊ နူနာစွဲကပ်ခြင်း၊ ရုပ်ရည်မလှခြင်း စသည်တို့ကို အထူးသည်းခံ ပြုစုပေါင်းသင်းရသည်။ ဝတ္တရားပျက်ကွက်သူသည် ဥစ္စာပစ္စည်းရှုံးသိမ်းခံရသည့်အပြင် မင်းဒဏ်သုံးလ ကျခံရမည်ဟုလည်း သတ်မှတ်ထားသည်။

အမွေဆက်ခံရာ၌ လင်သေလျှင် မယား၊ မယားသေလျှင် လင်က အမွေဆက်ခံရသည်။ မယားသည် မိမိပိုင် ကျေးကျွန်

ပစ္စည်းတို့ကို မိမိသဘောဆန္ဒအလျောက် လှူနိုင်၊ လွှတ်နိုင်သည်။ ပုဂံခေတ်ထိုး ကျောက်စာများတွင် ယင်းအချက်ကို ထင်ရှားစွာ တွေ့ရသည်။

အမျိုးသမီးတို့၏အခကို စောင့်ရှောက်ကာကွယ်ပေးရာ၌ ဓမ္မသတ်လာ ဥပဒေများသည် စေ့စပ်သေချာ တိကျလှ၏။ အုပ်ထိန်းခြင်းရှိသော မိန်းမ ၂၀ ယောက်ကို သတ်မှတ်ပေးပြီးလျှင် ယင်းအမျိုးအစား၌ပါဝင်သော မိန်းမကို ကာယကံရှင်က အလိုတူသည့်တိုင်အောင် မယားအဖြစ် ပေါင်းသင်းနိုင်ခွင့် မရှိကြောင်း၊ အုပ်ထိန်းသူက လက်ထပ်ပေးမှသာ လင်မယားအဖြစ်မြောက်ကြောင်းဖြင့် ဖော်ပြထား၏။

မိန်းကလေးများကို အသက် ၁၆ နှစ် သို့မဟုတ် အသက် ၂၀ အရွယ်တွင် မိဘအုပ်ထိန်းသူတို့က နေရာချထားပေးရသည်၊ အရွယ်သင့်ပါလျက် လူကြီးများက စီစဉ်မပေးလျှင် မိမိဆန္ဒအတိုင်း အိမ်ထောင်ပြုနိုင်သည်။ ကညာမိန်းမ (ယောကျ်ားနှင့်ကာမအရာ မဆက်ဆံဖူးသေးသူ)ကို ကာယိဝိကြံ ဖျက်ဆီးပါက ပြစ်ဒဏ်သင့်သည်။ ယင်းသို့ပြစ်ဒဏ်ပေးရာ၌ ရှေးခေတ်အခါက လူတန်းစားခွဲခြားမှုရှိသည့်အလျောက် လူတန်းစားအလိုက် ပြစ်ဒဏ်အနည်းအများ သတ်မှတ်ထားရှိ၏။

အိမ်ထောင်သည်မိန်းမကို ဖျက်ဆီးခြင်း၊ ခိုးယူပေါင်းသင်းခြင်း စသည်တို့၌လည်း လူတန်းစားအလိုက် ပြစ်ဒဏ်ခွဲခြားထားရှိသည်။ ပြည့်တန်ဆာပင်ဖြစ်လင့်ကစား ကာမကျူးလွန်မှုကြောင့် အရေးရှိလျှင် လျော်ကြေးပေးရလေသည်။

လင်မယားကွာရှင်းမှု၌ ဘာသာရေးဖြင့် ချုပ်နှောင်ထားခြင်းမရှိပဲ လွတ်လပ်စွာ ကွာရှင်းနိုင်ခွင့်ရှိသည်။ ကွာရှင်းပြီးသောမိန်းမသည် နောက်ထပ်အိမ်ထောင်ပြုလိုလျှင် မည်သူ



5.1.76 ၃/-

ကမျှ တားဆီးကန့်ကွက်ပိုင်ခွင့်မရှိ။ မိမိအလိုကျ လက်ထပ်နိုင်သည်။ လင်သေပြီးသောမုဆိုးမသည်လည်း နောက်ထပ် တအိုးတအိမ် ထူထောင်နိုင်ခွင့်ရှိသည်။

B 42749

မြန်မာမင်းများလက်ထက်အခါက နိုင်ငံခြားသားနှင့် အိမ်ထောင်ပြုသူများအတွက် ဥပဒေဖြင့် အကာအကွယ်ပေးခဲ့သည်။ လူမျိုးခြားကို ယူသူများမှာ အနိမ့်ဆုံးအလွှာမှသာဖြစ်၍ ဆင်းရဲနွမ်းပါးမှုကြောင့်သာ အမျိုးဂုဏ်ကို မစောင့်ထိန်းနိုင်ခြင်းဖြစ်၏။ "ထိုနိုင်ငံခြားသားများ မြန်မာပြည်မှ ပြန်လည်ထွက်ခွါသည့်အခါတွင် ဇနီးကိုလည်းကောင်း၊ သမီးမိန်းကလေးကိုလည်းကောင်း ခေါ်ယူသွားခွင့်မပြုပဲ ဥပဒေဖြင့် တင်းကြပ်စွာ တားမြစ်ထားသည်။ မြန်မာဆိပ်ကမ်းမှထွက်ခွာမည့် သင်္ဘောများကို မထွက်ခွာမီ စေ့စပ်စွာ ရှာဖွေစေသည်..."ဟူ၍ ၁၇၉၅ ခုနှစ်က ဘိုးတော်ဘုရားထံ သံအရာရှိအဖြစ် အခစားရောက်လာသော ကပ္ပတိန်ဆိုင်း(မ်)၏ မှတ်တမ်း၌ ဖော်ပြထား၏။ မြန်မာအမျိုးသမီးတို့၏ ဂုဏ်သိက္ခာနှင့် မျိုးရိုးမပျက်စီးအောင် ထိန်းသိမ်းပေးခြင်းဖြစ်သည်။

ရ၂၀.၇၂/၈၅

### ရှေးခေတ်အမျိုးသမီးနှင့်စာပေ

ရှေးမြန်မာမများသည် စာပေ၌ ကျွမ်းကျင်လိမ္မာကြ၏။ ပုဂံခေတ်ဦးပိုင်းက လှမပည်မိန်းကလေးငယ်တဦး ရေးသားပြုစုသည့် မိန့်တောင်းကျမ်းပင် ရှိခဲ့သည်ဟု လူကြီးသူမများ အစဉ်အဆက်ပြောဘူးသည်။

ပုဂံခေတ်၌ ပါဠိစာပေထွန်းကားခဲ့သည်။ ပါဠိစာပေနှင့်အတူ ဗုဒ္ဓ၏ တရားတော်အဆီအနှစ် ပိဋကတ်ကျမ်းများကို လေ့လာလိုက်စားသူ ပေါများလှ၏။ "မိန်းမများသည် ရက်ကန်း

စာပေ[illegible]

ရက်ရှင်း ဗိုင်းငင့်ရှင်း ပဋ္ဌာန်းပစ္စည်းတွန်ကြသည်။ "အဘိဓမ္မာ ဒေသနာတော်တွင် သိမ်မွေ့နက်နဲသောအရာကို နားလည်တတ် ကျွမ်းမှသာ ပဋ္ဌာန်းပစ္စည်းတွန်နိုင်သည်"ဟု မြန်မာမင်း အုပ်ချုပ်ပုံစာတန်း တတိယတွဲ၌ ဖော်ပြပါရှိ၏။

အိမ်မှုကိစ္စများအကြားမှ ကလေးထိန်းရင်း ပဋ္ဌာန်းကျမ်းလာ စာပိုဒ်များကို နှုတ်တက် အာဂုံဆောင်နိုင်သော ကလေးအမေများလည်း ရှိ၏။ ထွန်းခဲ့လာသော ရှင်ရဟန်းက အချီးပေးရလောက်အောင် သဒ္ဓါကြသော ၁၂ နှစ်သွယ် မိန်းကလေးသည်လည်းရှိ၏။ ပုဂံသို့ စာသင်ရန်လာသည့် သာမဏေကို ပါဠိစကားဖြင့် အမေးအဖြေ ပြုနိုင်သော ဝါခင်းစောင့် မိန်းကလေးသည်လည်းရှိခဲ့၏။

ပုဂံခေတ်၌ ကျစွာမင်းကြီး၏သမီးတော် သံဂျော်မင်းသမီးသည် ရဟန်းတို့ကိုပင် စာဝါချနိုင်စွမ်းရှိကြောင်းကို ကြားဘူးကြသူများပေမည်။ သဒ္ဒါတွင်ပါရှိသော ဝိဘတ်များအကြောင်းကို ရှင်းလင်းဖော်ပြသည့် "ဝိဘတျတ္ထ"ကျမ်းကိုလည်း သံဂျော်မင်းသမီး ရေးသားပြုစုခဲ့သည်။

အင်းဝခေတ်မှသည် ကုန်းဘောင်ခေတ်တိုင်အောင် အမျိုးသမီးစာဆိုတော်ပေါင်း ၅၀ ကျော်မျှ ထွန်းကားခဲ့သည်။ ယင်းစာဆိုတော်များတွင် နန်းတွင်းအပျိုတော်၊ မိဖုရား၊ ကိုယ်လုပ်တော်၊ စာတော်သင်၊ ဝန်ကတော်၊ မင်းကတော် စသည်တို့ ပါဝင်သည်။ ထင်ရှားသော စာဆိုတော်တို့မှာ ပဲခူးမိဖုရား၊ စဉ့်ကူးမင်းမိဖုရား၊ စာဆိုတော်မယ်လှုံ၊ နန်းတွင်းသူမယ်ခွေ၊ ဒေးရှင်ထွေး၊ မင်းကြီးကတော်ခင်ဆုံ၊ အနောက်နန်းမိဖုရား မယ်မြကလေး၊ လှိုင်ထိပ်ခေါင်တင်၊ မြစ်ဆိုင်းမင်းသမီး စသည်တို့ ဖြစ်၏။



ယင်းတို့၏လက်ရာများမှာ လင်္ကာ၊ ရတု၊ ဒွေးချိုး၊ လေးချိုး၊ အဲချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ သဖြန်၊ တေးထပ်၊ ဆောလည်၊ ပတ်ပျိုး၊ သီချင်းခန့်နှင့် နန်းတွင်းပြဇာတ် စသည်ဖြင့် အဖွဲ့အနွဲ့ပုံသဏ္ဌာန်စုံလှသည်။ ရှေးဟောင်းယဉ်ကျေးမှုကို လေ့လာရာ၌ အထောက်အကူပြုသော အကြောင်းအရာများလည်း ပါဝင်နေသည်။

ရှေးခေတ်အမျိုးသမီးတို့၏ စာဆိုတတ်သော စွမ်းရည်သည် နန်းတွင်းသူများ၌သာမတည်မူပဲ ကျေးလက် ဇနပုဒ်သူများပင် ကဗျာဉာဏ်ရွှင်ကြသည်။ ညောင်ရမ်းသူ၊ မြိတရော်ရွာသူတို့ တမဟုတ်ချင်း လက်တန်းစပ်ဆိုသော ကဗျာ လင်္ကာ အချို့ကို ယနေ့တိုင် ဖတ်ရှုနိုင်ပေသေးသည်။

ရခိုင်ရှေးဟောင်းပေမူများ၌ ဝေသာလီခေတ် အမျိုးသမီးတို့၏ စာပေ အရည်အသွေးကို တစေ့တစောင်း တွေ့ရသည်။ သီရိစန္ဒမင်း၏ညီတော် အိမ်ရှေ့မင်းသား သိင်္ဂစန္ဒ၏ မြောက်သားတော် သုဝဏ္ဏဒေဝီသည် မဇ္ဈိမဒေသမှ ပညာရှိကာလိဒါသ ပြုစုခဲ့သော "သျှုရုပေဒကျမ်း"ကို ရခိုင်ဘာသာဖြင့် "ကဝိဂဏ္ဍကျမ်း"ဟူ၍ ရေးသားပြန်ဆိုခဲ့ကြောင်းသိရသည်။

သက္ကရာဇ် ၁၁၁၅ ခုနှစ် အာဘယရာဇာမင်းလက်ထက် ပညာရှိအမတ်ကြီးစိန်တင်စား ရွှေသဲ၏ဇနီးသည် မိပန်းရုံသည် ဉာဏ်ပညာအမြော်အမြင်ပြည့်စုံသောကြောင့် ပညာရှိအဖြစ် မြှောက်စားခံရသည်။ မိပန်းရုံ သီကုံးရေးဖွဲ့သော "လောကီထုံးဟောင်းလင်္ကာ"သည် အထင်အရှားရှိခဲ့၏။ အင်းဝခေတ်၌ နန်းတွင်းသူ မိဖွဲ့နှင့်အပြိုင်စာဆိုဘက်ဖြစ်သော မိညိုသည်လည်း ရခိုင်စာဆို တဦးပင်ဖြစ်သည်။

### ရှေးခေတ်အမျိုးသမီးများ၏ အလုပ်အကိုင်

မင်းမှုထမ်းမဟုတ်သော အမျိုးသမီးအများစုသည် စားနပ်ရိက္ခာနှင့် လုံချည်ထုတ်လုပ်ရာ၌ လည်းကောင်း၊ ရောင်းရေးဝယ်တာ၌လည်းကောင်း ဦးဆောင်လုပ်ကိုင်ကြသည်။

မြန်မာ့အစားအစာ၌ အဓိကဖြစ်သော ဆန်စပါးကို ထုတ်လုပ်ရာတွင် မျိုးနှုတ်ကောက်စိုက်သည့်မှအစ ဆန်ဖွပ်မောင်းထောင်းအဆုံး လုပ်ငန်းစဉ်တချပ်လုံးကို အမျိုးသမီးများကသာ အများဆုံး တာဝန်ယူဆောင်ရွက်ကြရသည်။ အိမ်သားများဝတ်ဆင်ရန်အထည်ကို ရက်လုပ်သူမှာလည်း မိန်းမသာဖြစ်သည်။ အိမ်အတွက် သောက်သုံးရန် ရေကိုလည်းခပ်ရသည်။ အိမ်စီးရန် ဖိနပ်ချုပ်ခြင်း၊ တောင်းဖျာရက်ခြင်း၊ အိုးလုပ်ခြင်း၊ ကျောက်ကာယန်းသည်လုပ်ခြင်း စသည်တို့၌လည်း အမျိုးသမီးများ ပါဝင်လုပ်ဆောင်ကြရသည်။

ရှေးမြန်မာအမျိုးသမီးတို့၏ ကျွမ်းကျင်လိမ္မာသော လုပ်ငန်းတခုမှာ ကုန်ရောင်းကုန်ဝယ်လုပ်ငန်း ဖြစ်သည်။ စီးပွားရေးကိစ္စ၌ ယောကျ်ားထက်ပင် အရည်အချင်း သာလှသည်၊ ရောင်းရေးဝယ်တာ၌ ဝီရိယရှိသည်၊ စီမံခန့်ခွဲနိုင်စွမ်း ရှိသည်၊ ကျင့်ဝတ်သည် စသည်ဖြင့် ရှေးမြန်မာအမျိုးသမီးတို့၏ ဂုဏ်ရည်ကို လူမျိုးခြားများက မှတ်တမ်းတင် ချီးကျူးရေးသားထားခဲ့သည်။

ရှေးခေတ်အမျိုးသမီးများကား အဖက်ဖက်တွင် အရည်အသွေးရှိလျက် ယောကျ်ားနှင့် တန်းတူ ရည်တူ အခွင့်အရေး ရရှိကြသည်မှာ ထင်ရှားနေပေသည်။

၃

# ကိုလိုနီခေတ် နိုင်ငံရေးလှုပ်ရှားမှု

### ကိုလိုနီခေတ်ဦးပိုင်း

သက္ကရာဇ် ၁၈၈၅ ခုနှစ် တန်ဆောင်မုန်းလဆုပ် ၈ ရက်နေ့၌ မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့ရသည့်အချိန်မှစ၍ အမျိုးသမီးများ၏ နိုင်ငံရေးလှုပ်ရှားမှုများ အစပြုခဲ့လေသည်။ နယ်ချဲ့ ဗြိတိသျှအစိုးရကို ဆန့်ကျင်ရန်နှင့် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူရန် နိုင်ငံရေး ဦးတည်ချက်သည် မြန်မာတမျိုးသားလုံး၏ရင်၌ ကိန်းအောင်းနေခဲ့၏။ ရှိသမျှအင်အားစုနှင့်ပင် ဗြိတိသျှတို့ကိုအခွင့်သင့်တိုင်း ဆန့်ကျင်ခုခံတိုက်ခိုက်ခဲ့သည်မှာ မြန်မာနိုင်ငံကိုသိမ်းယူပြီး လေးငါးနှစ်ကာလတိုင်အောင်ပင် ဖြစ်၏။

ယင်းသို့နယ်ချဲ့ကိုဆန့်ကျင်ရာ၌ အမျိုးသမီးများလည်း စွန့်စားပါဝင်ခဲ့ကြသည်။ ပထမအကြိမ် ဗြိတိသျှတို့ကျူးကျော်စစ်ကားလာသော စစ်ပွဲကာလအတွင်း သမိုင်းတွင်ကျန်ရစ်ခဲ့သည့် ဝက်ထီးကန်တိုက်ပွဲ၌ တိုင်းရင်းသူ ရှမ်းအမျိုးသမီး ဗိုလ်မှူးသုံး ယောက်ပါဝင်သည်။ ယင်းတို့၏သတ္တိစွမ်းရည်ကို ကိုယ်တွေ့မြင်ခဲ့ရသော ဗြိတိသျှစစ်ဗိုလ် မေဂျာစနော့(ဒ)ဂရပ်(စ)[၁] ရေးသားသော စာအုပ်၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ Maj. Snod Grass

ဤစစ်သည်များကို ကွပ်ကဲလာသူတို့တွင် စော်ဘွားများ၊ မင်းသားများသာမက အမျိုးသမီးသုံးဦး လည်းပါဝင်သည်။ …အမျိုးသမီး လူရွှမ်းကောင်းများသည် စစ်ဝတ်တန်ဆာများကိုဆင်ကာ မြင်းကို ရဲရဲဝံ့ဝံ့စီးရင်း စစ်သည်တော်များကို အားပေးစကားပြောကြားသည်။ …အမျိုးသမီးတဦးမှာ ရင်ညွန့်တွင် ဒဏ်ရာရပြီး လဲနေသည်ကိုတွေ့ရာ ရဲဘက်များက သယ်ယူသွားသည်။ မကြာမီပင် သူအသက်ပျောက်သွားသည်။ …အခြားရှမ်းအမျိုးသမီးစစ်ဗိုလ်တဦးမှာ ရဲဘက်များကို အားပေးရင်း ချောင်း၏တဖက် ထူထပ်သော တောအုပ်သို့အဝင် ဗုံးတလုံးက သူခေါင်းပေါ် သို့ တည့်တည့်ကျ၍ပေါက်ကွဲရာ သူသည် ရေထဲသို့ကျလေသည်။ သေသည် ရှင်သည် ဟုကား မဆိုနိုင်၊ ရဲဘက်များက ပျောက်ရှိသွားကြသည်။

ယင်းသို့ မှတ်တမ်းတင်ဖော်ပြထားချက်ကို ထောက်ရှုလျှင် မြန်မာတိုင်းရင်းသူအမျိုးသမီးများ၏ နိုင်ငံရေးစိတ်ဓာတ်ထက်မြက်ပုံ၊ နိုင်ငံအတွက် အသက်ကို စတေးခံသွားပုံတို့ကို သိနိုင်ပေသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိတ္ထီလာ၊ တောင်တွင်းကြီး၊ နတ်မောက် စသည့်ဒေသများ၌ ဗြိတိသျှတပ်များကို လိုက်လံတိုက်ခိုက်ခဲ့သော ဗွန်ခေါင်းဗိုလ် ဦးမင်းဒိုင်၏ တူမ ပင်းခင်ခင်သည် ဦးကြီးဘော်နှင့်အတူ ဓားကိုင်၍ ရဲရဲတောက် တိုက်ခိုက်ခဲ့သူ ဖြစ်၏။ နိုင်ငံ၏လွတ်လပ်ရေးကို ထိပါးလာသောအခါ တာဝန်သိစွာဖြင့် ရှေ့တန်းသွားရောက်လိုစိတ်သည် အမျိုးသမီးများ၌လည်း ရှိခဲ့ကြောင်းကိုဖော်ပြခဲ့လေသည်။



မြန်မာနိုင်ငံကို သိမ်းယူအုပ်စိုးလိုက်သော ဗြိတိသျှအစိုးရတပ်များကို နိုင်ငံနှံ့အဝှန်းက ဆန့်ကျင်နေကြချိန်ဝယ် ချင်းတောင်တန်းကို ထိုးဖောက်သိမ်းယူရန် ခရစ် ၁၈၈၉ ခုနှစ်၌ မေဂျာရက်ပတ် ခေါင်းဆောင်၍ ချီတက်လာကြသည်။ ဆီးယင်းချင်း တော်လှန်ရေး ခေါင်းဆောင် ဗိုလ်လျှင်းကမ်း ဦးဆောင်သည့်ချင်းအမျိုးသားအမျိုးသမီးများက တာတန်ရွာ (ယခု ရှယ်လွန်ခံတပ်တည်နေရာ)၌ သဲသဲမဲမဲ ခုခံတိုက်ခိုက်ကြရာ ဇာနည်မယ် ချင်းအမျိုးသမီး ရှစ်ဦး ကျဆုံးခဲ့ရသည်။

ယင်းဖြစ်ရပ်တို့ကား နယ်ချဲ့ဗြိတိသျှကို လက်နက်ကိုင်၍ အတိအလင်း ဆန့်ကျင်ခဲ့သော အမျိုးသမီးတို့၏ နိုင်ငံချစ်စိတ်ဓာတ်ကို ပြခြင်းပေတည်း။

## ဝံသာနုစိတ်နိုးကြားခြင်း

ဗြိတိသျှလက်အောက်ခံကျွန်ဘဝသို့ ကျရောက်ခဲ့ရပြီးနောက် မကြာမီပင် အစဉ်အလာ အုပ်ချုပ်ရေးစနစ်များ ချုပ်ငြိမ်းသွားသည်နှင့်အတူ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများပါ တဖြည်းဖြည်းနှင့် လျော့ရည်းလာခဲ့တော့၏။

မျက်နှာဖြူ အရာရှိကြီးများကို ဘုရားထူးရခြင်း၊ လူမျိုးခြား အရာရှိများ၏ ချယ်လှယ်မှုကို ခေါင်းငုံ့ခံရခြင်း စသည့် မနှစ်မြို့ဘွယ်ရာများလည်း ပေါ်ပေါက်လာခဲ့၏။

ဤတွင် မျိုးချစ် ပုဂ္ဂိုလ်အချို့သည် အမျိုး၊ ဘာသာ၊ သာသနာ ပညာကို စောင့်ရှောက်ကာကွယ်ရန်ဟူသော ဦးတည်ချက်ဖြင့် ဘာသာရေးအသင်းအဖွဲ့များကို ခရစ် ၁၈၉၇ ခုနှစ်မှစ၍ တည်ထောင်မိကြသည်။ အမျိုးသားချင်း ယိုင်းပင်းညီညွတ်စွာ ပေါင်းစည်းကြရန် အားထုတ်ကြသည်။

၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာ ကလျာဏ ယုဝ အသင်းကြီးကို ဖွဲ့စည်းခဲ့သည်။ ၁၉၁၀ ပြည့်နှစ်နောက် ပိုင်း၌ မြန်မာနိုင်ငံအနှံ့တွင် အဖွဲ့ခွဲများကို လည်းကောင်း၊ အခြားလူမှုရေး သာသနာရေး အသင်းအဖွဲ့များကို လည်း ကောင်း တည်ထောင် ဖွဲ့စည်းနိုင်ခဲ့သည်။ ယင်းအသင်းအဖွဲ့ များကို ဝံသာနုအသင်းများဟုလည်း ခေါ်ဆိုကြ၏။ (နောင် တွင် ဂျီစီဘီအေအဖွဲ့ချုပ် ဟု ဖွဲ့စည်းခေါ်ဝေါ်သည်။)

ဝံသာနုအသင်းများ ပေါ်ပေါက်လာချိန်တွင် အမျိုးသမီး များသည် မိမိတို့၏ လင်သားမောင်ဘွား စသည်တို့၏ နောက် ပိုင်းမှနေ၍ အသင်းအဖွဲ့များ၏ လုပ်ငန်းစဉ်ကို အားပေးကူညီ လာကြသည်။

## မြန်မာမိန်းမများအသင်း

ဝံသာနုစိတ်ဓာတ်ဖြင့် တက်ကြွနေသော အမျိုးသမီးများ ကို စုစည်းလျက် ၁၉၁၉ ခုနှစ်တွင် "မြန်မာမိန်းမများအသင်း" ဟူ၍ စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့သည်။ အသင်း၏ ဥက္ကဋ္ဌမှာ ရိုက္ခာတော်ရ စည်ပင်သာယာအရေးပိုင် ဦးဘိုးသောင်း၏ ဇနီး ဒေါ်စု ဖြစ်၏။ အကျိုးဆောင် (အတွင်းရေးမှူး)မှာ ရန်ကုန် အနောက်ပိုင်းမှ ကုန်သည် ဒေါ်ဖွားသစ် ဖြစ်သည်။ တွဲဖက် အကျိုးဆောင်များအဖြစ် ဒေါ်လှမေ (ဒီးဒုတ်ဦးဘချို၏ဇနီး) နှင့် ဒေါ်စောခင် (ဦးကြား၏ဇနီး)တို့က ဆောင်ရွက်သည်။ အမှုဆောင်များအဖြစ် ဒေါ်စောတင် (ဝတ်လုံတော်ရ ဦးသိမ်း မောင်၏ဇနီး)၊ ဒေါ်တင်၊ ဒေါ်ငွေ၊ ဒေါ်ငွေရင်၊ ဒေါ်ငွေရှင် နှင့် မော်တင်စျေးမှ ဒေါ်မြမေတို့ ပါဝင်ကြ၏။

အသင်း၏ ရည်ရွယ်ချက်မှာ မြန်မာမိန်းမများ၏ အကျိုး၊



အထူးသဖြင့် အသင်းဝင်များအတွက် သည်ပိုးဆောင်ရွက်ပေး ရန်၊ အသင်းသူများ ပညာတိုးပွား၍ အခြေအနေ အဆင့် အတန်း မြင့်မားအောင် အားပေးဆောင်ရွက်ရန်၊ မြန်မာတမျိုး သားလုံးနှင့်ဆိုင်သော အကြောင်းကိစ္စပေါ်ပေါက်လျှင် ကူညီ သင့်က ကူညီရန်တို့ ဖြစ်၏။

ပထမတွင် သာသနာရေးနှင့် လူမှုရေးကို ဦးတည် လုပ် ဆောင်ခဲ့ရာမှ နောင်အခါ နိုင်ငံရေးလုပ်ရပ်များကိုပါ ဆောင် ရွက်လာကြသည်။ အသင်းသူများ စာပေဗဟုသုတရစေရန် အသင်းတိုက်တည်ရာ၌ စာကြည့်တိုက် ဖွင့်လှစ်ထားရှိသည်။ ဗုဒ္ဓစာပေကျမ်းဂန် ထွန်းကားတိုးတက်ရေးအတွက် ဆောင်ရွက် ကြသည်။ အမျိုးကို စောင့်ရှောက်ရန်အတွက် လူမျိုးခြားကို လက်မထပ်ရန် ဟောပြောရေးသားကြသည်။ ပြည်တွင်းဖြစ် ပင်နီအင်္ကျီ၊ ယောထမီ၊ ခေါင်းပုဝါ၊ ပုသိမ်ထီးတို့ကို ဝတ်ဆင် သုံးစွဲရန် အမျိုးသမီးများအား တိုက်တွန်း လှုံ့ဆော်ကြသည်။ အသင်းသူများကိုယ်တိုင်က စံနမူနာပြ၍ ဝတ်ဆင်ကြသည်။ ဂုဏ်တုဂုဏ်ပြိုင် စိန်ရွှေရတနာ ပလွှားဝတ်ဆင်ခြင်းကို ရှောင် ကြဉ်ကြသည်။

အသင်း၏ တောင်းဆိုချက်ကြောင့် ဓာတ်ရထားများတွင် အမျိုးသမီးစီးရန် သီးသန့်နေရာ သတ်မှတ်ပေးရသည်။ မြန်မာ ပြည်မှ ဆေးလိပ်လိပ်သူ အလုပ်သမများကို ပီလောပီနန်မြို့သို့ လှည့်ဖြားခေါ်ဆောင်သွားသဖြင့် နိုင်ငံခြား၌ ဒုက္ခရောက်နေရ ကြောင်းကို ကြားသိသောအခါ အစိုးရစရိတ်ဖြင့် ပြန်ပို့ပေးရန် အသင်းက တောင်းဆိုခဲ့သည်။ ဗြိတိသျှအစိုးရသည် အသင်း၏ တောင်းဆိုချက်အတိုင်း လိုက်လျော ဆောင်ရွက်ပေးခဲ့သဖြင့် အသင်း၏ ဂုဏ်ယူဘွယ် အောင်မြင်ချက် ဟု ဆိုနိုင်သည်။

မြန်မာမိန်းမများ အသင်းသည် ဂျီစီဘီအေ အသင်းချုပ်နှင့် ဆက်သွယ်ထားသဖြင့် ဂျီစီဘီအေမှ ချမှတ်သော လုပ်ငန်းစဉ်များကိုလည်း လိုက်နာဆောင်ရွက်ကြသည်။ ဂျီစီဘီအေ ပြည်လုံးကျွတ်ညီလာခံ ကျင်းပသည့်အခါ၌လည်း အသင်းကိုယ်စားလှယ် အမျိုးသမီးများ တက်ရောက်ဆွေးနွေးကြသည်။

## ဝါနုသုခအသင်း

ဤအသင်းသည် မူလက ကုသိုလ်ရေးကို အဓိကထား၍ ဖွဲ့စည်းခဲ့သော အမျိုးသမီးအသင်းတသင်း ဖြစ်သည်။ အသင်း၏ ဥက္ကဋ္ဌမှာ ဒေါ်ကြင်အိမ်ဖြစ်၍ အတွင်းရေးမှူးမှာ ဒေါ်လှခင် ဖြစ်သည်။ သာသနာရေးကို ဦးတည်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သော်လည်း နောင်အခါတွင် ဝံသာနုအသင်းများနှင့် အဆက်အသွယ်ပြုလျက် ဝံသာနုကုမာရီအသင်း ဟု ပြောင်းလဲ မှည့်ခေါ်လိုက်သည်။ အသင်းဥက္ကဋ္ဌ ဒေါ်ကြင်အိမ် ကွယ်လွန်သောအခါ ရက်ကန်းဒေါ်မမကြီးကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြသည်။

ရန်ကုန်မြို့ပေါ်၌ ရပ်ကွက်အလိုက် ကြည့်မြင်တိုင်၊ ပုဇွန်တောင် စသည်တို့၌ ကုမာရီအသင်း ကိုးသင်းသထိ ဖွဲ့စည်းလာမိကြသည်။ ယင်းတို့ကို ပထမယူနီယံ၊ ဒုတိယယူနီယံ ဟူ၍လည်း ခေါ်ကြသည်။ နယ်အသီးသီးတွင်လည်း အသင်းအမည် အမျိုးမျိုးနှင့် ကုမာရီ အဖွဲ့ခွဲများကို နိုင်ငံနှင့်အဝှမ်း ကျေးလက်ဒေသများ၌ပင် ဖွဲ့စည်းမိကြလေသည်။

တဖြည်းဖြည်းနှင့် အသင်းဝင် ကုမာရီဦးရေ များပြားလာခဲ့သည်နှင့်အမျှ ဝံသာနုစိတ်ဓာတ်ကလည်း ရင့်သန်သည်ထက် ရင့်သန်လာခဲ့ကြ၏။ ခရစ် ၁၉၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သပိတ်မှောက်၍ ထွက်လာကြသော ရန်ကုန်မြို့



ကျွင်ကျောင်းမှ သပိတ်မှောက် ကျောင်းသားများကို သိမ်ကြီးဈေး ကုမာရီအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းနှင့် အတွင်းရေးမှူး ဒေါ်သိန်းတို့က ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ဟင်းရွက်၊ ဟင်းသီး စသည့် စားနပ်ရိက္ခာတို့ဖြင့် အင်တိုက်အားတိုက် ကူညီကြလေသည်။

ထိုနှစ် ဒီဇင်ဘာ ၅ ရက်နေ့တွင် တက္ကသိုလ် ဥပဒေကို မကျေနပ်၍ သပိတ်မှောက်လာခဲ့ကြသော ကောလိပ်သပိတ်မှောက် ကျောင်းသားများကိုလည်း အလားတူပင် စားနပ်ရိက္ခာတို့ဖြင့် ထောက်ပံ့ကူညီလျက် ရန်ပုံငွေ ရရှိရေးအတွက်လည်း ရန်ကုန်မြို့ထဲတွင် လှည့်လည်အလှူခံပေးကြ၏။

## ကုမာရီများ၏ လုပ်ရပ်များ

ဝံသာနုစိတ်ဓာတ်ကို အခြေခံ၍ လူထုလုပ်ငန်းများတွင် စိတ်ပါဝင်စားလာကြသော ကုမာရီ အမျိုးသမီးများသည် နိုင်ငံ၏ အရေးအခင်းဖြစ်သော နိုင်ငံရေးလှုပ်ရှားမှုများတွင်လည်း စိတ်ဓာတ်ထက်ကြွစွာဖြင့် ပါဝင်ဆင်နွှဲလာကြသည်။ အချို့ဖြစ်ရပ်များတွင် ကုမာရီများသည် အမျိုးသားများထက်ပင် စိတ်ဓာတ်ရဲရင့်ပြတ်သားလှသည်ကို တွေ့ရ၏။

သက္ကရာဇ် ၁၂၈၃ ခုနှစ် (ခရစ် ၁၉၂၁ ခုနှစ်ခန့်)တွင် မျိုးချစ်ဆရာတော် ဦးဥတ္တမကို နိုင်ငံရေးတရားဟောမှုဖြင့် ဖမ်းဆီးအရေးယူလိုက်ရာ မြန်မာလူထုမကျေမနပ်ဖြစ်ကြ၍ ဘုရင်မပန်းခြံ (ယခု ဗန္ဓုလပန်းခြံ)၌ လူထုစည်းဝေးပွဲတရပ်ကို ကျင်းပပြီးလျှင် နယ်ချဲ့အစိုးရ၏ လုပ်ရပ်ကို ရှုတ်ချရန် စီစဉ်ကြသည်။ ထိုစည်းဝေးပွဲသို့ ကုမာရီအသင်းသူများလည်း တက်ရောက်လာကြရာ ပုလိပ်မင်းကြီးက အစည်းအဝေးမလုပ်ရန် တားမြစ်

၌ လှုရှုခဲ့သော်လည်း ပရိသတ်က လှုရှုမခဲ့ဘဲ တောင့်ခံနေသည်။ ဤတွင် ပုလိပ်မင်းကြီး၏ ညွှန်ကြားချက်အရ မြင်းစီး ပုလိပ်များက စည်းဝေးပွဲလာ ပရိသတ်ကြီးအား မြင်းဖြင့် အထင်းဝင်တိုက်ကာ လှုရှုခဲ့ပစ်သည်။ သံဃာတော်အချို့နှင့် ယောကျ်ားအချို့က လွတ်ရာသို့ ရှောင်တိမ်းနေကြသော်လည်း ကုမာရီများကမူ သတ္တိရှိစွာဖြင့် ထွက်မပြေးဘဲ ကြံ့ကြံ့ခံ ရပ်နေကြသည်။ မြင်းနင်း၍ လဲသူလဲ၊ ခြေကျိုးသူကျိုး၊ လက်ပြတ်သူပြတ်၊ ဒဏ်ရာရသူရဖြင့် ကုမာရီများမှာ မရှုမလှ ခံကြရသည်။ သိမ်ကြီးဈေးမှ ဒေါ်မေကြီးမှာ ထိုဖြစ်ရပ်တွင် ရဲရင့်မှု၌ အထူးနာမည်ရခဲ့၏။ အမျိုးသမီးများ၏ နိုင်ငံအတွက် အနစ်နာခံနိုင်မှု၊ စိတ်ထက်သန်မှု၊ နောက်မဆုတ်ဘဲ စွန့်စားမှုတို့မှာ သမိုင်းတွင် အထင်အရှား မော်ကွန်းတင်ထားရ ပေတော့မည်။

ထိုနှစ်အတွင်းမှာပင် နယ်မှ ကုမာရီ အသင်းအဖွဲ့များ၏ လှုပ်ရှားမှုကို တွေ့ရသည်။ ပုသိမ်နှင့် ငါးသိုင်းချောင်း ဗုဒ္ဓဘာသာ ကုမာရီအသင်းသည် နိုင်ငံခြားမှ တင်သွင်းသော ကုန်ပစ္စည်းများကို အသုံးမပြုဘဲ သပိတ်မှောက်ကြရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

သက္ကရာဇ် ၁၂၈၁ ခုနှစ်တွင် ဒသ ကြိမ်မြောက် ဝံသာနု အသင်းညီလာခံကို ပေါင်းတည်မြို့၌ ကျင်းပခဲ့ရာ ကုမာရီအသင်းသူ ဝံသာနုအမျိုးသမီးများလည်း ထိုညီလာခံသို့ တက်ရောက်လာကြသည်။ ညီလာခံတွင် နိုင်ငံခြား ကုန်ပစ္စည်းများကို သပိတ်မှောက်ရန် အဆိုပြု၏။ ကုမာရီများသည် အင်္ဂလိပ် အစိုးရ၏ လက်အောက်ခံ ကျွန်ဘဝကို မနှစ်မြို့ကြောင်း၊ အင်္ဂလိပ် ဟူသောအမည်မှ "လိပ်" ဟူသောစကားကိုပင် စက်



ဆုပ်ရွံ့ရှာကြောင်း ပြသလိုသဖြင့် မိမိတို့ခေါင်း၌ထုံးဖွဲ့ထားသော ဘီးဆံပတ်ဆံထုံးမှ လိပ်ခုံဘီးများကိုဖြုတ်၍ ချိုးဖဲ့ဖျက်ဆီးပြကြလေသည်။ ထို့ပြင် နိုင်ငံခြားမှ တင်သွင်းရောင်းချသော အထည်အလိပ်များကို ဆန့်ကျင်သည့်အနေဖြင့် မိမိတို့ဝယ်ယူပြီးသား အဝတ်အထည်များကိုပင် စုပုံ၍ မီးရှို့ပစ်ကြသည်။ ဤမျှ စိတ်ဓာတ်ပြင်းထန်မှု၊ အုပ်စိုးသူ အင်္ဂလိပ်တို့အား ဆန့်ကျင်ဆန္ဒပြမှုတို့မှာ မှတ်တမ်းတင်လောက်ပါပေသည်။ ကျိုးကြောင်းဆင်ခြင်တုံတရားဖြင့် ဝေဖန်ကြည့်မည်ဆိုပါက ယင်းလုပ်ရပ်များသည် အစွန်းရောက်သော ပြုမူချက်များဖြစ်သည် ဟု ဆိုရမည်ဖြစ်သော်လည်း ဗြိတိသျှ နယ်ချဲ့လက်အောက်မှ ရုန်းထွက်လိုသော ထိုခေတ်က ဇာတိမာန် မျိုးချစ်စိတ်ကို ပြသရန်မှာ ထိုနည်းလမ်းသာ ရှိပေသည်။

သက္ကရာဇ် ၁၂၈၄ ခုနှစ် (ခရစ် ၁၉၂၂ ခုနှစ်ခန့်)၌ သရက်မြို့တွင် အမျိုးသမီး ဝံသာနုအသင်း ညီလာခံကို ကျင်းပရာ အနယ်နယ် အရပ်ရပ်မှ အမျိုးသမီး အသင်းအဖွဲ့တို့၏ ကိုယ်စားလှယ်များ အင်တိုက်အားတိုက် တက်ရောက်လာကြသည်။ ယင်းညီလာခံ၌ နာယကအဖြစ် ဂျီစီဘီအေ ဦးစိုးသိမ်း၏ဇနီး ဒေါ်သောက ဦးစီးဆောင်ရွက်လျက် ပြည်မြို့မှ သစ္စာဝါဒီအမျိုးသမီးအဖွဲ့၏ အတွင်းရေးမှူး မသိန်းတင် (နောင်အခါ သခင်မ မသိန်းတင်၊ နဝင်း ဒေါ်သိန်းတင်အဖြစ် ထင်ရှားလာသူ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်လာသူ)က ညီလာခံ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။

ယင်းညီလာခံ၌ နိုင်ငံခြားမှတင်သွင်းသော အထည်အလိပ်၊ အသုံးအဆောင်ပစ္စည်း၊ အိမ်သုံးပရိဘောဂနှင့် အစားအစာများကို ရှောင်ကြဉ်ရန်၊ မိမိတို့၏အပေါင်းအသင်း ဆွေမျိုးများ

ကာပါ ရှောင်ကြဉ်ရန် တိုက်တွန်းကြောင်း၊ ဝါကြိတ် ဝါဖန် ရက်ကန်းရက် သည်တို့ကို မြန်မာတပြည်လုံး အိမ်တိုင်း၌ ထားရှိပြုလုပ်သင့်ကြောင်းတို့ကို ဆုံးဖြတ်ချက် ချမှတ်၏။

ယင်းညီလာခံ၌ နိုင်ငံရေးနှင့် စပ်လျဉ်းသော အဆိုတရပ်ကိုလည်း တင်သွင်းကြသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှု၍ ရှမ်းပြည်နှင့် မြန်မာပြည် မခွဲမခွာ ရှေးကအတိုင်း ပူးပေါင်းဆက်ဆံကြမည် ဟူသော အဆိုဖြစ်၏၊ ယင်းအဆိုကို နှင်းမသိန်းတင်က တင်သွင်း၍ ကြည့်မြင်တိုင်မှ မလှခင်က ထောက်ခံသည်။ ညီလာခံ၏ ဆုံးဖြတ်အတည်ပြုချက်ကို ရှေ့ဆောင်ဘုရားကြီးကတော် မဟာဒေဝီသို့ ပို့ပေးရန်ကိုလည်း အများသဘောတူ ဆောင်ရွက်ခဲ့ကြ၏။

ပေါင်းတည်ညီလာခံ၌ နှင်းမသိန်းတင်သည် လွတ်လပ်ရေးအဆိုကို ရဲရင့်စွာ တင်သွင်းခဲ့၏။ အိန္ဒိယနှင့် မြန်မာပြည်သည် ဗြိတိသျှလက်အောက်ခံနိုင်ငံချင်းတူပါလျက်နှင့် အိန္ဒိယပြည်တွင် သွယ်ဝိုက်သော အခွန်ကောက်ခံမှုသာရှိသည်။ မြန်မာပြည်၌မူကား တိုက်ရိုက်လူခွန်တော် ပေးဆောင်နေရသည်မှာ အလွန်နှစ်နာ၍ တရားမျှတမှုလည်းမရှိဟု ယူကြသောကြောင့် ယင်းအဆိုကို တင်သွင်းရခြင်းဖြစ်သည်။ မြင်းခြံကုမ္ဘာရီအသင်းကိုယ်စားလှယ် မချမ်းက အဆိုကို ထောက်ခံသည်။

၁၉၂၂ ခုနှစ်တိုက်တွင် ဝံသာနုအသင်းများ၏ လှုံ့ဆော်မှုကြောင့် ဗြိတိသျှအစိုးရဆန့်ကျင်ရေး "ဘူးအသင်း" များကို ထူထပ်စွာ ဖွဲ့စည်းကြသည်။ ဘူးအသင်းဝင်တို့၏ အဓိကရည်ရွယ်ချက်သည် ကုမ္ဘာရီအသင်း ဦးတည်ချက်နှင့် ကိုက်ညီသော အချက်အလက်များစွာ ပါဝင်သည်။

၁၉၂၃ ခုနှစ်တွင် ဝံသာနုအသင်းများနှင့် ဘူးအသင်းများ



ကို အစိုးရက မတရားအသင်း ကြေညာလိုက်၏။ ကုမ္ဘာရီအသင်းများလည်း မတရားသင်း ကြေညာခံရသည့် စာရင်း၌ ပါဝင်ခဲ့သည်။ သို့သော် ကုမ္ဘာရီအသင်းဝင် အမျိုးသမီးတို့ကား နောက်မဆုတ်ပဲ ဆက်လက်၍သာ ရှေ့တိုးဆောင်ရွက်ခဲ့သည်။ ၁၉၃၀ ခုနှစ်အထိ အမျိုးသမီးအသင်းအဖွဲ့များ၏ လုပ်ငန်းစဉ်သည် အစိုးရကို အနှောင့်အယှက် အဟန့်အတားပေးနိုင်ဆဲဖြစ်သည်ကို တွေ့ရ၏။ ရမည်းသင်းခရိုင်အတွင်းရှိ အမျိုးသမီးအသင်းများကို မတရားသင်းကြေညာရာ၌ ယင်းအသင်းအဖွဲ့များသည် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုကို နှောင့်ယှက်ရန် ရည်ရွယ်သည့်အဖြင့် အများပြည်သူတို့၏ အေးချမ်းမှုကို အန္တရာယ်ပြုသည်ဟု ဘုရင်ခံက ယူဆမြင်သောကြောင့် မတရားသင်းအဖြစ် ကြေညာလိုက်ရသည်ဟု ပုလိပ်ဌာနမှ ဖော်ပြရေးသား ကြေညာထားချက်ကို ထောက်ထားသိနိုင်ပေသည်။

ဤသို့လျှင် အမျိုးသမီးများသည် နိုင်ငံရေးစိတ်ဓာတ် ထက်ကြွစွာဖြင့် ဗြိတိသျှအစိုးရကို ဆန့်ကျင်ခဲ့ရာမှ နိုင်ငံရေးခေါင်းဆောင်တို့ မညီညွတ်ကြပဲ အကွဲကွဲအပြားပြား ဖြစ်သွားသောအခါ ဝံသာနုကုမ္ဘာရီအသင်းများ၏ လှုပ်ရှားမှုမှာလည်း လျော့နည်းလာခဲ့ပေသည်။

၁၉၃၀ ပြည့်နှစ်ခန့်တွင် ပေါ်ပေါက်ပြီးသော အမျိုးသမီးအသင်းအဖွဲ့များ ပြန်လည်လှုပ်ရှားလာကြပြန်သည်။ ထိုအချိန်သည်ကား အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ မျက်နှာစုံညီ စည်းဝေးပွဲတရပ်ကို ကျင်းပရန် စီစဉ်နေသည့်ကာလ ဖြစ်၏။ အိန္ဒိယပြည်အတွက် အုပ်ချုပ်ရေး စနစ်သစ်ကို ချမှတ်ရန် ဆွေးနွေးကြမည်ဖြစ်ရာ၊ မြန်မာပြည်အတွက်လည်း ထည့်သွင်း

ဆွေးနွေးရန် မြန်မာပြည် ကိုယ်စားလှယ်များကို ခေါ်ယူသင့်ကြောင်းဖြင့် အမျိုးသမီးအသင်းအဖွဲ့များက မိမိတို့၏ ဆန္ဒကို ထုတ်ဖော်ပြခဲ့ကြ၏။

၁၉၃၁ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ဂျူဗလီ ဟောဆောင်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးထု စည်းဝေးပွဲကို ကျင်းပခဲ့သည်။ ထိုစည်းဝေးပွဲ၌ လန်ဒန် မျက်နှာစုံညီ စည်းဝေးပွဲသို့ မြန်မာအမျိုးသမီး ကိုယ်စားလှယ် တဦးကိုပါ ရွေးချယ် စေလွှတ်သင့်ကြောင်း ဘုရင်ခံထံ တင်ပြတောင်းဆိုရန် ဆုံးဖြတ်ကြလေသည်။

သို့သော် ယင်းတောင်းဆိုချက်မှာ အလွယ်တကူမအောင်မြင်ပဲ အကြိမ်ကြိမ် အထပ်ထပ် ကြိုးစားကြသည်တွင်မှ ဘုရင်ခံသည် မြန်မာအမျိုးသမီးအဖွဲ့၏ အတွင်းရေးမှူး ဒေါ်မြစိန်ကို ကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် ရွေးချယ်သတ်မှတ်ပေးလိုက်တော့၏။ ထိုအချိန်က ဒေါ်မြစိန်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပနေသော နိုင်ငံပေါင်းစုံအသင်းကြီး၏ ကွန်ဖရင့်သို့ ကိုယ်စားလှယ်တဦးအဖြစ် တက်ရောက်နေရခိုက်ဖြစ်၏။ ယင်းကွန်ဖရင့်အပြီးတွင် လန်ဒန်မြို့သို့ ဆက်လက်သွားရောက်စေရန် စီစဉ်လိုက်ခြင်းဖြစ်သည်။

ဤကဲ့သို့ အမျိုးသမီးကိုယ်စားလှယ်တဦးကို မျက်နှာစုံညီ စည်းဝေးပွဲသို့ တက်ရောက်နိုင်ခွင့်ရရှိရေးအတွက် အမျိုးသမီးများ ကြိုးပမ်းကြပုံမှာ ထိုခေတ်ထိုအခါက နိုင်ငံအတွက် ဆောင်ရွက်ဖွယ် အရေးကိစ္စပေါ် ပေါက်တိုင်း အမျိုးသမီးများ စည်းလုံးတက်ကြွစွာ လုပ်ဆောင်ကြသည် ဟူသောအချက်ကို ထင်ရှားစေသည်။



## သခင်မများ၏ နိုင်ငံရေးကြိုးပမ်းချက်

နိုင်ငံရေးစိတ်ဓာတ် ပိုမိုပြင်းပြသော အမျိုးသမီးများသည် ၁၉၃၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးကို တည်ထောင်ပြီးသောအခါ အစည်းအရုံးဝင်သခင်မများ ဖြစ်လာကြသည်။

သခင်မများ၏ နိုင်ငံရေးဆောင်ရွက်ချက်များတွင် ရေနံမြေ အရေးတော်ပုံ၌ ပါဝင်ခဲ့သော အခန်းကဏ္ဍသည် အထင်ရှားဆုံးဖြစ်၏။ ရေနံမြေသခင်မများသည် မျက်နှာဖြူ ပုလိပ်အရာရှိ ဦးဆောင်သော လက်နက်ကိုင်ပုလိပ်အဖွဲ့မှ တားမြစ်ချက်ကို ဆန့်ကျင်၍ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့်အချိန်၌ပင် စီတန်းလှည့်လည်ပွဲကို ကျင်းပခဲ့သည်။ ရေနံမြေအလုပ်သမားများ သပိတ်မှောက်ရာတွင် သခင်မများဦးစီးသော သပိတ်တားအဖွဲ့ဝင် အမျိုးသမီးတရာခန့်သည် ကြွေးကြော်သံများကို အတိုင်အဖောက် ဟစ်ကြွေးလျက် ရဲဝံ့စွာ သပိတ်တားကြသည်။ ပုလိပ်များက ရေပိုက်လုံးဖြင့်ထိုးပက်၍ လူစုခွဲသော်လည်းမရ၊ အင်္ကျီစုတ်ပြဲသည်ပြဲ ရေမွန်းသူမွန်း ဖြစ်သည့်တိုင်အောင် စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ဆက်လက် သပိတ်တားကြသည်။ အာဏာပိုင်တို့က ခြစ်ခြစ်တောက်ပူနေသော ကတ္တရာရည်ကို လမ်းပေါ်၌ လောင်းချထားသည်။ ယင်းကတ္တရာ အပူရှိန်နှင့် နေပူရှိန်ကို ကြံ့ကြံ့ခံ၍ သပိတ်တားမြဲ တားလေရာ ပုလိပ်တို့က အကြမ်းဖက်၍ လူစုခွဲရန် ကြိုးစားကြသည်။ အချို့က အဓမ္မဆွဲဖယ်ကြသည်။ အချို့ကိုလည်း နှစ်တောင့်ထွာခန့်ရှိသော ဝါးသဲတုတ်များဖြင့် ရိုက်နှက်ကြသည်။ သခင်မများမှာ ခြေကျိုးသူကျိုး၊ ဒဏ်ရာရသူ ရကြသည်။ သပိတ်တားမှုဖြင့် သခင်မများကို ဖမ်းသောအခါ တဦးကိုဖမ်းလျှင်

တပ်ပွဲကြီး အဖမ်းခံကြသည်။ "သခင်မတွေ ရဲသေးပြောင်၊ မကားသောင်တော့ အပြေး အပြေး"ဟု သံချပ်များတိုင် လျက် အချုပ်ကားပေါ် တက်ကြသည်။

ချောက်မြို့မှ သခင်မကြီးများအနက် သပိတ်တားမှုဖြင့် ထောင်ကျနှုန်းလာ ထုလယ်ရှိသူများမှာ သခင်မ မဆယ်၊ သခင်မ မသန်း၊ သခင်မ မမြခင်၊ သခင်မ မသိန်းရွှေ၊ သခင်မ မငွေခက်၊ သခင်မ မစိန်ခင်၊ သခင်မ မလှ၊ သခင်မ မပွ၊ သခင်မ မချမ်း၊ သခင်မ မကျော့ငွေ၊ သခင်မ မငွေကြည်၊ သခင်မ မမြီ၊ သခင်မ မအေးခင်၊ သခင်မ မစောတင်၊ သခင်မ မငွေဆိုင်၊ သခင်မ မငွေနှစ်၊ သခင်မ မချစ်၊ သခင်မ မစု၊ သခင်မ မထိုက်၊ သခင်မ မအေးတို့ ဖြစ်သည်။

ထောင်ဒဏ်တလကျခံရသူ သခင်မများမှာ သခင်မ မမြချစ်၊ သခင်မ မမို၊ သခင်မ မညိုတို့၊ သခင်မ မသက်တို့ ဖြစ်၏။

ရေနံချောင်းမှ ထောင်သို့ရောက်ခဲ့သူ သခင်မကြီးများမှာ တွင်းကုန်းမှ ဒေါ်မိ(နှစ်လ)၊ ဒေါ်အုံးတင်(တလ)၊ ရေနံချောင်း ဘေးပဲ့မှ ဒေါ်နှန်းတင်(တလ)၊ ယုန်းကန့်ကုန်း ဒေါ်ခင်နှ (တလ) ဖြစ်ကြသည်။

အရင်းရှင်ကျွန်ကို အကာအကွယ်ပေးနေသော ဗြိတိသျှ အစိုးရသည် သခင်မကြီးများကို ထောင်သက် အပြစ်ပေးခဲ့သည် သာမက သူတို့၏ခင်ပွန်းသည် ရေနံမြေ အလုပ်သမားများကို လည်း အလုပ်မှ ဖြုတ်ပစ်ခဲ့ကြသည်။ ဤကဲ့သို့ အာဏာပိုင် တို့က အရေးယူခဲ့သော်လည်း သခင်မကြီးများ၏ စိတ်ဓာတ် ကား တွေဝေယိမ်းယိုင်ခြင်း မရှိခဲ့ချေ။ အလုပ်သမား အရေး တော်ပုံ အောင်မြင်ရေးအတွက် ဆက်လက် တိုက်ပွဲဝင်ပေး ကြသည်။



ရေနံမြေမှ သပိတ်မှောက်အလုပ်သမားများသည် မိုင် ၄၀၀ ကျော်ဝေးသော ရန်ကုန်အထိ ခြေလျင်ချီတက်ဆန္ဒပြ သောအခါ၌လည်း လမ်းစဉ်တလျှောက်ရှိ မြို့နယ်တိုင်းမှ သခင်မ များက သပိတ်တပ်ကြီးကို အောင်သပြေကမ်းလှမ်း၍ စိတ်ဓာတ် မြှင့်ပေးကြသည်။ ထမင်းထုပ်၊ ဆေးလိပ် စသည်တို့ကို ကောက် ခံပေးခြင်း၊ ရန်ပုံငွေစုဆောင်းပေးခြင်း၊ တရားဟောပွဲများ ဖြစ် မြောက်အောင် ကူညီစီစဉ်ပေးခြင်းတို့ဖြင့် တတ်စွမ်းသမျှ သမိုင်း ပေးတာဝန်ကို ကျေပြွန်စွာ ထမ်းရွက်ခဲ့ကြသည်။

ရေနံမြေအရေးတော်ပုံနှင့် မရှေးမနှောင်းပင် ရန်ကုန်မြို့၌ အမှုထမ်းများသပိတ် ပေါ်ပေါက်လာရာတွင်လည်း တို့ဗမာ အစည်းအရုံးဝင် သခင်မများသည် ရန်ပုံငွေကောက်ခံပေးခြင်း၊ ရိက္ခာစုဆောင်းပေးခြင်း စသည့် တာဝန်များအပြင် တရား ဟောပွဲများ၌ အစိုးရကို ရှုတ်ချဟောပြောကာ လူထု၏စိတ်ကို လှုံ့ဆော်ပေးခဲ့ကြလေသည်။

### မြန်မာပြည်လွတ်လပ်ရေး အမျိုးသမီးအဖွဲ့

ဗြိတိသျှအစိုးရဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက် ရေး စိတ်ဓာတ်များ အုံကြွနေသော ၁၃၀၀ ပြည့်နှစ်တဝိုက်တွင် မြန်မာအမျိုးသမီးတို့သည်လည်း နိုင်ငံ့လွတ်လပ်ရေးအတွက် ယောကျ်ားများနည်းတူ တဖက်တလမ်းမှ ကြိုးပမ်းဆောင်ရွက် သင့်ကြပြီဟု ယုံကြည်သဘောပေါက်ကြသောကြောင့် အမျိုး သမီး နိုင်ငံရေးအဖွဲ့အစည်းတခုကို တည်ထောင်ရန် စိုင်းပြင်း ကြသည်။

၁၉၃၉ ခုနှစ် ဇန်နဝါရီလတွင် "မြန်မာပြည်လွတ်လပ်ရေး အမျိုးသမီးအဖွဲ့"ကို စတင်ဖွဲ့စည်းခဲ့ကြသည်။ ဥက္ကဋ္ဌအဖြစ်

ယခင်ဝံသာနုကုမ္ပဏီရှိအသင်းဥက္ကဋ္ဌ ဒေါ်လှမေ(ဒီးဒုတ်ဦးဘချို ဇနီး)၊ အတွင်းရေးမှူးအဖြစ် မခင်မြ(ယခု စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်)တို့က ဆောင်ရွက်၏။ မကြာမီ အမြို့မြို့ အနယ်နယ်၌ အဖွဲ့ခွဲများ ဖွဲ့စည်းတည်ထောင်မိကြသည်။

လှုပ်ရှားရေး အမျိုးသမီးအဖွဲ့ဝင်များသည် နိုင်ငံရေး ဦးဆောင်ချက် ရှိသူများဖြစ်သည့်အလျောက် တမျိုးသားလုံးနှင့် စပ်လျဉ်းသော အရေးအခင်းများ၌ တက်ကြွစွာ ပါဝင် ဆောင်ရွက်ကြသည်။ ရေနံသပိတ်တပ်ကြီးနှင့် အမှုထမ်းများ သပိတ်တို့အတွက် ထမင်းထုပ်များ၊ ရန်ပုံငွေများ ကောက်ခံ ပေးခဲ့ကြလေသည်။

### ၁၃၀၀ ပြည့် အရေးတော်ပုံနှင့် အမျိုးသမီးများ

၁၃၀၀ ပြည့်အရေးတော်ပုံသည် ရေနံမြေအလုပ်သမားများ သပိတ်မှ စတင်မြစ်ဖျားခံခဲ့သည်။ ရေနံမြေမှ အလုပ်သမား သပိတ်တပ်ကြီးသည် ရန်ကုန်မြို့သို့ ခြေလျင်ချီတက်လာခဲ့သော အခါ တို့ဗမာအစည်းအရုံးမှ ကြိုတင်လှုံ့ဆော်ထားချက်အရ ရန်ကုန်၊ အင်းစိန်၊ ပေါ်ပုံ၊ သံလျင်၊ ဒလ စသည့် ရန်ကုန် ဆင်ခြေဖုံးတဝိုက်ရှိ အလုပ်သမားများနှင့်တကွ လယ်သမား၊ ကျောင်းသားကျောင်းသူ တို့ကပါ သပိတ်လက်နက်ကို ကိုင်စွဲ လျက် ဗြိတိသျှအုပ်ချုပ်ရေးကို ဆန့်ကျင်ဆန္ဒပြကြလေသည်။

အလုပ်ရုံအသီးသီးမှ သပိတ်မှောက်အလုပ်သမားများတွင် အမျိုးသမီးအလုပ်သမားများပါ ပါဝင်သည်။ ရေကျော် မစ်န် ဆန် ဆေးလိပ်ရုံ အမျိုးသမီးအလုပ်သမား ၂၀၀ ကျော်နှင့် သမိုင်းကြိုးစက်မှ အမျိုးသမီးအလုပ်သမား အများစု ပါဝင်



သော အလုပ်သမား ၃၀၀၊ အခြားသော စွပ်ကျယ်စက်၊ ဖျော် ဗာစက် စသည်တို့တွင် လုပ်ကိုင်နေသော အမျိုးသမီးများ သည် ၁၃၀၀ ပြည့်အရေးတော်ပုံ၏ သူရဲကောင်းများ ဖြစ်ခဲ့ကြ လေသည်။

ယင်းသပိတ်မှောက် အလုပ်သမားအမျိုးသမီးများနှင့်အတူ သခင်မများ၊ လှုပ်ရှားရေးအမျိုးသမီးအဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများနှင့် အခြားအမျိုးသမီးအဖွဲ့ဝင်များသည် သပိတ် တိုက်ပွဲ အရှိန်မြှင့်တင်ရန်အတွက် သပိတ်တားကြသည်။ စက်ရုံ အလုပ်ရုံ တံခါးဝတို့၌လည်းကောင်း၊ ကြည့်မြင်တိုင်၊ လမ်းမ တော်၊ သိမ်ကြီးဈေး၊ တာမွေ၊ စတော့ကိတ်၊ ရေကျော် စသည့် ဒေသများ၌လည်းကောင်း သပိတ်တား ဆန္ဒပြကြသည်။ လမ်း လယ်ခေါင်၌ လှဲလျောင်း၍ ခေတ်ရထား၊ ထရော်လီကား၊ ဘတ်စကားများကို သပိတ်တားကြသည်။

ဗြိတိသျှအစိုးရ၏လက်ပါးစေမြင်းစီးဂေါ်ရာတပ်များ၊ လက် နက်ကိုင် စစ်ပုလိပ်များက သပိတ်တားနေသော အမျိုးသမီး များကို မီးသတ်ရေပိုက်လုံးကြီးများဖြင့် မှုန်းနေအောင် ပက် ဖြန်း၍ လူစုခွဲသည်။ မျက်ရည်ယိုဗုံးကိုသုံး၍ လူစုခွဲသည်။ သေနတ်ကို မိုးပေါ် ထောင်၍ ပစ်ပေါက်ခြောက်လှန့်သည်။ လမ်းပေါ်တွင် ပူလောင်သော ကတ္တရာရည်များ လောင်းချ ထားသည်။ သပိတ်တားသူများကို အစုလိုက်အပြုံလိုက် အဓမ္မ ဖမ်းဆီး၍ အချုပ်ထောင်သို့ပို့သည်။ ရန်ကုန်ထောင်မဆံ့၍ အင်းစိန်ထောင်၊ သာယာဝတီထောင်၊ တံတားကလေး အရွေး ထောင်တို့သို့ပင် ပို့ခဲ့ကြသည်။ သပိတ်မှောက်အလုပ်သမားများ အတွက် ထမင်းထုပ်ရိက္ခာကောက်ခံပေးသူများမှာလည်း အဖမ်း

ခံကြရသည်။ ငွေကြေးပစ္စည်းရိက္ခာ ထောက်ပံ့သူများကိုလည်း ဖမ်းဆီးအရေးယူသည်။

ယင်းဖြစ်ရပ်များကား နယ်ချဲ့လက်အောက်မှလွတ်မြောက်ရန် ကြိုးပမ်းစဉ်ကာလ အမျိုးသမီးများ ပါဝင်လှုပ်ရှားခဲ့ပုံကို ထင်ရှားစေသော ဖြစ်ရပ်များသာတည်း။

၄

# ဂျပန်ခေတ် နိုင်ငံရေးလှုပ်ရှားမှုများ

ဗြိတိသျှလက်အောက်မှ လွတ်မြောက်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းနေဆဲမှာပင် ဒုတိယကမ္ဘာစစ်မီးသည် မြန်မာပြည်သို့ ကူးစက်ရောက်ရှိလာခဲ့၏။ ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် မြန်မာပြည်ကို လက်လွှတ်ဆုတ်ခွာသွားရသည်။ ရဲဘော်သုံးကျိပ် ဦးဆောင်သော ဘီအိုင်အေ တပ်မတော်၏ အကူအညီဖြင့် ဂျပန်တို့သည် မြန်မာပြည်ကို သိမ်းယူအုပ်စိုးနိုင်ခဲ့သည်။

၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် နှစ်ဆန်းပိုင်းအထိ သုံးနှစ်တာမျှသော ကာလအတွင်း၌ မြန်မာပြည်လူထုသည် ဖက်ဆစ်စနစ်၏ ခါးသီးသောအတွေ့အကြုံကို ရခဲ့ကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးမှစ၍ စားဝတ်နေမှုအစုစု၌ မရှုမလှ ဒုက္ခရောက်ခဲ့ရသည်။ ယင်းကဲ့သို့သောခေတ်ဆိုးကြီးထဲတွင် မြန်မာအမျိုးသမီးတို့သည် ရှေးကထက်ပို၍ အမြင်ကျယ်ကာ နိုင်ငံနှင့် အမျိုးသားတရပ်လုံး တိုးတက် ဖွံ့ဖြိုးရန်အတွက် တက်တက်ကြွကြွ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ယင်းသို့ဆောင်ရွက်နိုင်ခြင်းမှာလည်း အာရှလူငယ် အစည်းအရုံး၊ တို့ဗမာ ဆင်းရဲသားအစည်းအရုံး၊ အမျိုးသမီးဝန်ထမ်းအဖွဲ့ စသည့် အဖွဲ့အစည်းများ၏ ဦးဆောင်လမ်းညွှန်စည်းရုံးမှုကြောင့် ဖြစ်ပေသည်။

## အာရှမယ်များ

၁၉၄၂ ခုနှစ် ဇွန်လတွင် အရှေ့အာရှတိုက် လူငယ်များ အစည်းအရုံးကို စတင်ဖွဲ့စည်းခဲ့သည်။ အစည်းအရုံးကို ဦးဆောင်ပျိုးထောင်သူမှာ လူငယ်များ၏ဖခင်ကြီးဟု ဆိုရလောက်သော ဦးဘဂျမ်း ဖြစ်သည်။ (နောင်အခါတွင် ဝန်ကြီး ဖြစ်လာ၍ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ လုပ်ကြံခံရစဉ်က အသက်ဘေးမှ လွတ်မြောက်ခဲ့သူဖြစ်၏။)

အစည်းအရုံး၏ ဦးတည်ချက်မှာ မြန်မာနိုင်ငံ အပါအဝင် အရှေ့အာရှတိုက်နိုင်ငံများအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေးတို့အတွက် နိုင်ငံအချင်းချင်း လက်တွဲဆောင်ရွက်ရန်၊ ကိုယ်ကျိုးကို စွန့်ပယ်၍ အများ ကောင်းကျိုးကို ဆောင်ရွက်လိုစိတ်၊ တရားမျှတသောစိတ်ဓာတ်တို့ ပေါ်ပေါက်စေရန် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ တည်းဟူသော ဗလငါးတန်ဖြင့် ပြည့်စုံအောင် ပန်တီးပေးရန်တို့ ဖြစ်၏။

အစည်းအရုံးဌာနချုပ်မှ နိုင်ငံနှင့်လူမျိုးအတွက် အနစ်နာခံနိုင်သူ၊ ကိုယ်ကျိုး စွန့်လွှတ်နိုင်သူများကိုသာ လက်ရွေးစင် ရွေးချယ်လက်ခံခဲ့သည်။ အစည်းအရုံး စတင်ဖွဲ့စည်းပြီးနောက် ငါးလအတွင်းတွင် မြန်မာပြည်အရပ်ရပ်၌ အစည်းအရုံးခွဲများ ဖွဲ့စည်းထားခဲ့ရာ ၁၉၄၅ ခုနှစ် တော်လှန်ရေး စတင်ချိန်အထိ စာရင်းဝင်အစည်းအရုံးခွဲပေါင်း ၆၀၀ ကျော်ရှိ၍ အစည်းအရုံးဝင် လူငယ်မောင်မယ်ပေါင်း နှစ်သောင်းကျော်မျှ ရှိခဲ့သည်။

ပထမဆုံးဖွဲ့စည်းသော ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့တွင် အမျိုးသမီး အတွင်းရေးမှူးအဖြစ် မသန်းလှနှင့် အမျိုးသမီး



ကာယဗလမှူး မမြမြတို့ ပါဝင်ခဲ့ကြသည်။ ယင်းနောက် ထိုအမျိုးသမီးနှစ်ဦးနုတ်ထွက်သွားရာတွင် အမျိုးသမီးဒုဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသမီးဉာဏဗလမှူး၊ ကာယဗလမှူး စသည်တို့ကို တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့သည်။ ယင်းအမှုဆောင် တာဝန်ဝတ္တရားများကို မအုန်း (အမ်၊ဘော ဒေါ်အုန်း မန္တလေး တက္ကသိုလ် ပါဠိပါမောက္ခဟောင်း)၊ မရီကြိုင် (စာရေးဆရာမ ဒေါ်ရီကြိုင်၊ ပြည်သူ့တပ်မတော်စာစဉ် အယ်ဒီတာအဖွဲ့ဝင်)၊ မဆင်းကြည် (ပထဝီပါမောက္ခ ဒေါ်ဆင်းကြည်)၊ မသန်းစိန် (ဗဟုစ ဒေါ်သန်းစိန်)၊ မလှကြည် (ရန်ကင်းအထက ဆရာမကြီး ဒေါ်လှကြည်)တို့က စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ခဲ့ကြသည်။

အာရှလူငယ်အစည်းအရုံးဌာနချုပ်မှ လက်ရွေးစင် သင်တန်းသားများကို ရွေးချယ်လျက် သင်တန်းပေးပြီးလျှင် အနယ်နယ်ရှိ အစည်းအရုံးခွဲများသို့ စည်းရုံးရေးမှူးများအဖြစ် စေလွှတ်ဆောင်ရွက်စေသည်။ လူငယ်မောင်မယ်များ၏ ဗလငါးတန် ပြည့်ဝတိုးတက်စေရေးအတွက် အာရှလူငယ်အစည်းအရုံးများ၏ဆောင်ရွက်ချက်မှာ အတန်ပင် ထိရောက်လှသဖြင့် မြန်မာနိုင်ငံ၏ သားကောင်း သမီးမွန်များကို ပုံသွန်းပေးရာ ရောက်ခဲ့သည်။

ကာယဗလဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများလုပ်စေသည်။ ကစားခုန်စားနည်းအမျိုးမျိုးကို လေ့ကျင့်သင်ကြားပေးသည်။ သိုင်း၊ ဗန်တိုဗန်ရှည် စသော ကိုယ်ခံပညာများ သင်ကြားပေးသည်။ ဉာဏဗလ ဖွံ့ဖြိုးရေးအတွက် စစ်အတွင်းကျောင်းများပိတ်ထားရသဖြင့် ပညာရေးတွင် မလစ်ဟင်းစေရန် ကျောင်းများ ဖွင့်လှစ်သင်ကြားပေး

သည်။ နှုတ်ရည် ဉာဏ်ရည် ထက်မြက်စေရန် ကျဖမ်းစကား ပြောပွဲများ၊ စကားရည်လုပွဲများ ကျင်းပပေးသည်။ စာဖတ်ခန်းများ ဖွင့်လှစ်ပေးသည်။ လက်ရေးစာစောင်များ ရေးသားထုတ်ဝေပေးသည်။ စာရိတ္တလအတွက်အမျိုးသမီးများအကျင့်စာရိတ္တမပျက်ပြားစေရန် ဦးတည် ဟောပြောစည်းရုံးသည်။ ဘောဂဗေဒ တိုးတက်ရေးအတွက် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများထွန်းကားသူတို့က ဆပ်ပြာချက်နည်း၊ ခေါင်းလိမ်းဆီဖော်စပ်နည်း စသည်တို့ကို လက်တွေ့ လုပ်ဆောင်နည်းပေးသည်။ မိတ္တဗလပြည့်ဖြိုးရေးအတွက် အစည်းအရုံးဝင်အချင်းချင်း ရင်းနှီးမှုရှိစေရန် မကြာခဏ တွေ့ဆုံစည်းဝေးခြင်း၊ ရပ်ကွက်အတွင်း သန့်ရှင်းရေးများ လုပ်ဆောင်ပေးခြင်းဖြင့် ပြည်သူလူထု၏ ချစ်ကြည်မှုကိုရယူခြင်း စသည့်လုပ်ငန်းရပ်များဆောင်ရွက်ကြသည်။ ရန်ကုန်အစည်းအရုံးဌာနချုပ်မှ အမျိုးသမီးများဆိုလျှင် လေကြောင်းတိုက်ပွဲအပြီး ဗုံးကြဲခံရသောရပ်ကွက်များသို့ သွားရောက်၍ ဒဏ်ရာရသူများကို ဆေးရုံသို့ ပို့ပေးကြသည်။ တခါတရံ တိုက်ပွဲမပြီးဆုံးသေးမီမှာပင် ဗုံးသံအမြောက်သံမစဲသေးမီ လူနာများကို လိုက်ကောက်ကြသည်အထိ အသက်ကိုပမာမထားပဲ စွန့်စားလုပ်ဆောင်ခဲ့ကြသည်။ ဗမာ့ကာကွယ်ရေးတပ်မတော်သို့ လူငယ်များ ဝင်ရောက်ရန်ကိုလည်း တိုက်တွန်းနှိုးဆော်ဟောပြောပေးကြသည်။

ဤသို့သောလုပ်ဆောင်ချက်တို့ဖြင့် "အာရှမယ်" ဟု တင်စားသော အာရှလူငယ် အမျိုးသမီးများသည် နိုင်ငံတဝှန်းလုံး၌ ပြည်သူအများက လေးစားကြည်ညိုခြင်းခံရသည့်အခြေအနေသို့ ရောက်ခဲ့လေသည်။



## တို့ဗမာမများ

ဂျပန်ခေတ်တွင် တို့ဗမာအစည်းအရုံး၊ ဆင်းရဲသားဝံသာနု အစည်းအရုံး၊ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး၊ မျိုးချစ်အဖွဲ့နှင့် ကရင်အမျိုးသားများအစည်းအရုံးတို့ကို ဖျက်သိမ်းလျက် ယင်းတို့ကို စုပေါင်းဖွဲ့စည်းထားသော တို့ဗမာဆင်းရဲသားအစည်းအရုံး ပေါ်ပေါက်လာသည်။ အစည်းအရုံး၏ အကြီးအမှူးကို အာဏာရှင် ဟု ခေါ်သည်။ ယခင်ဆင်းရဲသားဝံသာနု အသင်းဥက္ကဋ္ဌ ဒေါက်တာဘမော်က အာဏာရှင်အဖြစ် ကြီးမှူးတည်ထောင်ခြင်း ဖြစ်သည်။ ဒေါက်တာဘမော်၏ဇနီး ဒေါ်ခင်မမမော်က အာဏာရှင်အတိုင်ပင်ခံအဖွဲ့ဝင်အဖြစ်ဆောင်ရွက်၍ အစည်းအရုံး၏ တို့ဗမာမဌာနကို ကြီးမှူးသည်။ မြန်မာနိုင်ငံတဝှန်းလုံးရှိ အစည်းအရုံးဝင် တို့ဗမာမများကို ဦးစီး၍ အမျိုးသမီး ဗမာ့ဝန်ထမ်းလုပ်ငန်းများကို ဆောင်ရွက်သည်။ ဒေါက်တာဘမော်သည် ဗမာ့ဝန်ထမ်းအဖွဲ့ကို ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် သီးခြားထူထောင်လိုက်သောအခါ အမျိုးသမီး ဗမာ့ဝန်ထမ်းအဖွဲ့ဟူ၍လည်း ပေါ်ပေါက်ခဲ့လေသည်။

## အမျိုးသမီးဗမာ့ဝန်ထမ်းအဖွဲ့

၁၉၄၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် အမျိုးသမီးဗမာ့ဝန်ထမ်းအဖွဲ့ကို သီးခြားထူထောင်ခဲ့သည်။ အဖွဲ့ဥက္ကဋ္ဌမှာ ဒေါ်ခင်မမမော်ဖြစ်၍ အတွင်းရေးမှူး အဖြစ် ဒေါ်ခင်မြက ဆောင်ရွက်၏။ အဖွဲ့ဝင်များကို ဝန်ထမ်းအမျိုးသမီးများဟုလည်း ခေါ်ကြသည်။ အမျိုးသမီးဗမာ့ဝန်ထမ်း အတတ်

သင်ကျောင်းကို ဖွင့်လှစ်၍ ပညာအရပ်ရပ်ကိုသင်ကြားပို့ချပေးကာ သင်တန်းဆင်းများကို နယ်များသို့ စည်းရုံးရေးအတွက် ပို့လွှတ်ခဲ့သည်။

ဗမာ့ဝန်ထမ်း အမျိုးသမီးများ၏ လုပ်ဆောင်ချက်တို့မှာ ဒုက္ခသည်များအား ကယ်ဆယ်ခြင်း၊ အလှူငွေများကိုကောက်ခံ၍ ဆေးရုံမှလူနာများအတွက် ပေးလှူခြင်း၊ ပြည်သူ့ကျန်းမာရေးအတွက် ဆောင်ရွက်ခြင်း၊ တပ်သားများစုဆောင်းရာ၌ ကူညီခြင်း၊ အထည်အလိပ် ဝေငှရာ၌ ကူညီကြသည့် အပြင် အထည်များကို အခမဲ့ချုပ်ပေးခြင်း စသည်တို့ဖြစ်၏။ ရှေးဦးသူနာပြုအတတ်ကိုလည်း သင်ယူကြရသည်။ လေကြောင်းရန်ကြောင့် ဒဏ်ရာရသူများကို ရှေးဦးသူနာပြုအတတ်ဖြင့် ပြုစုလျက် ဆေးရုံသို့ပို့ပေးကြသည်။

ဗမာ့ဝန်ထမ်း အမျိုးသမီးများကား အချိန်ရလျက်ရှိသော အာရှလူငယ်အမျိုးသမီးတို့ကဲ့သို့ တွင်ကျယ်စွာမဆောင်ရွက်နိုင်ခဲ့သော်လည်း နိုင်ငံနှင့်အမျိုးအတွက် တဖက်တလမ်းမှ တာဝန်ယူထမ်းရွက်ခဲ့သည်ကိုကား အသိအမှတ် ပြုရမည်သာ ဖြစ်၏။ ဗမာ့ဝန်ထမ်းအဖွဲ့ဝင်များမှာ အစိုးရက လခဖြင့်ခန့်ထားသူများ ဖြစ်သည်။ ဗမာ့ဝန်ထမ်းအမျိုးသမီးအဖွဲ့ အမှုဆောင်များမှာလည်း များသောအားဖြင့် အစိုးရအရာရှိကတော်များဖြစ်ကြသည်။ သို့ဖြစ်၍ လစာကိုမယူ၊ ကိုယ်ကျိုးတစုံတရာကိုမမျှော်မှန်းဘဲ စေတနာအလျောက် လူမှုရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသော အမျိုးသမီးများလောက်ထင်ပေါ်မှုမရှိခဲ့ချေ။



## ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲခြင်း

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် ဖက်ဆစ်ဂျပန်တို့ကို စတင်တော်လှန်သည့် နေ့ရက်အဖြစ် တရားဝင် သတ်မှတ်ထားသော်လည်း စင်စစ်မြန်မာပြည်သူလူထုသည် ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းများကို ၁၉၄၄ ခုနှစ်ကတည်းကပင် လျှို့ဝှက်လုပ်ဆောင်လာခဲ့ကြသည်။ ၁၉၄၃ ခုနှစ်တွင် ဂျပန်တို့ကပေးသော လွတ်လပ်ရေးသည် အတုအယောင်ဖြစ်ကြောင်း ရိပ်စားမိသည့်အခါကပင် ဂျပန်တို့ကို ဆန့်ကျင်လိုစိတ်များ ပေါ်ပေါက်ခဲ့သည်။ ယင်းကဲ့သို့ ဖက်ဆစ်ဝါဒီတို့ကို တော်လှန်၍ လွတ်လပ်ရေး အစစ်အမှန်ကိုရအောင် အားထုတ်ကြိုးပမ်းလိုသူတို့တွင် အမျိုးသမီးများလည်း အပါအဝင် ဖြစ်သည်။ အထူးသဖြင့် အာရှလူငယ်အစည်းအရုံးဝင်အမျိုးသမီးများထဲမှစိတ်ဓာတ်တက်ကြွသူအချို့သည် မြေအောက်အဖွဲ့များနှင့်ပင် အဆက်အသွယ်ပြုလုပ်၍ ဖက်ဆစ်တော်လှန်ရေးအတွက် တာဝန်ယူခဲ့ကြလေသည်။

စင်စစ်အားဖြင့် ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်လျက်ရှိသော ဂျပန်တို့မျက်မှောက်၌ တော်လှန်ရေးအတွက် ဆောင်ရွက်ရသည်မှာ သက်စွန့်ဆံဖျား စွန့်စားကြရခြင်း ဖြစ်သည်။ ကင်ပေတိုင်ခေါ် စစ်ပုလိပ်တို့ မြေရာခံမိလျှင် အရှင်လတ်လတ် ငရဲပြည်သို့ ရောက်သွားသည်နှင့် မခြားတော့အောင် နှိပ်စက်ညှဉ်းပန်းခြင်း ခံရမည်ဖြစ်သည်။ အာရှလူငယ်များကိုလည်း ကင်ပေတိုင်တို့က စောင့်ကြည့် အကဲခတ်နေကြသည်။ သို့ပင်လျက်နှင့် အမျိုးသမီးတို့သည် နိုင်ငံနှင့် ပြည်သူလူထုအတွက်

အနစ်နာခံပြီး အသက်စတေး၍ ဆောင်ရွက်ရန် အသင့်ပြင်ဆင်ထားခဲ့ကြလေသည်။

အာရှလူငယ်အစည်းအရုံးဝင် အမျိုးသမီးများသည် မြေအောက်အဖွဲ့အစည်းများက ပို့ချသော ဖက်ဆစ်တော်လှန်ရေးသဘောတရားသင်တန်းကို တက်ကြသည်။ သင်တန်းဆင်းအမျိုးသမီးများကတဆင့် ဆင့်ပွားသင်တန်းများကို လျှို့ဝှက်ဖွင့်လှစ်ပို့ချကြသည်။ ဖက်ဆစ်ဆန့်ကျင်ရေးကို စာရွက်စာတန်းများဖြင့် ဝါဒဖြန့်လှုံ့ဆော်ရန်အတွက် တာဝန်ယူ၍ လျှို့ဝှက်ဖြန့်ဝေကြသည်။ ဖက်ဆစ်ဂျပန်တို့နှင့်တကွ ဂျပန်အလိုတော်ရိများ၏ လှုပ်ရှားမှု သတင်းများကို ထောက်လှမ်းရယူလျက် တော်လှန်ရေး မြေအောက်အဖွဲ့အစည်းများသို့ သတင်းပေးပို့ဆက်သွယ်ပေးသည်။ တော်လှန်ရေးအတွက် အသုံးပြုရန် လက်နက်များကို လျှို့ဝှက်စွာ သယ်ယူပို့ဆောင်သိမ်းဆည်းပေးကြရသည်။

### အမျိုးသမီးတပ်ဖွဲ့ပေါ်ပေါက်လာပုံ

ဖက်ဆစ်တော်လှန်ရေးအတွက် အမျိုးသမီးများက ယင်းသို့ တာဝန်ယူ ဆောင်ရွက်ပေးနေခြင်းမှာ လုံလောက်ပြည့်စုံခြင်း မရှိသေးဟု နိုင်ငံရေးကို ဆောင်ရွက်နေသူများက သဘောပေါက်ကြသည်။ ထို့ကြောင့်ပင် ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်ရှိသူ အမျိုးသမီးများကို စုစည်းလျက် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် အမျိုးသမီးတပ်ဖွဲ့တခုအဖြစ် ဖွဲ့စည်းထားရှိရန် စဉ်းစားမိကြသည်။ သခင်စိုး (နောင် အလံနီကွန်မြူနစ်ပါတီခေါင်းဆောင်)၏ တင်ပြချက်ကို ဗိုလ်ချုပ်အောင်ဆန်း (ထိုစဉ်က စစ်ဝန်ကြီးနှင့် သေနာပတိဗိုလ်ချုပ်)က လက်ခံ



အတည်ပြုပြီးလျှင် အမျိုးသမီးတပ်ဖွဲ့စည်းရေးအတွက် မစောမြ (ယခုပြည်သူ့အလုပ်သမားကောင်စီ)၊ မခင်ကြည်ကြည် (ယခု တက္ကသိုလ် ဘာသာပြန် ဌာန)၊ မလှခင် (ကျောင်းဆရာမ၊ မြောက်ဥက္ကလာ)၊ မခင်ကြည် (ကုန်သွယ်ရေး ၅)၊ မခင်ထားထား (လသာ အထက ၂ ဆရာမ)၊ မခင်အုန်းရင် (ကျောင်းဆရာမ မြောက်ဥက္ကလာ)တို့ကို တာဝန်ပေးသည်။

၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် တပ်မတော်စစ်ဦးစီးဌာနချုပ်မှ အုပ်ချုပ်မှုအမိန့်၊ အမှတ် ၈ ကို ထုတ်ပြန်၍ အမျိုးသမီးဌာနကို ၁–၂–၄၅ နေ့မှစ၍ စတင်အတည်ပြုလိုက်ကြောင်း၊ ယင်းကို "အမျိုးသမီးတပ်" ဟု ခေါ်တွင်သွားမည့်အကြောင်း စသည်တို့ကို ဗိုလ်ချုပ်အောင်ဆန်းက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့၏။

ယင်းကဲ့သို့ တရားဝင်ကြေညာလိုက်ပြီးနောက် အမျိုးသမီးတပ်သို့ ဝင်ရောက်လာသူများမှာ အာရှလူငယ် အမျိုးသမီးများနှင့် မျိုးချစ်စိတ် ထက်သန်သူ အမျိုးသမီးများ ဖြစ်၏။ တော်လှန်ရေးကြီးစတင်ချိန်၌ တပ်ဖွဲ့ဝင်အမျိုးသမီးပေါင်းတရာခန့်ရှိနေပြီဖြစ်သော်လည်း ယင်းတို့ကို တပ်စခန်း၌ခေါ်ယူထားနိုင်သည့်အခြေအနေ၌မရှိခဲ့ချေ။ တိုတောင်းလှသော အချိန်အတွင်း၌ ထက်သုတ်ရိုက် ဖွဲ့စည်းရခြင်းဖြစ်၍ တော်လှန်ရေးစတင်သောအခါ တပ်ဖွဲ့ဝင်များမှာ တော်လှန်ရေး အတွက် အသင့်ပြင်ဆင်ပြီး မဖြစ်ချေ။ အမျိုးသမီးတပ် ခေါင်းဆောင်ပိုင်းမှ အမျိုးသမီးများနှင့် ကွန်မြူနစ်ပါတီကေဒါအမျိုးသမီးများကသာ တော်လှန်ရေးတိုင်းအချို့၌ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့ကြသည်။

## နိုင်ငံ့ဝန်ထမ်း အမျိုးသမီးသူနာပြုများ

ဂျပန်ခေတ် အမျိုးသမီးများ၏ နိုင်ငံ့တာဝန် ထမ်းဆောင်လှုပ်ရှားပုံတို့ကို ဖော်ပြရာ၌ အမျိုးသမီးသူနာပြုတို့၏ အခန်းကဏ္ဍကို ချန်လှပ်၍ မရချေ။

စစ်အတွင်းကာလ ဘေးအန္တရာယ်များ အကြားမှ စေတနာ၊ ကရုဏာနှင့် အနစ်နာခံခြင်း တည်းဟူသော နာသုံးနာကို လက်ကိုင်ထား၍ တပ်မတော်သားများအပေါ်တွင် စိတ်ရှည်လက်ရှည် ပြုစုကုသပေးကြသည်သာမက မြို့နေလူထုအပေါ်တွင်လည်း ကြင်နာတရား မြဲခဲ့သူများကား သူနာပြု ဆရာမများပင်တည်း။

ဘီအိုင်အေ ဆေးရုံကြီးကို ယခု ရန်ကုန်မြို့ စစ်ရုံးကြီး အဆောက်အအုံ၌ ဖွင့်လှစ်ထားရှိရာ သူနာပြုဆရာမကြီး ဒေါ်ခင်ကြည် (နောင် ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး)နှင့် အစ်မဖြစ်သူ ဒေါ်ခင်ကြီး (နောင် သခင်သန်းထွန်း၏ဇနီး)၊ ဆရာမ မတင်ထွေး (နောင် ဆရာဝန် ဦးမြင့်ဆွေ၏ဇနီး)တို့ကား အစောဆုံး ဝင်ရောက် တာဝန်ထမ်းသူများ ဖြစ်၏။ ဆေးရုံဝန်ထမ်းနှင့် လူနာတို့ မနိုင်မနင်း များပြားလာသောအခါ ဒေါ်ခင်ကြည်သည် ရင်းနှီးသူ နီးစပ်ရာ ဆရာမများကို ထပ်မံ မေတ္တာရပ်ခံ၍ ဆေးရုံကြီး၌ အမှုထမ်းရန် စည်းရုံးခဲ့ရသည်။ ဒေါ်ခင်စီ၊ ဒေါ်တင်ကြည်၊ ဒေါ်ရင်နု (ယခု စစ်ဆေးရုံမှ ဗိုလ်မှူးများ)၊ ဒေါ်ကယ်လီဒေါ် ဒေါ်ခင်ရွှေ (ယခု ဗိုလ်မှူးကြီး မောင်မောင်သန်း၏ဇနီး)၊ ဒေါ်မြ (ယခု ဗိုလ်ကြီး)၊ ဒေါ်ခင်ညွန့်၊ ဒေါ်တင်နု၊ ဒေါ်ချစ်စီ၊ ဒေါ်မေမေစု၊ ဒေါ်ရိုရိုဝင်း၊ ဒေါ်ထွေးတင်၊ ဒေါ်ရှာလီ၊ ဒေါ်သန်းစိန်၊ ဒေါ်လှစီနှင့် ဒေါ်ခင်ညွန့်၊ ဒေါ်အမာ



(ယခု သူနာပြုချုပ်)တို့သည် စစ်အတွင်းတွင် ဆေးဝါးပစ္စည်းကရိယာ ရှားပါးသည့်အကြားမှ ဖြစ်သည့်နည်းဖြင့် လူနာများ သက်တောင့်သက်သာ ရှိစေရန် ကြိုးစားဆောင်ရွက် ပေးကြသည်။ ဒေါ်ခင်စီနှင့် ဆရာမတစ်ဦးကား သေကြောင်းရန်အချက် ပေးညွှန်ဆဲနေစဉ် ရန်ကုန်တိုက် ဗုံးတွေတဝေါဝေါ ချနေခိုက်မှာပင် ဆေးရုံပေါ်မှ ဆင်းပြေးပုန်းရှောင်ခြင်းမပြုပဲ အလုပ်ခွင်၌ တာဝန်ထမ်းဆောင်၍သာ နေခဲ့သည်။ ထိုအကြောင်းကို ကြားသိသော အဓိပတိ ဒေါက်တာဘမော်က ငွေ ၂၅ိ စီ ဆုချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံအောက်ပိုင်း တိုင်းဆေးရုံကို ပဲခူးကရင်ကျောင်းဝင်းအတွင်း၌ ဖွင့်လှစ်ထားရာ သူနာပြုဆရာမချုပ် ဒေါ်အယ်လီဇဘက်ပု (နောင် ဦးရုံးမြင့်၏ဇနီး)နှင့် သူနာပြုများသည်လည်း ဗုံးသံအမြောက်သံမစဲမီ ဒဏ်ရာရသူ မြို့နေလူထုကို လိုက်လံကောက်ယူ၍ ပြုစုကုသပေးခဲ့ကြသည်။

ပျဉ်းမနား စစ်ဆေးရုံ၌လည်း ပထမဆုံး ဝင်ရောက် အမှုထမ်းသူ ဆရာမကြီး ဒေါ်အေးနှင့် နောက်ထပ် ရောက်လာသူများဖြစ်သော ဆရာမ နော်ဒေါ်ရော်သီ၊ စောချစ်ဦး၊ မမကြီး၊ မအေးမေ၊ မသန်းထွေး၊ မသန်းစိန်၊ မအုန်းမြင့် စသူတို့သည် တပ်မတော်သားများကို မိခင်စိတ်ဖြင့် ကြင်နာစွာ ပြုစုခဲ့သည်သာမက မြို့တွင်းမှ ဗုံးဆံအမြောက်ဆံ ထိသူများကိုပါ သွားရောက်သယ်ယူ ပြုစုကြသည်။

ပျဉ်းမနား စစ်ဆေးရုံကို ဖျက်သိမ်း၍ မန္တလေးတောင်ခြေ၌ ဖွင့်လှစ်ထားရှိသောအခါ သူတို့တတွေ သွားရောက် အမှုထမ်းကြရသည်။ တော်လှန်ရေးကြီး စတင်ခါနီးတွင် ဆရာမကြီး ဒေါ်အေးနှင့် ဆရာမတစုအား ပျဉ်းမနားသို့ ပြန်လည်စေလွှတ်

ခြင်း ခံရသည်။ ပျဉ်းမနားနယ်တဝိုက်ရှိ ကျေးရွာများသို့ တပ်မတော်သားများနှင့်အတူ လိုက်ပါလျက် ဆေးကြမ်းကို လှမ်းခဲ့ကြသည်။ ဖက်ဆစ်ဂျပန်တို့နှင့် တိုက်ပွဲဖြစ်ပွားပြီးသည့်နောက်တွင် ဒဏ်ရာရသူ တပ်မတော်သားများကို လိုက်လံကောက်ယူ၍ ကုသပြုစုပေးသည်။ သူနာပြုစုရေး တာဝန်ကိုသာမက ရွာနီးချုပ်စပ်တလျှောက်တွင် စားနပ်ရိက္ခာအတွက် အလှူခံပေးခြင်း၊ ချက်ပြုတ်ကျွေးမွေးခြင်း ဟူသော တာဝန်များကိုပါ မညည်းမညူ ထမ်းဆောင်ခဲ့ကြသည်။ ယင်းတို့ တခေတ်ကား ဗမာပြည်၏ နိုက်တင်ဂေးများ ဟု အမည်ပေးရလောက်အောင်ပင် သမိုင်းပေးတာဝန်ကို ကျေပြွန်ခဲ့ကြပါပေသည်။

၅

# စစ်ပြီးခေတ် လွတ်လပ်ရေးကြိုးပမ်းမှု

၁၉၄၅ ခုနှစ်တွင် မြန်မာပြည် တဝှမ်းလုံးမှ အလွှာအသီးသီး လူတန်းစားအမျိုးမျိုးတို့ တခဲနက် ပါဝင်ဆင်နွှဲခဲ့သော ဖက်ဆစ်တော်လှန်ရေးကြီးကြောင့် ဂျပန်တို့သည် မြန်မာပြည်မှ ဆုတ်ခွာထွက်ပြေးကြရသည်။ ဗြိတိသျှနှင့် မဟာမိတ်တပ်ပေါင်းစုက မြန်မာပြည်ကို သိမ်းယူ၍ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ထားလေသည်။ ထိုအတောအတွင်း ဗြိတိသျှတို့သည် စစ်အတွင်းက အိန္ဒိယပြည် ဆင်းမလားမြို့၌ ရေးဆွဲခဲ့သော "စက္ကူဖြူစာတမ်း" အတိုင်း မြန်မာပြည်ကို အုပ်ချုပ်ရန် စိုင်းပြင်းနေကြလေသည်။

ယင်းစက္ကူဖြူစာတမ်းပါ ဆင်းမလား စီမံကိန်းအရ မြန်မာပြည်ကို ဘုရင်ခံတဦးတည်းက စိတ်ကြိုက် စီမံချယ်လှယ်အုပ်ချုပ်နိုင်သော အခွင့်အရေးရှိသည်။ ယင်းစီမံကိန်းအတိုင်း မြန်မာပြည်ကို ဘုရင်ခံက သုံးနှစ်ကျော်ကျော် ဆက်လက်အုပ်ချုပ်လျက် ၁၉၄၈ ခုနှစ်ရောက်မှသာလျှင် ယခင် စစ်မဖြစ်မီကာလက ထားရှိခဲ့သော ၉၁ ဌာန အုပ်ချုပ်ရေးမျိုးကို ပြန်လည်အကောင်အထည်ဖော်ပေးမည် ဟု ကြေညာလေသည်။

မြန်မာလူထုကား လွတ်လပ်ရေးကို အာသာငမ်းငမ်း ဆန္ဒပြင်းလျက် ရှိနေပြီ။ စစ်အတွင်းက လျှို့ဝှက်ဖွဲ့စည်းခဲ့သော ဖက်

ဆင်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဖဆပလ)ကို ကျယ်ပြန့်စွာ တိုးချဲ့ဖွဲ့စည်းလျက် မြန်မာပြည်အတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိရန် ကြိုးပမ်းမည် ဟု ဦးတည်ချက် ချမှတ်လိုက်သည်။ ဖဆပလ၏ ဦးဆောင်မှုအောက်တွင် မြန်မာတပြည်လုံးသည် မကြုံစဖူးအောင် သွေးစည်းညီညွတ်ကြလျက် လုံးဝလွတ်လပ်ရေးကို တောင်းဆိုရန် တိုက်ပွဲဝင်ကြသည်။

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ဖဆပလက ကြီးမှူးသော လူထုညီလာခံတရပ်ကို ရန်ကုန်မြို့ နေသူရိန်ရုပ်ရှင်ရုံကြီးတွင် ကျင်းပဆင်နွှဲခဲ့သည်။ နေသူရိန်ညီလာခံ ဟု ထင်ရှားသည်။ မြန်မာပြည်တဝန်းလုံးမှ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့်တကွ အသင်းအပင်း၌ မပါဝင်သူ လူငယ် လူမလယ် အမယ်အို အဖိုးအိုများအစ အင်တိုက်အားတိုက် တက်ရောက်အားပေးသော နေသူရိန်ညီလာခံတွင် တမျိုးသားလုံး၏ "လွတ်လပ်ရေးရလိုမှုဆန္ဒ"ကို အပြည့်အဝ ဖော်ထုတ်ပြခဲ့သည်။ အမျိုးသမီးအသင်းအဖွဲ့ အမျိုးမျိုးသည်လည်း နေသူရိန်ညီလာခံသို့ တက်ရောက်အားဖြည့်ပေးသည့် အစိတ်အပိုင်းများ ဖြစ်ခဲ့သည်။ နေသူရိန်ညီလာခံမှ ဆုံးဖြတ်ချက်များကို အနယ်နယ်အရပ်ရပ်တွင် လူထုစည်းဝေးပွဲကြီးများကျင်းပလျက် အခဲနက် ထောက်ခံကြလေသည်။ ယင်းထောက်ခံပွဲများ၌လည်း အမျိုးသမီးများသည် အမျိုးသားများနည်းတူ အသင်းအဖွဲ့များကို ကိုယ်စားပြု၍ ပါဝင်ဆင်နွှဲကြလေသည်။

၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ဖဆပလ ပြည်လုံးကျွတ် ညီလာခံကြီးကို ရွှေတိဂုံခြေတော်ရင်း၌ ကျင်းပသောအခါ၌လည်း လူထုပရိသတ်ကြီးထဲတွင် တက်ကြွသော အမျိုးသမီးထုကြီးကိုပါ တွေ့မြင်ကြရ၏။ အသင်းအဖွဲ့ ကိုယ်



စားလှယ် မဟုတ်သော သာမန်ပြည်သူတွေထဲမှပင် လွတ်လပ်ရေးရရှိအောင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ကြိုးပမ်းလျက်ရှိသော ဖဆပလအဖွဲ့ကြီးသို့ စေတနာထက်သန်စွာဖြင့် လက်ဝတ်ရတနာများ ပေးလှူခြင်း၊ လယ်မြေဂရန်များကို လှူပြောင်း လှူဒါန်းခြင်း ပြုကြသည်အထိ စိတ်ထက်သန်ခဲ့ကြသည်။ နိုင်ငံ့လွတ်လပ်ရေး ရရာရကြောင်းကို အမျိုးသမီးများက တတ်နိုင်သည့် အကူအညီဖြင့် ထောက်ပံ့ခဲ့ခြင်း ဖြစ်ပေသည်။

ယင်းသို့ ပြည်သူလူထုတရပ်လုံးက "ကိုယ်ပိုင်အုပ်ချုပ်ရေး" နှင့် "လုံးဝလွတ်လပ်ရေး"ကို တညီတညွတ် ဆန္ဒပြတောင်းဆိုနေသည့် ကြားမှပင် ဗြိတိသျှတို့သည် စက္ကူဖြူ စီမံကိန်းကို အကောင်အထည်ဖော်ရန် ဆက်လက် ကြိုးစားနေသောအခါတွင် ဖဆပလအဖွဲ့ကြီးမှ ကြီးမှူး၍ "စက္ကူဖြူ အုပ်ချုပ်ရေး ကန့်ကွက်ပွဲ"ကို ပရိသတ် တသိန်းကျော် တက်ရောက်၍ ဆင်နွှဲပြခဲ့သည်။ ရန်ကုန်မြို့မှ စက္ကူဖြူကန့်ကွက်ပွဲကို ထောက်ခံသောအားဖြင့် တပြည်လုံးတွင်လည်း စက္ကူဖြူစာတန်း တိုက်ဖျက်ရေးကို ကြွေးကြော်ဆန္ဒပြကြသည်။ စီတန်း လှည့်လည်ကြသည်။ ကျောင်းသူကျောင်းသား လူတန်းစား အလွှာမျိုးစုံ ပါဝင်သော စက္ကူဖြူစာတန်း ကန့်ကွက်ပွဲတွင် အမျိုးသမီးထုသည်လည်း တက်တက်ကြွကြွ ပါဝင်ခဲ့ကြလေသည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ အတွင်း၌ ပြည်သူတရပ်လုံး အုံကြွလျက် သပိတ်လက်နက်ကို ဆွဲကိုင်ကြတော့သည်။ ယင်း ပြည်လုံးကျွတ် သပိတ်အရေးတော်ပုံတွင် အမျိုးသမီးများသည် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲသည်လည်း ရှိ၏။ သပိတ်တားရာ၌ ပါဝင်သူက ပါဝင်၏။ သပိတ်မှောက် လူထုကြီးအတွက် စားရေရိက္ခာ ထောက်ပံ့ရေးကို တာဝန်ယူသူက ယူ၏။

ယင်းသို့ လွတ်လပ်ရေး ရရှိရာ ရရှိကြောင်းကို နည်းမျိုးစုံဖြင့် ကြိုးပမ်းကြရာ၌ အမျိုးသမီး အဖွဲ့အစည်းများ၏ လှုပ်ရှားလုပ်ဆောင်မှုများသည်လည်း အလွန်အရေးပါ အရာရောက်ခဲ့ပေသည်။

### အမျိုးသမီးအသင်းအဖွဲ့များ

စစ်ပြီးစတွင် အမျိုးသမီးများ၏ နိုးကြားသော အသိစိတ်ဓာတ်နှင့် ဗဟုသုတ ဖွံ့ဖြိုးတိုးတက်မှု စသည်တို့သည် ဒီလှိုင်းကဲ့သို့ ကြွတက်လာခဲ့သည်။ အမျိုးသမီးအသင်းအဖွဲ့ အမျိုးမျိုး ပေါ်လာရာတွင် "မြန်မာတိုင်းလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်ရေးအဖွဲ့" သည် ပထမဆုံး ဖွဲ့စည်းဖြစ်သော အမျိုးသမီးအဖွဲ့ ဖြစ်သည်။

### မြန်မာတိုင်းလုံးဆိုင်ရာ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့

၁၉၄၅ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် တိုင်းလုံးဆိုင်ရာ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့ကို ဖွဲ့စည်းရန် ပဏာမဆွေးနွေးအစည်းအဝေးကို ရန်ကုန်မြို့ အမှတ် ၈၁၊ ဘဒ်လမ်း၊ ဒေါ်ခင်ခင်ကြီးနေအိမ်၌ ကျင်းပခဲ့သည်။ အမျိုးသမီး ၃၀ ခန့် တက်ရောက်လာသော ထိုအစည်းအဝေးတွင် အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌအဖြစ် ဒေါ်ခင်ခင်ကြီး၊ ဒု-ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်နှင့် သခင်သန်းထွန်း၏ဇနီး ဒေါ်ခင်ကြီး၊ အတွင်းရေးမှူးအဖြစ် ဒေါ်ခင်ကြည်ကြည်၊ အမှုဆောင်များအဖြစ် မြန်မာအမျိုးသမီး ကိုယ်စားလှယ် ဒေါ်ခင်မျိုးချစ်၊ ဒေါ်ဒေါ်ချစ်၊ ဒေါ်နှင်းဆီ၊ ဒေါ်လှခင်၊ ဒေါ်ကြည်



ညွန့်၊ ဒေါ်စောမြင့်၊ ဒေါ်မြညွန့်၊ ဒေါ်လှိုင်၊ ဒေါ်ခင်ကြည်၊ မစ္စက်ကာလဲလ်မြင့်၊ မစ္စမာမီချစ်ချန်း၊ မစ္စပမောင်၊ မြန်မာမွတ်စလင် အမျိုးသမီးကိုယ်စားလှယ် မစ္စက်ရာရှစ်၊ မစ္စက် ဗွဲလေမန်၊ တရုတ်အမျိုးသမီးကိုယ်စားလှယ် မစ္စက်ညွန့်မိန်း၊ ရှိုင်အမျိုးသမီးကိုယ်စားလှယ် မစ္စက်စောဦး၊ မစ္စက်စောအောင်၊ မစ်ကျော့ခိုင်၊ အင်္ဂလိပ်ကပြား အမျိုးသမီးကိုယ်စားလှယ် မစ္စကဇင်နာ စသည်တို့ ပါဝင်ကြလေသည်။

၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် မြန်မာအမျိုးသမီးများ မြို့လုံးကျွတ် အစည်းအဝေးကို ကျင်းပ၍ အောက်ပါအဆိုများကို တင်သွင်းရန် အမှုဆောင်အဖွဲ့က ဆုံးဖြတ်ကြလေသည်။ ယင်းအဆိုများမှာ –

၁။ သက်သာချောင်ချိရေး၊ ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေး လုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက်ရန်၊

၂။ ပြည့်တန်ဆာစနစ်ကို သုတ်သင်ရန်၊ စောင့်ရှောက်ရေးဌာနများ တည်ထောင်ရန်၊

၃။ သားဖွားရုံများနှင့် ကလေးထိန်းကျောင်းများ ဖွင့်လှစ်ရန်၊ မီးဖိုချောင်ဥယျာဉ်များ (ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း)၊ အိမ်တွင်းလက်မှု လုပ်ငန်းများကို အားပေးရန်၊

၄။ ဗမာ့ယဉ်ကျေးမှုဆိုင်ရာအတတ်ပညာများကို အားပေးရန်၊

၅။ ကစားခုန်စားပွဲများ၊ ပြိုင်ပွဲများတွင် ပါဝင်သော အမျိုးသမီးများကို အားပေးရန်၊

၆။ စာဖတ်ခြင်း အလေ့အထကို အားပေးရန်၊ လူကြီးပညာသင်ကြားရေးကို အားပေးရန်၊

၇။ အမြှောင်ထားသည့်စနစ်ကို ဥပဒေအရ အပြစ်ပေးရန်၊ တိုင်းပြည်၏ အမျိုးသမီးများနှင့် ဆိုင်သော ဥပဒေများကို ပြင်ဆင်ရန်၊

၈။ အမျိုးသမီး အလုပ်သမားများအတွက် အများဆုံး လခရရှိဖို့ ကြိုးစားရန်၊

၉။ ကောက်ပဲသီးနှံ စိုက်ပျိုးရေးအတွက် အမျိုးသမီးများအား စည်းရုံးရန်၊ ဈေးသည်များအား စည်းရုံးရန်၊

၁၀။ မိတ်ဆက်ပွဲများ ကျင်းပရန်၊

၁၁။ ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ချုပ်နှင့် ဆက်သွယ်ရန်တို့ ဖြစ်လေသည်။

ဤအဖွဲ့၌ ပါဝင်စည်းလျက်ရှိသော အမှုဆောင်များမှာ နိုင်ငံရေးစိတ်ဓာတ် တက်ကြွနေသော ကွန်မြူနစ်ပါတီဝင်အမျိုးသမီးများ၊ နိုင်ငံရေးတွင် မပါဝင်လို၍ လူမှုရေး ပြုပြင်ပြောင်းလဲမှုကိုသာ လိုလားသော ခေတ်ပညာတတ် အမျိုးသမီးများ၊ အစိုးရ အုပ်ချုပ်ရေးပိုင်းမှ အရာရှိများ၏ ဇနီးများ စသည်တို့ ဖြစ်သဖြင့် အသွင်မတူသူများ ပေါင်းစပ်နေခြင်းကို တွေ့ရသည်။ နောင်အခါ အမှုဆောင်အချို့ နုတ်ထွက်သွားပြီးနောက် တိုင်းလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်ရေးအဖွဲ့သည်လည်း တစတစလျော့ရည်း ပျက်သွားခဲ့လေသည်။



## အမျိုးသမီးကွန်ဂရက်အဖွဲ့

နိုင်ငံရေးစိတ်ဓာတ် နိုးကြားတက်ကြွနေကြသော အမျိုးသမီးများသည် အထက်ပါ အမျိုးသမီးအဖွဲ့ လျော့ရည်းပျက်ပြားသွားခဲ့သော်လည်း စိတ်မပျက်ကြပေ။ သို့ဖြင့် တကယ်တမ်းလှုပ်လှုပ်ရှားရှား အလုပ်လုပ်မည့် အမျိုးသမီးအဖွဲ့တဖွဲ့ကို တည်ထောင်လိုက်ကြပြန်သည်။ ယင်းအဖွဲ့ကို ၁၉၄၆ ခုနှစ်တွင် ကွန်မြူနစ်ပါတီဝင် အမျိုးသမီးများက စုစည်းတည်ထောင်သည်။ ဥက္ကဋ္ဌဒေါ်ခင်ကြီး(သခင်ဗဟိန်း၏ဇနီး)၊အတွင်းရေးမှူး ဒေါ်ခင်ကြည်ကြည်(ဦးသိန်းဖေမြင့်၏ဇနီး)နှင့်အမှုဆောင်များ အဖြစ် မခင်ရီအောင်၊ မခင်အုန်းရင်၊ မကြည်ကြည်(သခင်ဇင်၏ဇနီး)၊ မသန်းနိုင်၊ မနှင်းသီ၊ မခင်ရီတို့ပါဝင်ကြသည်။

ယင်းအဖွဲ့သည် ကွန်မြူနစ်ပါတီ၏ ဦးဆောင်ညွှန်ကြားချက် အတိုင်း လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံ့လွတ်လပ်ရေးကို ဦးတည်တိုက်ပွဲဝင်၍ အမျိုးသမီးများ၏ နစ်နာချက်များနှင့် လိုလားချက်များကို အရေးဆိုရန် လမ်းစဉ်ချမှတ်ခဲ့သည်။ ယင်း လိုလားချက်များတွင် –

က။ အလုပ် လုပ်နေသော အမျိုးသမီး များသည် ယောကျ်ားများနှင့်တန်းတူ အခကြေးငွေရရှိရန်၊

ခ။ ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် မီးမဖွားမီ သုံးလ၊ မီးဖွားပြီးနှစ်လ၊ လစာပြည့်ခွင့်ရရှိရန်၊

ဂ။ အိုနာစာ ရန်ပုံငွေ၊ အလုပ်လက်မဲ့ ရန်ပုံငွေများ ရှာပေးရန်၊

ဃ။ နေရာဌာနမရွေး အမျိုးသမီးများကို အလုပ်လုပ်ခွင့် ပေးရန်၊ င။ ပုလိပ်ဌာန၊ စစ်တပ်နှင့် အုပ်ချုပ်ရေးဆိုင်ရာ

မြို့ပြအလုပ်ရှင် သည့် လူထုမျိုးတွင် အရည်အချင်းရှိသော အမျိုးသမီးတို့ လုပ်ကိုင်ခွင့်ရှိရန်၊

င။ အိမ်ထောင်တိုင်းတွင် လင်ယောကျ်ားက အပြင်အလုပ်လုပ်နိုင်သကဲ့သို့ မိန်းမများကလည်း လုပ်နိုင်ခွင့်ရရန်၊

စ။ ကလေးသူငယ် စောင့်ရှောက်ရေး ဌာနများ ဖွင့်လှစ်ပေးရန်၊

ဆ။ နယ်တိုင်းမြို့တိုင်းတွင် ဆေးရုံများရှိသကဲ့သို့ သားဖွားရုံများထားပေးရန်၊

ဇ။ အမျိုးသမီးများသည် အိမ်ထောင်ထိန်းသူများ ဖြစ်ကြ၍ ရာနှုန်းပြည့်တွင် ရသင့်ရထိုက်သော အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့် ခံစားခွင့်ရရန်အတွက် ဆောင်ရွက်ပေးရန် စသည်တို့ ပါဝင်သည်။

ကွန်မြူနစ်ပါတီမှ ကြီးမှူးသော လယ်သမားညီလာခံကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုံးမြို့၌ ကျင်းပရာ၊ ဒိုက်ဦး၊ ညောင်လေးပင် အစရှိသည့်မြို့များမှ အမျိုးသမီးများ ခြေလျင်ချီတက်၍ တက်ရောက် အားပေးကြသည်။ အလားတူပင် ၁၉၄၇ ခုနှစ် မတ်လ၌ ကျင်းပသည့် ပျဉ်းမနားညီလာခံတွင် လူထုနှစ်သိန်းကျော် တက်ရောက်ရာ၊ အမျိုးသမီးများလည်း အင်တိုက်အားတိုက်တက်ရောက်ခဲ့သည်။ လယ်သမားသမဂ္ဂဝင် အမျိုးသမီးများနှင့် ကွန်ဂရက်အဖွဲ့ဝင် အမျိုးသမီးများမှာ နှံ့ပြားလှပဲ တသားတည်းရှိခဲ့၏။

ပဲခူးခရိုင် ဒေါ၊ မြစ်ကျိုး စသည်တို့၌ ဂျပန်တို့ဖျက်ဆီးခဲ့၍ ဆန်စပါးပြတ်လပ်ရှားပါးနေရာ၊ ကွန်မြူနစ်ပါတီမှ ဦးစီးသော ရိက္ခာတိုက်ပွဲများတွင် အမျိုးသမီးကွန်ဂရက်အဖွဲ့ဝင်များလည်း တက်ကြွစွာပါဝင်ခဲ့၏။



ကွန်မြူနစ်ပါတီတောခိုသွားသည်တွင် အမျိုးသမီးကွန်ဂရက် အဖွဲ့၏ ခြေလှမ်းများလည်း ရပ်တန့်ခဲ့ရလေသည်။ သို့သော် နိုင်ငံရေးဦးတည်ချက်ပါသော အမျိုးသမီးအဖွဲ့တခုကမူ ဆက်လက်လှုပ်ရှားနေလေသည်။

## ဗမာပြည်လွတ်လပ်ရေးအမျိုးသမီးအဖွဲ့

စစ်မဖြစ်မီ ၁၉၃၉ ခုနှစ်က ဖွဲ့စည်းခဲ့ဘူးသော အမျိုးသမီးအဖွဲ့ကိုပင် ၁၉၄၆ ခုနှစ်တွင် ဒီးဒုတ်ဦးဘချို၏ဇနီးဒေါ်လှမေက ပြန်လည်ဦးစီး၍ဖွဲ့စည်းသည်။ ဒေါ်လှမေနှင့်တွဲဖက်၍ ဒုဥက္ကဋ္ဌ အဖြစ် ဒေါ်နန်း၊ အတွင်းရေးမှူးအဖြစ် မစိုးမြင့်တို့က ဆောင်ရွက်သည်။

၁၉၄၆ ခုနှစ်အတွင်းမှာပင် ရွှေတိဂုံ ခြေတော်ရင်းရှိ ရဲ ပိဋကတ်တိုက်၌ ပြည်လုံးကျွတ် အမျိုးသမီးညီလာခံတရပ်ကို ခေါ်ယူ၍ အမှုဆောင်အဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းသည်။ အဖွဲ့အမည်ကို "ဗမာပြည် လွတ်လပ်ရေး အမျိုးသမီးအစည်းအရုံး (ဗလမစ)"ဟု ပြောင်းလဲလိုက်၏။ ဥက္ကဋ္ဌအဖြစ် ဒေါ်ခင်လှ (သခင်မ မခင်လှ)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဒေါ်သဲညွန့်၊ အတွင်းရေးမှူးအဖြစ် ဒေါ်မြတင်၊ တွဲဘက် အတွင်းရေးမှူး အဖြစ် ဒေါ်ခင်မျိုးရီ၊ ဘဏ္ဍာရေးမှူး ဒေါ်ခေခင်၊ အမှုဆောင်များအဖြစ် ဒေါ်မမလေး၊ ဒေါ်တင့်၊ ဒေါ်တင်မေ၊ ဒေါ်ခင်ပု၊ ဒေါ်လှလှရွှေ၊ မခင်ညွန့်၊ မခင်ကြည်နှင့် မအေးကြည်၊ အရံအမှုဆောင်များမှာ ဒေါ်အုံးစိန်၊ ဒေါ်တင်တင်နှင့် ဒေါ်ပုတို့ဖြစ်ကြ၏။

ဗလမစ စည်းမျဉ်းဥပဒေများကိုလည်း ရေးဆွဲထားရှိလျက် နိုင်ငံရေးနှင့် အမျိုးသမီးရေးတို့ကို ဆောင်ရွက်ရန် လမ်းစဉ်ချမှတ်ပေးထားသည်။ တိုင်းလုံးဆိုင်ရာ အမျိုးသမီး လွတ်လပ်

ရေးအဖွဲ့၏ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်တို့နှင့် တူညီသော အချက်များပါရှိသည့်အပြင် နိုင်ငံရေးဝါဒဖြင့် အရောင်အသွေး မြယ်စပြုလာသည်ကိုလည်း တွေ့ရသည်။ ပစ္စည်းမဲ့လူတန်းစားတို့၏ ရန်သူဖြစ်သော အရင်းရှင်စနစ် အဆောက်အအုံကို ဆန့်ကျင်ရန်၊ အရှင်းရှင်တို့ထံမှ လယ်သမား၊ အလုပ်သမား၊ ဆင်းရဲသားလူတန်းစားတို့၏ အခွင့်အရေး ပိုမိုရရှိရန် အတွက် တိုက်ပွဲဆင်ရာတွင် ကူညီအားပေးရန်စသော အချက်များ ပါဝင်လေသည်။

ဗလမစ၏ လုပ်ငန်းစဉ်တွင် ဖဆပလ အဖွဲ့ချုပ်လုပ်ငန်းစဉ်များကို ထောက်ခံပါဝင်လုပ်ဆောင်ရန် အတိအလင်း ဖော်ပြပါရှိသည့်အတိုင်း ဗလမစ အမျိုးသမီးများသည် ဖဆပလ၏ အင်အားစုတရပ်အဖြစ် ရပ်တည်ကာ လွတ်လပ်ရေး ကြိုးပမ်းမှုများတွင် တက်တက်ကြွကြွပါဝင်ခဲ့ကြလေသည်။

### ဗလစ အမျိုးသမီးများ

အာရှလူငယ်အစည်းအရုံးကို စစ်ပြီးကာလ၌ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး(ဗလစ)ဟူ၍ အမည်ပြောင်းလိုက်၏။ ထို့ကြောင့် လူငယ်အစည်းအရုံးဝင် အမျိုးသမီးများသည် ဗလစ အမျိုးသမီးများဖြစ်လာကြသည်။ ဗလစ ဌာနချုပ်တွင် ဌာနချုပ် စည်းရုံးရေးမှူးအဖြစ် မခင်စု (ရေနံမြေ ဒေါ်ခင်စု)ကလည်းကောင်း၊ ရန်ကုန်ခရိုင်စည်းရုံးရေးမှူးအဖြစ် မခင်ရီ (ဗလစ ဒေါ်ခင်ရီ)က လည်းကောင်း တာဝန်ယူခဲ့ကြသည်။လူငယ့်အစည်းအရုံးခွဲများကို ပြန်လည်ဖွင့်လှစ်ပြီးနောက် ဗလစ အမျိုးသမီးများသည် ဖဆပလ ဦးဆောင် ညွှန်ကြား



သော လွတ်လပ်ရေးဆန္ဒပြပွဲများကို အားမာန်အပြည့် ထောက်ခံဆင်နွှဲခဲ့ကြသည်။

### ပြည်သူ့ရဲမေများ

၁၉၄၆ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ စည်းရုံးရေးဌာနကြီး၏ လက်အောက်၌ ပြည်သူ့ရဲမေဌာနကို ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်ခရိုင်ပြည်သူ့ရဲဘော်တပ်ဖွဲ့ခွဲများ၌လည်း ပြည်သူ့ရဲမေဌာနခွဲများကို ဖွဲ့စည်းနိုင်ခဲ့သည်။ များသောအားဖြင့် ဗလစမှ နိုင်ငံရေးစိတ်ဓာတ် ပြင်းပြတက်ကြွလျက်ရှိသော အမျိုးသမီးငယ်များသည် ပြည်သူ့ရဲမေအဖြစ်သို့ ကူးပြောင်းသွားကြ၏။

ပြည်သူ့ရဲမေများသည် စစ်ဝတ်စုံဝတ်၍ အခြေခံစစ်သင်တန်း တက်ကြရသည်။ နိုင်ငံ့လွတ်လပ်ရေးကို အနုနည်းဖြင့် တောင်းခံမရပါက လက်နက်ကိုင်တိုက်ပွဲ ဆင်ရမည်၊ ထိုအခါမျိုးတွင် ပြည်သူ့ရဲမေများလည်း အင်အား အပြည့်အဝ ပါဝင်ဆင်နွှဲရန် အသင့်ရှိနေရမည် ဟူသော မြော်မှန်းယုံကြည်ချက်ဖြင့် လုပ်ဆောင်ခဲ့ကြသည်။ ထိုစဉ်မှာပင် မြန်မာပြည်ဘုရင်ခံ ဒေါ်မန်စမစ်က "စစ်ဝတ်စုံမဝတ်ရန်၊ စစ်ရေးမပြရန်၊ တရားမဟောရန်" အမိန့်ထုတ်ပြန်တားမြစ်လိုက်သည်။ ပြည်သူ့ရဲမေများက အမိန့်အာဏာကို ဖီဆန်ကြသောကြောင့် အပမ်းခံကြရသည်။ သို့သော် စိတ်ဓာတ်မကျပဲ တဖိုလ်ဆင်းတဖိုလ်တက် ဆက်လက် ဆောင်ရွက်ကြသည်။

ရပ်ရွာသန့်ရှင်းရေးများတွင်လည်း နောင်တော် ပြည်သူ့ရဲဘော်များနှင့် လက်တွဲဆောင်ရွက်လျက် ပြည်သူ၏ချစ်ကြည်မှုကို ရယူခဲ့ကြသည်။

## ဗမာ့မှတ်စလင် အမျိုးသမီးအဖွဲ့

၁၉၃၆ ခုနှစ် ဒီဇင်ဘာလအတွင်း၌ အဲဒီအဖွဲ့ကို ဖွဲ့စည်းတည်ထောင်သည်။ အစ္စလမ်ဘာသာကိုယုံကြည်သော မြန်မာအမျိုးသမီး ခေတ်ပညာတတ်များဖြစ်ကြသည့် ဒေါ်စောရွှေ၊ ဒေါ်ငွေရို၊ ဒေါ်ခင်ခင်လေးတို့က ဦးဆောင် ဖွဲ့စည်းကြခြင်း ဖြစ်သည်။ ဒေါ်လှဲ့ရဲ့ခင်း (ယခု ရန်ကုန် ပေါ်ဆေးအမျိုးသမီး ဆေးရုံအုပ်ကြီး)၊ ဒေါ်ကြည်ကြည်ဝင်း (တရားသူကြီး တက္ကသိုလ် ကျောင်း ရှင်းသူ့ဆက်တရားရုံးရှေ့နေကြီး) တို့သည် ဗမာ့မှတ်စလင်အမျိုးသမီးအဖွဲ့တွင် တက်ကြွစွာ လှုပ်ရှားခဲ့သူများ ဖြစ်ကြသည်။ ဘာသာရေးအယူဝါဒကို အခြေခံပြီး အိမ်နံရံတန်တိုင်း လေးဘက်အတွင်း၌ ဘဝအကျဉ်းကျခံနေရသူ အမျိုးသမီးများကို ဆွဲထုတ်၍ ပြင်ပလောကနှင့်အဆက်များ၊ ညီမများနှင့်လက်တွဲကာ ဆောင်ရွက်စေနိုင်ခဲ့သည်မှာ ဗမာ့မှတ်စလင် အမျိုးသမီးအဖွဲ့၏ ချီးကျူးဘွယ်လုပ်ရပ် ဖြစ်သည်။ ဗမာ့မှတ်စလင် အမျိုးသမီးများ၏ အခွင့်အရေးကိုလည်း ဦးဆောင် တိုက်ယူပေးခဲ့ကြသည်။ လွတ်လပ်ရေး တိုက်ပွဲကာလ၌ အခြားအသင်းအဖွဲ့များနည်းတူ ဖဆပလအဖွဲ့ချုပ်ကို ထောက်ခံအားပေးလျက် လူထု ဆန္ဒပြပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြလေသည်။

ယင်းကဲ့သို့ သီးခြားအမျိုးသမီးအဖွဲ့များ ပေါ်ပေါက်နေရုံမှမက အခြားအသင်းအဖွဲ့များတွင်လည်း အမျိုးသမီးဌာနခွဲများထားရှိလျက် နိုင်ငံတော်အတွက် ပုဂ္ဂိုလ်ချင်းဖြင့် ရင်ပေါင်တန်းကာလုပ်ဆောင်ခဲ့သော အမျိုးသမီးများလည်း အမြောက်အမြားရှိသည်။ ကျောင်းသားလောက၌ ကျောင်းသားသမဂ္ဂတွင် အမှုဆောင် အဖွဲ့ဝင်အဖြစ် ဦးဆောင် လှုပ်ရှားသူများ



ရှိသကဲ့သို့ သမဂ္ဂဝင်နောက်လိုက်များအဖြစ် အင်အားဖြည့်တင်းပေးသူများလည်း ရှိခဲ့သည်။ အလုပ်သမားသမဂ္ဂများ၌လည်း ထိုနည်းနှင်နှင်ဖြစ်သည်။ သခင်စိုးကြီးမှူးသည့် ကွန်မြူနစ်ပါတီ လက်အောက်မှ လယ်သမားသမဂ္ဂတွင် အမျိုးသမီးဌာနမှူးများ အဖြစ် ဒေါ်စောမြ၊ ဒေါ်ခင်ကြည် စသူတို့ ဦးဆောင်ကြသည်။ ကွန်မြူနစ်ပါတီမှ လှုံ့ဆော်ပေးသော သပိတ်တိုက်ပွဲများတွင် အမျိုးသမီးများပါ ပါဝင်လှုပ်ရှားလာအောင် ဒေါ်စောမြနှင့် ဒေါ်ခင်ကြည်တို့က စည်းရုံးဟောပြောရသည်။

## လွတ်လပ်ရေးခေတ်အဖွဲ့အစည်းများ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လုံးဝ လွတ်လပ်ရေးကို ရခဲ့လေသည်။ လွတ်လပ်ရေး မရမီက အမျိုးသမီးအသင်းအဖွဲ့ အားလုံး၏ ဦးတည်ချက်သည် တူညီကြ၏။ မြန်မာနိုင်ငံအတွက် လုံးဝလွတ်လပ်ရေးရရှိရန် ဟူသော တခုတည်းသော ရည်မှန်းချက်ကို ဦးတည်လျက် တဖွဲ့နှင့်တဖွဲ့ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးပန်းတိုင်သို့ ရောက်ပြီးသည့်နောက်တွင်မူ ဦးတည်ချက်များသည် ကွဲပြားလာ၍ အသင်းအဖွဲ့များသည် စည်းစည်းလုံးလုံး မရှိကြတော့ပဲ အကွဲကွဲအပြားပြား ဖြစ်လာခဲ့လေသည်။

လွတ်လပ်ရေးရပြီးသည့်နောက် တောခိုသွားကြသော ဗမာပြည်ကွန်မြူနစ်ပါတီနှင့် သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီ၊ ရဲဘော်ဖြူ စသည်တို့နှင့်အတူ တောတွင်းသို့ ရောက်သွားကြသော အမျိုးသမီးအဖွဲ့များလည်း ရှိသည်။ မြေပေါ်တွင်မူ နိုင်ငံရေးအယူဝါဒ အရောင်ဆိုးထားသော အသင်းအဖွဲ့များကို ထူထောင်သူတို့က ထူထောင်ကြသည်။ ဘာသာရေး၊သာသနာ

ရေး၊ လူမျိုးရေးအလိုက်ဖွဲ့စည်းထားသောအသင်းအဖွဲ့များလည်း ပေါ်ပေါက်လာသည်။ လက်နက်ကိုင် တပ်ပေါင်းစုံ ချီးမြှင့်ရေး အသင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၊ ကင်း ထောက်အမျိုးသမီးအဖွဲ့ စသည့် လူမှုရေး အသင်းများလည်း ဖွဲ့စည်းထားရှိသည်။

အမျိုးသမီးများသည် မိမိတို့နှစ်သက်ရာ နိုင်ငံရေးဝါဒကို ခံယူလျက် မိမိတို့စိတ်တိုင်းကျ လွတ်လပ်စွာတွေးခေါ် လှုပ်ရှား ကြသည်လည်းရှိ၏။ နိုင်ငံရေးအသင်းအဖွဲ့တခုခု၏ ဩဇာသက် ရောက်မှုကို ခံယူ၍ လိုက်နာလုပ်ဆောင်နေကြသော အမျိုး သမီးအဖွဲ့အစည်းများလည်း ရှိ၏။ ခြုံ၍ ကြည့်လျှင်သော်ကား အမျိုးသမီးအများစုသည် ရှေးကထက် နိုင်ငံရေးအမြင်ကျယ်မှု ရှိလာပြီ ဟူသောအချက်ကို အထင်အရှားတွေ့နိုင်ပေလိမ့်မည်။

## နိုင်ငံရေးနယ်ပယ်၌ ထင်ရှားသူအမျိုးသမီးများ

ကိုလိုနီခေတ်မှစ၍ နိုင်ငံရေးနယ်ပယ်တွင် စိတ်ဓာတ်တက် ကြွစွာဖြင့် နိုင်ငံ့အကျိုးကို သည်ပိုးလုပ်ဆောင်ခဲ့ကြသူ အမျိုး သမီးများ အမြောက်အမြားရှိခဲ့သည်။ ယင်းတို့အနက် ထင်ရှား သူများမှာ ဒီးဒုတ်ဦးဘချို၏ဇနီး ဒေါ်လှမေ၊ တရားဝန်ကြီး ဟောင်း ဦးသိန်းမောင်၏ဇနီး ဒေါ်စောတင်၊ ဒေါ်ကြင်အိမ်၊ (ပင်လုံဒေါ် နုရင်၏မိခင်)၊ သခင်မဒေါ်ခင်လှ၊ သခင်မဒေါ်သိန်း တင် (နဝင်း)၊ သခင်မဒေါ်ဆယ်၊ ဒေါ်စောရွှေ (ဗမာမှတ် လေး)၊ ဒေါ်စိန်ပု၊ မန္တလေးမှ ဒေါ်ထားထား စသူတို့ ဖြစ်ကြလေသည်။



## အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးတိုက်ပွဲ

ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ပြီးသည့်နောက် တွင် မြန်မာပြည်အတွက် သင့်တော်မည့် အုပ်ချုပ်ရေးစနစ်ကို မြေစမ်းခရမ်းပျိုး၍ စမ်းသပ်ချမှတ်လာခဲ့သည်။ ၁၉၂၂ ခုနှစ် မြန်မာပြည်ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်အရ ဥပဒေပြုကောင်စီဖြင့် အုပ်ချုပ်သောစနစ်ကို ကျင့်သုံးခဲ့သည်။ ဥပဒေပြုကောင်စီဝင် ဦးရေ ၈၀ ကို မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ရ၏။ ဘုရင်ခံ က စိတ်ကြိုက်ရွေးချယ် ခန့်ထားသူမှာ ၂၃ ဦး ဖြစ်၏။ သတ်မှတ် ထားသော မဲဆန္ဒနယ်တွင် မဲဆန္ဒပေးနိုင်သူများမှာ ကျားမ မရွေးအသက် ၁၈နှစ်ရှိရမည်။ လူခွန်တော်၊ သို့မဟုတ် သဿမေဓ အခွန်တော် ပေးသွင်းသူဖြစ်ရမည်ဟု ကန့်သတ်ထားလေသည်။ သို့ဖြစ်ရာ ၁၉၂၂ ခုနှစ် ရွေးကောက်ပွဲများတွင် အထက်မြန်မာ ပြည်၌ ၇၅ ရာနှုန်းသော အမျိုးသမီးများသည် အခွန်ဆောင် သူများဖြစ်၍ မဲပေးခွင့်ရခဲ့ကြ၏။

ယင်းအချက်ကို ထောက်ရှုလျှင် အမျိုးသမီးများ၏ မဲဆန္ဒ ပေးခွင့်သည် အကန့်အသတ် အချုပ်အချယ်မကင်းသော အခွင့်အရေးတခုမျှသာဖြစ်ကြောင်း ထင်ရှားသည်။ လူခွန် သို့မဟုတ် သဿမေဓအခွန် မဆောင်နိုင်သူများမှာ မဲပေးခွင့် မရကြချေ။ ကုမ္မာရီအသင်းဝင်များကလည်း အခွန်တော်ပေးရ ခြင်းကို တိုက်ဖျက်နေကြသည်။ မြန်မာလူထုတရပ်လုံးကား အခွန်တော်ပေးဆောင်ရခြင်းကို လုံးဝမနှစ်မြို့ချေ။

၁၉၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာပြည်ကို ဒိုင်အာခီစနစ်ဖြင့် အုပ်ချုပ်ပြန်သည်။ ယင်းစနစ်အရ မဲပေးနိုင် သူ နှစ်သန်းခန့်ရှိသည့်အနက် အမျိုးသမီးမဲဆန္ဒရှင်ပေါင်းမှာ

၁၂,၅၀၀ ခန့် ရှိသည်။ သို့သော် ဒိုင်အာခီစနစ်ကို မနှစ်သက်၍ ရွေးကောက်ပွဲများကို သပိတ်မှောက်ထားကြသဖြင့် ပထမ ရွေးကောက်ပွဲ၌ ခုနှစ်ရာခိုင်နှုန်း၊ ဒုတိယရွေးကောက်ပွဲ၌ ၁၇ ရာခိုင်နှုန်း၊ တတိယရွေးကောက်ပွဲ၌ ၂၇ ရာခိုင်နှုန်း စသည်ဖြင့်သာ မဲပေးကြသည်။ မြန်မာပြည်ကို အိန္ဒိယပြည်နှင့် ခွဲ၍ အုပ်ချုပ်နေသော ခွဲရေးတွဲရေးပြဿနာ ပေါ်လာသောအခါ မဲပေးသူ ၄၇ ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။ ၁၉၃၅ ခုနှစ် အက်ဥပဒေဖြင့် မဲဆန္ဒပေးနိုင်သူဦးရေကို တိုးမြှင့်လိုက်ရာ မဲပေးနိုင်သူပေါင်း နှစ်သန်း တသိန်း ရှိလာ၍ ယင်းတို့အနက် ခြောက်သိန်းခန့်မှာ အမျိုးသမီးများဖြစ်၏။

မဲပေးနိုင်ခွင့်ရှိသော အမျိုးသမီးများမှာ အသက် ၂၁ နှစ်ပြည့်သူ ဖြစ်ရမည်။ အင်္ဂလိပ်မြန်မာကျောင်း သို့မဟုတ် အင်္ဂလိပ်ကျောင်း၊ သို့မဟုတ် တိုင်းရင်းဘာသာကျောင်းတခုခု၌ လေးတန်းပညာအရည်အချင်းရှိရမည်။ ပေးဆောင်ရန်ရှိသော အခွန်တော်များကို ပေးဆောင်ပြီးသူ ဖြစ်ရမည်။ မြို့နေလူထုအတွက် မျူနီစီပယ်အခွန် ပေးဆောင်ပြီးသူဖြစ်ရမည်ဟု ကန့်သတ်ထား၏။

ကိုလိုနီခေတ်အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးတိုက်ပွဲ၌ အမျိုးသမီးများကိုယ်တိုင် ဝင်ရောက် အရွေးခံနိုင်ခွင့်ကို တောင်းဆို တိုက်ပွဲဝင်ခြင်းလည်း ပါဝင်လေသည်။ သာဓက ၁၉၂၇ ခုနှစ်တွင် ပြုလုပ်ကျင်းပသော ဂျီစီဘီအေ ညီလာခံသို့ မြန်မာအမျိုးသမီးအသင်းကိုယ်စားလှယ် ဒေါ်စောတင် တက်ရောက်ခဲ့စဉ်က မြန်မာအမျိုးသမီးများသည် ယောကျ်ားများနှင့် တန်းတူ ရပ်ပေါင်းတည်း ဆောင်ရွက်နိုင်သူများဖြစ်သောကြောင့် မျူနီစီပယ်လူကြီးများ၊ ဥပဒေပြု မင်းတိုင်ပင်



အမတ်များ စသည့် နေရာတို့တွင် အမျိုးသမီးများကို ရွေးကောက် တင်မြှောက်သင့်ကြောင်း၊ အမျိုးသမီးများကလည်း ယင်းသို့ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သင့်ကြောင်း ဟူသော အဆိုကို တင်သွင်းခဲ့လေသည်။ ထိုအချိန်က အစပြု၍ အမျိုးသမီးတို့သည် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို တောင်းခံလာကြပြီဖြစ်ကြောင်း ပေါ်လွင်နေပေသည်။

ယင်းသို့ ဒေါ်စောတင် အဆိုတင်သွင်းပြီးသည့်နောက်ပိုင်း၌ သတင်းစာများကလည်း ယင်းအချက်ကို ထောက်ပြ လှုံ့ဆော်ရေးသားကြသဖြင့် မျူနီစီပယ်လူကြီး ရွေးကောက်ပွဲများ၌ အမျိုးသမီးများသည် အမျိုးသားများနှင့်ယှဉ်ပြိုင်၍ ဝင်ရောက် အရွေးခံခဲ့ကြလေသည်။ သို့သော် ၁၉၃၆ ခုနှစ်ကျမှသာ ရန်ကုန် မျူနီစီပယ်လူကြီးတနေရာကို ဒေါ်ခင်ခင်ကြီး ရခဲ့၏။

အမျိုးသမီးများသည် ထိုအခြေအနေမျှနှင့် တင်းတိမ်ကျေနပ်မှု မရှိခဲ့ချေ။ ၁၉၂၇ ခုနှစ်တွင် ဥပဒေပြုကောင်စီ၌ အမျိုးသမီးများ ဝင်ရောက် အရွေးခံနိုင်ခွင့်မရှိစေရ ဟူသော စကားရပ်ဖြင့် ကန့်သတ်ဟန့်တားချက် ပေါ်လာသောအခါ အမျိုးသမီးများအဖို့ တိုက်ပွဲဆင်ရန်အချက် ပေါ်လာလေသည်။ မမြစိန် (ဦးမေအောင်၏ သမီး)၊ အင်ဒီပင်းဒင့် မစန်း၊ မစ္စက်ပေါ်ထွန်း ဒေါ် မသန်းတင်တို့သည် ယင်းကိစ္စအတွက် အမျိုးသမီးများကို လှုံ့ဆော်စည်းရုံးကြသည်။ ဥပဒေပြုကောင်စီ၌ သာယာဝတီဦးပုက "အမျိုးသမီးများ ဥပဒေပြုကောင်စီ၌ ဝင်ရောက် အရွေးချယ်ခံနိုင်ခွင့်မရှိ ဟူသော စကားရပ်ကို ပယ်ဖျက်သင့်ကြောင်း" အဆိုကို တင်သွင်းမည့်နေ့၌ အမျိုးသမီးများက အတွင်းဝန်ရုံးကို ဝိုင်း၍ဆန္ဒပြရန် စီစဉ်ကြလေသည်။

မဖြိုးနှင့် အမှူးပြုသော အမျိုးသမီးတရာခန့်သည် မြို့တော်ခန်းမသို့ စုဝေးကြပြီးနောက် အတွင်းဝန်ရုံးဆီသို့ ပိုစတာများကိုင်ဆောင်လျက် သွားရောက်ပြီး လှည့်ပတ်ဆန္ဒပြကြသည်။ ထိုသတင်းကိုရ၍ အစိုးရက လမ်းတိုင်း၌ မြင်းစီးပုလိပ်များကို အစောင့်ချထားသည်။ အမျိုးသမီးတို့သည် အစီအစဉ်အတိုင်း မိမိတို့ လိုလားချက်ကို ဆန္ဒထုတ်ဖော်ပြသပြီးသောအခါ ငြိမ်းချမ်းသေသပ်စွာဖြင့် လူစုခွဲ၍ ပြန်လာကြ၏။ ဥပဒေပြုကောင်စီနှင့် ဦးပု၏ အဆိုမှာလည်း ရှုံးနိမ့်ခဲ့၏။ သို့ဖြစ်စေကာမူ အမျိုးသမီးများ၏ ဆန္ဒပြပွဲသည် ရုတ်တရက် အကျိုးသက်ရောက်မှုဖြစ်မလာသော်လည်း နောင်နှစ်နှစ်ခန့်အကြာတွင် အမျိုးသမီးတို့ လိုလားသည့်အတိုင်း ဥပဒေပြုကောင်စီ၌ ဝင်ရောက် အရွေးချယ်ခံနိုင်ခွင့် ရရှိခဲ့လေသည်။ ၁၉၂၉ ခုနှစ်၌ ဂျီစီဘီအေ ဦးချစ်လှိုင်၏နှမဖြစ်သူ ဒေါ်နှင်းမြ(မော်လမြိုင်)သည် ပထမဆုံး ရွေးကောက်တင်မြှောက်ခြင်းခံရသော အမျိုးသမီး ဥပဒေပြု မင်းတိုင်ပင်အမတ် ဖြစ်လာခဲ့၏။

ယင်းသို့ အမျိုးသမီးများ ရွေးကောက်ပွဲဝင်နိုင်ခွင့် ရရှိပြီးသည့်နောက် မြန်မာပြည်၌ အုပ်ချုပ်ရေးစနစ် ပြောင်းခဲ့၏။ အုပ်ချုပ်ရေးစနစ်သစ်မှာ ၁၉၃၅ ခုနှစ် အက်ဥပဒေအရ ၉၁ ဌာနအုပ်ချုပ်ရေးဟု ခေါ်သည်။

၁၉၃၆ ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်သစ်အတွက်ရွေးကောက်ပွဲများ ကျင်းပရာ အမျိုးသမီးအချို့သည် မိမိတို့ရရှိထားသော အခွင့်အရေးကို လက်လွှတ်မခံပဲ ရွေးကောက်ပွဲသို့ ဝင်ရောက်အားစမ်းကြလေသည်။

ယင်းအမျိုးသမီးများမှာ စစ်ကိုင်းအရှေ့မဲဆန္ဒနယ်၌ ဒေါ်အမာ၊ မန္တလေးခရိုင်မြောက်ပိုင်းမှ ဒေါ်စီ၊ ရွှေဘိုအနောက်ပိုင်း



အတွက် ဒေါ်ခင်အေး၊ သာယာဝတီအလယ်ပိုင်းမှ ဒေါ်မြမြ၊ ရမည်းသင်းမြောက်ပိုင်း၌ ဒေါ်မြရှိန်၊ မော်လမြိုင်မြောက်ပိုင်းအတွက် ဒေါ်နှင်းမြ၊ ရန်ကုန် ကြည့်မြင်တိုင် မဲဆန္ဒနယ်အတွက် ဒေါ်မိကြီး၊ မြောင်းမြအရှေ့ပိုင်းတွင် ဒေါ်စိန်ပြုနှင့် ရန်ကုန်တက္ကသိုလ်၌ ဒေါ်ခင်ခင်ကြီးတို့ ဖြစ်ကြသည်။ ယင်းတို့အနက် စစ်ကိုင်းမှ ဒေါ်အမာသည် ရွေးကောက်ပွဲဝင် အမျိုးသား ခုနစ်ဦးထက် အနိုင်ပဲ အပြတ်အသတ်ရရှိကာ အရွေးခံခဲ့ရလေသည်။ ဤသို့ဖြင့် ဒေါ်အမာသည် စနစ်သစ်အုပ်ချုပ်ရေး၏ ပထမဆုံး အမျိုးသမီးအမတ် ဖြစ်လာခဲ့တော့၏။

အထက်လွှတ်တော်အတွက်လည်း ဆရာဝန်မ ဒေါက်တာ ဒေါ်စောဆာကို ဘုရင်ခံက ၁၉၃၇ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် လွှတ်တော်အမတ်အဖြစ် ရွေးချယ် ခန့်ထားလိုက်လေသည်။

ယင်းအကျိုးအမြတ်များသည် ကိုလိုနီခေတ်က အမျိုးသမီးတို့ တိုက်ပွဲဆင်၍ ရယူခဲ့သော နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများပင် ဖြစ်တော့၏။

**လွတ်လပ်ရေးခေတ် မဲပေးခွင့်နှင့် အရွေးချယ်ခံနိုင်ခွင့်။ ။** ၁၉၄၆ ခုနှစ်တွင် ချုပ်ဆိုသော အောင်ဆန်းအက်တလီစာချုပ်ပါ အချက်အလက်များအရ လွတ်လပ်လာတော့မည့် မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများကို ရေးဆွဲရန်အတွက် တိုင်းပြုပြည်ပြုလွှတ်တော်ကို ကျင်းပပေးရလေသည်။ ယင်းလွှတ်တော်အတွက် အမတ်ရွေးကောက်ပွဲကို ၁၉၄၇ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် မြန်မာအမျိုးသမီးတို့သည် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ

အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း မဲဆန္ဒပေးခွင့်ရကြသည်။ အမျိုးသမီးများကိုယ်တိုင် ဝင်ရောက် အရွေးခံနိုင်ခွင့်လည်း ရကြသည့်အလျောက် ဝင်ရောက် အားထုတ်ရာတွင် ရန်ကုန်ခရိုင် အလယ်ပိုင်းမှ ဒေါ်ခင်လှ၊ ဗမာ့မွတ်စလင်အမျိုးသမီးသူနာပြု ဒေါ်စောရွှေ၊ မအူပင်ခရိုင်မှ ဒေါ်လှရှင်တို့သည် တိုင်းပြည်ပြုလွှတ်တော်အမတ်များအဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံကြရသည်။

ယင်းတို့အနက် ဒေါ်ခင်လှသည် အခြေခံဥပဒေရေးဆွဲရေး ကော်မီတီတွင်လည်းကောင်း၊ နိုင်ငံတော် အလံ၊ သီချင်းနှင့် တံဆိပ်တို့ကို ရွေးချယ်စီစဉ်ရမည့် ကော်မီတီတွင်လည်းကောင်း အဖွဲ့ဝင်အဖြစ် ပါဝင်ရ၏။

၁၉၄၇ ခုနှစ် ဗိုလ်ချုပ်နှင့်တကွ အခေါင်းပါဝန်ကြီးများ လုပ်ကြံခံရသဖြင့် ကျဆုံးခဲ့ရှာသည်။ ယင်းအာဇာနည်ကြီးများသည် တိုင်းပြည်ပြုလွှတ်တော်အမတ်များအဖြစ် တာဝန်ထမ်းရွက်နေသူများဖြစ်ရာ ယင်းတို့၏နေရာ၌ ဇနီးနှင့် သမီး သူတို့ကို အစားထိုး ရွေးချယ် တင်မြှောက်ခဲ့ရသည်။

ရန်ကုန်ခရိုင်မှ ဦးအောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)၏ နေရာ၌ ဇနီး ဒေါ်ခင်ကြည်၊ ဟံသာဝတီခရိုင်မှ ဒီးဒုတ်ဦးဘချို၏ နေရာတွင် သမီး ဒေါ်ခင်ပု၊ သာယာဝတီခရိုင်မှ သခင်မြ၏ နေရာတွင် ဇနီး ဒေါ်ခင်ညွန့်၊ မန္တလေးခရိုင်မှ ဦးရာဇတ်၏ နေရာတွင် ဇနီး ဒေါ်ခင်ခင်တို့ ရွေးချယ် တင်မြှောက်ခံခဲ့လေသည်။

၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်မှ မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လက်ခံအတည်ပြုခဲ့လေသည်။ ယင်းအခြေခံဥပဒေကို မူတည်၍



မြန်မာနိုင်ငံကို ပါလီမန်စနစ်ဖြင့် အုပ်ချုပ်သည်။ ပြည်ထောင်စု ပါလီမန်တွင် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစု လွှတ်တော်တို့ ပါဝင်သည်။ အခြေခံဥပဒေပြဋ္ဌာန်းချက်များ အရ ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားတိုင်း ကျား မ မရွေး လိုအပ်သော အချက်အလက်များနှင့် ညီညွတ်လျှင် မဲဆန္ဒပေးနိုင်ခွင့်ရှိလာသည်။ လွှတ်တော်နှစ်ရပ်စလုံးသို့လည်း အမတ်လောင်းအဖြစ် ရွေးကောက်ခံနိုင်ခွင့် ရှိလာလေသည်။ အကယ်၍ လွှတ်တော်အမတ်ဖြစ်လာပါက သမ္မတရာထူးကိုပင် ကျား မ မဟူ အရွေးချယ်ခံနိုင်ခွင့် ပေးထားလေသည်။

မဲဆန္ဒပေးနိုင်ခွင့်နှင့် စပ်လျဉ်း၍ ယခင် သူကျွန်ဘဝက ပညာအရည်အချင်း၊ စီးပွားအခြေအနေ စသည်တို့အပေါ် မူတည်ကန့်သတ်ချုပ်ချယ်မှုမျိုး မရှိတော့ချေ။ အသက် ၁၈ နှစ် ပြည့်ပြီးသော ယောကျ်ား-မိန်းမတိုင်း မဲဆန္ဒပေးနိုင်ခွင့်ရကြလေသည်။ ချွင်းချက်အားဖြင့် အစိုးရအမှုထမ်းနေသူ၊ လူမွဲအဖြစ် တရားရုံးကသတ်မှတ်ခံရသူ၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာခံသူ၊ ရူးသွပ်နေသူ၊ ရာဇဝတ်အပြစ်ဒဏ် ခံနေရသူ၊ ရွေးကောက်ပွဲပြစ်မှုကို ကျူးလွန်သူ စသည်တို့ကား မဲဆန္ဒပေးခွင့် မရှိချေ။ သာသနာ့ဝန်ထမ်းများကိုလည်း မဲဆန္ဒပေးခွင့်မရှိဟု သတ်မှတ်ထားသည်။

ယင်းအခွင့်အလမ်းများကို အသုံးပြု၍ ပါလီမန်လွှတ်တော် ရွေးကောက်ပွဲများတွင် အမျိုးသမီးများ ဝင်ရောက် အရွေးခံခဲ့ကြသည်။ ၁၉၅၂ ခုနှစ်တွင် ကရင်အမျိုးသမီး မစွက်ဘမောင်ချိန်သည် လူမျိုးစုလွှတ်တော်အမတ်အဖြစ် ဟံသာဝတီခရိုင်မှ အရွေးခံခဲ့ရသည်။ ကရင်ပြည်နယ်ဝန်ကြီးအဖြစ်သို့ပင် ရောက်ရှိ

ခဲ့၍ ပထမဆုံး အမျိုးသမီးဝန်ကြီးအဖြစ် ဂုဏ်ယူဘွယ် ဖြစ်ခဲ့လေသည်။

ဖဆပလအဖွဲ့ကြီး၏ ညွှန်ကြားမှုဖြင့် ရွေးကောက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီးအသင်းဥက္ကဋ္ဌများလည်း ရှိခဲ့သည်။ ဥပမာဆိုရလျှင် လွတ်လပ်ရေး အမျိုးသမီး အဖွဲ့ဥက္ကဋ္ဌ ဖြစ်သော ဖဆပလ ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်လည်း ဖြစ်သော ဒေါ်စိန်ပုသည် ၁၉၅၆ ခုနှစ်တွင် ရန်ကုန်အရှေ့ပိုင်း မဲဆန္ဒနယ်မှ လူမျိုးစု လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

မြန်မာအမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ အခွင့်အရေး ရရှိမှုတွင် နိုင်ငံတကာ ဆက်သွယ်ရေးအဆင့်အထိ တာဝန်ပေးခြင်းခံရသူတဦးသာ ပေါ်ပေါက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် မေလ ၁၉ ရက်နေ့တွင် ဒေါ်ခင်ကြည်(ဗိုလ်ချုပ်အောင်ဆန်းကတော်)ကို အိန္ဒိယနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် လည်းကောင်း၊ ယင်းနှစ် ဇွန်လတွင် နီပေါနိုင်ငံ သံအမတ်အဖြစ် လည်းကောင်း နှစ်နိုင်ငံပူးတွဲ၍ တာဝန်ခန့်အပ်ခြင်းခံခဲ့ရသည်။

**ခေတ်ပြောင်းတော်လှန်ရေးကာလ။** ။၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပြီးနောက် မြန်မာနိုင်ငံကို ဆိုရှယ်လစ်စနစ်ဖြင့် ထူထောင်ရန် သန္နိဋ္ဌာန်ချမှတ်ခဲ့၏။ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုလျက် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကို ထူထောင်လိုက်သည်။ နိုင်ငံကို ဦးစီးအုပ်ချုပ်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်



ရွေးချယ်ပွဲများကိုလည်း ၁၉၇၄ ခုနှစ်ဇန်နဝါရီလ ၂၇ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့အတွင်း ကျင်းပနိုင်ခဲ့၏။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၄(က)၌ "အမျိုးသမီးများသည် အမျိုးသားများနှင့်တူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးတို့တွင် တန်းတူရည်တူ ခံစားခွင့်ရှိသည်" ဟု ပါရှိသည့်အလျောက် အရွေးချယ်ခံခွင့်အတွက် သတ်မှတ်ထားသော စည်းကမ်းချက်နှင့် ညီညွတ်သူ အမျိုးသမီးများလည်း မဲဆန္ဒပေးပိုင်ခွင့်နှင့် အရွေးချယ်ခံနိုင်ခွင့်ရကြလေသည်။

ယင်းသို့သော အခွင့်အရေးများကို အသုံးပြုလျက် ၁၉၇၄ ခုနှစ် ပထမဆုံးအကြိမ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ၌ အမျိုးသမီးများလည်း ပါဝင်အရွေးချယ်ခံခဲ့ကြသည်။

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ

ပထမဆုံးအကြိမ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ပွဲ၌ အရွေးခံခဲ့ရသော အမျိုးသမီးများမှာ ၁။ ဒေါ်သိန်းတင် (နဝင်းဒေါ်သိန်းတင်)၊ ပြည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) ၂။ ဒေါ်ကျင်စိန်၊ ကျုံပျော်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) ၃။ ဒေါ်သန်းမြင့်၊ ပုသိမ် အရှေ့မြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂) ၄။ ဒေါ်ရွှေအောင်၊ ဘိုကလေးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) ၅။ ဒေါ်တင်နု၊ ချောင်းဦးမြို့နယ်၊ ၆။ ဒေါ်ကြည်၊ မြစ်သားမြို့နယ်၊ ၇။ ဒေါ်ကြူကြူမား၊ ကျိုင်းတုံမြို့နယ်၊ ၈။ ဒေါ်တင်ယဉ်၊ ဟုမ္မလင်းမြို့နယ်၊ ၉။ ဒေါ်နန်းစုစုစံ၊ ကွန်ဟိန်းမြို့နယ် တို့ဖြစ်ကြသည်။

ပြည်သူ့ကိုယ်စားလှယ် အမျိုးသမီးကိုးဦးအနက် ပြည်သူ့လွှတ်တော် ရေးရာကော်မီတီများကို ဖွဲ့စည်းသောအခါ သိပ္ပံနှင့်နည်းပညာရေးရာ ကော်မီတီ၌ ဒေါ်တင်နု (ချောင်းဦး) သည် ရေးရာကော်မီတီဝင် ဖြစ်လာ၏။ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးနှင့် နိုင်ငံခြားရေးရာ ကော်မီတီတွင်မူ ဒေါ်ကြူကြူမား (ကျိုင်းတုံ)က ရေးရာကော်မီတီဝင်အဖြစ် ရွေးချယ်ခြင်း ခံရ၏။ ရေးရာကော်မီတီ ၁၃ ခုရှိသည့်အနက် နှစ်ခုတွင်သာ ပါဝင်နိုင်သည်ကို တွေ့ရပေသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ပေါင်း ၄၅၁ ဦးအနက် အမျိုးသမီးကိုယ်စားလှယ် ကိုးဦးမျှသာ ပါဝင်နိုင်ခဲ့ခြင်းမှာ စင်စစ် အားရကျေနပ်ဖွယ်ရာ မရှိလှသေးချေ။ အမျိုးသမီးများကို အုပ်ချုပ်ရေးပိုင်းနှင့် စီမံခန့်ခွဲရေးပိုင်းတို့၌ တာဝန်ပေးအပ်ရန် စိတ်ထက်သန်မှု မရှိကြသေး၍ပင်လော၊ အမျိုးသမီးများကိုယ်တိုင်က ဦးဆောင်မှုပေးခဲ့သော အခန်းကဏ္ဍများ ရှိခဲ့သည့်အစဉ်အလာကို မျက်ခြေပြတ်နေကြ၍ပင်လော၊ နိုင်ငံရေးအခင်း၌ အမျိုးသမီးတို့ စိတ်ဝင်စားမှု လျော့နည်းလာ၍ပင်လော ဟု တွေးတောစရာ ဖြစ်နေပေသည်။

၆

# အမျိုးသမီးများ၏ စွမ်းရည်အထွေထွေ

### အမျိုးသမီးများနှင့် ပညာရေး

ရှေးခေတ် အမျိုးသမီးများတွင် စာပေကျမ်းဂန် တတ်မြောက်သူ အများအပြား ရှိခဲ့သည်။ အမျိုးသမီးများ၏ လက်ဦးဆရာမှာ မိခင်ဖခင်များပင် ဖြစ်သည်။ မိဘများကိုယ်တိုင်က စာပေပို့ချပေးရန် အခြေအနေမရှိလျှင် အိမ်ကျောင်းများ၌ အပ်နှံသင်ကြားစေသည်။

မြန်မာပြည်ကို ဗြိတိသျှတို့ သိမ်းယူလိုက်ပြီးနောက် စာတတ်သူဦးရေကို စာရင်းကောက်ယူရာ အိန္ဒိယပြည်ထက် ပိုမိုများပြားကြောင်း တွေ့ရ၏။ လူတထောင်လျှင် စာတတ်သူ ယောကျ်ားဦးရေ ၄၉၀ ရှိ၍ မိန်းမဦးရေ ၅၅ ယောက်ရှိကြောင်း၊ မြို့နေ အမျိုးသမီး ၁၀ ယောက်လျှင် တယောက်က စာတတ်သူဖြစ်ကြောင်း ကိုလည်း လေ့လာသိရှိရသည်။

သို့ရာတွင် ကိုလိုနီခေတ်က ယေဘုယျထားရှိသော သဘောထားအရ မိန်းကလေးဆိုလျှင် သေစာရှင်စာ ဖတ်တတ်လျှင် လုံလောက်ပြီ ဟု သတ်မှတ်ကြသည်။ အမြင်ကျယ်သူ ခေတ်မီသူ ပညာတတ်မိဘများကသာ မိမိတို့သမီးများကို အထက်တန်းပညာ ဆက်လက်ဆည်းပူးစေသည်။ သို့ဆည်းပူးရာ၌လည်း ထူးချွန်စွာ တတ်မြောက်ကြသူများ ပေါ်ထွက်ခဲ့သည်။

သို့သော် ဗြိတိသျှအစိုးရ၏ ပညာရေးစနစ်သည် ကိုလိုနီ အုပ်ချုပ်ရေးတွင် အသုံးချနိုင်မည့် စာရေးစာချီနှင့် အရာရှိငယ်များ မွေးထုတ်ပေးရန်သာ ရည်ရွယ်သည်။ ထို့ကြောင့်လည်း ယင်းပညာရေးစနစ်ကို ကျွန်သက်ရှည်စေမည့် "ကျွန်ပညာရေးစနစ်" ဟု သိမြင်လာသူတို့က ဦးဆောင်လျက် ကိုလိုနီပညာရေး တိုက်ပွဲများကို အဆင့်ဆင့်ဆင်နွှဲခဲ့ကြသည်။ ယင်းပညာရေး တိုက်ပွဲများ၌ အမျိုးသမီးများသည်လည်း နောင်တော်များနှင့် အတူ တက်ညီလက်ညီ တိုက်ပွဲဝင်ခဲ့ကြလေသည်။

**ပထမကျောင်းသားသပိတ် (၁၉၂၀ ပြည့်နှစ်)။** ။၁၉၁၀ ပြည့်နှစ်ခန့်မှစ၍ ဝံသာနုစိတ်ဓာတ်များ နိုးကြားထကြွ လာခဲ့သည့် အလျောက် ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများသည်လည်း အမျိုးသားလုံးနှင့် စပ်လျဉ်းသော အရေးကိစ္စများ၌ စိတ်ပါဝင်စားလာကြသည်။ ထိုစဉ်က မြန်မာပြည်၌ အဆင့်အတန်းမှီသော တက္ကသိုလ်ဟူ၍ မရှိသေးပဲ ရန်ကုန် ကောလိပ်နှင့် ဒါသနချူကောလိပ်များသာ ရှိသည်။ အိန္ဒိယပြည် ကာလကတ္တားတက္ကသိုလ်မှ သင်ရိုးညွှန်းတမ်းအတိုင်း ယင်း ကောလိပ်များတွင် သင်ကြားပေးလေသည်။ ထို့ကြောင့် မြန်မာပြည်အတွက် သီးသန့်တက္ကသိုလ် ကျောင်းတကျောင်းကို ဖွင့်လှစ်ပေးရန် ၁၉၁၇ ခုနှစ် ကတည်းကပင် တောင်းဆိုလာခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ်၌ "ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်း" ပေါ်ပေါက်လာသည်။ ယင်းဥပဒေကြမ်းအရ ရန်ကုန်မြို့တွင် တက္ကသိုလ်တခု ဖွင့်လှစ်ပေးရန် စီစဉ်သည်။ ဥပဒေကြမ်းပါ အချက်အလက်များအရ ယင်းတက္ကသိုလ်သည် မြန်မာတို့ ကျယ်ပြန့်စွာ



တက်ရောက်သင်ယူနိုင်မည့် တက္ကသိုလ်မျိုး မဟုတ်ကြောင်းကို သိရသဖြင့် ဥပဒေကြမ်းကို ဝိုင်းဝန်းကန့်ကွက်မှုများ ထွက်ပေါ်လာသည်။

ထိုအချိန်တိုက်မှာပင် ကျောင်းများ၌ မြန်မာစာဖြင့်ထုတ်ဝေသော စာ နယ် ဇင်းများကို မဖတ်ရ၊ မထားရ ဟူသော တားမြစ်ချက်ကြောင့် မကျေမနပ် ဖြစ်လာကြသည်။ ထို့ပြင် ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများကို လူထုစည်းဝေးပွဲများ၌ ပါဝင်တက်ရောက်ခြင်း မပြုရ ဟူ၍ ချုပ်ချယ်ပြန်သောအခါ ပို၍ မခံမရပ်နိုင် ဖြစ်ကြလေသည်။

ယင်းသို့သော အခြေအနေများ အကြားမှ ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို အတည်ပြုလိုက်သောအခါ မီးလောင်ရာ လေပင့်လိုက်သဖြင့် ရန်ကုန်ကောလိပ် ကျောင်းသားများသည် သပိတ်မှောက်ရန် စီစဉ်ကြသည်။ ထိုအချိန်မှာပင် ဗုဒ္ဓဘာသာဝင် ဂဝ ရာခိုင်နှုန်းရှိသော ရန်ကုန်၊ ကူရှင်ကျောင်းမှ ကျောင်းသားများသည် ဘာသာရေး ဖိနှိပ်ချုပ်ချယ်မှုများကို မကျေနပ်၍ သပိတ်မှောက်ကြသည်။ ကူရှင်ကျောင်းသပိတ်နှင့် မရှေးမနှောင်းပင် ရန်ကုန်ကောလိပ် ကျောင်းသားများလည်း သပိတ်မှောက်၍ ထွက်လာခဲ့ကြသည်။

ယင်းသို့ ကောလိပ်ကျောင်းသားများ သပိတ်မှောက်ဆန္ဒပြသည်ကို ထောက်ခံသောအားဖြင့် ရန်ကုန်မြို့ပေါ်မှ အခြားကျောင်းများကလည်း သပိတ်မှောက်ကြသည်။ ထိုအထဲတွင် အမျိုးသမီးကျောင်းများလည်း ပါဝင်လာကြသည်။ မစိန်နှင့် မနှင်းမယ်တို့ ခေါင်းဆောင်သော စိန့်မေရီ ကျောင်းသူများ၊ မလှရွှေ ခေါင်းဆောင်သော အောဇီအမ် ကျောင်းသူများ၊ မခင်လေးနှင့် ခင်ခင်ကြီးတို့ ခေါင်းဆောင်သော မက်သဒစ်

ကျောင်းသူများ၊ မမြသိန်းခေါင်းဆောင်သောရန်ကုန်ကောလိပ် ကျောင်းသူများကို သပိတ်စခန်း၌ စုစည်းပြီးလျှင် သပိတ်မှောက် ကျောင်းသူများအဖွဲ့ ဖွဲ့၍ မစီကာ ကြီးမှူးဦးဆောင်၏။

ရန်ကုန်မှ ကျောင်းပေါင်းစုံသပိတ်သည် မြန်မာတနိုင်ငံလုံးသို့ ပျံ့နှံ့သွားသည်အထိ ကျယ်ပြန့်ခဲ့သည်။ အစိုးရ အာဏာပိုင်များက သပိတ်မှောက် ကျောင်းသူ ကျောင်းသားများကို ကန့်သတ်ထားသော ရက်အပိုင်းအခြားအတွင်း ကျောင်းပြန်မတက်လျှင် ကျောင်းထုတ်ပစ်မည် ဟု အကြပ်ကိုင်လာသည်။ အာဏာပိုင်တို့၏ ပြုမူချက်ကို မကျေနပ်ကြောင်း ဆန္ဒပြသည့်အနေဖြင့် သပိတ်မှောက် ကျောင်းသူ ကျောင်းသားများက မိမိတို့အမည်ကို ကောလိပ်ကျောင်းဝင်စာရင်းမှ နုတ်ပယ်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။

စင်စစ် ထိုခေတ် ထိုအချိန်က ကောလိပ်ကျောင်းသားများအဖို့ စာမေးပွဲ အောင်မြင်ပါလျှင် မြို့အုပ်၊ ဝန်ထောက် အစရှိသော ထိုခေတ်က အဆင့်အတန်းမြင့်မားသည့် ရာထူးများကို ရနိုင်သည့် အခွင့်အလမ်းရှိသည်။ သို့သော် မိမိတို့ တဦးချင်း၏ အကျိုးကို ထည့်သွင်းစဉ်းစားခြင်း မပြုပဲ တမျိုးသားလုံး အကျိုးရှိစေမည့် ပညာရေးစနစ် ထွက်ပေါ်လာစေရေးအတွက် အနစ်နာခံခဲ့ကြခြင်း ဖြစ်သည်။ ယင်းသို့ မိမိတို့ဆန္ဒအတိုင်း ကောလိပ်ကျောင်းဝင်စာရင်းမှ နုတ်ထွက်လိုက်ကြသူများတွင် ကျောင်းသူများလည်း ပါဝင်၏။ ယင်းတို့မှာ ယုဒသန် ကောလိပ် ဘီအေ အောက်တန်းမှ မိမိခင်နှင့် မမ၊ အိုင်အေ အောက်တန်းမှ မသိုက်၊ အိုင်အက်(စ)စီ အောက်တန်းမှ မသိန်းမေ၊ ရန်ကုန်ကောလိပ် အိုင်အက်(စ)စီ အထက်တန်းမှ မမြင့်၊



မငွေထား၊ အိုင်အက်(စ)စီ အောက်တန်းမှ မမြသိန်း၊ မခင်ဆင့်၊ မစောရီတို့ ဖြစ်ကြသည်။

သပိတ်မှောက်ထားစဉ် ကာလအတွင်း ကျောင်းသူကျောင်းသားများ ပညာသင်မပျက်စေရန် အမျိုးသားကျောင်းများကို ဖွင့်လှစ်သင်ကြားပေးသည်။ သပိတ်မှောက် ကောလိပ်ကျောင်းသား ကျောင်းသူများက ဆရာ၊ ဆရာမများအဖြစ် တာဝန်ယူကြသည်။ မြို့မိမြို့ဖများထံ ချဉ်းကပ်၍ အမျိုးသားကျောင်းများ၌ ကလေးများကို အပ်နှံသင်ကြားရန် မေတ္တာရပ်ခံကြသည်။ ဆရာမများကိုယ်တိုင် ကျောင်းသူများကို ဂရုတစိုက် ကြိုပို့ပေးကြသည်။ ပြည်သူတို့၏ အလှူငွေဖြင့် အမျိုးသားကျောင်းများကို တည်ထောင်ရသည့်အတွက် ဆရာ ဆရာမများ၏ လစာငွေမှာ ပြောပလောက်အောင် မရကြချေ။ သို့သော် ရသမျှ လခကိုပင် ကျောင်းရန်ပုံငွေအဖြစ် ပြန်လည်ပေးလှူသည်အထိ စေတနာ ရက်ရောခဲ့ကြသည်။ ယင်းသို့ အနစ်နာခံ၍ ဆောင်ရွက်ပျိုးထောင်ခဲ့သောကြောင့် မြို့မ အမျိုးသမီး အထက်တန်း ကျောင်းနှင့် မြို့မ အမျိုးသား အထက်တန်း ကျောင်းတို့ ယနေ့တိုင် ရပ်တည်လာခဲ့ခြင်း ဖြစ်သည်။

**ဒုတိယကျောင်းသားသပိတ်(၁၉၃၆ ခုနှစ်)။** ။ပထမ အမျိုးသား ပညာရေးတိုက်ပွဲ ပြီးဆုံးသွားသည့်နောက်တွင် တက္ကသိုလ်ပညာရေးသည် မျှော်မှန်းချက်အတိုင်း ဖြစ်မလာပဲ ကိုလိုနီပညာရေး အသွင်သဏ္ဌာန်ဖြင့်သာ တည်ရှိနေခဲ့သည်။ ၁၉၃၁ ခုနှစ်၌ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂကို ဖွဲ့စည်း တည်ထောင်ပြီးသည့်နောက်တွင် ကျောင်းသားများ၏ မိန်းမောနေသော အမျိုးသားစိတ်ဓာတ်သည် ပြန်လည် နိုးထလာခဲ့၏။

တက္ကသိုလ်ပညာရေး စနစ်နှင့်တကွ အာဏာပိုင်တို့၏ လုပ်ရပ်များကို မနှစ်မြို့ပိုင်နေသော ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုနု (ဝန်ကြီးချုပ်ဟောင်း ဦးနု)နှင့် တက္ကသိုလ် အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်း (ဗိုလ်ချုပ် အောင်ဆန်း)တို့အား တက္ကသိုလ် အာဏာပိုင်တို့က အကြောင်းပြချက် မခိုင်လုံပဲ ကျောင်းထုတ်ပစ်သည်။ ဤတွင် ပင်ကိုယ်က မကျေနပ်စိတ်ဖြင့် တော်လှန်လိုသော ကျောင်းသားထုသည် တခဲနက် အုံကြွလျက် သပိတ်သက်နက်ကို စွဲကိုင်ခဲ့ကြခြင်း ဖြစ်သည်။

ယင်းကဲ့သို့ ရုတ်ယအကြီး ကျောင်းသားသပိတ်တိုက်ပွဲ ပေါ်ပေါက်လာရာတွင်လည်း အမျိုးသမီး ကျောင်းသူများလည်း တက်တက်ကြွကြွ ပါဝင်ခဲ့ကြသည်။ သပိတ်စခန်းတွင် အအိပ်အနေ အစားဆင်းရဲခံ၍ နေခဲ့ကြသည်။ သပိတ်ထားရာ၌လည်း ကျောင်းအုပ်ကြီး မစ္စတာခလေ့က ကုသားထိုင်ထိုးပေးသည်ကို လက်မခံပဲ နေရှိကြတွင် နောင်တော်ကျောင်းသားများနည်းတူ ဒုက္ခကြီးစွာဖြင့် အပင်ပန်းခံခဲ့ကြသည်။ အလိုတော်ရိ ကျောင်းသားအချို့တို့က လှောင်ပြောင်သရော်သည်ကို အရေထူစွာဖြင့် ရင်ဆိုင်ခဲ့ကြသည်။ သပိတ်စခန်း၌ ကျောင်းသားထု အစည်းအဝေးတွင် မိမိတို့သည် မိန်းမသားများဖြစ်ပါလျက်နှင့် ရှေ့တန်း၌ ထွက်လာခဲ့ပြီ၊ နောင်တော်များနှင့် တညီတညွတ်တည်း အသားကြေအရိုးကြေ အရေးသမ်းသမ်း ဆုံးခန်းတိုင်အောင် ဆောင်ရွက်မည် ဟု ရဲရင့်ပြတ်သားစွာ ဟောပြော လှုံ့ဆော်ခဲ့သော အမျိုးသမီးများလည်း ပေါ်ထွက်ခဲ့သည်။

မခင်မြ (ယခု ပညာရေးပါရဂူ ဒေါ်ခင်မြ)၊ မအမာ (လူထု ဒေါ်အမာ)၊ မမကြီး (မြို့မင်းကြီးဟောင်း ဦးထွန်းအုံ၏ ဇနီး)၊ မသိန်းကြည် (ကျောင်းအုပ်၊ ဟသာတ)၊ မအုန်း (အပ်၊



အေး၊ ဒေါ်အုန်း၊ ပါဠိပါမောက္ခဟောင်း၊ မန္တလေး) စသော ကျောင်းသူတစုကား သပိတ်အရေးတော်ပုံအတွင်း၌ အထူး စိတ်ဓာတ် တက်ကြွစွာဖြင့် ပါဝင်လှုပ်ရှားခဲ့သူများ ဖြစ်၏။ ကိုအောင်ဆန်း(ဗိုလ်ချုပ်)ကပင် "သပိတ်မှောက် ကျောင်းသူများ၏ လုပ်ရည်ကိုင်ရည် ဇွဲသတ္တိကို တွေ့မြင်ခဲ့ရသဖြင့် မြန်မာ အမျိုးသမီးများသည် လွတ်လပ်ရေးတိုက်ပွဲ၌ တတပ်တအား ရှန်းရှန်းတမာပါဝင်နိုင်ကြမည် ဟု ကျွန်တော် ယုံကြည်သည်" ဟူ၍ သပိတ်မှောက် မှတ်တမ်းစာအုပ်၌ ရေးသားချီးကျူးခဲ့လေသည်။

**တတိယကျောင်းသားသပိတ်(၁၉၃၈)။** ။၁၉၃၆ ခုနှစ် သပိတ်တိုက်ပွဲ၏ နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှုတိုက်ပွဲများသည် အသွင်အမျိုးမျိုးဖြင့် အရှိန်မြင့်မားလာခဲ့၏။ တတိယ ကျောင်းသားသပိတ်သည်လည်း နိုင်ငံရေးလှုပ်ရှားမှု ဒီလှိုင်းတွင် လှိုင်းလုံးတလုံးအဖြစ် ကြွထက်လာခဲ့ခြင်း ဖြစ်၏။

၁၉၃၈ ခုနှစ်တွင် ရေနံမြေ သပိတ်ကြောင့် မကွေး၊ ချောက်၊ ရေနံချောင်း စသည့်မြို့များ၌ ပုဒ်မ ၁၄၄ ကို ထုတ်ပြန်လိုက်၏။ ရန်ကုန်မှ ကျောင်းသား ခေါင်းဆောင်များသည် ရေနံမြေ သပိတ်ကို အားပေးရန်အတွက် မကွေးမြို့သို့ သွားရောက်၍ နိုင်ငံရေးတရား ဟောပြောကြသည်။ အာဏာ ပိုဆန့်မှုဖြင့် ကျောင်းသားခေါင်းဆောင် ကိုဘဟိန်းနှင့် ကိုဘဆွေတို့ကို ဖမ်းဆီးလိုက်ရာမှ အစပြု၍ ကျောင်းသားများ သွေးဆူလာခဲ့သည်။ ကျောင်းသားထု အစည်းအဝေး ကျင်းပ၍ ခေါင်းဆောင်များကို ပြန်လွှတ်ပေးရန် တောင်းဆိုကြသည်။ တက္ကသိုလ်နှင့်

ကျောင်းပေါင်းစုံမှ ကျောင်းသူကျောင်းသားများသည် မြို့မကျောင်းမှ ပုဇွန်တောင်အထိ စီတန်းချီတက် လမ်းလျှောက်လျက် ပုဒ်မ ၁၄၄ ကို ဆန့်ကျင်ခဲ့ကြသည်။ ထိုမှတဆင့်တက်၍ အတွင်းဝန်ရုံးကို ဝိုင်းအုံသပိတ်တားကြသည်။

မျက်နှာဖြူ ဂေါ်ရာပုလိပ်များက သပိတ်တား ကျောင်းသူများကို ခြေနှင့်ပေါက်မှ ဆွဲကိုင်၍ မြေပေါ်တွင် ဒရွတ်တိုက်ဆွဲလျက် ဖယ်ရှားပစ်သည်။ ကျောင်းသားများအပေါ် ဗိုနပ်ဖြင့် တက်နင်း ကန်ကျောက်ကြသည်။ ကျောင်းသူ ကျောင်းသားများအား လက်တုံ့မပြန် သည်းခံနေခဲ့ကြသည်။ မွန်းတည့်ချိန်၌ နေပူနေကြောင့် လူစုခွဲရန် ပြန်လည်စီတန်း လှည့်လည်လာသည်ကို မြင်းစီးပုလိပ်များက နံပါတ်တုတ်များဖြင့် အတင်းဝင်ရောက် ရိုက်နှက်ကြတော့သည်။ စပတ်လမ်း(ဗိုလ်အောင်ကျော်လမ်း)တလျှောက်လုံး ကျောင်းသူ ကျောင်းသားတို့၏ သွေးဖြင့် ချင်းချင်းနီသွားလေသည်။

ယင်းသို့ ရှုန်းရင်းဆန်ခတ် ဖြစ်ပွားနေသည့်အကြားမှ အလံကိုင် ကျောင်းသားသည် ပုလိပ်လက်ချက်ဖြင့် လဲကျသွားရာ၊ ကျောင်းသူ မခင်မြ (ယခု စာရေးဆရာမ ဒေါ်ခင်မျိုးချစ်)က ပြေး၍ အလံကိုယူရန် ကြိုးစားသည်။ ပုလိပ်တစုက မခင်မြလက်မှ အလံကိုဆွဲလုရင်း မခင်မြကို တုန်းသိုးဝိုင်းရိုက်ကြသည်။ ရန်ကုန်တက္ကသိုလ် အိုင်အေအတက်တန်းကျောင်းသူ မခင်သန်း၊ မတင်ညွန့်၊ ပုဇွန်တောင် မျူနီစပယ်ကျောင်းသူ မြမြ၊ မဝေသီ၊ မစိန်စိန် စသည်တို့လည်း မရှုမလှ ဒဏ်ရာရခဲ့ကြသည်။ တရားဝင်စာရင်း၌ မပါရှိ ကြွင်းကျန်ရစ်သော ဒဏ်ရာရ ကျောင်းသူများလည်း အများအပြား ရှိသည်။ ဒဏ်ရာမှ သွေးယိုစီးလျက်က လှုံ့ဆော်တရားဟောသော ကျောင်းသူမြမြကို "အာဇာနည်



မြမြ"ဟု ဘွဲ့ပေးကြသည်။ ယုဒသန် ကောလိပ်ကျောင်းသား ကိုအောင်ကျော်သည် ဒဏ်ရာ ပြင်းထန်လွန်း၍ ကွယ်လွန်သွားခဲ့ရာ၊ ကျောင်းသားထုတရပ်လုံး ဇုံကြလာတော့၏။ "မြန်မာတနိုင်ငံလုံး၊ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အထွေထွေ သပိတ်မှောက်ကြရန်" ကျောင်းသားဥက္ကဋ္ဌ ကိုလှရွှေက လှုံ့ဆော်လိုက်သည်။

ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဒုတိယ ကျောင်းသားသပိတ်ကို စတင်ကြေငြာ၍ တိုက်ပွဲဝင်ကြသည်။ မြို့မ သပိတ်စခန်းတွင် ကျောင်းသူပေါင်း တရာကျော်သည်။ အိမ်မပြန်ပဲ သပိတ်စခန်း၌အိပ်နေ၍ ဆန္ဒပြကြသည်။ ကျောင်းသားများ၏ တောင်းဆိုချက်ကို အာဏာပိုင်တို့က မလိုက်လျောသည့်အတွက် အစာငတ်ခံ ဆန္ဒပြကြရာတွင် ကျောင်းသူလေးများလည်း အများအပြား ပါဝင်ခဲ့၏။

ယင်းသို့လျှင် သုံးကြိမ်တိုင်တိုင် ပေါ်ပေါက်ခဲ့သော ပညာရေးတိုက်ပွဲများတွင် အမျိုးသမီးများသည် နောင်တော်များနှင့် ပခုံးချင်းယှဉ်၍ တက်တက်ကြွကြွ လုပ်ဆောင်ခဲ့သည်ကို အထင်အရှား တွေ့ရပေသည်။

ပညာရေးအတွက် တိုက်ပွဲများတွင် ကျောင်းသူကြီးငယ်တို့သည် တက်တက်ကြွကြွဖြင့် ပါဝင်လှုပ်ရှားခဲ့သလို ပညာသင်ယူရေးတွင်လည်း ထက်ထက်မြက်မြက် ရှိခဲ့ကြ၍ ထူးချွန်သော အမျိုးသမီးများ ပေါ်ထွန်းခဲ့သည်။ ယင်းတို့အနက် သက်ဆိုင်ရာ လုပ်ငန်းခွင်တို့၌ မြန်မာအမျိုးသမီးများ၏ မီးရှူးတန်ဆောင်ပမာ စံပြထားရသော အမျိုးသမီး အကျော်အမော်တို့၏ အကြောင်းကို အကျဉ်းအားဖြင့် တင်ပြပါသည်။

## ပညာထူးချွန်သူများ

ကိုလိုနီအစိုးရသည် အထက်တန်း ပညာရပ်များကို အကန့်အသတ် အချုပ်အချယ်များဖြင့် သင်ယူခွင့်ပြုခဲ့သည်ကြားမှပင် ရရှိသောအခွင့်အရေးကို အရအမိ ဆုပ်ကိုင်လျက် အမျိုးသားများနှင့် တန်းတူရည်တူ ပညာရည် ထက်မြက်မှုကို ပြခဲ့သည့် အမျိုးသမီးများ အမြောက်အမြား ရှိခဲ့သည်။ ဆေးပညာ၊ ဥပဒေပညာ စသည်ဖြင့် ပညာရပ်ပိုင်းဆိုင်ရာတို့၌လည်း ထူးချွန်သူများ ပေါ်ပေါက်ခဲ့၏။ လွတ်လပ်ရေးခေတ်မှစ၍ ယနေ့အထိ ဆိုလျှင် အမျိုးသမီးများ၏ ပညာသင်ကြားရေးသည် ပို၍ အခွင့်အလမ်း သာခဲ့သည်။ သို့ဖြစ်၍ အရေအတွက် အားဖြင့် လည်းကောင်း၊ အရည်အချင်း အားဖြင့် လည်းကောင်း မြင့်တောင်ရ အမျိုးသမီးများ၏ အခြေအနေသည် အဆင့်အတန်း တိုးတက်လာသည်မှာ အားရဖွယ် ကောင်းလှပေသည်။ ကိုလိုနီခေတ်ဦးပိုင်းကဆိုလျှင် တက္ကသိုလ်ဘွဲ့ရသည်အထိ ပညာသင်ကြားနိုင်သော မြန်မာ အမျိုးသမီးများမှာ လက်ချိုး ရေတွက်နိုင်လောက်အောင်ပင် နည်းပါးခဲ့သည်။

**ဒေါ်မြစိန်။** ။ကိုလိုနီခေတ်ဦးပိုင်းက ထွန်းပေါက် ကျော်ကြားသော ဘွဲ့ရအမျိုးသမီးတဦး ဖြစ်သည်။ ပြည်ထဲရေးဝန်ကြီး ဦးမေအောင်၊ ဒေါ်သိန်းမြတို့၏သမီး။ ခရစ် ၁၉၀၄ ခုနှစ်တွင် မွေးမြင်သော ဒေါ်မြစိန်သည် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ဖြစ်၏။ ဥပစာတန်း စာမေးပွဲ၌လည်း ဘာသာရပ်တိုင်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရာဇဝင်ဘာသာ၌



ပထမတန်း ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီးနောက် မဟာဝိဇ္ဇာဘွဲ့ကိုလည်း အလားတူပင် ဂုဏ်ထူးဖြင့် ဆွတ်ခူးခဲ့သည်။ ယင်းနောက် အစိုးရပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံ၊ အောက်စ်ဖို့တက္ကသိုလ်၌ သွားရောက်ဆည်းပူးလျက် ပညာရေးဒီပလိုမာဘွဲ့နှင့် စာပေပါရဂူ (ဘီလစ်)ဘွဲ့တို့ကို ရရှိခဲ့သည်။

ဒေါ်မြစိန်သည် အမျိုးသမီး အသင်းအဖွဲ့များ၌ ပါဝင်လှုပ်ရှားလျက် မြန်မာအမျိုးသမီးများ ရွေးကောက်ပွဲ၌ ပါဝင်အရွေးခံနိုင်ခွင့် ရရှိရေးကို တောင်းဆိုခဲ့သူတဦး ဖြစ်သည်။

လန်ဒန်မြို့၌ ကျင်းပသော မျက်နှာစုံညီ စည်းဝေးပွဲသို့ အမျိုးသမီးကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပသော ကမ္ဘာ့နိုင်ငံပေါင်းချုပ် အသင်း၏ ကွန်ဖရင့်(ညီလာခံ)သို့ ဗြိတိသျှလက်အောက်ခံ တိုင်းပြည်၏ ကိုယ်စားလှယ်အဖြစ် လည်းကောင်း တက်ရောက်၍ မြန်မာအမျိုးသမီးတို့၏ စွမ်းရည်ကို ပြသခဲ့သူ ဖြစ်၏။ "မြန်မာနိုင်ငံ အုပ်ချုပ်ရေးအကြောင်း"ကိုလည်း စာတအုပ် ရေးသားပြုစုခဲ့၏။ ၁၉၅၁–၅၉ ခုနှစ်များအတွင်း ရန်ကုန်တက္ကသိုလ်၌ သမိုင်းကထိကအဖြစ် ဆောင်ရွက်ခဲ့သည်။

**ဒေါ်မမခင်။** ။ယစ်မျိုးဝန်ထောက် ဦးဘသာ ဒေါ်ဒေါ်ညွာတို့၏သမီး။ ၁၉၀၇ ခုနှစ်၌ ဖွားမြင်သူ ဒေါ်မမခင်သည်လည်း အရည်အချင်း ပြည့်ဝသော အမျိုးသမီးတဦးအဖြစ် ကျော်ကြားခဲ့သည်။ မော်လမြိုင် ဆရာဖြစ်သင် မော်တလိန်ကျောင်းမှ အောင်မြင်ခဲ့ပြီးနောက် တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးရာ ၁၉၂၈ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရခဲ့သည်။

၁၉၂၈ ခုနှစ်မှ ၁၉၃၁ ခုနှစ်အထိ ဒေါ်ကြီးကြီးကျောင်း၌

ကျောင်းဆရာမကြီးအဖြစ် လုပ်ဆောင်ရင်းမှ မြို့မကျောင်း ရန်ပုံငွေ ရရှိရေးအတွက်လည်း ဇာတ်ဝင်ပေါ်တက်၍ ကိုယ်တိုင်လက်ရောက် အကူအညီပေးခဲ့သည်အထိ အမျိုးသားပညာရေးတိုးတက်မှုကို ရှေးရှုခဲ့သူဖြစ်၏။

အမျိုးသားပညာရေး စနစ်အတွက် အထောက်အပံ့ရစေရန် ပြင်သစ်စာရေးဆရာကြီး ရူဆိုး၏ အီမီလီ ပညာရေးကျမ်းကြီးကိုပင် မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့ သေးသည်။ (အခြေအနေမပေး၍ ပုံမနှိပ်ဖြစ်ခဲ့။) အမျိုးသမီး အသင်းအဖွဲ့များ၌လည်း ဒေါ်မမခင်သည် တက်ကြွစွာ ပါဝင်တာဝန်ယူခဲ့သည်။ အမျိုးသား ကျောင်းဆရာ ဆရာမများ ကိုလည်း စေတနာဖြင့် သင်တန်းပို့ချခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ပညာတော်သင်အဖြစ် ပထမဆုံး စေလွှတ်ခြင်းခံရသည့် အမျိုးသမီးလည်း ဖြစ်သည်။ ၁၉၃၈ ခုနှစ်တွင် မဟာသိပ္ပံဘွဲ့ကို မိုကာဂိုတက္ကသိုလ်မှ ဆွတ်ခူးနိုင်ခဲ့၏။ မိမိဆည်းပူးခဲ့သော အာဟာရဓာတ်အကြောင်းကို စာတအုပ်ရေးသား ထုတ်ဝေခဲ့သေးသည်။

၁၉၃၉ ပြည့်နှစ်တွင် ကျောင်းသားလူငယ်များ ပြင်ပ ဗဟုသုတ တိုးပွားစေရန် ရည်ရွယ်လျက် "ကျောင်းသား သတင်းစာ"ကို စတင်ထုတ်ဝေခဲ့၏။ ထိုနှစ်တွင်ပင် ဥပဒေပြုလွှတ်တော်အမတ်အဖြစ်မှ နုတ်ထွက်သွားသော ဒေါက်တာဘမော်၏ မဲဆန္ဒနယ်မှ ဝင်ရောက်အရွေးခံရာ အနိုင်ရရှိသဖြင့် လွှတ်တော်အမတ် ဖြစ်ခဲ့ပြန်သည်။ စစ်ပြီးစအချိန် ဘုရင်ခံ ဆာဒေါမန်စမစ်လက်ထက်၌ ဘုရင်ခံ၏ အတိုင်ပင်ခံအဖွဲ့၌လည်း အဖွဲ့ဝင်တဦးအဖြစ် ဒေါ်မမခင်ကို ရွေးချယ်ခန့်ထားခဲ့သည်။ "မြန်မာ



နိုင်ငံသမိုင်း" စာအုပ်ကို ရေးသားပြုစု၍လည်း နိုင်ငံ့အကျိုးကို တဖက်တလမ်းမှ ဆောင်ရွက်ခဲ့ပေသည်။

**ဒေါ်ခင်ခင်(မြည်)။** ။မြည်မြို့ ကုန်သည် ဦးလှဘူးနှင့် ဒေါ်ညွန့်မိုတို့၏သမီး၊ ၁၉၀၉ ခုနှစ် ဇူလိုင်လ၌ ဖွားမြင်သော ဒေါ်ခင်ခင်သည် မြန်မာပြည် ကိုလိုနီခေတ်အခါကပင် ကက်သလင်းခင်ခင်အဖြစ်ဖြင့်လည်း ထင်ရှား၏။ ယုဒသန်ကောလိပ်မှ ဝိဇ္ဇာဘွဲ့ကို ရယူခဲ့ပြီးနောက် ဆရာဖြစ်သင်ကောလိပ်မှ ပညာရေး ဝိဇ္ဇာဘွဲ့ကို ဆက်လက် ရယူခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် စိန့်မေရီ အမျိုးသမီး အထက်တန်းကျောင်း၌ လက်ထောက်ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့ပြီးနောက် စစ်အတွင်းကာလ၌ ပညာရေးဝန်ကြီးဌာနတွင် အမှုထမ်းခဲ့သည်။ စစ်ပြီးစတွင် ပြည်သူ့ဆက်ဆံရေးဌာန၊ လက်ထောက်ညွှန်ကြားရေးဝန်အဖြစ် ဆောင်ရွက်ပြီးမှ ပညာရေးလောကသို့ ပြန်လည် ဝင်ရောက်ခဲ့သည်။ ၁၉၄၆ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ စိန့်မေရီကျောင်း၌ ကျောင်းအုပ်ကြီး အဖြစ် ထမ်းဆောင်ရင်း တဖက်မှလည်း ဆောင်းပါး ဝတ္ထုစသည်တို့ကို ရေးသားခဲ့သည်။ အမျိုးသမီး ကလောင်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်၏။ ခေတ်ပညာတတ် ထင်ရှားသော အမျိုးသမီးကြီးတဦးအဖြစ် အမျိုးသမီးလောကနှင့် ဂုဏ်ယူဖွယ် ဖြစ်ခဲ့သည်။

**ဒေါ်သင်းကြည်။** ။မြန်မာနိုင်ငံ လွတ်လပ်ပြီး နောက်တွင် ပညာရေးဖက်၌ ထွန်းပေါက် ကျော်ကြားလာသူ ဒေါ်သင်းကြည်သည် တောင်ငူမြို့ မြေတိုင်းဝန်ထောက် ဦးကြို့ ဒေါ်မြတို့၏သမီး၊ ၁၉၁၇ ခုနှစ် ဇွန်လတွင် ဖွားမြင်ခဲ့သူ ဖြစ်၏။ ၁၉၃၈

ခုနှစ်၌ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူးဘွဲ့နှင့် ၁၉၄၁ ခုနှစ်၌ ပညာရေးဝိဇ္ဇာဘွဲ့တို့ကို ရယူခဲ့သည်။ ၁၉၅၀ ပြည့်နှစ်၌ အမေရိကန်ပြည်ထောင်စုမှ ပီအိပ်(ချ)ဒီဘွဲ့ကိုလည်း ဆွတ်ခူးရရှိခဲ့၏။ ရန်ကုန်တက္ကသိုလ် ပထဝီဌာန၌ နည်းပြဆရာမအဖြစ်မှ တဆင့်ပြီးတဆင့် တက်လှမ်းလာခဲ့ရာ ၁၉၅၁ ခုနှစ်တွင် ပထဝီဌာနပါမောက္ခအဖြစ်သို့ ရောက်ရှိလာခဲ့၏။ ပထမဆုံးသော မြန်မာအမျိုးသမီး ပါမောက္ခအဖြစ် ဂုဏ်ယူဘွယ်ဖြစ်သည်။

ဂျပန်ခေတ် အာရှလူငယ် အစည်းအရုံးတွင် ပါဝင်လှုပ်ရှားရင်း ဂျပန်တော်လှန်ရေးကို အထောက်အကူ ပေးခဲ့ရာတွင် ဂျပန်ကင်ပေတိုင်၏ အန္တရာယ်မှ သီသီလေး လွတ်မြောက်လာခဲ့သူလည်း ဖြစ်၏။ စစ်ပြီးခေတ်တွင် သုတေသနအဖွဲ့ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံတက္ကသိုလ်ဘွဲ့ရ အမျိုးသမီးအသင်း အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ နိုင်ငံသမိုင်းကော်မီရှင် အဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

## ထူးချွန်သည့်ဆေးပညာရှင်များ

ကိုလိုနီခေတ်ဦးပိုင်း၌ ဆေးပညာများကို ပို့ချသင်ကြားပေးသော ဆေးကျောင်းဟူ၍ မရှိသေးချေ။ အိန္ဒိယပြည် ကာလကတ္တားတက္ကသိုလ်သို့သာ ဆေးပညာအတွက် သွားရောက်ဆည်းပူးကြရသည်။ ဆေးပညာသင်ယူခွင့် ရသူများမှာလည်း အင်္ဂလိပ်ကပြားနှင့် ကုလားလူမျိုးတို့သာ ဖြစ်၏။ ယင်းသို့သော အခြေအနေထဲမှ ပညာရည် ထူးချွန်မှုကြောင့် ကာလကတ္တားဆေးသိပ္ပံသို့ တက်ရောက်ခွင့်ရသော မြန်မာအမျိုးသမီးများ ပေါ်ပေါက်ခဲ့သည်မှာ ချီးကျူးဘွယ်ဖြစ်၏။



**ဒေါ်စောဘ။** ။အမျိုးသမီးထဲမှ ခွဲစိပ်ကု သမားတော်ကြီးဘွဲ့ [အက်(ဖ) အာ-စီ-အက်(စ)][1]ကို ကိုလိုနီခေတ်အခါက ပထမဆုံး ဆွတ်ခူးခဲ့သူမှာ နယ်ပိုင်ဝန်ထောက် ဦးဘိုးစော (နောင် လက်ထောက်တိုင်းမင်းကြီး)၊ ဒေါ်ရွှေမယ်တို့၏ ဆဋ္ဌမသမီး မစောဘဖြစ်၏။ ၁၈၈၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။

၁၉၀၆ ခုနှစ်၌ ဘာသာသနာပြုကောလိပ်မှ အက်(ဖ)အေ[2] စာမေးပွဲကို အောင်မြင်သည်။ ကာလကတ္တား ဆေးသိပ္ပံသို့ ပွန်စားသွားရောက်၍ ဆေးပညာကို ဆည်းပူးခဲ့ရာ ၁၉၁၁ ခုနှစ်တွင် အယ်(လ)အမ်၊ အက်(စ)[3]ဘွဲ့ကို ရခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် မစောဘ၏ ပညာရည် ထူးချွန်မှုကြောင့် လေဒီဒပ်ဖရင်၏ ပညာသင်ဆုဖြင့် ချီးမြှင့်ခြင်း ခံရ၏။ ထိုနှစ်တွင် အင်္ဂလန်သို့ သွားရောက်၍ ခွဲစိပ်ကု သမားတော်ကြီးဘွဲ့နှင့် ပြည်သူ့ကျန်းမာရေး ဒီပလိုမာ[4]ဘွဲ့တို့ကို ကြိုးပမ်းရယူခဲ့၏။

မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် ဒပ်ဖရင် အမျိုးသမီးဆေးရုံ၌ ဆေးရုံအုပ်အဖြစ် ၁၉၁၄ ခုနှစ်တွင် ခန့်အပ်ခြင်းခံရသည်။ မြန်မာအမျိုးသမီးထဲမှ ပထမဆုံး ဆေးရုံအုပ် ဖြစ်လာခြင်းပင်တည်း။ မစောဘသည် လူမှုဝန်ထမ်းစိတ်ဖြင့် ဝမ်းချောင်းရပ်ကွက်၊ ကျွန်းတောလမ်း၌ ကုသိုလ်ဖြစ် ဆေးရုံငယ်တခုဖွင့်လျက် ဆင်းရဲနွမ်းပါးသူများကို အခမဲ့ ကုသ

---

၁။ F.R.C.S. (Fellow of the Royal College of Surgeons)
၂။ F.A. (First Arts)
၃။ L.M.S. (Licenciate in Medicine and Surgery)
၄။ D.P.H. (Diploma in Public Health)

ပေးသည်၊ ဘားလမ်း၌ သားဖွားခန်းတခုဖွင့်လျက် ခေတ်မီ ဥပကရဏာ ပြည့်စုံစွာ သားဖွားခြင်းကို မြန်မာအမျိုးသမီးများ လက်ခံကုသနိုင်ရန် လမ်းဖွင့်ပေးခဲ့သည်။ သူနာပြုနှင့် သားဖွားဆရာမများအတွက် မြန်မာဘာသာဖြင့် လက်စွဲစာအုပ် ရေးသားပြုစုခဲ့သည်၊ အင်္ဂလိပ်စာကို လက်လှမ်းမမီသူများအတွက် အလွန်အကျိုးရှိခဲ့၏။

မစောဘသည် နိုင်ငံရေးသဘောတရားကို နားမလည်သော်လည်း အခြေအနေက တောင်းဆိုလျှင် နိုင်ငံအတွက် သည်ပိုးခဲ့သည်သာဖြစ်၏။ ၁၉၃၁ ခုနှစ်တွင် ဒုတိယအကြိမ် မျက်နှာစုံညီ ကွန်ဖရင့်ကို အင်္ဂလန်နိုင်ငံ၌ ကျင်းပသည့်အခါ တဦးတည်းသော အမျိုးသမီး ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့၏၊ ၁၉၃၇ ခုနှစ်တွင် ပထမဆုံးသော အမျိုးသမီး အထက်လွှတ်တော် အမတ်အဖြစ် ဘုရင်ခံက ရွေးချယ်ခန့်ထားခြင်းကိုလည်း ခံခဲ့ရသည်။

**ဒေါ်ရင်မေ။** ကိုလိုနီခေတ်အခါကပင် ပထမဆုံး အမ်၊ ဘီ၊ ဘီ၊ အက်(စ)ဘွဲ့ရသည့် မြန်မာအမျိုးသမီး ဆေးပညာရှင် ဖြစ်သည်။ အာရှပိုင် ဦးကျော်၏ သမီးဖြစ်၍ ၁၉၀၀ ပြည့်နှစ်၌ မွေးမြင်သည်။ အသက် ၁၇ နှစ်အရွယ်၌ တက္ကသိုလ်ဝင် သင်တန်းကို သင်္ချာ၊ အင်္ဂလိပ်စာ၊ အဓိ သင်္ချာဘာသာ ဂုဏ်ထူးတို့ဖြင့် အောင်မြင်ခဲ့၏။ ဥပစာတန်းတွင်လည်း ဓာတုဗေဒ၊ သင်္ချာနှင့် အင်္ဂလိပ်ဘာသာတို့တွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ထိုစဉ်က အထက်တန်းပညာကို ဆည်းပူးနေသော အင်္ဂလိပ်လူမျိုး၊ ကုလားလူမျိုးတို့နှင့် ယှဉ်ပြိုင်၍ မြန်မာ့အမျိုးသမီးတို့၏ စွမ်းရည်ကို ပြနိုင်ခြင်းဖြစ်သည်။ ကျောင်းသားပေါင်း ၂၀၀ အနက်



ဂုဏ်ထူးဖြင့်အောင်သူ မရင်မေကို ဆုငွေနှစ်ဆယ်ကျပ်အပြင် ခြောက်နှစ် အခမဲ့ပညာသင်ခွင့် ချီးမြှင့်ခဲ့သည်။ ကာလကတ္တား တက္ကသိုလ်သို့ ဆေးပညာ သွားရောက် ဆည်းပူးရာတွင်လည်း ပဉ္စမနှစ်၌ ရောဂါဗေဒပညာ[၅]တွင် ထူးချွန်မှုကြောင့် ရွှေတံဆိပ်ဖြင့် ချီးမြှင့်ခံရပြန်သည်။ ၁၉၂၂ ခုနှစ်၌ အမ်၊ ဘီ၊ ဘီ၊ အက်(စ) ဆေးဘွဲ့ကို ရရှိခဲ့၏။

ဆက်လက်၍ ဆေးပညာဘွဲ့များကို ဆက်တိုက် ရယူနိုင်ခဲ့၏။ ၁၉၂၇ ခုနှစ်၌ အယ်(လ)အာ၊ စီ၊ ပီ[၆]ဘွဲ့နှင့် အမ်၊ အာ၊ စီ၊ အက်(စ)[၇]ဘွဲ့၊ ၁၉၂၉ ခုနှစ်၌ အက်(ဖ)အာ၊ စီ၊ အက်(စ)[၈]ဘွဲ့နှင့် အမ်၊ အာ၊ စီ၊ ပီ[၉]ဘွဲ့၊ ၁၉၃၇ ခုနှစ်တွင် အက်(ဖ)အာ စီအိုဂျီ[၁၀] (သားဖွားနှင့် မီးယပ်ရောဂါကု သမားတော်ကြီးဘွဲ့) စသည်တို့ကို ဆွတ်ခူးရယူခဲ့၏။ ပထမဆုံး မီးယပ်ပါရဂူဘွဲ့ရသူဟုလည်း ဆိုရမည်ဖြစ်၏။

ဒပ်ဖရင်ဆေးရုံကြီး၌ လက်ထောက် ခွဲစိတ်ကုဆရာဝန်အဖြစ်လည်းကောင်း၊ လက်ထောက်ဆေးရုံအုပ်အဖြစ် လည်းကောင်း၊ ဆောင်ရွက်ခဲ့ရာ၌ သူနာပြု ဆရာမလေးများအတွက် ရပိုင်ခွင့်များကို မျက်နှာဖြူ အာဏာပိုင်တို့ထံမှ တိုက်ယူပေးခဲ့၏။ ၁၉၃၇ ခုနှစ်တွင် အမျိုးသမီးများ၌ ဖြစ်တတ်သော မီးယပ်ရောဂါ တမျိုးကို စတင်တွေ့ရှိခဲ့သဖြင့် ဒေါ်ရင်မေ၏ အမည်ကိုရှေ့၌

---

၅။ Pathology
၆။ L.R.C.P. Licentiate of the Royal College of Physicians
၇။ M.R.C.S. Member of the Royal College of Surgeons
၈။ F.R.C.S. Fellow of the Royal College of Surgeons
၉။ M.R.C.P. Member of the Royal College of Physicians
၁၀။ F.R.C.O.G. Fellow of the Royal College of Obstetrics and Gynaecology

"မေဒါရောဂါ"[၁၁] ဟု အမည်တပ်လျက် အိန္ဒိယဆေးပညာ ဂျာနယ်က တရားဝင်အသိအမှတ်ပြု ကြေညာခဲ့သည်။

ဂျပန်ခေတ်အတွင်း ၁၉၄၂ ခုနှစ် နှိုဝင်ဘာလတွင် ဘီ-ဒီ-အေ ဆေးရုံကြီးကို မြည်သူ့ဆေးရုံကြီးအဖြစ် အသွင်ပြောင်းလိုက်သောအခါ ဒေါ်ရင်မေသည် မီးယပ်နှင့် သားဖွားဘက်ဆိုင်ရာ ဆရာဝန်ကြီးအဖြစ်ဆောင်ရွက်သည်။ ထိုအချိန်က ခင်ပွန်းဖြစ်သူ ဆရာဝန်ကြီး ဦးမင်းစိန်မှာ စစ်ပြေးအစိုးရက ခေါ်ဆောင်သွားသဖြင့် အိန္ဒိယပြည်သို့ ရောက်ရှိနေသည်။ ၁၉၄၇ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ သားဖွားနှင့် မီးယပ်ရောဂါ ပါမောက္ခအဖြစ် လည်းကောင်း၊ ဒပ်ဖရင် အမျိုးသမီးဆေးရုံအုပ်အဖြစ် လည်းကောင်း ထမ်းရွက်ပြီးနောက် အနားယူခဲ့သည်။

နောက်ပိုင်းတွင် ဒေါက်တာ ဒေါ်ခင်စီ၊ ဒေါ်တင်စိုး၊ ဒေါ်လှကြည် စသူတို့က အမျိုးသမီးဆေးရုံ၌ဦးဆောင်မှု ပေးခဲ့ကြပြီးနောက် ယနေ့ဆိုလျှင် သားဖွားနှင့် မီးယပ်ပါရဂူဘွဲ့ရသူ အမျိုးသမီးဆရာဝန်များ အများအပြား ပေါ်ထွန်းလာခဲ့ပြီ။

**သိပ္ပံပညာထူးချွန်သူများ**

**ဒေါက်တာရီရီ။** မြန်မာလူမျိုးထဲမှ သိပ္ပံပညာတွင် ထူးချွန်သော အရည်အသွေးကို ပြနိုင်သူ ရှားပါးလှသည်။ ယင်းသို့ ရှားပါးလှသောအရေအတွက်ထဲမှ တဦးတည်းသော ထူးချွန်သူအဖြစ် ပေါ်ပေါက်လာသူမှာ ဒေါ်ရီရီဖြစ်သည်။

ဒေါ်ရီရီသည် ဖျာပုံမြို့မှ အငြိမ်းစား ကျောင်းဆရာ ဦးဘတင်နှင့်ဒေါ်ထွန်းကျင်တို့၏ တေ့ဌသမီးဖြစ်၏။ ရန်ကုန် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ် ရူပဗေဒဌာန၌ လက်ထောက်ကထိက အဖြစ်





ထမ်းဆောင်နေရာမှ အင်္ဂလန်နိုင်ငံသို့ သွားရောက်၍ ပီ၊အိပ်(ချ)ဒီဘွဲ့အတွက် ဆည်းပူးလေ့လာရသည်။ ယင်းသို့ လေ့လာနေသည့်အခိုက် ရူပဗေဒဆိုင်ရာ ဖြစ်ပစ္စည်းအသစ်တခုကို ရှာဖွေဖော်ထုတ်တင်ပြနိုင်ခဲ့သည်။ ရှေးက မည်သူမျှမတွေ့ခဲ့ဘူးသေးသော ယင်းဖြစ်ပစ္စည်းကို အမည်ပေးရာ၌ ရှာဖွေတွေ့ရှိသူကို ဂုဏ်ပြုသောအားဖြင့် "ရီရီဂျင်နင်"[၁၂] ဟု အမည်မှည့်ခေါ် လိုက်သည်။

ယင်းသို့ မြန်မာအမျိုးသမီးတဦး အနေဖြင့် သိပ္ပံနယ်ပယ်တွင် ထွန်းထွန်းပေါက်ပေါက် စွမ်းရည်ပြနိုင်သည်မှာ ချီးကျူးဘွယ်ရာ ဖြစ်ပါပေ၏။ ယခုအခါ တက္ကသိုလ်၌ပင် အမှုထမ်းဆောင်လျက်ရှိသည်။

သိပ္ပံဘာသာရပ်များတွင် ထူးချွန်သူ အမျိုးသမီးများ ရှိပါသေးသည်။ ငှက်တို့အကြောင်းနှင့် စပ်လျဉ်းသည့် သက္ကဗေဒသည် လေ့လာလိုက်စားနိုင်သူ နည်းပါး၍ ယင်းဘာသာဖြင့် ပါရဂူဘွဲ့ရယူနိုင်သူမှာလည်း အလွန်ရှားပါးလှသည်။ ယင်းသို့ ရှားပါးလှသော ပါရဂူဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့သူမှာ ရန်ကုန် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ် ပါဏဗေဒဌာနမှ လက်ထောက်ကထိက ဒေါ်မြမြနု ဖြစ်သည်။

ဒေါက်တာ ဒေါ်မြမြနုသည် ဩစတြေးလျနိုင်ငံ နယူးအင်္ဂလန်တက္ကသိုလ်မှ သက္ကဗေဒပါရဂူဘွဲ့ကို ပထမဆုံး ရယူခဲ့သော အမျိုးသမီးဖြစ်သည်။ မြန်မာနိုင်ငံအဖို့လည်း တဦးတည်းသာ ရှိသေးသော သက္ကဗေဒ ပါရဂူအဖြစ် ဂုဏ်ယူရမည့်သူဖြစ်ပေသည်။ နယူးအင်္ဂလန်တက္ကသိုလ်တွင် ပညာဆည်းပူးနေစဉ်အတွင်း ၁၉၇၄ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၏ မြို့

တော် ကုန်းဘောင်မြို့ကျပြီးသော အမြည်မြည်ဆိုင်ရာ သကုန ဖေတည်လာခဲ့သော တက်ရောက်နိုင်အတွက် ဒေါ်မြမြနုကို ယင်းကျောင်းသို့မှ ရွေးချယ်စေလွှတ်ခြင်း ခံရသည်မှာ မြန်မာအမျိုးသမီးများအတွက် ဂုဏ်ထက်ဘွယ် ဖြစ်ပေသည်။

ရန်ကုန်ဆေးသိပ္ပံ (၁) အကျော်ဝဇေဇုဏ္ဏနှမ ဒေါက်တာ ဒေါ်ခင်ကြည်ကြည်သို့လျှင်လည်း အကျော်ဝဇေဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ပထမဆုံးဆွတ်ခူးနိုင်ခဲ့သော ထူးချွန်သည့် မြန်မာအမျိုးသမီးတဦးဖြစ်သည်။ ယင်းပါရဂူဘွဲ့ကို ဒေါ်ခင်ကြည်ကြည်သည် လန်ဒန်ယူနီဗာစီတီမှ ၁၉၇၀ ပြည့်နှစ်တွင် ရရှိခဲ့သည်။

ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဘူမိဗေဒဌာနမှ ဒေါက်တာ ဒေါ်ယဉ်ယဉ်အေးကမူ အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ဖြင့် ပါရဂူဘွဲ့ကို ဆွတ်လှမ်းခဲ့လေသည်။

ယင်းသို့လျှင် ဝိဇ္ဇာသိပ္ပံပညာရပ်များတွင် ပါရဂူဘွဲ့များကို အရ ယူနိုင်ခဲ့ကြသော အမျိုးသမီးများ၏ အရည်အသွေးကို ထောက်ရှုခြင်းဖြင့် မိန်းမများသည် ယောကျ်ားများ နည်းတူ ဉာဏ်ရည်အားရှိသည်သာဖြစ်ကြောင်းထင်ရှားသိရှိနိုင်ပေသည်။

### အမျိုးသမီးဥပဒေပညာရှင်များ

ကိုလိုနီခေတ်တွင် အမျိုးသမီးများ အတွက် အသက်မွေးဝမ်းကျောင်းပညာရပ်ဟူ၍ မည်မည်ရရမရှိလှ။ ကျောင်းဆရာမအလုပ်နှင့် သူနာပြု ဆရာမ အလုပ်သာ ရှိ၏။ ဆရာဝန်အဖြစ် လက်ချိုးရေတွက်နိုင်လောက်အောင် နည်းပါးလှ၏။ ဥပဒေပညာကိုလိုက်စားသူ အမျိုးသမီးဟူ၍ မရှိသလောက် ရှားပါးသည်။ ဥပဒေပညာဖြင့် အသက်မွေးရာ၌ ရုံးပြင်ကန္နား လူပုံအလယ်တွင် မားမားမတ်မတ် တမက်နှင့် ထက် နှုတ်ရည်



ဉာဏ်ရည်ပြိုင်ရမည့် အလုပ်မျိုးဖြစ်သောကြောင့် အမျိုးသမီးများနှင့်မအပ်စပ် ဟူ၍ ထင်မြင်ယူဆထားကြ၏။

ယင်းသို့သော သဘောထားဝန်းကျင်၌ ဥပဒေပညာကို သင်ယူလိုသော အမျိုးသမီးများ ပေါ်ပေါက်လာသောအခါ အထင်အမြင်သေးလျက် မအပ်မရာ ကြံစည်သည်ဟုပင် ရှုံ့ချကဲ့ရဲ့လိုကြသည်။ သို့သော် ဥပဒေပညာကို ယောကျ်ားများ နည်းတူ လေ့လာသင်ယူ၍ ဉာဏ်စွမ်းပြခဲ့သူ အမျိုးသမီးများ ထွန်းပေါက်ခဲ့သည်သာ ဖြစ်၏။

**ဒေါ်မွှားမို့။** ကိုလိုနီခေတ် ပထမဆုံး အမျိုးသမီး ဝတ်လုံတော်ရအဖြစ် ကျော်ကြားခဲ့သော ဒေါ်မွှားမို့သည် ဦးထွန်းအောင် ဒေါ်သိန်းတို့၏ သမီးအကြီးဆုံးဖြစ်၏။ ၁၉၀၂ ခုနှစ်တွင် ဖွားမြင်သည်။ ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်းအောင်မြင်ပြီးနောက် ၁၉၂၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံရှိ နာမည်ကျော်ဥပဒေသိပ္ပံကျောင်းကြီးမှ ဝတ်လုံတော်ရဘွဲ့ကို ဆည်းပူးရယူခဲ့သည်။

၁၉၂၉ ခုနှစ်တွင် မမွှားမို့အား ဝတ်လုံတော်ရအဖြစ် အသိအမှတ်ပြု ခန့်အပ်လွှာကို ဟိုက်ကုတ် (ယခုဗဟိုတရားရုံး)၌ အခမ်းအနားဖြင့် ကျင်းပပေးအပ်သည်။ တရားဝန်ကြီးချုပ်က မမွှားမို့ကို ပထမဆုံးသောဗြိတိသျှမြန်အမျိုးသမီးဝတ်လုံတော်ရအဖြစ် ချီးကျူးသည်သာမက ဟိုက်ကုတ်တရားရုံး၌ အမှုလိုက်ခွင့်ရသော ပထမဆုံး အမျိုးသမီးဝတ်လုံ ဖြစ်ကြောင်းဖြင့်လည်း ဂုဏ်ယူပြောကြားသည်။

အမှုများကိုလိုက်ပါဆောင်ရွက်ရာတွင် အထူးအဆန်း သဘွယ်ဝိုင်းအံ့ကြည့်ရှုခြင်းခံရသည်။ အချို့သောဝတ်လုံတော်ရ အမျိုးသားကြီးများက သူတို့ကြီးစိုးရာ နယ်ပယ်သို့ ထိုးဖောက်ဝင်

ရောက်လာသော မဖွားမိုကို အစက လိုလားပုံမရသော်လည်း တဖြည်းဖြည်းနှင့် မဖွားမို၏ ဂုဏ်ပြုသိက္ခာ၊ ပညာစွမ်းရည်တို့ကို လေးစားလာပြီးလျှင် လုပ်ဖော် ကိုင်ဖက် တဦးအဖြစ် အသိအမှတ်ပြုလာရတော့၏။

ဒေါ်ဖွားမိုသည် ထိုခေတ်က လူမှုရေးလုပ်ငန်းများတွင်လည်း ဝင်ရောက် အကူအညီပေးခဲ့လေသည်။

**ဒေါ်မမခင်။** ပထမဆုံးသော မြန်မာအမျိုးသမီး တရားရေးဝန်ထမ်းဟု ဆိုရမည့် ဒေါ်မမခင်သည် မြို့အုပ်ဦးစောလှိုင် ဒေါ်ချစ်တို့၏ သမီးဖြစ်သည်။ ၁၉၁၂ ခုနှစ်၌ ဖွားမြင်၍ ၁၉၃၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ(ဝိဇ္ဇာ) ဘွဲ့နှင့် ၁၉၃၆ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့တို့ကို ရရှိခဲ့၏။ မြန်မာနိုင်ငံ တရားရေးဌာန၌ လက်ထောက်အတွင်းဝန်အဖြစ် ၁၉၄၇ ခုနှစ်၌ စတင်ထမ်းဆောင်ရသည်။ ၁၉၄၉ ခုနှစ်တွင် ဒုတိယအတွင်းဝန် အထိ တိုးမြှင့်ခန့်အပ်ခြင်းခံရ၏။ ၁၉၅၀ ခုနှစ်၌ တရားလွှတ်တော်ချုပ် ဒုတိယ အတွင်းဝန် အဖြစ် လည်းကောင်း၊ ၁၉၅၅ ခုနှစ်၌ ထရားခုံချုပ်မှုလက်ထောက်ဌာန၌ ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း ထမ်းရွက်ပြီးနောက် အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားဘဝတွင် ဝတ်လုံအဖြစ်လိုက်ပါဆောင်ရွက်ခဲ့သည်။ လူမှုရေးနိုင်ငံရေးအသင်းအဖွဲ့များ၌ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့သော အမျိုးသမီးတဦးလည်းဖြစ်ပေသည်။

ဖော်ပြခဲ့သော အမျိုးသမီးကြီးများ၏ ရှေ့ဆောင်လမ်းပြခဲ့မှုကြောင့် မြန်မာတိုင်းရင်းသူ အမျိုးသမီးများသည် မျက်စိဖွင့်လင်းလာကြပြီးလျှင် အဆက်တန်းပညာရေးပိုင်း၌ ပညာဆည်းပူး၍ လုပ်ငန်းခွင်အမျိုးမျိုး၌ အမျိုးသားများနှင့် တန်း



တူရည်တူဝင်ရောက်လုပ်ကိုင်လာကြသည်။ အထူးသဖြင့် လွတ်လပ်ရေးရပြီးခေတ်မှစ၍ အမျိုးသမီး အသိပညာရှင် အတတ်ပညာရှင်များ တဖြည်းဖြည်း တိုးတက် များပြားလာပြီးလျှင် ပညာရေးပိုင်းတွင် ကျောင်းဆရာမများ၊ တက္ကသိုလ်ဆရာမများကထိကများလည်း အများအပြားပေါ်ထွက်လာခဲ့သည်။ ဌာနမှူးနှင့် ပါမောက္ခအဆင့်အထိပင် တာဝန်ထမ်းဆောင်နေကြသူ အမျိုးသမီး အရေအတွက်သည်လည်း မနည်းလှချေ။ ဥပဒေ ပညာရှင် အမျိုးသမီးများလည်း များပြားလာ၍ ရုံးအမျိုးမျိုး၊ ဌာနအစုံစုံ၌ အရည်အခြင်းပြည့်ဝစွာဖြင့် အမှုထမ်းနေကြသော အမျိုးသမီးဝန်ထမ်းများ၏ အရေအတွက်သည်လည်း တဖြည်းဖြည်းတိုးတက်များပြားနေလေသည်။ အမျိုးသမီး ဆရာဝန်များလည်း အတော် များများပင် ရှိနေကြ၍ ဆေးပညာ၊ ခွဲစိတ်ပညာများကို သင်ကြားပို့ချနိုင်သူ ဆေးပညာရှင်အမျိုးသမီးကြီးများလည်း တဖြည်းဖြည်း ထွန်းကားနေသည်။ စက်မှုတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရအမျိုးသမီးများလည်း ပေါ်ထွက်ခဲ့၍ စိုက်ပျိုးရေးဘွဲ့ရ အမျိုးသမီးများလည်း ရှိခဲ့ပြီ။ မြန်မာ အမျိုးသမီးများကား အခွင့်အရေးသာ ရခဲ့ပါလျှင် ဉာဏ်စွမ်းဉာဏ်ရည်ခေသူများမဟုတ်။ ထက်ထက်မြက်မြက်ဖြင့် ထွန်းပေါက် အောင်မြင်အောင် စွမ်းဆောင်နိုင်ကြောင်းကို တနှစ်ထက်တနှစ်၊ တခေတ်ထက်တခေတ် တိုးတက်အစွမ်းပြလာနိုင်ကြသည်မှာ အားရဖွယ်ပါပေတကား။

### စာနယ်ဇင်း လောကမှ အကျော်အမော်များ

အမျိုးသမီးများ၏ စာဆိုတတ်သောစွမ်းရည်သည် မြန်မာမင်းများ လက်ထက်ကတည်းကပင် ထင်ရှားခဲ့၏။ ဗြိတိသျှတို့

အုပ်စိုးသောခေတ်၌ အမျိုးသမီးများ စာပေ လိုက်စားမှုကို အားမပေးတော့ချေ။ မိန်းကလေးဆိုလျှင် ကာလပေါ်ဝတ္ထု ဖတ်မိပါက ရာဇဝတ်မှုကျူးလွန်သကဲ့သို့ မှတ်ထင်ယူဆကြသော ခေတ်အတွေးအခေါ်များကြောင့် အမျိုးသမီးနှင့်စာပေသည် ကွာဟလာခဲ့တော့၏။ ယင်းသို့သော ခေတ်အခြေအနေ၌ အမျိုးသမီးအချို့သည် စာနယ်ဇင်းလောကသို့ ရဲဝံ့စွာ လှမ်းဝင်၍ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ စသည်တို့ကို ရေးသားလာကြသည်။ စာနယ်ဇင်း လုပ်ငန်းကို ဦးစီးလုပ်ကိုင်သူ အမျိုးသမီးများပင် ပေါ်ပေါက်လာခဲ့လေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်မူ စာပေလောကတွင် အမျိုးသမီးစာရေးဆရာမများ၏ အရေအတွက် ပို၍များပြားလာခဲ့သည်မှာ ယနေ့ထက်တိုင်အောင်ပင် ဖြစ်သည်။ ကိုယ်ပိုင်ကလောင်ဖြင့် သီးခြား လွတ်လပ်စွာ ရေးသားနေကြသော စာရေးဆရာများရှိသကဲ့သို့ အစိုးရဝန်ထမ်းများအဖြစ် ပြန်ကြားရေးဌာန၊ စာပေဗိမာန်အဖွဲ့၊ စာပေစိစစ်ရေးဌာနနှင့် ပါတီစာနယ်ဇင်းဌာန စသည်တို့၌ စာတည်း၊ စာပြု၊ စာပေစိစစ်ရေးမှူး စသည်ဖြင့် စာပေတာဝန်ထမ်းဆောင်နေကြသူများလည်း ရှိသည်။ ကိုယ်ပိုင် ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိရေး လုပ်ငန်းတို့ကို ဆောင်ရွက် လုပ်ကိုင်နေသူ အမျိုးသမီးများလည်း ရှိသည်။ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်ဆု၊ ရွှေအဆောင်ဆု စသည့် စာပေဆုကြီးများကို ဆွတ်ခူးနိုင်သော အရည်အသွေး ကိုလည်း မြှင့်ကြလေသည်။ အောက်ပါ အမျိုးသမီးတို့ကား စာနယ်ဇင်းလောက၌ ထူးချွန်သူအချို့ ဖြစ်ပေသည်။



**သုံးဆယ်သူမမိ။** ။သုံးဆယ်မြို့နေ ဦးလှတယ်နှင့် ဒေါ်ရွှေယဉ်တို့၏ သမီး၊ ၁၂၂၈ ခုနှစ်တွင် ဖွားမြင်သော မမိသည် ကိုလိုနီခေတ်ဦးကာလက စာပေဖြင့် ထင်ရှားသော အမျိုးသမီး ဖြစ်သည်။

စာပေပါရမီ ပါလာခဲ့သူဖြစ်၍ လေးနှစ်သမီး အရွယ်ကပင် သင်ပုန်းကြီးနှင့် အက္ခရာအစုံကို တလတည်းနှင့် တတ်မြောက်ခဲ့၏။ အင်္ဂလိပ်စာကိုလည်း အသင့်အတင့် လေ့လာသင်ယူခဲ့၏။ မြန်မာစာပေ ပျို့၊ လင်္ကာ၊ ကျမ်းဂန် ဟူသမျှကို နှံ့စပ်စွာ လိုက်စားလေ့လာခဲ့၍ လင်္ကာသီကုံးမှု၌ ကျွမ်းကျင်လေသည်။ ထိုခေတ်အခါက လင်္ကာအဖွဲ့အနွဲ့များ ခေတ်စားဆဲ ဖြစ်ရာ မမိ၏လက်ရာများမှာ ကာရန်နဘေများဖြင့် ရေးဖွဲ့ထားသော "မေတ္တာစာ" အဖွဲ့အနွဲ့မျိုးဖြစ်သည်။ မမိရေးဖွဲ့ခဲ့သော မေတ္တာစာ ပုဒ်ရေ ၁၂ ပုဒ်ခန့်ကို တွေ့ရသည်။ အသက် ၂၂ နှစ် အရွယ်ကောင်းစဉ် ကွယ်လွန်ခဲ့ရာ၊ သက်တမ်းစေ့သာနေရပါမူ မမိ၏ လက်ရာများကို ထို့ထက် ပို၍တွေ့မြင်ဘွယ်ရာရှိ၏။

**သာယာဝတီဒေါ်မွှားရှင်။** ။ကိုလိုနီခေတ်ဦးကာလ၌ သုံးဆယ်သူ မမိ ထင်ရှားသကဲ့သို့ ကိုလိုနီခေတ်လယ်ပိုင်းတွင် သုံးဆယ်သူ မမွှားရှင်သည် သာယာဝတီ မမွှားရှင်ဟူသော အမည်ဖြင့် ထင်ရှားလာ၏။ စာနယ်ဇင်း လောက၌ ပထမဆုံးအမျိုးသမီး သတင်းစာဆရာမဟု ဆိုရမည့် မမွှားရှင်သည် ၁၉၁၉ ခုနှစ်တွင် "သာယာဝတီသတင်းစာ"ကို အယ်ဒီတာအဖြစ် ကိုယ်တိုင်ကြီးမှူး စီစဉ်ထုတ်ဝေသည်။

ဗြိတိသျှအစိုးရ၏အုပ်ချုပ်ရေးညံ့ဖျင်းမှုများကို ဖော်ထုတ်ပြလျက် ပြုပြင်ရန်အချက်များကို သတင်းစာ၌ ရဲရဲပြတ်သား

ရွာ တင်ပြတောင်းဆိုသည်။ ဝံသာနုစိတ်ဓာတ်ရှိသူ ဖြစ်သော မဖွားရှင်သည် ဂျီစီဘီအေ အသင်းကြီး၏ လှုပ်ရှားမှုကို လည်းကောင်း၊ မြန်မာ အမျိုးသားလုံးနှင့် ဆိုင်ရင်းသော သတင်းများကိုသော် လည်းကောင်း ဦးစားပေး ဖော်ပြလေ့ ရှိ၏။

သာယာဝတီဒေါ်ဖွားရှင်သည် အိမ်ထောင်သည် တဦးပင် ဖြစ်လင့်ကစား အိမ်မှုဝတ္တရားများအတွက် အချိန်ပင် မပေး နိုင်ပဲ သတင်းစာလုပ်ငန်းထဲတွင်သာ မိမိအကျိုးမြှုပ်နှံထားခဲ့သူ ဖြစ်သည်။ မိမိတတ်စွမ်းသောပညာဖြင့် တိုင်းပြည်အကျိုးရှိရာ ရှိကြောင်းကို ဆောင်ရွက်သည့်ပြင် အမျိုးသမီးတို့၏ စွမ်း ရည်ကိုလည်း ဖော်ထုတ်ပြသခဲ့သူဖြစ်၏။

**အင်ဒီပင်းဒင့် ဒေါ်စန်း။** ။ဆယ့်ငါးနှစ်တိုင်တိုင် ကိုယ်ပိုင် သတင်းစာတိုက်ကို တည်ထောင်၍ ကိုယ်တိုင်ရေးသားထုတ်ဝေ ခဲ့သော အမျိုးသမီးသတင်းစာ ဆရာမအဖြစ် ဂုဏ်ယူရမည့် သူကား အင်ဒီပင်းဒင့်ဒေါ်စန်း အမည်ခံ ဒေါ်စန်းယုံဖြစ်၏။ ၁၂၅၇ ခုနှစ်တွင် မန္တလေးမြို့၌ အဖ ဦးဖိုးနိုး၊ အမိ ဒေါ်ရွှေတို့မှ ဖွားမြင်ခဲ့သည်။

မျိုးချစ်ဝံသာနုစိတ် ပြင်းထန်သူဖြစ်၍ အချုပ်အချယ်များ လှသော ကိုလိုနီခေတ် ကျောင်းဆရာမဘဝမှ နုတ်ထွက်လျက် စာနယ်ဇင်း လောကသို့ ခြေစုံပစ်ဝင်လာခဲ့၏။ သူရိယမဂ္ဂဇင်း ဝတ္ထုတိုပြိုင်ပွဲ၌ မစန်းယုံ၏ "ခင်စန်းကြည်" ဝတ္ထုသည် ပထမဆု ရခဲ့သဖြင့် ကလောင်အမည်အမျိုးမျိုးဖြင့် စာနယ်ဇင်းများ၌ ဆက်လက်ရေးသားသည်။ ၁၉၂၅ ခုနှစ်တွင် "အင်ဒီပင်းဒင့်



အပတ်စဉ်သတင်းစာကို ဦးစီးထုတ်ဝေသည်။ ထိုအခါမှစ၍ "အင်ဒီပင်းဒင့်မစန်း" ဟု အမည်ကျော်ကြားလာခဲ့သည်။

ဒေါ်စန်းသည် မိမိသတင်းစာမှနေ၍ ကိုလိုနီအစိုးရကို ပြင်းထန်စွာ ထိုးနှက်ခဲ့သည်။ "ဦးကျွဲစီ" ကလောင်အမည်ဖြင့် ဗြိတိသျှအုပ်ချုပ်ရေးကို ပုတ်ခတ်ဝေဖန်သည်။ ထို့ကြောင့် လည်း အစိုးရ၏ မကြာခဏ သတိပေးခြင်းကို ခံရသည်။

ထိုစဉ်က စာနယ်ဇင်း လုပ်ငန်းကို ယောကျ်ားများသာ လုပ်ကိုင်ကြသည်။ ဒေါ်စန်းသည် မိန်းမသားပင်ဖြစ်လင့်ကစား ယောကျ်ားများနှင့် ယှဉ်ပြိုင်၍ စွမ်းရည်ပြလိုသောကြောင့် သတင်းစာတစောင်လုံးတွင် သူတဦးတည်း ဒိုင်ခံရေးသည်က များ၏။ သတင်းစာတိုက် ကြော်ငြာလုပ်ငန်းကိုလည်း သူပင် ဦးစီးဆောင်ရွက်ရ၏။ ၁၉၂၉ - ၃၀ နှစ်များ အတွင်းတွင် သတင်းစာစောင်ရေ တိုးတက်လာသောကြောင့် ညီမများကို အကူအညီ တောင်းရသည်။ ညီမ ဒေါ်စန်းဖုံက "သော်တာ" ဟူသော ကလောင်အမည်ဖြင့်လည်းကောင်း၊ ဒေါ်စန်းရှင်က "ဓနုဝေ့ရည်" အမည်ခံ၍လည်းကောင်း ပါဝင်ရေးသားပေး ကြသည်။

၁၉၃၈ ခုနှစ်တွင်ဖြစ်ပွားသော ကုလား-မြန်မာ အဓိကရုဏ်း၌ သတင်းစာတိုက်ကို ကုလားလူမျိုးတို့ ဖျက်ဆီးလိုက်သဖြင့် သတင်းစာတိုက်၏သက်တမ်း ၁၅ နှစ်ခန့်ဖြင့် ဒေါ်စန်း၏ သတင်းစာလုပ်ငန်းမှာ နိဂုံးချုပ်ခဲ့ရလေတော့၏။

စစ်ပြီးကာလ၌ ယုဝတီဂျာနယ် အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက် "ဒေါ်ကျွဲစီ" အမည်ဖြင့်လည်း ဝင်တိုင် ဆောင်းပါးများ ရေးခဲ့သည်။ အသံလွှင့်ဌာနမှနေ၍ "တွေ့ရာ စိတ်ကူး" အခန်းကဏ္ဍကိုယူ၍ အသံလွှင့်ဟောပြောသည်။

လွတ်လပ်ရေး ကြိုးပမ်းမှုခေတ်အလျှောက်လုံးတွင် ကလောင် ကိုင်၍ တိုက်ပွဲဝင်ခဲ့သည့် ဒေါ်စန်းသည် ၁၉၇၀ ပြည့်နှစ်၌ ကွယ်လွန်ခဲ့လေသည်။

**စာပေမိခင် ဒဂုန်ခင်ခင်လေး။** ။ကိုလိုနီခေတ်တွင် ပထမဆုံး ဝတ္ထုရေးဆရာမအဖြစ် စာပေလောကသို့ ဂုဏ်ပြုနေရာပေးခြင်း ကို ခံယူရသည်သာမက ပထမဆုံး အမျိုးသမီးမဂ္ဂဇင်းကို စီစဉ် ထုတ်ဝေသူလည်း ဖြစ်၏။ သက္ကရာဇ် ၁၂၆၅ ခုနှစ်တွင် မန္တလေး မြို့၌ မြို့အုပ်ဦးမောင်မောင်ကျော်နှင့် ဒေါ်မရွက် ခင်ခင်လတ်ကြီး တို့မှ ဖွားမြင်ခဲ့သည်။ ငယ်စဉ်ကပင် အဘိုးတော်သူ ဝက်မစွတ် မင်းကြီးမင်းသင်မဟာစည်သူကိုယ်တိုင် သင်ကြားပို့ချပေးသော ဗုဒ္ဓကျမ်းဂန်စာပေများ၊ အနုစာပေ ပျို့ လင်္ကာ စသည်တို့နှင့် လက်ပွန်းတတီး ကြီးပြင်းခဲ့ရသူဖြစ်၏။ ထို့ကြောင့် စာပေဗီဇပါ သူ ဒဂုန်ခင်ခင်လေးသည် စာပေ၌ ဝါသနာထုံလာခဲ့တော့၏။

ဒဂုန်ခင်ခင်လေးသည် အမျိုးသမီးနှင့် စာပေကို မအပ်မရာ ကဲ့သို့ သဘောထားသော ထိုခေတ်အခါက အယူအဆများကို တော်လှန်လျက် "ဝတ္ထုရေးသူ"အဖြစ် ရဲဝံ့စွာ ကလောင်ကိုင်၍ စာပေနယ်သို့ ဝင်လာခဲ့ခြင်းဖြစ်၏။

ခရစ် ၁၉၁၇ ခုနှစ်တွင် သူရိယမဂ္ဂဇင်းမှ ကျင်းပသော ဝတ္ထုတိုပြိုင်ပွဲ၌ ဒဂုန်ခင်ခင်လေး၏ ပထမဆုံးလက်ရာ "ချိုချို" ဝတ္ထုသည် ပထမဆုဖြင့် ချီးမြှင့်ခြင်းခံရသည်။ ထိုအခါမှ အစပြု၍ ဝတ္ထုများကို ဆက်လက်ရေးသားလာခဲ့သူ၊ ၁၉၂၀ ပြည့်နှစ်အတွင်း ဒဂုန်မဂ္ဂဇင်း၌ ဝင်ရောက်ရေးသားရာမှ "ဒဂုန် ခင်ခင်လေး" ဟူသောအမည် ရလာခဲ့သည်။ ကလောင်အမည် များများဖြင့်လည်း ဒဂုန်မဂ္ဂဇင်း၌ ပင်တိုင်ရေးသားသည်။



ဝတ္ထုရှည်အပုဒ် ၃၀ ကျော်၊ ဝတ္ထုတို ငါးရာကျော်နှင့် ရုပ်ရှင် ဇာတ်ညွှန်းများကို ရေးသားခဲ့၏။ စာဆိုတော် နန်းတွင်းဝတ္ထု ရှည်နှင့် ဂုဏ်မြင့်သူ၊ ရွှေစုန်ညို စသည်တို့ကား ထင်ရှားသော စာအုပ်အချို့ဖြစ်သည်။

၁၉၂၂ ခုနှစ်တွင် မန္တလေးမြို့မှနေ၍ "ကြည်တော်ဆက်" အမျိုးသမီးမဂ္ဂဇင်းကို ၁၅ ရက်တကြိမ် ကိုယ်တိုင်ဦးစီးထုတ်ဝေ ခဲ့၏။ ပထမဆုံးသော အမျိုးသမီးမဂ္ဂဇင်း ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် လေးလအကြာတွင် မဂ္ဂဇင်း ထုတ်ဝေခြင်းကို ရပ်ဆိုင်းခဲ့ရ၏။

၁၉၄၅ ခုနှစ်တွင် "ယုဝတီဂျာနယ်"ကို အပတ်စဉ် ကိုယ်တိုင် ကြီးမှူးထုတ်ဝေခဲ့သည်။ အယ်ဒီတာအဖွဲ့မှအစ ပါဝင်ရေးသား သူအားလုံး အမျိုးသမီးချည်းသာ ဖြစ်စေခဲ့သည်။ ပန်းချီ ရေးဆွဲခြင်း၊ စာစီနှင့် စာအုပ်ချုပ်၊ စာအုပ်ချုပ် စသည်တို့ ကိုလည်း အမျိုးသမီးများ ကျွမ်းကျင်လာအောင် သင်ကြား ဆောင်ရွက်စေခဲ့သည်။ ယုဝတီဂျာနယ်မှ မွေးထုတ်ပေးခဲ့သော "ယုဝတီဘွဲ့ရ" အမျိုးသမီးစာရေးဆရာမ အများအပြား ပေါ် ထွက်ခဲ့သည်။ အမျိုးသမီးကလောင်ရှင်အဖွဲ့ကိုလည်း ဒဂုန် ခင်ခင်လေးပင် ကြီးမှူးဖွဲ့စည်းပေးခဲ့သည်။

ဒဂုန်ခင်ခင်လေးသည် အမျိုးသမီးတို့ဂုဏ်ကို မြှင့်တင်ပေး လျက်ရှိသော စာပေမိခင်ကြီးအဖြစ် ယနေ့တိုင် ကလောင်ကို ကိုင်လျက်ရှိသေး၏။

**ဒေါ်ခင်မျိုးချစ်။** ။အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် မြန်မာ့ ယဉ်ကျေးမှု အနုပညာတို့ကို ပေါ်ထုတ်လျက်ရှိသော စာရေး ဆရာမကြီး ဖြစ်သည်။ ရာဇဝတ်ဝန်ထောက် ဦးဘော်နှင့်

ဒေါ်သန်းတို့မှ ခရစ် ၁၉၁၅ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်၏။ အဘိုးတော်သူ မန္တလေးမြို့ မြန်မာပညာရှိကြီး ဦးဖေမောင် မြန်မာ့စာပေ၊ မြန်မာ့ယဉ်ကျေးမှု စသည်တို့ကို ဆည်းပူးခဲ့ပြီး စာပေအရေးအသားနှင့် ဝါသနာထုံလာခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်း၌ စတင်ရေးသားခဲ့ရာမှ၊ ၁၉၃၇ ခုနှစ်တွင် တိုးတက်ရေးမဂ္ဂဇင်း၊ ဘားမားဂျာနယ် စသည်တို့၌ အယ်ဒီတာအဖြစ်လည်းကောင်း၊ ပင်တိုင်ဆောင်းပါးရှင်အဖြစ်လည်းကောင်း ကလောင်ဝန်ထမ်းခဲ့သည်။ နဂါးနီတိုက်အတွက်လည်း ဘာသာပြန်စာအုပ်များကို ရေးသားပြန်ဆိုပေးခဲ့သည်။ စစ်မဖြစ်မီက ဒေါ်ခင်မျိုးချစ်၏ "တက္ကသိုလ်ကျောင်းသူ" ဝတ္ထုသည် ထိုခေတ်က လူကြိုက်များသောဝတ္ထုတပုဒ် ဖြစ်ခဲ့သည်။ စာပေဗိမာန်မှ ပုံနှိပ်ထုတ်ဝေခဲ့သော "မိုက်ကယ် ထိန်ကျော်" စာအုပ်သည်လည်း လက်ရာကောင်းစာအုပ် ဖြစ်သည်။ ဒေါ်ခင်မျိုးချစ်သည် အင်္ဂလိပ်ဘာသာဖြင့်လည်း နိုင်နင်းစွာ ရေးသားနိုင်ကြောင်းကို "၁၃ ရတီစိန်ကြီးနှင့် အခြားဝတ္ထုတိုများ"၊ "မြန်မာနိုင်ငံ၏ အရှင်အနေ ဒါရာ" (သော်တာဆွေက "ပုံပြင်သုံးကောင်းများ" ဟု မြန်မာဘာသာ ပြန်ဆိုရေးသားသည်) စာအုပ်တို့က အခိုင်အမာ ထောက်ခံလျက်ရှိသည်။

အရှေ့တောင်အာရှနိုင်ငံများမှ စာရေးဆရာများ ပါဝင်ယှဉ်ပြိုင်ကြသော အင်္ဂလိပ်ဘာသာ ဝတ္ထုတိုပြိုင်ပွဲတွင်လည်း ဒေါ်ခင်မျိုးချစ်၏လက်ရာ ဝတ္ထုတိုတပုဒ်သည် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့၏။ မြန်မာကို ကမ္ဘာကသိအောင် ကလောင်တလက်ဖြင့် တာဝန်ထမ်းဆောင်ရှိသော အင်္ဂလိပ်မြန်မာနှစ်ဘာသာစွယ်စုံ မြန်မာအမျိုးသမီး စာရေးဆရာမအဖြစ် ဒေါ်ခင်မျိုးချစ်ကို ချီးကျူးမှတ်တမ်းတင်ရမည်သာ ဖြစ်ပေသည်။



**လူထု ဒေါ်အမာ။** ။၁၉၁၅ ခုနှစ်၌ မန္တလေးမြို့နေ အဘဦးထင် အမိ ဒေါ်စုတို့မှ ဖွားမြင်ခဲ့သော မအမာသည် စစ်ကြိုခေတ်ကပင် စာရေးဆရာမအဖြစ် နာမည်ရခဲ့သူဖြစ်၏။ ထိုခေတ်က ဆိုင်-စီ-အက်သွဲ့ရ အရေးပိုင်တဦးဖြစ်သော မောရစ်ကောလစ်၏ စာအုပ်များကို ဘာသာပြန်ဆိုရာ အထူးသဖြင့် "ဗမာလာ" စာအုပ်သည် ဘာသာပြန်ဆိုပုံကောင်းလှ၍ အလွန်လူကြိုက်များခဲ့သော စာအုပ်တအုပ်ဖြစ်သည်။

၁၉၄၅ ခုနှစ်တွင် ခင်ပွန်းဖြစ်သူ လူထုဦးလှနှင့်အတူ လက်ညီတက်ညီ တာဝန်ယူလျက် လူထုဂျာနယ်ကိုလည်းကောင်း၊ ၁၉၄၆ ခုနှစ်တွင် လူထုသတင်းစာကိုလည်းကောင်း ပုံနှိပ်ထုတ်ဝေကြရာမှ "လူထုဒေါ်အမာ" ဟူသောအမည် တွင်ခဲ့သည်။

ဒေါ်အမာသည် လူထုသတင်းစာတွင် "လှုပ်ရှားနေသော ကမ္ဘာ့ရေးရာများ" ဟူ၍ ကဏ္ဍတရပ်ဖွင့်လျက် မိမိ၏ နိုင်ငံရေးအမြင်ကို ထက်ထက်မြက်မြက် တင်ပြရေးသားခဲ့သည်။ ခေတ်အဆက်ဆက်က ထင်ရှားခဲ့သော ဇာတ်သဘင်၊ အငြိမ့်၊ ဂီတလောကတို့မှ အနုပညာရှင်များအကြောင်းကို လေ့လာစုဆောင်းလျက် "ပြည်သူချစ်သော အနုပညာသည်များ" ဟူ၍ စာအုပ်ရေးသားထုတ်ဝေခဲ့ရာ ယင်းစာအုပ်သည် ၁၉၆၄ ခုနှစ် စာပေဗိမာန် ယဉ်ကျေးမှုအနုပညာဆိုင်ရာစာပေ ပထမဆုအဖြစ် ချီးမြှင့်ခြင်းခံခဲ့ရ၏။ လူထုဒေါ်အမာ၏ စာပေလက်ရာများတွင် ဘာသာပြန်စာအုပ်များ၊ ခရီးသွားမှတ်တမ်းများနှင့် အနုပညာရှင်များ၏ အတ္ထုပ္ပတ္တိစာအုပ်များ ပါဝင်သည်။ "အောင်ဗလ၊ ဖိုးစိန်၊ စိန်ကဒုံး" ဟူသော မြန်မာ့ဇာတ်သဘင်ဥသျှောင်သုံးဦး၏ အတ္ထုပ္ပတ္တိစာအုပ်ကြီးမှာ ထူးခြားကျော်ကြားလှသည်။

ပုဂ္ဂိုလ်ကျော်ကြီးသုံးဦးတို့၏အကြောင်းကို ဖော်ပြပြီး သရုပ်ဖော် တင်ပြပုံမှာ လက်ရာမြောက်လှပေသည်။

**ဂျာနယ်ကျော် မမလေး။** ။ကိုယ်တိုင် စာရေးဆရာမအဖြစ် စာပေရေးသားနိုင်သည်သာမက စာနယ်ဇင်းထုတ်ဝေရေးလုပ်ငန်းကို ဦးစီးကြီးကြပ်ဆောင်ရွက်သွားနိုင်သူအဖြစ်လည်း ထင်ရှားသည်။ ဘိုကလေးမြို့ ဒေါ်သန်းတင်နှင့် ဦးပုံချို၊ ဒေါ်ကြိုတို့မှ ၁၉၁၇ ခုနှစ်တွင် မွေးဖွားသူ မတင်လှိုင်သည် ရခေ လှိုင်အမည်ဖြင့် ၁၉၃၇ ခုနှစ်တွင် စတင်ကလောင်သွေးသည်။ နောင်အခါ ခင်ပွန်းဖြစ်သူ ဂျာနယ်ကျော်ဦးချစ်မောင် စီစဉ်သော "ဂျာနယ်ကျော်"အမည်ရှိဂျာနယ်တွင် ပါဝင်ရေးသားလျက် ဂျာနယ်ထုတ်ဝေရေးလုပ်ငန်းကို နိုင်နင်းအောင်မြင်စွာ လုပ်ဆောင်ခဲ့၍ "ဂျာနယ်ကျော်မမလေး" ဟူသော အမည်ဖြင့် ကျော်ကြားလာ၏။ စစ်ပြီးခေတ်တွင် ပြည်သူ့ဟစ်တိုင်သတင်းစာတိုက်ကို တည်ထောင် ထုတ်ဝေခဲ့သေးသည်။

ဂျပန်ခေတ်က ရေးသားခဲ့သော "သူမ"၊ "အမွှာ" စသည့် ဝတ္ထုများမှ အစပြုလျက် ထွက်ပေါ်လာခဲ့သော ဒေါ်မမလေး၏ ဝတ္ထုများသည် ယနေ့တိုင် အကြိမ်ကြိမ် ပြန်လည်ပုံနှိပ်ရသည်အထိ ပရိသတ်၏အားပေးမှုကို ခံယူရသည်။ ကျော်ကြားအောင်မြင်သောဝတ္ထုများအနက် "ရှင်နှင့်အောင်မှု" နှင့် "သွေး"တို့လည်း အပါအဝင်ဖြစ်၏။ "မုန်းရွေ့မဟူ" ဝတ္ထုကား ၁၉၅၅ ခုနှစ် စာပေဗိမာန် ဝတ္ထုရှည် ပထမဆုကို ရခဲ့၏။ ဒေါ်မမလေးသည် စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူ ဆောင်ရွက်ခဲ့ရသေးသည်။



**ဒေါ်နုယဉ်။** ။ယနေ့ကဗျာလောက၌ ကျော်ကြားမှုအရှိန် ဆောင်းနေသော အမျိုးသမီးကဗျာဆရာမတဦး ဖြစ်သည်။ ၁၉၃၆ ခုနှစ်တွင် ကွမ်းခြံကုန်းမြို့နယ်၌ ဖခင် ဦးလွန်းပင်၊ မိခင် ဒေါ်မိတို့မှ ဖွားမြင်ခဲ့သည်။ အစ်ကိုတော်သူ မင်းသုဝဏ်ကဲ့သို့ပင် ကဗျာဗီဇပါလာခဲ့သဖြင့် တက္ကသိုလ်ခေတ်စမ်းစာစောင်များ ခေတ်စားစဉ်အခါကပင် ကဗျာများကို ရေးစပ်ခဲ့၏။ ထိုနောက် နှစ်ပေါင်းအတန်ကြာ ကဗျာလောကနှင့် အဆက်ပြတ်နေပြီးမှ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကာလ၌ ဒေါ်နုယဉ်၏ ကဗျာများ တခေတ်ဆန်းလာပြန်သည်။ ဒေါ်နုယဉ် သီကုံးဖွဲ့ဆိုသော ကလေးကဗျာများနှင့် အခြားသော ကဗျာစာအုပ်များသည် စာပေဗိမာန်ဆုနှင့် အမျိုးသားစာပေဆုတို့ကို အကြိမ်ကြိမ် ဆွတ်ခူးရရှိခဲ့လေသည်။ ကဗျာလက်ရာသီကုံးမှု၌ အမျိုးသမီးများသည်လည်း စွမ်းရည်နှင့် ပြည့်ဝကြပါသည် ဟူသော အချက်ကို အခိုင်အမာ ဖော်ပြနိုင်လေသည်။

**ငွေတာရီ။** ။စစ်ပြီးကာလ၌ ကဗျာဆရာမလေးအဖြစ်တဟုန်ထိုး ကျော်ကြားလာသူ ငွေတာရီသည် ဗြိတိသျှဗားမား ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးညွန့်၊ ဒေါ်ချစ်တင်တို့၏ သမီးထွေး ဖြစ်၏။ ၁၉၂၅ ခုနှစ်တွင် ဖွားမြင်သည်။ ဆယ့်ငါးနှစ်သမီး အရွယ်မှစ၍ ကဗျာများကို အစဉ်တစိုက်စပ်ဆိုခဲ့ရာ အသက် ၃၃ အရွယ် ကွယ်လွန်ချိန်တွင် ကဗျာပုဒ်ရေ ၈၀၀ ကျော် ပြုစုထား ရှိနိုင်ခဲ့၏။ ငွေတာရီကွယ်လွန်ပြီးမှ ကဗျာပုဒ်ရေတရာကို ရွေးထုတ်လျက် "ငွေတာရီကဗျာတရာ" ဟူ၍ စာအုပ်အဖြစ် ခင်ပွန်းသည် မင်းယုဝေက ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်သည် ၁၉၆၀ ပြည့်နှစ် စာပေဗိမာန်ကဗျာဆုကို ရရှိခဲ့သည်။ သက်တမ်းစေ့

သာ နေရပါမှ ငွေတာရီ၏ ကဗျာများသည် စာပေလောက ကို တန်ဆာဆင်လျက် ရှိနေဦးမည်သာဖြစ်၏။

## သာသနာ့ဝန်ထမ်းအကျော်အမော်များ

မြန်မာအမျိုးသမီးများသည် လောကီလူ့ကိစ္စရပ်များတွင် သာမက ဗုဒ္ဓဘာသာ သာသနာတော် အဓွန့်ရှည်စွာ တည်တံ့ စည်ပင်စေရန် အတွက်လည်း အပတ်တကုတ် အားထုတ်လုပ် ဆောင်ကြသူများဖြစ်၏။

ရှေးခေတ်မြန်မာနိုင်ငံမှ မျိုးလူမျိုးများသည် မိန်းကလေး ရောယောကျ်ားကရောလုံးပါ အသက်နှစ်ဆယ်အရွယ်ထိ သာသနာ့ ဘောင်၌ နေကြရသည်။ အသက်နှစ်ဆယ် ကျော်လွန်လာ သောအခါ သာသနာ့ဝန်ထမ်း အဖြစ်၌ မပျော်ပိုက်လျှင် လူထွက် လဲနိုင်သည် ဟု သိရသည်။ ပုဂံမြို့၌ အမျိုးသမီး သာသနာ့ဝန်ထမ်းများ ရှိခဲ့ကြောင်းကိုလည်း ကျောက်စာပါ အထောက်အထားများအရ သိနိုင်သည်။ "ပုန်းမြတ်သော အိမ်သီတင်(ဗုဒ္ဓသီတော်)သခင်၊ အိမ်ကြံ့ပင်သင်၊ သင်္ကာဒီ၊ အိမ်အိကြံ့သင်..." စသည့် ရေးသားချက်များကို တွေ့ရ၏။ ရဟန်းအမည်ကို ပါဠိဘာသာဖြင့်သာ မှည့်ခေါ်လေ့ ရှိလျက် အမျိုးသမီး သာသနာ့ဝန်ထမ်းများကိုမူ လူအမည် အတိုင်း (မိန်းမ အမည်ရှေ့၌ အို ဟု ထည့်သွင်း) မှည့်ခေါ်ထား၏။ ယင်းတို့သည် ဘိက္ခုနီမဟုတ်ပဲ ပရိုဗိုင်များ ဖြစ်တန်ရာသည်ဟု ယူဆရသည်။

အင်းဝခေတ်တွင် အမျိုးသမီး သာသနာ့ဝန်ထမ်းများကို "သီတင်းသုံး"ဟူ၍ခေါ်ဝေါ်ကြောင်း၊ ယင်းတို့သည် အဝတ်ဖြူ ဝတ်ဆင်ကြောင်း၊ မိဖုရားများ၊ မင်းသမီးများကို စာပေ



ပရိယတ္တိပို့ချသင်ကြားပေးကြကြောင်း စသည်ဖြင့် သိလာရ သည်။ ကုန်းဘောင်ခေတ်တွင်မူ "သီတင်းသုံး"ဟူ၍[illegible]သာမက "သီလရှင်"၊ "မယ်သီလ"ဟူ၍လည်း ခေါ်ဝေါ်သုံးစွဲလာကြ သည်။ ရှေးအစဉ်အလာအတိုင်းပင် မိဖုရား၊ မင်းသမီး၊ အပျိ တော် စသည်တို့ကို ပညာ သင်ပေးရကြောင်း အထောက် အထားခိုင်လုံစွာ သိရှိရ၏။

မင်းတုန်းမင်းလက်ထက်၌ စစ်ကိုင်းချောင်မှ သီလရှင် ဆရာကင်းနှင့် မင်းကွန်းချောင်နေ သီလရှင်ဆရာ မယ်နုတ်ပေး တို့သည် အလွန်ထင်ရှားခဲ့၏။ ယင်းသီလရှင်ကြီး နှစ်ပါးသည် မဆိုပုရ ကသည်း ပြည်သူများ ဖြစ်သည်ဟု ယူဆရသည်။ ထိုသော် ယော်[illegible]ကလေးဘဝကပင် မြန်မာနိုင်ငံသို့ရောက်ရှိ လာကာ ဆရာတော်ကြီးများထံမှ စာပေ ပရိယတ္တိ ဆည်းပူး ရယူနိုင်ခဲ့ကြရာမှ ထင်ရှားလာခဲ့ခြင်းဖြစ်၏။

ဆရာကင်းကား ဇန်းမော်ဆရာတော်နှင့် အပြိုင်စာချီး တက်ဖြစ်သည်။ ပရိယတ္တိပို့ချသင်ကြားခြင်း၌ အလေးပေး ဆောင်ရွက်ခဲ့၏။ ဆရာမယ်နုတ်ပေးကား ပဋိပတ်တွင် အား သန်သည်။ ကိုယ်တိုင် ကျင့်ကြံအားထုတ်မှု ပို၍များသည်။ ထိုသော် သီလရှင်အများအပြားပင် ဆရာကြီးနှစ်ပါးဝလုံးထံ၌ နည်းနာခံယူခဲ့ကြရသည်သာ ဖြစ်၏။ ယင်းတို့အနက် ပရိယတ် တွင် ထင်ရှားလာကြသူများမှာ သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏ၊ ဒေါ်မှူ၊ ဒေါ်ဝိမလာ၊ ဒေါ်ဂုဏ်၊ ဆရာထပ်ခေါ် ဒေါ်သောဂိတို့ ဖြစ်သည်။

ဒေါ်ဝဏ္ဏသည် မင်းတုန်းမင်းလက်ထက်တွင် တောင်ဆောင် မိဘုရားနှင့် သမီးတော်တို့ကို စာပေပို့ချသင်ကြားပေးရသည်။ အခြားသော မိဖုရားများနှင့်သမီးတော်များကလည်း ဒေါ်ဝဏ္ဏ

ထဲ၌ စာပေသင်ယူကြသည်။ ဆရာတပ်ခေါ် ဒေါ်သောဓိကား အဘိဓမ္မာ၌ အလွန်နိုင်နင်း၏။ သင်္ဂြိုဟ်သရုပ်ခွဲကျမ်းစာစောင်ကို ပြုစုရေးသား၍ ထိုစဉ်က နန်းတွင်း ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့ကြောင်း သိရသည်။ သီပေါမင်း မိဖုရား၏ ဆရာအဖြစ်လည်း ချီးမြှောက်ခြင်းခံရသည်။

ယင်းသီလရှင်ဆရာကြီးများ၏ တပည့် သီလရှင်များသည် စစ်ကိုင်းတောင်ရိုးတလျှောက်နှင့် မင်းကွန်းဘက်တို့တွင် ဓမ္မရိပ်သာကျောင်းများကို တည်ထောင်၍ ပရိယတ္တိစာပေ ပြန့်ပွားရေးကို အစဉ်အဆက်ကြိုးပမ်းပေးခဲ့ကြသည်။ ဗြိတိသျှခေတ်တွင် မင်းကွန်းနှင့် စစ်ကိုင်းတောင်တို့၌ ကျောင်းပေါင်း(၁၆၀)ကျော်မျှ ရှိခဲ့သည်။ သစ်ဆိမ့်ကျောင်း၊ ခေမာသကကျောင်း၊ ဧရိုကျောင်း၊ အရိယဂူကျောင်း၊ ရွှေပင်ကျောင်းတို့ အထူးထင်ရှား၏။ ယင်းကျောင်းများမှ ပထမပြန်(ငယ်၊လတ်၊ကြီး)စာမေးပွဲ အောင်သူများ၊ ဓမ္မာစရိယစာချတန်းအောင်သူများ အများအပြားပေါ်ထွက်ခဲ့သည်။ ခြွေချောင်မှ ဒေါ်ကုမာရီသည် ရခဲလှသော ကျမ်းပြုဆရာဘွဲ့(ဂန္ထကာရက)ကိုပင် ရခဲ့သည်။ ဒေါ်ကုမာရီ ပြုစုသော နိဗ္ဗာနပဝေသနီကျမ်းသည် ၁၂၇၉ ခုနှစ်၌ ပုံနှိပ်ထုတ်ဝေခဲ့ရာ၊ ဝိပဿနာလုပ်ငန်း နည်းမျိုး ပါရှိသည့် အတွက် အကြိမ်ကြိမ်တိုင် ထပ်မံပုံနှိပ်ရသည်အထိ တွင်ကျယ်ခဲ့သည်။ ဒေါ်မေဓာဒီကား ဋီကာကျော်နှင့် အဋ္ဌသာလိနီ အဋ္ဌကထာကို ပတ်သွင်ပေါက် အာဂုံပြန်နိုင်စွမ်းရှိသည်။ အစိုးရစစ် ပထမပြန် (ငယ်၊လတ်၊ကြီး) စာမေးပွဲများကို ပထမဆုံးအောင်မြင်ခဲ့သူလည်းဖြစ်၏၊ ဒေါ်မေဓာဒီကာမှ ကျမ်းကိုးကျမ်းကို တပိုင်တည်း ပြုဆိုအောင်မြင်၍ "သိရောမဏိ"ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့လေသည်။

သီလရှင်စာသင်တိုက်ကြီးများစည်းကားရာ အခြားမြို့ကြီး



များမှာ မုံရွာ၊ပြည်၊ရွှေတောင်၊မော်လမြိုင်၊တွံတေး၊ရန်ကုန်တို့ ဖြစ်၏။ ရန်ကုန်မြို့ ဟံသာဝတီရပ်ကွက်ရှိ ဒေါ်ဉာဏစာရီကျောင်းတိုက်မှာ အကြီးကျယ်ဆုံးနှင့် စနစ်အကျဆုံးဖြစ်သည်။ သီလရှင်ပေါင်း တရာကျော်ရှိသည့် ယင်းကျောင်းတိုက်ကို ကြီးမှူးအုပ်ချုပ်သူ ဆရာကြီးဒေါ်ဉာဏစာရီသည် ဂါထာဖွဲ့ခြင်း၊ ရတုကဗျာသီကုံးခြင်းတို့၌ နိုင်နင်းသည်။ သီလရှင်များကို ပရိယတ္တိကျမ်းဂန်စာပေများ သာမက ခေတ်ပညာ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာတို့ကို သင်ကြားပေးရန် ဆရာမများ ခန့်အပ်ထားရှိသည်။

ယခုသီလရှင်များတွင် ပထမကျော်ဘွဲ့ရသူများ၊ ဓမ္မာစရိယစာချတန်း အောင်မြင်ပြီးသူများ အမြောက်အမြားရှိနေသည်။ ယင်းတို့အနက် ဒေါ်ဝိစ္စေသီဆိုလျှင် ပထမကျော်၊ ဓမ္မာစရိယဘွဲ့များအပြင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုပါ ၁၉၆၀ ပြည့်နှစ်က ရယူနိုင်ခဲ့သည်။ စာသင်သားသီလရှင်များကို ပို့ချသော အဘိဓမ္မာကျမ်းကို လွယ်ကူအောင်စီစဉ်၍ "သရုပ်ပြသင်္ဂြိုဟ်"ဟူ၍ ကျမ်းစာတအုပ်ရေးသားလျက် ၁၉၆၇ ခုနှစ်တွင် ထုတ်ဝေခဲ့သူ ဖြစ်လေသည်။

ယင်းသို့ ဗုဒ္ဓတရားတော်မြတ်ကို စည်ပင်ပွားများအောင် အားထုတ်၍ လောကုတ္တရာကို ရှေးရှုလျက်ရှိသော သီလရှင်များ ရှိသကဲ့သို့ ဒိုကိုးရာမဲ့ အမျိုးသမီးငယ်များကို စောင့်ရှောက် ကျွေးမွေးစာသင်ပေးရန်အတွက် စိတ်အားသန်သူများလည်း ပေါ်ထွက်ခဲ့၏။ ၁၉၅၁ ခုနှစ်၌ မြိတ်မြို့တွင် လည်းကောင်း၊ ၁၉၅၅ ခုနှစ်၌ တောင်ငူတွင် လည်းကောင်း၊ ၁၉၆၃ ခုနှစ်၌ မန္တလေးတွင်လည်းကောင်း ဗုဒ္ဓဘာသာမိဘမဲ့မိန်းကလေးများ ဂေဟာတို့ကို တည်ထောင်လျက် စာပေသင်ကြားပေးနေသော

သီလရှင်များရှိလေသည်။ နယ်ခြားသာသနာပြုရန် အရေးကိစ္စတွင်လည်း ပါဝင်ဆောင်ရွက်ပေးရန် နှောင့်နှေးခြင်း မရှိချေ။ ၁၉၆၄ ခုနှစ်၌ မြိတ်မြို့မှ ဆရာလေး မမွှာရှိသည် ကချင်ပြည်နယ် ပူတာအိုမြို့ရှိ တရားရိပ်သာ၌ ဝိပဿနာကျင့်စဉ်များကို ညွှန်ပြနည်းပေးလျက် တဖက်တွင်လည်း သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသူ ကျောင်းသားကလေးများကို သင်္ချာ၊ မြန်မာ၊ အင်္ဂလိပ်စာများ သင်ကြားပေးသည်။

ရန်ကုန်မြို့ရှိကမ္ဘာအေးအရုံးလုပ် အောင်မြင်ပြီးသော မာလာရာမစာသင်တိုက်မှ ပထမကျော်၊ ဓမ္မာစရိယဘွဲ့ရပြီးသူ ဒေါ်ရွှေမာလာသည် သာသနာတော် ပြန့်ပွားရေးကို ရည်သန်လျက် နီပေါပြည်သူ သီလရှင်ညီအစ်မကို သုံးနှစ်တိုင်တိုင် ပရိယတ်စာပေပို့ချသင်ကြားပေးခဲ့ရာ၊ ယင်းသီလရှင်နှစ်ပါးသည် ယခုအခါ နီပေါနိုင်ငံ လလိတပူမြို့၌ မိဘမဲ့ သာသနာပြုကျောင်း တကျောင်းကို ဖွင့်လှစ်ကာ သာသနာ့ အကျိုးစီးပွားကို ဆောင်ရွက်နေကြပြီဖြစ်၏။

ဤသို့လျှင် အမျိုးသမီးများသည် သီလရှင်အဖြစ်ဖြင့် ပရိယတ္တိ ပဋိပတ္တိတို့၌ ရဟန်းတော်များကဲ့သို့ပင် ထွန်းထွန်းတောက် အားထုတ်ကျင့်ကြံလျက်၊ ဉာဏ်ရည်တိုးတက် အောင်မြင်ခဲ့ကြောင်းကို တွေ့ရသည်မှာ နှစ်သောင်း အားရဖွယ် ဖြစ်ပါပေသည်။

## စီးပွားရေးနယ်မှ ထူးချွန်သူများ

သာသနာရေးဘာသာရေး၌ ထက်ထက်မြက်မြက်ဖြင့် စွမ်းဆောင်နိုင်သော မြန်မာအမျိုးသမီးများရှိသကဲ့သို့ စီးပွားရေးနယ်တွင်လည်း အစွမ်းထက်သူ မြန်မာအမျိုးသမီးများ ပေါ်



ပေါက်ခဲ့သည်။ စီးပွားရေးနယ်ပယ်၌ အမျိုးသမီးတို့သည် ဦးဆောင်မှုပေးနိုင်ခြင်း၊ စီမံခန့်ခွဲနိုင်ခြင်း၊ စီးပွားရေးအမြင်ရှိခြင်း စသည့် အရည်အသွေးများဖြင့် အောင်မြင်မှုကို ရယူခဲ့ကြသော အစဉ်အလာရှိခဲ့သည်။

ဝင်စစ်ဆိုရလျှင် မြန်မာနိုင်ငံတွင် ကုန်ရောင်းကုန်ဝယ် လုပ်ငန်းသည် အမျိုးသမီးများ ကြီးစိုးရာနယ်ပယ်သာ ဖြစ်၏။ မိန်းကလေးများသည် ဆယ်ကျော်သက်အရွယ်မှစ၍ မိခင်နှင့်အတူ ရောင်းရေးဝယ်တာ၌ ကူညီလုပ်ကိုင်ရင်း အရောင်းအဝယ်သဘောကို တတ်သိကျွမ်းကျင်လာခဲ့ရ၏။ အရွယ်ရောက်သည့်အခါ၌ မိခင်၏လုပ်ငန်းကို လွှဲပြောင်းယူ၍ ဦးစီးလုပ်ကိုင်ကြရသည်။ ထို့ကြောင့်လည်း လုပ်ငန်းခွင်၌ ကျင်လည်ပါးနပ်လာကြခြင်းဖြစ်သည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံကိုသိမ်းယူစဉ်အခါက ဈေးဆိုင်ကြီးများတွင် သွက်လက်ချက်ချာစွာ ဦးဆောင်၍ ရောင်းဝယ်ဖောက်ကားနေကြသော မြန်မာအမျိုးသမီးများကို တအံ့တသြဖြစ်ခဲ့ကြသည်။ မြန်မာအကြောင်း စာတအုပ် ပေတဖွဲ့ ရေးခဲ့ကြရာ၌ အမျိုးသမီးတို့၏ စီးပွားရေးရှာဖွေနိုင်စွမ်းရှိပုံကို ချီးကျူးမှတ်တမ်းတင်ခဲ့ကြသည်သာဖြစ်၏။

ခေတ်အဆက်ဆက်တွင် စီးပွားရေးလောကကို ဦးဆောင်ခဲ့သော အမျိုးသမီးများ ပေါ်ထွက်ခဲ့သည်။ နောင်အခါတွင် စီးပွားရေးလုပ်ငန်းကြီးများ၌ ယောကျ်ားများနှင့် ယှဉ်ပြိုင်၍ အကြိတ်အနယ် ရောင်းဝယ် ဖောက်ကားနိုင်သူများကိုလည်း တွေ့ရပေသည်။ ယခုခေတ်ပြိုင်အမျိုးသမီးများကား စီးပွားရေးတွင် ထူးထူးခြားခြား ကျွမ်းကျင်လိမ္မာသူများ ဖြစ်ကြပေသည်။

**ဒေါ်ငြိမ်းတင်။** ။မြန်မာတနိုင်ငံလုံးကို ဗြိတိသျှတို့ သိမ်းယူသည့်နှစ်(၁၈၈၆ ခုနှစ်)တွင် လူ့လောကသို့ ရောက်ရှိလာသည်ဟု ဖခင်ဦးနေဝင်းက ပြောမှတ်ပြုခဲ့သော ဒေါ်ငြိမ်းတင်သည် ကိုလိုနီခေတ်အခါက ကုန်သည်လောကတွင် ထင်ရှားသူတဦး ဖြစ်လာသည်။ စက္ကူရောင်းဝယ်ရေးလုပ်ငန်း၌ ဒေါ်ငြိမ်းတင်၊ ဒေါ်အုန်းတင် ညီအစ်မ၏အမည်ကို မသိသူ အလွန်ရှားသည်။

ထိုစဉ်က နိုင်ငံခြားနှင့်ဆက်သွယ်လုပ်ကိုင်ရသော ကုန်သွယ်ရေးလုပ်ငန်းကို ဗြိတိသျှတို့က လက်ဝါးကြီးအုပ်ထားသဲ ဖြစ်၏။ နိုင်ငံခြားမှ အလိုရှိသော ကုန်ပစ္စည်းတို့ကို ရန်ကုန်မြို့ရှိ နိုင်ငံခြားသားပိုင် ကုမ္ပဏီကြီးများမှတဆင့် မှာယူရသည်။ ယင်းသို့ တဆင့်ခံထား၍ မှာယူတင်သွင်း ရောင်းဝယ်ရသည့်လုပ်ငန်းကိုပင် တရုတ်၊ ကုလားသူများနှင့် ယှဉ်ပြိုင်၍ လုပ်ကိုင်ကြရသည်။ ငွေပင်ငွေရင်းအမြောက်အမြားနှင့် စီးပွားရေးအကွက်အကွင်းကိုမြင်တတ်သော လူမျိုးခြားတို့နှင့် အပြိုင်အဆိုင် ရောင်းဝယ်ရသည်မှာ လွယ်ကူလှသည်မဟုတ်ချေ။

ဒေါ်ငြိမ်းတင်သည် သတင်းစာရိုက်ရန် စက္ကူထုပ်များနှင့် ပန်းစက္ကူများကို မှာယူတင်သွင်းရောင်းချသည်။ ပဥ္စရူပတံဆိပ်နှင့် ကုလားမခေါင်းတံဆိပ်ပန်းစက္ကူလိပ်များသည် ဒေါ်ငြိမ်းတင်ကုမ္ပဏီမှ တင်သွင်းရောင်းချခဲ့သဖြင့် လူသိများလှသည်။ ဒေါ်ငြိမ်းတင်သည် ပြိုင်ဘက် ကုန်သည်ကြီးများ၏ ကုန်သွယ်ရေး လျှို့ဝှက်ချက်များကို စုံစမ်း၍ ကုန်ပစ္စည်းသိုလှောင်ခြင်း၊ ဈေးကစားခြင်း စသည်တို့ကိုလည်း ကျင်လည်တတ်မြောက်လာသည်။ နိုင်ငံခြားသား ကုန်သည်တို့ကပင် အံ့သြလောက်အောင် ကုန်သွယ်မှု၌ ကျွမ်းကျင် လိမ္မာလှသူ တဦးဖြစ်ခဲ့၏။



**ဒေါ်သက်မေ။** ။ဒုတိယကမ္ဘာစစ်မတိုင်မီက ရန်ကုန်မြို့တွင် ကျင်းပလေ့ရှိသောဧည့်ခံပွဲများ၌ "ဒေါ်သက်မေနှင့်သားများ" ဟူသောအမည်ကို လူသိများသည်။ အလှူအတန်း၊ မင်္ဂလာဆောင်၊ စည်းဝေးပွဲ စသည့်အခမ်းအနားများ၌ အသုံးပြုရန် ကုလားထိုင်၊ စားပွဲ စသည်တို့ကို အငှားထားဖြင့် ငှားရမ်းရရှိနိုင်သောလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်ခဲ့သူမှာဒေါ်သက်မေ ဖြစ်သည်။

ဒေါ်သက်မေသည် ကျိုက်လတ်မြို့ဇာတိဖြစ်၍ ခရစ် ၁၈၉၅ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ဦးထွန်းငံနှင့် ဒေါ်မိုနိတို့၏ သမီးဖြစ်၏။ ၁၉၃၀ ခုနှစ်ခန့်၌အားကိုးအားထားပြုခဲ့ရသော ခင်ပွန်းဖြစ်သူသည် ရုတ်တရက်မျက်စိကွယ်ခဲ့ရသည်တွင် လူမမည် သားသမီးများကို လူလားမြောက်အောင် ကျွေးမွေး ပျိုးထောင်ရမည့်တာဝန်မှာ ဒေါ်သက်မေအပေါ်၌ လုံးလုံးလျားလျားကျရောက်ခဲ့လေ၏။

ဤတွင် ခင်ပွန်းဖြစ်သူ၏ အကြံပေးချက်ကို ရယူလျက် ပစ္စည်းငှားရမ်းသောလုပ်ငန်းကို စတင်ဦးဆောင် လုပ်ကိုင်ခဲ့သည်။ ထိုစဉ်အခါက ယင်းလုပ်ငန်းမျိုးကို ဂျူးလူမျိုးတဦးက လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံခြားသားနှင့် အပြိုင်လုပ်ကိုင်ခဲ့ရ စီမံနိုင်ခဲ့မှုကောင်းသဖြင့် သာရေးနာရေးများတွင် ဒေါ်သက်မေ၏ ကုလားထိုင်စားပွဲများကို ငှားရမ်းသုံးစွဲမှုသည် ခေတ်စားလာခဲ့လေသည်။

စစ်အတွင်း၌ လုပ်ငန်းအရှိန်ပြတ်သွားပြီးနောက် စစ်ပြီးကာလ၌ ပြန်လည်လုပ်ကိုင်ရာတွင် ကုလားထိုင် စားပွဲသာမက ပန်းကန်ခွက်ယောက်၊ ကော်ဇောများကိုပါ ငှားရမ်းနိုင်သည့်အဆင့်အထိ တိုးချဲ့လာခဲ့၏။ အပြိုင်အဆိုင်လုပ်ငန်းရှင်များ

ပေါ်ပေါက်လာသော်လည်း နှိုက နအမည်ရခဲ့ပြီးဖြစ်သဖြင့် အရှိန်မပျက်လှပဲ ဒေါ်သက်မ ကွယ်လွန်သွားပြီးသည့် နောက် မှာပင် သားများက ဆက်လက်လုပ်ကိုင်နေကြဆဲ ဖြစ်သည်။

လုပ်ငန်းတခုကို ကြီးပွားတိုးတက်အောင် စီမံခန့်ခွဲလုပ် ဆောင်နိုင်သည့် အရည်အချင်းရှိသူအဖြစ် ဒေါ်သက်မကို အသိအမှတ်ပြုရပေလိမ့်မည်။

**ဒေါ်မြသက် (မသက်ဘုရားသား)**။ ။ကိုလိုနီခေတ်က ပျို့မေ တိုင်း၏ ဆံကေသာ၌ လှပတင့်တယ်စွာ ဝေ့ရှုတက်သော ကတ္တီပါပန်း၊ ဇောင်ကန်ဒီပန်းနှင့် ကျွဲပန်းများသည် "မသက် ဘုရားသား"မှ ပြုလုပ်ရောင်းချခြင်းဖြစ်သည်။ မင်္ဂလာဆောင် ပွဲတိုင်း၊ အလှူအတန်းများ၌ "မသက် ဘုရားသား"မှ ပန်းကို သာ တင်[illegible]အသုံး[illegible]ကြသည်။ "မသက်" လုပ် ပန်းကို ပန်းမှ [illegible] ကြသည်။

ထိုသို့ အမျိုးသမီးများ မက်မောခုံမင်စွာ ပန်ဆင်ကြ သည့် ပန်းများကို ဖန်တီးပြုလုပ်ခဲ့သူမှာ ဒေါ်မြသက်ပင်တည်း။ ၁၉၁၃ ခုနှစ်တွင် အဖ ဦးမြင့်နှင့် အမိ ဒေါ်ခင်တို့မှ ရန်ကုန် မြို့၌ ဖွားမြင်ခဲ့သော ဒေါ်မြသက်သည် ၁၆ နှစ် သမီးအရွယ်က ပင် စက္ကူပန်းကလေးများကို ကျင်လည်စွာ လုပ်နိုင်ခဲ့သည်။ ဂုဏ်(၁)ရှက်ပတ် ကျွန်းစည်းကျောင်းသူတဦးဖြစ်ခဲ့၍လည်း နိုင်ငံ ခြားစာအုပ်မှ ပန်းလုပ်နည်းတို့ကို ဖတ်ရှုလေ့လာနိုင်ခဲ့သည်။

၁၉၃၂ ခုနှစ်ခန့်တွင် ညီမဖြစ်သူ ဒေါ်ညွန့်မေ (ယခု ဗိုလ် မှူးကြီးဟောင်း ဘောင်သိန်းဇနီး)နှင့် တွဲဖက်၍ မိမိတို့၏ လက်ရာ ပန်းကလေးများကို ၃၂ လမ်း၌ ဆိုင်တည်၍ ရောင်းချ ခဲ့သည်။ ညီအမနှစ်ဦး၏အမည်ကို အတူးဆွတ်ယူ၍ "မသက်



ဘုရားသား"ဟု ဆိုင်အမည်ပေးခဲ့သည်။ လက်ရာမြောက်လှ သော ပန်းကလေးများမှာ လူကြိုက်များလာသဖြင့် ဆိုင်ကို ဘားလမ်း(ယခုတည်နေရာ)သို့ ရွှေ့ပြောင်း၍ တိုးချဲ့လုပ်ကိုင် ခဲ့၏။ ထိုစဉ်က ဂျူဗလီဟော၌ပြုလုပ်သော ပန်းအလှပြိုင်ပွဲ တို့တွင် မသက်ဘုရားသားမှ ပါဝင်ယှဉ်ပြိုင်ရာ ပန်းအစစ်နှင့် မခြား လှပသေသပ်လှသော သစ်ခွပန်းရုံ၊ ခွာညိုပန်းရုံတို့ကို လူတိုင်းက ချီးကျူးအံ့သြရသည်။ ဘုရင်ခံကိုယ်တိုင် လာရောက် ကြည့်ရှု၍ ရွှေတံဆိပ်ဆု ချီးမြှင့်ခဲ့သည်။ ၁၉၃၅ ခုနှစ်မှစ၍ နှစ်စဉ်လိုလိုပင် ပန်းအလှပြိုင်ပွဲ၌ "မသက်ဘုရားသား"ကသာ ပထမဆုကို ဆွတ်ခူးနိုင်မြဲဖြစ်သည်။ ဘောလမ်းရုပ်ရှင်မှ ရုပ်ရှင် ကားများတွင် ပန်းဥယျာဉ် ဆက်တင်အခန်းအနားများကို "မသက်"မှပင် အဆင်အပြင် တာဝန်ယူပေးခဲ့သည်။

မသက်ဘုရားသားမှ ပန်းလုပ်ငန်းကို တွင်ကျယ်စွာ လုပ် ဆောင်လာနိုင်ခဲ့သည်တွင် ခြေလှမ်းတလှမ်းတိုး၍ အလှကုန် ပစ္စည်းများကို ဖော်စပ်ထုတ်လုပ်ပြန်သည်။ "ဆင်းသိဂီ" မျက်နှာ ချေနှင့် ပေါင်ဒါ၊ ရေမွှေး၊ အလှရည်၊ ခေါင်းလိမ်းဆီ၊ ကော့ ဇမက်တစ်အခဲ စသည်တို့သည် နိုင်ငံခြားဖြစ် ကိုတီ၊ ပွန်ပီယာ စသည့် အလှကုန်များအကြားမှ ထိုးဖောက် ကျော်ကြားလာ သည်။ ဂျပန်ခေတ်၌ "ဆင်းသိဂီ"ကိုသာ လုံးဝအားထားကြ ရတော့သည်။

ဤသို့ တတ်မြောက်သော လက်မှုပညာလုပ်ငန်းဖြင့် မြန်မာ နိုင်ငံ[illegible]နှုန်းသို့ ဖြန့်ဖြူးရောင်းချနိုင်သည်အထိ ကြိုးပမ်းတက် လှမ်းခဲ့သော ဒေါ်မြသက်တို့ညီအစ်မကား စီးပွားရေးနယ်ပယ် တွင် ဂုဏ်ယူဖွယ် အမျိုးသမီးများပေတည်း။

**ဒေါ်ငွေတင်။** ။ဂျပန်ခေတ်မှစ၍ စက္ကူနှင့် စာရေးကိရိယာ ရောင်းဝယ်ရေး လုပ်ငန်းတွင် နာမည် ထင်ရှားလာသူမှာ ဒေါ်ငွေတင် ဖြစ်သည်။ ၁၂၇၇ ခုနှစ်၌ မွေးဖွား၍ ဖခင်ဖြစ်သူမှာ ဦးအောင်ရ ဖြစ်၏။ ၁၆ နှစ်သမီးအရွယ်ကပင် အဒေါ်ဖြစ်သူ စက္ကူကုန်သည်ကြီး ဒေါ်ငြိမ်းတင်၏ဆိုင်၌ လုပ်ငန်းသင်ခဲ့ရသည်။ အဒေါ်၏ လုပ်ရည်ကိုင်ရည်ကို နည်းနာခံယူခဲ့ရသော ဒေါ်ငွေတင်သည် ဂျပန်ခေတ်၌ မိမိကိုယ်တိုင်ဦးစီးသော စက္ကူဆိုင်ကို တည်ထောင်နိုင်ခဲ့၏။

စစ်ပြီးခေတ် ၁၉၄၆ ခုနှစ်မှစ၍ "ငွေတင်နှင့်ကုမ္ပဏီ" ဟူသော အမည်ဖြင့် စက္ကူနှင့်စာရေးကိရိယာလုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်ခဲ့သည်။ နိုင်ငံခြားပစ္စည်းများကို လူမျိုးခြားကုန်သည်ကြီးများက ကြီးစိုးချုပ်ကိုင်နေသော ခေတ်ကာလ၌ မှာယူခွင့်လိုင်စင်ကိုယူ၍ ပစ္စည်းများကို သိုလှောင် ဈေးကစားခဲ့ရာတွင် လူမျိုးခြားကုန်သည်တို့ အကြပ်ရိုက်ခဲ့ရလေသည်။

မြန်မာကုန်သည်တို့ လွတ်လပ်စွာ မှာယူတင်သွင်းခွင့်ရသော အခါတွင် ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ ကိုယ်တိုင် သွားရောက်၍ ပုံနှိပ်မင်နှင့် စက္ကူစက်တည်ဆောက်ရန် ကြံစည်ခဲ့သေးသည်။ ထိုအစီအစဉ်မဖြစ်မြောက်ခဲ့သော်လည်း ကျောင်းသုံးပလာစတစ်ဖြန့်ချိရေးလုပ်ငန်းအတွက် စီစဉ်နိုင်ခဲ့သည်။ ခဲတံ၊ ချုပ်ကော်၊ လိုင်းတုတ်များကို ဝယ်ယူခဲ့ပြီးနောက် ကိုယ်တိုင်စီစဉ်ဖြန့်ဖြူးသည်။ "သုံးသုံးလုံး" အမှတ်တံဆိပ်ပါသော ပလာစတစ်များသည် လူမျိုးခြားကုန်သည်တို့ ထုတ်လုပ်သော "ဗန္ဓုလ" တံဆိပ်နှင့် "မေနတ်သား" တံဆိပ်တို့ထက် ပိုမို၍ လူသုံးများလာခဲ့သည်။ မြန်မာနိုင်ငံမြောက်ပိုင်းများမှ



သည် တောင်ပက်စ်ရှန်းအထိ တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချရသောကြောင့် အမ်၊ အီး၊ ဒါဒါတို့ အမည်ရှိ ကုလားကုမ္ပဏီတခုက "သုံးသုံးလုံး" တံဆိပ်အတိုင်းပင် တုပထုတ်လုပ်သည်ကို တွေ့ရှိရသဖြင့် တရားဖြစ်ကြရာတွင် ဒေါ်ငွေတင်ဘက်မှ အနိုင်ရခဲ့သည်။

ဒေါ်ငွေတင်ကုမ္ပဏီအတွက် ကြက်တူရွေးတံဆိပ် ပန်းစက္ကူကို နိုင်ငံခြားကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ဖြူးခွင့်ရအောင်လည်း တရုတ်ကုလား ကုန်သည်ကြီးများနှင့် အတိုက်အခံ ယှဉ်ပြိုင်ကြိုးစားခဲ့ရသည်။

အိုဂျီအယ်(လ)လိုင်စင် ရသောအခါ၌လည်း သတင်းစာတိုက်များအတွက် စက္ကူထုပ်များ မှာယူတင်သွင်းခဲ့သည်။ မဂ္ဂိုင်၊ ဗမာ့ခေတ်၊ ထွန်းနေ့စဉ်၊ ဟံသာဝတီ စသော သတင်းစာတိုက် အတော်များများသည် ဒေါ်ငွေတင်၏ကုမ္ပဏီမှ မှာယူပေးသော စက္ကူထုပ်များကို သုံးခဲ့ကြသည်။

ဤသို့လျှင် ရှိုင်ရယ်စတေ့ရှင်နာရီ၊ ဗန္ဓုလစတေ့ရှင်နာရီ စသည့် လူမျိုးခြားကုမ္ပဏီများနှင့် ယှဉ်ပြိုင်၍ စီးပွားရေး လုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ခဲ့သော ဒေါ်ငွေတင်သည် လုပ်ရည်ကိုင်ရည်ပြည့်ဝသော အမျိုးသမီးတဦး အဖြစ် မှတ်တမ်းတင်ထိုက်လှပေသည်။

**ပင်လုံ ဒေါ်နုယဉ်နှင့် ဒေါ်ကြည်ကြည်။** ။လွတ်လပ်ရေး ရပြီးခေတ်တွင် ထုတ်ကုန်လုပ်ငန်းနှင့်တကွ စီးပွားရေးလုပ်ငန်း များကို ထက်ထက်မြက်မြက် ဦးဆောင်လုပ်ကိုင်ခဲ့သော အမျိုး

သမီးများအဖြစ် ကျော်ကြားလာသူတို့မှာ ပင်လုံဒေါ်နုယဉ်နှင့် ဒေါ်ကြည်ကြည်တို့ ဖြစ်ပေသည်။

ဒေါ်နုယဉ်ကို အဘ ဦးထွန်း၊ အမိ ဒေါ်ကြင်အိမ်တို့မှ သက္ကရာဇ် ၁၂၇၆ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ မိခင်ကြီးကား ဝံသာနုခေတ်က ဒါနသုခအသင်းကိုဦးစီးခဲ့သော အမျိုးသမီးကြီးပင်ဖြစ်သည်။ ဒေါ်နုယဉ် ၁၄ နှစ်သမီးအရွယ်ကပင် မိခင်၏ ရောင်းဝယ်ရေးလုပ်ငန်းများကို ကူညီရင်း ပွဲရုံကို ဦးစီးနိုင်ခဲ့သည့် အခြေအနေသို့ ရောက်ခဲ့သည်။

ခရစ် ၁၉၃၃ ခုနှစ်တွင် ယောက်မဖြစ်သူ ဒေါ်ကြည်ကြည်နှင့် ပူးတွဲ၍ "ပင်လုံပွဲရုံ"ကို တည်ထောင်သည်။ ဒေါ်ကြည်ကြည်သည် မင်းလှမြို့မှ ဦးချုပ်၊ ဒေါ်အေးရင်တို့ သမီးဖြစ်၍ ဒေါ်နုယဉ်ထက် အသက်ငါးနှစ်ငယ်သည်။ သမီးယောက်မဦးဆောင်သော "ပင်လုံပွဲရုံ"မှ ရှမ်းပြည်ထွက်ကုန်များဖြစ်သော သနပ်ဖက်၊ လက်ဖက်ရိုး၊ လက်ဖက်ခြောက် စသည်တို့ကို ပေါက်ကားရောင်းဝယ်ရာမှ "ပင်လုံဒေါ်နုယဉ်-ဒေါ်ကြည်ကြည်" ဟူသော အမည်သည် စီးပွားရေးနယ်တွင် ထင်ရှားစပြုလာ၏။

ထိုအခါက နိုင်ငံခြားသို့ ထွက်ကုန်တင်ပို့ရောင်းချရေးတွင် အရင်းရှင်နိုင်ငံခြားသားကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ်ထားဆဲဖြစ်၏။ ဒေါ်နုယဉ်နှင့် ဒေါ်ကြည်ကြည်တို့သည် အရင်းရှင် ကုမ္ပဏီကြီးများနှင့် ယှဉ်ပြိုင်၍ ထွက်ကုန်လုပ်ငန်းကို လုပ်နိုင်ခွင့် ရရှိရေးအတွက် ကြိုးပမ်းကြသည်။ နကာရပ (နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းချရေးအဖွဲ့)မှ ပဲများကို ဈေးပိုပေး၍ ဝယ်ယူတင်ပို့ခဲ့သည်။ ထိုအခါမှစ၍ "ပင်လုံရောင်းဝယ်ရေးကုမ္ပဏီ"၏ လုပ်ရည်ကိုင်ရည်ကို သိလာသော ဖဆပလအစိုးရသည် ၁၉၅၀ ပြည့်နှစ်မှစပြီး ထွက်ကုန်လုပ်ငန်းများကို တွင်တွင်



ကျယ်ကျယ်လုပ်နိုင်ခွင့်ပေးခဲ့သည်။ ဂျပန်၊ စင်္ကာပူ၊ မလေးရှား၊ အင်္ဂလန်၊ အိန္ဒိယ၊ သီဟို နိုင်ငံတို့သို့ ဆန်၊ ဝါ၊ ပဲမျိုးစုံ၊ ပဲဖတ်၊ အာလူး စသည်တို့ကို တင်ပို့ရောင်းချရသည်။

ထိုအခါ နိုင်ငံခြားသား အရင်းရှင်ကုမ္ပဏီကြီးများဖြစ်သော စတီးဘရားသား၊ အင်္ဂလိုဘားမားကုမ္ပဏီ၊ လူးဝစ်ဒရေးဖတ် အင် ကုမ္ပဏီ[၁] စသည်တို့က နည်းမျိုးစုံဖြင့် ဝိုင်းနှိမ်ကြသည်။ နိုင်ငံခြားသင်္ဘောကုမ္ပဏီများကလည်း ကုန်တင်သည့်ကိစ္စ၌ ပညာခန်းပြ၍ ညစ်ကြသည်။ ဒေါ်ကြည်ကြည်ကိုယ်တိုင် ကာလကတ္တား၊ ကိုလံဘို စသည်တို့သို့ သွားရောက်၍ အခက်အခဲများကို ဖြေရှင်းရသည်။

၁၉၅၁ ခုနှစ်တွင် ဝင်ကုန်လုပ်ငန်းကိုပါ ပူးတွဲလုပ်ဆောင်ခဲ့ကြသည်။ ဂျပန်နိုင်ငံမှ အထည်အလိပ်နှင့် ကုန်မာပစ္စည်းများကို တင်သွင်းရောင်းချသည့်အပြင် အီစတူးမော်တော်ယာဉ် အရောင်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၅၇ ခုနှစ်တွင် စက်မှုလက်မှုလုပ်ငန်းကို တည်ထောင်သည်။ ဂျပန်နိုင်ငံမှ မျက်နှာသုတ်ပုဝါရက်လုပ်ရန်စက်များကို ကိုယ်တိုင် သွားရောက်ဝယ်ယူ၍ "ရွှေပြည်တန် မျက်နှာသုတ်ပုဝါစက်"ကို တည်သည်။ မျက်နှာသုတ်ပုဝါစက်ပစ္စည်းများမှ ထမီ၊ လုံချည်၊ စင်ဖျဉ်၊ ရှပ်ဖျဉ်များ ရက်လုပ်နိုင်အောင် တီထွင်ကြံဆထုတ်လုပ်စေရာ အောင်မြင်လာသဖြင့် ဂျပန်စက်မှုလုပ်ငန်းရှင်များပင် အံ့သြကြရသည်။

ဒေါ်ကြည်ကြည်သည် အီစတူးမော်တော်ကုမ္ပဏီ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နိုင်ငံပေါင်းစုံကိုယ်စားလှယ်များကွန်ဖရင့်သို့ တက်ရောက်ခဲ့ရာ၊ တဦးတည်းသော အမျိုးသမီးကိုယ်စား

၁။ Lewis Dreyfus & Co

လွှတ်ဖြစ်သည်သာမက မော်တော်ယာဉ်နှင့်ပင်သက်၍ အကြံပေးချက်များကို တင်ပြနိုင်မှုကြောင့် ချီးကျူးအံ့သြခြင်းကို ခံခဲ့ရသည်။

အိမ်စောင့်အစိုးရလက်ထက်တွင် ဒေါ်နုယဉ်သည် အမျိုးသမီး ဖက်စပ်ကော်ပိုရေးရှင်းရှိသင့်သည်ဟု အစိုးရထံ တောင်းဆိုတင်ပြသောကြောင့် ဖက်စပ်ကော်ပိုရေးရှင်းအမှတ် ၄ ကို တည်ထောင်ခွင့် ပေးခဲ့သည်။ ဖက်စပ်ကော်ပိုရေးရှင်းများတွင် ထွက်ကုန်လုပ်ငန်းကို ဒေါ်နုယဉ် တဦးတည်းသာ လုပ်ဆောင်ခဲ့၏။ ဒေါ်နုယဉ်သည် ဖက်စပ်လုပ်ငန်းများကို လေ့လာ ဆည်းပူးရန်အင်္ဂလန်၊ ဂျာမနီ၊ အိန္ဒိယနိုင်ငံတို့သို့လည်း သွားရောက်ခဲ့လေသည်။

ပင်လုံဒေါ်နုယဉ်နှင့် ဒေါ်ကြည်ကြည်တို့သည် စီးပွားရေး လောက၌ ဦးဆောင် လှုပ်ရှားခဲ့သူများဖြစ်သည့်အလျောက် မြန်မာပြည်ကုန်သည်ကြီးများအသင်း၊ ထွက်ကုန်ကုန်သည်ကြီးများအသင်းတို့၌လည်း အမှုဆောင်အဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ကြလေသည်။ စီးပွားရေး နယ်ပယ်၌ စံပြုထိုက်သော အမျိုးသမီးကြီးများပါပေတည်း။

## အမျိုးသမီးများနှင့် လူမှုရေး

မြန်မာအမျိုးသမီးများသည် နိုင်ငံရေး၊ ပညာရေး၊ စာပေ အနုပညာနှင့် စီးပွားရေး နယ်ပယ်တို့တွင်သာ အမျိုးသားများနှင့် တန်းတူရည်တူ ဆောင်ရွက်နိုင်ခဲ့ကြသည် မဟုတ်ချေ။ လူသားအချင်းချင်း ယိုင်းပင်းကူညီ စောင့်ရှောက်ရသော လူမှုဝန်ထမ်း ကိစ္စတို့၌လည်း ထက်ထက်မြက်မြက် ဆောင်ရွက်နိုင်ခဲ့ကြပေသည်။ စင်စစ် လူမှုဝန်ထမ်း လုပ်ငန်းများသည် အမျိုး



သမီးများနှင့် ပို၍ လိုက်ဖက်ပေသည်။ အမျိုးသမီးများကား မိခင်စိတ် ရှိကြသူများတည်း။ သို့ဖြစ်၍ မေတ္တာ၊ ကရုဏာ၊ စေတနာကို အရင်းခံ၍ ဇွဲသန်သန်ဖြင့် ဆောင်ရွက်ရသော လူမှုဝန်ထမ်း လုပ်ငန်းများတွင် အမျိုးသားများထက်ပင် ပို၍ ထက်ထက်သန်သန် ရှိကြသည်မှာ သဘာဝလည်း ကျပေသည်။

အမျိုးသမီးများနှင့်စပ်လျဉ်းသော လူမှုရေးရာပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာ၌ အစိုးရက ကြီးမှူးစီစဉ်ပေးခြင်း၊ အသင်းအဖွဲ့များက လှုံ့ဆော်ဆောင်ရွက်ခြင်းနှင့် ပုဂ္ဂိုလ်တဦးချင်း၏ လူမှုရေး အသိစိတ်ဓာတ်ဖြင့် ဦးဆောင် ဆောင်ရွက်ခြင်း ဟူ၍ သုံးမျိုးခွဲခြား တွေ့ရှိရသည်။

ဗြိတိသျှအစိုးရသည် အမျိုးသမီးများနှင့် စပ်လျဉ်းသော လူမှုရေး ဆောင်ရွက်ချက်တို့ကို မူဝါဒ ချမှတ်လျက် ဆောင်ရွက်ပေးသည်ဟူ၍ လုံးဝမရှိခဲ့ချေ။ ကိုလိုနီခေတ်တွင် အမျိုးသမီး အသင်းအဖွဲ့များကသာ အမျိုးသမီးရေးရာ နစ်နာချက်၊ ပြုပြင်ချက် စသည်တို့ကို အထိုက်အလျောက် လှုံ့ဆော် ဆောင်ရွက်ခဲ့ရသည်။ ၁၉၃၈–၃၉ ခုနှစ်ခန့်က ဥပဒေပြုလွှတ်တော်၌ "ပြည့်တန်ဆာရပ်ကွက် သီးသန့် ထူထောင်သင့်သည်" ဟူသော အဆိုကို တင်သွင်းမည်ပြုစဉ် အမျိုးသမီး အသင်းအဖွဲ့များက မြို့လုံးကျွတ် အမျိုးသမီး အစည်းအဝေးတရပ်ကို ခေါ်ယူလျက် ကန့်ကွက်ပြောဆိုကြသည်။ မြန်မာအမျိုးသမီးတို့၏ ဂုဏ်သိက္ခာသည် ကမ္ဘာ့အလယ်၌ ရှက်စဖွယ် ကျဆင်းသွားနိုင်မည် ဖြစ်သောကြောင့် ယင်းအဆိုကို မတင်သွင်းရန် အတိုက်အခံ ပြောဆိုကန့်ကွက်ကြသဖြင့် အဆိုမတင်ဖြစ်တော့ပဲ ရုတ်သိမ်းသွားခဲ့လေသည်။

ယင်းဖြစ်ရပ်အပေါ်တွင် မှတည်လျက် ဆေးလှုံ့ဆော်မှုကြောင့်ဖြစ်နေသည့် အမျိုးသမီးကလေးများကို စောင့်ရှောက်ရန် ဂေဟာတခု ထားရှိသင့်သည်ဟု ယူဆသဖြင့် "မြန်မာအမျိုးသမီးများအသင်း" မှ ရေကျော် ထောင်လုံးမြန်ရပ်ကွက်တွင် အိမ်တအိမ်ကို ငှားရမ်း၍ "အမျိုးသမီး စောင့်ရှောက်ရေးဌာန" ကို ဖွင့်လှစ်ထားရှိခဲ့သည်။ ယင်းဂေဟာသည် စစ်ပြီးကာလ၌ ဟယ်လပင်လမ်း၌ ပထမဖွင့်လှစ်၏။ ထို့နောက် ဝင်ဒါမီယာလမ်းသို့ ပြောင်းရွှေ့၍ အမျိုးသမီး စောင့်ရှောက်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးခဲ့သည်။

မြန်မာအမျိုးသမီး အသင်း၏ ထူးခြားသော လုပ်ရပ်တခု ရှိသေးသည်။ ယင်းမှာ လူမျိုးခြားတို့နှင့် လက်ထပ်သော ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ၏ လူမှုရေး နစ်နာချက်များကို တင်ပြလျက် ဥပဒေဖြင့် အကာအကွယ်ပေးရန် ကြိုးပမ်းခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများသည် ဘာသာခြား လူမျိုးခြားတို့နှင့် လက်ထပ်ရာတွင် မိမိကိုးကွယ်သော ဘာသာကိုလည်း စွန့်ရ၏။ အခြားလူမှုရေး အခွင့်အရေးများကိုလည်း မရကြ။ ခင်ပွန်း ကွယ်လွန်ရာတွင် အမွေဆက်ခံပိုင်ခွင့်၊ ကလေးများကို ထိန်းသိမ်း စောင့်ရှောက်နိုင်ခွင့်လည်း မရကြ။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းရန် အသင်းမှ လှုံ့ဆော်ခဲ့သည်။ စစ်ဖြစ်လုနီးကာလ ၁၉၃၉ ခုနှစ်၌ ယင်းဥပဒေကြမ်းသည် ဥပဒေဖြစ်လာခဲ့၏။

စစ်ပြီးကာလ၌ အမျိုးသမီး အသင်းအဖွဲ့များက အမျိုးသမီးတို့၏ နစ်နာချက်များ၊ လူမှုအခွင့်အရေး ဆုံးရှုံးမှုများကို ဖော်ပြလျက် တောင်းဆိုချက်များ ချမှတ်ကြ လေသည်။



ဖဆပလ ပြည်လုံးကျွတ် ညီလာခံကြီးမှလည်း အမျိုးသမီးရေးရာ အဆိုများကို တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ယင်းအဆိုများ၌ အမျိုးသမီးများ၏ ကြံ့ခိုင်ကျန်းမာရေးအတွက် ဆောင်ရွက်ပေးရန်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာနများ ဖွင့်လှစ်ပေးရန်၊ အိမ်တွင်းမှုအတတ်နှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးနိုင်မည့် ကျောင်းများ ဖွင့်လှစ်ပေးရန်၊ အမျိုးသမီး အလုပ်လက်မဲ့ ပပျောက်ရေးနှင့် အမျိုးသမီး ကယ်ဆယ်ရေးဌာနများ ဖွင့်လှစ်ပေးရန်၊ အမျိုးသမီး လက်ထပ်ရေး ဥပဒေတွင် လုံလောက်သည့် အကာအကွယ် ပေးနိုင်သော ဥပဒေ အချက်အလက်များ ထည့်သွင်းပေးရန် ဟူသော အဆိုများ ပါဝင်သည်။

ဖဆပလအစိုးရလက်ထက်တွင် ယင်းအဆိုများကို အကောင်အထည်ဖော်ရာ၌ လက်လှမ်းမှီသမျှသာဆောင်ရွက်ပေးနိုင်ခဲ့၏။ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာနကို ဖွင့်လှစ် ထားရှိ၍ အမြို့မြို့အနယ်နယ်၌ အသင်းခွဲများ ဖွဲ့စည်းပေးခဲ့သည်။ အမျိုးသမီးကယ်ဆယ်ရေးအဖွဲ့သို့ ထောက်ပံ့ငွေ ထည့်ဝင်ပေးခဲ့သည်။ လက်ထပ်ရေးဥပဒေတွင် ပြင်ဆင်ချက်များ ထည့်သွင်းလျက် "၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ" ဟူ၍ ထုတ်ပြန် ပြဋ္ဌာန်းပေးခဲ့သည်။

ယင်းဥပဒေကို ပြဋ္ဌာန်းပေးခြင်းဖြင့် ဗုဒ္ဓဘာသာဝင် အမျိုးသမီးများသည် ခေတ်အဆက်ဆက်က ဆုံးရှုံးခဲ့ရသော လူမှုအခွင့်အရေးများကို ခံစားခွင့် ရလာကြပေသည်။

တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပြီးနောက် လူမှုဝန်ထမ်းဌာနမှ လုပ်ဆောင်ချက်တို့တွင် မိခင်နှင့် ကလေးများ

အတွက်ကို လည်းကောင်း၊ ခိုကိုးရာမဲ့ အမျိုးသမီးများအတွက် ကို လည်းကောင်း၊ အိမ်ရှင်မများနှင့် စက်ရုံ အလုပ်ရုံများမှ အလုပ်သမများအတွက်ကို လည်းကောင်း တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခဲ့သည်။

ယခင်က ဖွဲ့စည်းထားသော မိခင်နှင့်ကလေး စောင့်ရှောက် ရေး အဖွဲ့များကို ဖျက်သိမ်းပြီးသည့်နောက် မိခင်နှင့်ကလေး များကို ထိရောက်စွာ ပြုစုစောင့်ရှောက်နိုင်မည့် နည်းလမ်းသစ် များကို တော်လှန်ရေးကောင်စီက ချမှတ်ဆောင်ရွက်ပေးခဲ့ သည်။ မိခင်နှင့်ကလေး ကျန်းမာရေးဌာနပေါင်း ၅၂ ခုကို တိုး ချဲ့ဖွင့်လှစ်ပေးလျက် ကိုယ်ဝန်ဆောင်မိခင်များကို အသိပညာ ဖြန့်ဖြူးပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်၏ ကျန်းမာရေးကို စစ် ဆေးပေးခြင်း၊ သားဖွားဆရာမများ တိုးချဲ့ခန့်ထားပေးခြင်း၊ မွေးစကလေးများအား ပြုစုစောင့်ရှောက်နည်းကို ညွှန်ပြခြင်း စသည့် လုပ်ငန်းရပ်များကို လုပ်ဆောင်ပေးခဲ့သည်။

ပြည်သူ့ အမျိုးသမီးများ၏ ကျန်းမာရေး အခြေအနေသည် သိသိသာသာ တိုးတက် ကောင်းမွန်လာ၍ မွေးစ ကလေး သေနှုန်းသည်လည်း လျော့နည်းသွားလေတော့သည်။ ၁၉၆၁ ခုနှစ်တွင် မွေးစကလေး ၁၀၀၀ လျှင် ၁၂၉.၉ ယောက်သည် ပျက်စီးခဲ့ရ၏။ ကလေးမိခင်များမှာလည်း မီးဖွားသောမိခင် ၁၀၀၀ လျှင် ၃.၈ ယောက်က မီးတွင်း၌ သေဆုံးကြလေသည်။ ၁၉၆၉ ခုနှစ်တွင်မူ ကလေးသေနှုန်းမှာ ၆၅ ယောက်နှင့် မိခင် သေနှုန်းမှာ ၁.၂ ယောက်သာ ရှိတော့သည်။

လူမှုဝန်ထမ်းဝန်ကြီးဌာနမှ ကြီးမှူး၍ သင်တန်းများ ပို့ချ ခဲ့ရာတွင် ယနေ့အထိ ရပ်ကွက်လူမှုရေးသင်တန်းများ၊ ကျေး လက်လူမှုရေးဝန်ထမ်းမှူး ဖော်ထုတ်ရေး သင်တန်းများ၊ အမျိုး



သမီး အိမ်တွင်းမှုသင်တန်းများ၊ စေတနာ့ဝန်ထမ်း နေ့ကလေး ထိန်း သင်တန်းများ၊ အိမ်တွင်းမှု နည်းပြဆရာမများ သင် တန်း၊ လူမှုရေးအလုပ်ရှင်သင်တန်း စသည်ဖြင့် အကြိမ်ကြိမ် ပို့ချ သင်ကြားခဲ့ပေသည်။ ယင်းသို့သော သင်တန်းများသည် အမျိုးသမီးတို့၏ ဘဝတိုးတက် ပြည့်စုံရေးအတွက် အထောက် အကူ ဖြစ်ခဲ့သည်မှာ ယုံမှားဖွယ်မရှိချေ။ ဝက်တာ အမျိုး သမီးဂေဟာသည်လည်း လူမှုဝန်ထမ်းဌာနခွဲမှ ထောက်ပံ့မှုကို ခံယူရရှိသဖြင့် ဂေဟာ၏ လုပ်ငန်းရပ်များကို တိုးတက် လုပ် ဆောင်လာနိုင်ခဲ့၏။

ယင်းကဲ့သို့ လူမှုရေးလုပ်ငန်းများကို အစိုးရက တာဝန်ယူ၍ လည်းကောင်း၊ အသင်းအဖွဲ့များက ဝိုင်းဝန်းဆောင်ရွက်ခြင်း ဖြင့် လည်းကောင်း လုပ်ဆောင်ကြ၍၊ ပုဂ္ဂိုလ်တဦးချင်းအလိုက် ဦးဆောင်ဆောင်ရွက် လုပ်ကိုင်ခဲ့ကြသည်ကိုလည်း တွေ့ရသည်။ မြန်မာအမျိုးသမီးထဲမှ လူမှုရေး အသိစိတ်ဓာတ်ဖြင့် စွမ်းစွမ်း တမံ ဆောင်ရွက်ခဲ့ပုံများမှာ အားရချီးကျူးဖွယ် ဖြစ်ပေ သည်။ ယင်းသို့ လူမှုဝန်ထမ်း လုပ်ငန်းများ၌ မီးရှူးတန် ဆောင်ပမာ ဖြစ်ခဲ့ကြသော မြန်မာအမျိုးသမီးကြီးများအား မှတ်တမ်းတင်ကာ ဂုဏ်ပြုရပါသည်။

**ဒေါ်ဦးရှန်း။** ။ကိုလိုနီခေတ်တွင် ခိုကိုးရာမဲ့ အိုးဘွားများ အတွက် ဂေဟာကို ပထမဆုံး တည်ထောင် အကျိုးပြုခဲ့သော ဒေါ်ဦးရှန်းသည် မန္တလေးမြို့မှ ပိုးကုန်သည် ဦးအိ၊ ဒေါ်မျှင်တို့ ၏ တဦးတည်းသောသမီး ဖြစ်၏။

ရန်ကုန်မြို့သို့ အလည်အပတ် ရောက်ရှိလာခိုက် စေတော့ ကြိုက်လမ်း (ယခု သိမ်ဖြူလမ်း) ရှိ ခရစ်ယာန်သာသနာပြု သီလရှင်

ထို့ တည်ထောင်သော လူအိုရုံကို သွားရောက် လေ့လာမိရာမှ လူမှုရေးလုပ်ငန်းကို ဆောင်ရွက်ရန် စိတ်ညွတ်လာခြင်း ဖြစ်၏။

၁၂၇၇ ခုနှစ်တွင် မင်းကွန်းရွာရှိ မင်းကွန်းစေတီကြီးအနီး၌ ကမ္မဋ္ဌာန်းကျောင်း သုံးကျောင်းကို ဆောက်လုပ်၍ အဘိုးအို တဦးနှင့် အဘွားအိုနှစ်ဦးကို နေထိုင်စေသည်၊ ထိုမှတဆင့် ဘိုးဘွားနှစ်ဆယ်အထိ လက်ခံပြုစုထားနိုင်သည့် အဆင့်သို့ တိုးချဲ့ လုပ်ဆောင်ခဲ့သည်။ ဒေါ်ဦးရှုန်း၏ လုပ်ရပ်သည် မင်းကွန်း လူအိုရုံလုပ်ငန်းအဖြစ် ထင်ရှားလာခဲ့၏။

မူလက မိမိပိုင် စီးပွားဥစ္စာများကို အရင်းအနှီးပြု၍ လုပ်ဆောင်နေရာမှ အများအရှင်လူတို့၏ အလှူငွေ ထည့်ဝင်မှုကို လက်ခံကာ ရန်ပုံငွေဖွင့်လှစ်လျက် လုပ်ငန်းကို ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့သည်။ သို့ဖြင့် ဘိုးဘွား ၂၅ အထိ လက်ခံနိုင်သော လူအိုရုံဖြစ်လာသည်။ ထို့နောက်တွင် ဒေါ်ဦးရှုန်းသည် မိမိပိုင် ငွေဖြင့် သထုံမြို့သပိတ်တောင်ခြေ၌ လူအိုရုံတခုကို ၁၂၇၉ ခုနှစ်၌ တည်ဆောက်ပြန်သည်။ ၁၂၈၀ ပြည့်နှစ်၌ ပေါင်းတည်မြို့တွင် လည်းကောင်း၊ ၁၂၈၅ ခုနှစ်၌ ရန်ကုန်မြို့ နှင်းဆီကုန်း၌ လည်းကောင်း၊ ၁၂၈၉ ခုနှစ်တွင် ပဲခူးမြို့၌ လည်းကောင်း လူအိုရုံများကို ဖွင့်လှစ်တည်ဆောက်ကာ မိမိပိုင် စီးပွားဥစ္စာ အားလုံးကိုလည်း လူအိုရုံများသို့ ပေးလှူလျက် သီလရှင်ဘဝသို့ ကူးပြောင်း ခဲ့လေသည်။ ဖွားသုမာလာအမည်ဖြင့် လူအိုရုံ လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ရင်း ခရစ် ၁၉၃၄ ခုနှစ် မေလ ၁၁ ရက်နေ့တွင် အနိစ္စ ရောက်ခဲ့လေသည်။ ဒေါ်ဦးရှုန်း၏ စေတနာနှင့် ပရဟိတလုပ်ငန်းများကား မှတ်မြတ် လှပါဘိ။



**ဒေါ်တီတီလု(စ)။** ။အားကိုးရာမဲ့ သက်ကြီး ရွယ်အိုတို့ကို ပြုစုစောင့်ရှောက်ခဲ့သူ ရှိသကဲ့သို့ လောကအလယ်၌ ခင်တွယ် အားထားရမည့်သူ ကင်းမဲ့နေသော မိဘမဲ့ ကလေးများကို စောင့်ရှောက်ပေးမည့် စေတနာရှင်တဦးလည်း ပေါ်ပေါက်ခဲ့ လေသည်။

ဦးဖေ၊ ဒေါ်မြိုင်တို့၏ သမီး၊ ရန်ကုန် တက္ကသိုလ် ကျောင်းအုပ်ကြီး ပါမောက္ခ ဦးဖေမောင်တင်၏ နှမလည်းဖြစ်သော ဒေါ်တီတီသည် လူငယ်ဘဝ မြှင့်တင်ရေးလုပ်ငန်းကို ရှေ့ဆောင် လမ်းပြ လုပ်ဆောင်ခဲ့သည့် မြန်မာအမျိုးသမီးကြီး ဖြစ်၏။ ဗြိတိသျှခေတ် ရန်ကုန်တက္ကသိုလ် ထူးဝင်ပါမောက္ခ မစ္စတာ လု(စ)နှင့် အကြောင်းပါခဲ့သဖြင့် တီတီလု(စ) ဟူသောအမည် တွင်ခဲ့ခြင်းဖြစ်သည်။

ဒေါ်တီတီလု(စ)သည် မိဘမဲ့၍ လေလွင့် ပျက်စီးနေကြသော လူငယ်များကို သားသမီးပမာ စာနာစိတ်ဖြင့် ကယ်တင်ပြုပြင် ပေးလိုသောကြောင့် လူငယ်ဂေဟာတခုကို ဖွင့်လှစ်ရန် ကြိုးစားကြည့်သည်။ အဖွဲ့အစည်းဖွဲ့၍ ဆောင်ရွက်လျှင် အောင်မြင်နိုင်ဘွယ်ရာ ရှိကြောင်းကို အကြံရသောကြောင့် "ကလေးသူငယ်များအား ကူညီစောင့်ရှောက်ရေးအဖွဲ့"ကို ဖွဲ့စည်းလျက် ၁၉၂၈ ခုနှစ်တွင် "လေလွင့်နေသော မိဘမဲ့ ကလေးများဂေဟာ"ကို စတင်ဖွင့်လှစ်လိုက်လေသည်။

မူလက တဲတလုံးထိုး၍ ကလေးခြောက်ယောက်ဖြင့် အစ ပျိုးခဲ့ရာမှ နောင်အခါ အင်းလျားလမ်း (ယခု လူငယ်သင်တန်း ကျောင်းနေရာ)၌ လူငယ်ဂေဟာကို ဆောက်လုပ်ထားရှိနိုင်ခဲ့ သည်။ ဒေါ်တီတီကိုယ်တိုင် ဂေဟာ၏ အုပ်ချုပ်ရေးမှူး မိခင် ကြီးအဖြစ် ဆောင်ရွက်လျက် ကလေးများနှင့် လက်ပွန်းတတီး

နေထိုင်ခဲ့သည်။ ရန်ကုန်မြို့လယ်၌ လေလွင့်နေသော ကလေးများ ကျက်စားရာ နေရာများသို့ ရပ်ရွက်သွားရောက်လျက် လမ်းပေါ် မှကလေးများကို ရဲအကူအညီဖြင့် ဖမ်းယူခေါ် ဆောင်ကာ ဂေဟာ၌ထားရှိ၍ ပြုပြင်ပေးသည်။ ဂေဟာရန်ပုံငွေအတွက် ဂျူဗလီဟောခန်းမ၌ ပဒေသာကပွဲ ကျင်းပရာတွင် ဒေါ်တီတီ ကိုယ်တိုင် စင်ပေါ်တက်၍ သရုပ်ဆောင် ကပြခဲ့သည်အထိ လူမှုရေးလုပ်ငန်း၌ စိတ်ပါဝင်စားခဲ့သူ ဖြစ်သည်။

၁၉၂၉ ခုနှစ် သက်ငယ် ဆိုးသွမ်းမှု ကာကွယ်ရေး အက်ဥပဒေ ပြဋ္ဌာန်းလိုက်သောအခါ ပြစ်ဒဏ်သင့်ကလေးများကို ဂေဟာ၌ ထားရှိပြုပြင်ပေးရန် အစိုးရက လွှဲပေးလေသည်။ ၁၉၃၀ ပြည့်နှစ်တွင် ယင်းဂေဟာကို ရုံးဂေဟာအဖြစ် အသိအမှတ်ပြုလျက် အစိုးရက ဂေဟာသို့ပို့သော ကလေးများအတွက် ထောက်ပံ့ကြေးငွေ ပေးခဲ့သည်။

ဒေါ်တီတီလု(စ)သည် ၁၂ နှစ်အောက် ကလေးများကို စာသင်ပေးသည်။ ၁၂ နှစ်အထက် လူငယ်များကို ရက်ကန်းရက်၊ စာအုပ်ချုပ်၊ လက်သမားအလုပ် စသည်တို့ကို သင်ကြားပေး၏။ အလုပ်လုပ်လိုသူများကို အသက် ၁၇ နှစ် ကျော်လွန်ပါက မိမိတို့ ကျွမ်းကျင်သော ပညာအလိုက် အလုပ်အကိုင် ရှာဖွေပေးလေသည်။

၁၉၅၃ ခုနှစ်တွင် ဒေါ်တီတီသည် အငြိမ်းစားယူ၍ အင်္ဂလန်သို့ ပြန်လည်နေထိုင်မည့် ခင်ပွန်းနောက်သို့ လိုက်ပါရမည် ဖြစ်သဖြင့် ဂေဟာလုပ်ငန်းကို ဘော်လှန်ရေးအစိုးရသို့ လွှဲပြောင်းပေးခဲ့လေသည်။



**ဒေါ်မမစောအောင်။** ။အမျိုးသမီးများနှင့် စပ်လျဉ်းသော လူမှုရေးလုပ်ငန်းများကို ကိုယ်ရောစိတ်ပါ အချိန်ပြည့်ဆောင်ရွက်ပေးခဲ့သော ဒေါ်မမသည် လယ်ဝန်ဦးသာနိုးနှင့် ဒေါ်ထုံးစံ တို့မှ ခရစ် ၁၉၀၉ ခုနှစ်တွင် စစ်တွေမြို့၌ မွေးဖွားခဲ့သူဖြစ်၏။ ခင်ပွန်းမှာ မီးရထားအင်ဂျင်နီယာ အရေးပိုင် ဦးစောအောင် ဖြစ်၏။

၁၉၃၁–၃၉ ခုနှစ်များတွင် "မြန်မာအမျိုးသမီးများအဖွဲ့"၌ အတွင်းရေးမှူးအဖြစ် ဝင်ရောက်ထမ်းဆောင်လျက် အမျိုးသမီးစောင့်ရှောက်ရေးဂေဟာလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်ခဲ့သည်။ စစ်ပြီးစအချိန်၌ မဟာမိတ်တပ်သားများနှင့်ယောင်မှား အကြောင်းပါခဲ့ကြသော မြန်မာအမျိုးသမီးအချို့သည် ရန်ကုန်မြို့တွင် သောင်တင်ကျန်ရစ်ခဲ့ကြသည်။ ယင်းကဲ့သို့ ကစဉ့်ကလျား ဖြစ်နေကြသူများ အတွက် ခိုလှုံရန် နေရာတခု လိုအပ်နေကြောင်းကို အစိုးရထံတင်ပြသဖြင့် ဟယ်လေပင်လမ်း၌ တိုက်တလုံးကိုရခဲ့လေသည်။ ခိုလှုံသူ အမျိုးသမီးများ များပြားလွန်း၍ ခြံဝင်းထဲ၌ တဲထိုး၍ပင် ထားရသည်။ ယင်းတို့ကို အစိုးရကတာဝန်ယူ၍ နေရင်းဒေသတို့သို့ ရဲအစောင့်အရှောက်ဖြင့် ပြန်လည်ပေးပို့ နေရာချထားပေးရန် ဒေါ်မမကပင် တောင်းဆိုတင်ပြခဲ့ရာ အစိုးရက လိုက်လျော ဆောင်ရွက်ပေးခဲ့သည်။

အမျိုးသမီးစောင့်ရှောက်ရေးဂေဟာကိုလည်း ဝင်ဒါမီယာလမ်း၌ မြေဧက ၃၀၀ ခန့်ရှိသောခြံဝင်းနှင့်အဆောက်အအုံတွင် ပြောင်းရွှေ့တည်ထောင်ခွင့်ရခဲ့သည်။ ဒေါ်မမသည် ဂေဟာရောက် အမျိုးသမီးများကို ကိုယ်ထူကိုယ်ထ ဆောင်ရွက် လုပ်ကိုင်လိုစိတ် သွင်းပေးသည်။ ကိုယ့်အားကိုယ်ကိုးလျက် မှန်ကန်

သော ဘဝလမ်းကြောင်းပေါ်သို့ ပြောင်းမှုတင်ပေးခဲ့သည်။ စိုက်ပျိုးရေး၊ အချုပ်အလုပ်၊ အချက်အပြုတ် စသည်တို့ကို လက်တွေ့ လုပ်ဆောင်စေခဲ့သည်။ မိုးလင်းမှ မိုးချုပ်တိုင်ထိ ဂေဟာလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်ခဲ့၏။ ၁၉၅၄–၅၅ ခုနှစ်များ၌ မိမိစရိတ်ဖြင့် ကမ္ဘာပတ်ခရီးစဥ်ကို တနှစ်ကြာ သွားရောက်လေ့လာရင်း နိုင်ငံခြားမှ လူမှုရေး လုပ်ငန်းများ ကို ဝင်ရောက်လေ့လာသည်။ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယား တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို လူမှုရေးသိပ္ပံဘာသာဖြင့် ဖြေဆို ရရှိခဲ့သည်။ တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပြီးနောက် ၁၉၆၄ ခုနှစ်၌ ကယ်ဆယ်ရေးဂေဟာကို အစိုးရထံ လွှဲပြောင်း ပေး၍ အနားယူခဲ့လေသည်။

**ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်။** ။လွတ်လပ်ရေး ရပြီးခေတ် တွင် လူမှုရေးလုပ်ငန်းများကို ဦးဆောင်လုပ်ခဲ့သူမှာ ဗိုလ်ချုပ် အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်ဖြစ်၏။

မြောင်းမြနေ အဖ ဦးပိုညွှန့်၊ အမိ ဒေါ်ဖွားစုတို့မှ ၁၉၁၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ကပင် ဒပ်ဖရင်ဆေးရုံမှ သားဖွားနှင့်သူနာပြုသင်တန်းအောင် မြင်ပြီးနောက် သူနာပြုဆရာမကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဘီအိုင်အေ(ဗမာ့လွတ်လပ်ရေး တပ်မတော်)စစ် ဆေးရုံကြီး၌ ဝင်ရောက်ထမ်းရွက်ကာ လူနာများအပေါ် စိတ် ရှည်စွာဖြင့် ကြင်ကြင်နာနာ ပြုစုခဲ့သူဖြစ်၏။

လူမှုရေးစိတ်ဓာတ်ရှိသူ ဒေါ်ခင်ကြည်သည် ၁၉၄၇ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ မိခင်နှင့် ကလေး စောင့်ရှောက်ရေး ဌာနခွဲ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ တာဝန်အရ



မဟုတ်ပဲ ပင်ကိုယ်ကပင် လူမှုဝန်ထမ်းကိစ္စများ၌ စိတ်ပါဝင်စား ၍ အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ဦးစားပေး လုပ်ဆောင်ခဲ့သည်။ တာဝါလိန်းလမ်းတွင် သားဖွားနှင့်သူနာပြု သင်တန်းကျောင်းကို ဖွင့်လှစ် တည်ထောင်ပေးသည်။ နေ့ ကလေးထိန်းဌာနများကိုလည်း စတင် တည်ထောင်ပေးခဲ့သူ ဖြစ်သည်။

၁၉၅၃–၅၈ ခုနှစ်များ အတွင်း၌ လူမှုဝန်ထမ်းကောင်စီ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရင်း တဖက်မှလည်း အမျိုး မျိုးသော လူမှုရေးအသင်းအဖွဲ့များ၏ နာယကအဖြစ် လည်း ကောင်း၊ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူခဲ့ရလေသည်။ ၁၉၅၇ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသမီးများအသင်း၏ အဖွဲ့ ချုပ် ဥက္ကဋ္ဌအဖြစ်လည်း ကြီးမှူးဆောင်ရွက်ခဲ့၏။

**ဒေါ်ခင်လှ။** ။ဝက်ပါအမျိုးသမီးဂေဟာကို တည်ထောင်ခဲ့သူ အဖြစ် မှတ်တမ်းတင်ရမည့် ဒေါ်ခင်လှသည်လည်း လူမှုဝန်ထမ်း အမျိုးသမီးကြီးပင် ဖြစ်သည်။

သုံးခွမြို့နယ်မှ မြေပိုင်ရှင် ဦးအတင်၊ ဒေါ်စိန်တို့၏ သမီး ချော ၁၉၁၀ ပြည့်နှစ်၌ မွေးဖွားခဲ့သော ဒေါ်ခင်လှသည် သခင်မ မခင်လှအဖြစ် နိုင်ငံရေးကိုလည်း တက်ကြွစွာဆောင် ရွက်ခဲ့သူဖြစ်သည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလတွင် "ဝက်ဘာ ဂေဟာ" ဟူသောအမည်ဖြင့် ခိုကိုးရာမဲ့အမျိုးသမီးများအတွက် ခိုလှုံရာနေရာဖွင့်ပေးခဲ့သည်။ ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်ဖြင့် မိမိတို့ဘဝကိုထူထောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြစ်သည့် ဇာထိုးပန်းထိုး၊ စက်ချုပ်လုပ်ငန်း၊ ရက်ကန်းရက်အထည် စသည်တို့ကို သင်ကြားပေးသည်။

အစိုးရကလည်း ဂေဟာကျောက်အမျိုးသမီးများအတွက် လစဉ် ၃၀ ကျပ် ထောက်ပံ့ငွေအညှိုခံသည်။

အမျိုးသမီးများ၏အဆင့်မြှင့်တင်ရေးကို အစဉ်လိုက်တွေးတော ကြံဆလျက်ရှိသော ဒေါ်ခင်လှသည် အမျိုးသမီးစောင့်ရှောက်ရေးအဖွဲ့ကို တည်ထောင်လျက် ဥက္ကဋ္ဌအဖြစ်လည်း ကြီးမှူးဆောင်ရွက်ခဲ့၏။ အကျဉ်းထောင် အုပ်ချုပ်ရေးအဖွဲ့တွင်လည်း အဖွဲ့ဝင်အဖြစ် လူမှုရေးရှုထောင့်မှ သုံးသပ်ဆွေးနွေး အကြံပေးခဲ့သူ ဖြစ်လေသည်။

**ဒေါ်မြမေ။** ။ပထမဆုံးအမျိုးသမီးစာသင်ကျောင်းကို တည်ထောင်ပေးခဲ့သည့်ဒေါ်မြမေသည် ကိုလိုနီခေတ်က လူမှုဆက်ဆံရေးနယ်ပယ်တွင် အထူးထင်ရှားသူဖြစ်၏။ စစ်ကဲမောင်ထော်လေး၏ သမီးဖြစ်သည်။ နောင်အခါ ငွေစာရင်းမင်းကြီးဦးလှအောင်နှင့် အကြောင်းပါ၍ မင်းကြီးကတော်ဒေါ်မြမေ(မစွက်လှအောင်)ဟူသောအမည်ဖြင့် ထင်ပေါ်လာသည်။

ခရစ် ၁၈၉၇ ခုနှစ် မေလတွင် မြန်မာအမျိုးသမီးများကို ပညာမျက်စိဖွင့်ပေးလျက် ခေတ်မီပညာသုတများနှင့် ပြည့်စုံစေလိုသော ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ ကျုံးကြီးလမ်း၌ "ဧကရီဗိတိုရိယ ဗုဒ္ဓဘာသာမိန်းကလေးကျောင်း" (Empress Victoria Buddhist Girls' School) ကို စတင် တည်ထောင်ခဲ့လေသည်။ ယင်းကျောင်းသည် နောင်အခါ၌ "မစွက်လှအောင်ကျောင်း" ဟူ၍လည်းကောင်း၊ "မြင့်မေတ္တာ အထက်တန်းကျောင်း" ဟူ၍လည်းကောင်း အမည်အဆင့်ဆင့်ပြောင်းခဲ့၏။

ဗုဒ္ဓသာသနာကို ထည်ပင်ထွန်းကားစေလိုသော ဆန္ဒလည်းရှိသည့်ဒေါ်မြမေသည်ကျောင်းသင်ခန်းစာများတွင် ဗုဒ္ဓဘာသာ



သင်ခန်းစာကိုလည်း ထည့်သွင်း သင်ကြားစေသည်။ ပါဠိဘာသာတတ်ကျွမ်းသည့်ဆရာများကို ခန့်ထားသင်ပြစေသည်။ အင်္ဂလိပ်လူမျိုး ဗုဒ္ဓဘာသာ ရဟန်းတပါးဖြစ်သည့် အရှင်အာနန္ဒာမိတေယျနှင့်အတူ ဗုဒ္ဓဘာသာမဂ္ဂဇင်းကို ခရစ် ၁၉၀၃ ခုနှစ်၌ စတင်ထုတ်ဝေခဲ့သည်။ ပထမဆုံး ဗုဒ္ဓဘာသာမဂ္ဂဇင်းဟု ဆိုနိုင်ပေသည်။ ယင်းမဂ္ဂဇင်းကား ဂျာမနီနိုင်ငံအထိ ပြန့်နှံ့ဆိုက်ရောက်ခဲ့သည်ဟု သိရသည်။

### အနုပညာရှင်အကျော်အမော်များ

ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ သရုပ်ဆောင်ခြင်း စသည့် အနုပညာရပ်များသည် ခက်ခဲ နက်နဲလှသော သဘောကိုဆောင်ကုန်၏။ သင်ယူတတ်မြောက်ရုံမျှနှင့် အနုပညာသည်တဦး ဖြစ်မလာနိုင်ချေ။ အနုပညာဗီဇရှိသူမှ ဖြစ်နိုင်သည်။ အနုပညာရှင်တို့မည်သည် မိမိတတ်မြောက်သောပညာဖြင့် ပရိသတ်ကို ညှို့ယူဖမ်းစားနိုင်စွမ်းရှိရသည်။ ပရိသတ်အပေါ် ဩဇာညောင်းနိုင်စွမ်း ရှိမှသာလျှင် တကယ့်အနုပညာသည် ဖြစ်ပေသည်။ မြန်မာ့အနုပညာ နယ်တခွင်၌ ယင်းသို့ စွမ်းရည်ထက်မြက်သောအမျိုးသမီးအနုပညာသည်များ ထွန်းပေါက် ကျော်ကြားခဲ့သည်မှာ အထင်အရှားဖြစ်၏။

ပုဂံခေတ်မတိုင်မီ ပျူလူမျိုးတို့ ကောင်းစားစဉ် အခါက ပျူလူမျိုး ကခြေသည်၊ သဘင်သည်များ ရှိခဲ့ကြောင်း၊ ပုဂံခေတ်ကို ထူထောင်နိုင်သောအခါ၌ ကျန်စစ်သားမင်းကြီး နန်းတက်ပွဲတွင် ပျူသီချင်း၊ ပျူအတီးအမှုတ်များ ပါဝင်ဖျော်ဖြေခဲ့ကြောင်း စသည်တို့ကို သမိုင်း အထောက်အထားဖြင့် သိရသည်။ ပုဂံခေတ်၌ တည်ထားခဲ့သော ၇ ကျောင်း ဘုရား

များ၏ နံရံတွင်း၌ ရေးဆွဲထားသော ဆေးရေးပန်းချီပုံများ၌လည်းကောင်း၊ ရုပ်ကြွများ၌လည်းကောင်း အမျိုးသမီးကခြေသည်သဘင်သည်တို့၏ သီဟန် ကဟန် တီးမှုတ်ဟန်တို့ကို ကိုယ်တွေ့မျက်မြင်မှတ်တမ်းတင်ထားချက်များရှိ၏။ အင်းဝခေတ်က မှူးရာဇာ ဘုရားနံရံ၌ မင်စာဖြင့် လက်ဘွဲ့ဆို ရေးသားထားရာတွင် လုံမပျိုတို့သည် သီချင်းကို သာသာယာယာ သီဆို၍ စောင်း၊ ငြင်း၊ မိချောင်း၊ စည်းဆုပ်၊ လက်ခုပ် စသည်တို့ကို တီးမှုတ်လျက် ဘုရားပွဲတော်သို့ လာကြပုံကို ဖွဲ့နွဲ့သီကုံးထားရှိ၏။ ထို့ကြောင့် ပုဂံခေတ်နှင့် အင်းဝခေတ် အမျိုးသမီးများသည် အဆို၊ အက၊ အတီးအမှုတ်တို့၌ ကျွမ်းကျင် တတ်မြောက်ကြသူများဖြစ်၏ ဟု ဆိုနိုင်သည်။

## ဇာတ်သဘင်ပညာရှင်များ

ရှေးခေတ်အခါက အကသဘင်သည် ယခုခေတ်မှာကဲ့သို့ ဇာတ်စင်ပေါ်၌ တင်ဆက်ပြသခြင်းမဟုတ်ပဲ မြေပေါ်တွင်ပင် ခင်းကျင်းကပြခြင်းကြောင့် မြေဝိုင်းအကသဘင် ဟု ခေါ်တွင်ခဲ့၏။ မြေဝိုင်းကပွဲများ ခေတ်စားစဉ်က သဘင်ပညာတွင် ပြောင်မြောက်ကျော်ကြားအောင် ကျွမ်းကျင်စွာ ကပြနိုင်သူများမှာ ယင်းတော်မလေးနှင့် မကွမ်းငုံတို့ ဖြစ်၏။ ယင်းတော်မလေးကား ယိုးဒယားအကတွင် အထူး ကျော်ကြား၏။ ယင်းတော်၌ နေသူဖြစ်၍ ယင်းတော်မလေး ဟု တွင်၏။ နန်းတွင်းဇာတ်တော်ကြီး၌ ပုတ်ပေါ်မင်းသမီးအဖြစ် ပိုင်နိုင်စွာ ကပြနိုင်သူဖြစ်သည်။ မကွမ်းငုံသည်လည်း ယင်းတော်မလေးကဲ့သို့ပင် ယိုးဒယားအကကိုပိုင်နိုင်စွာကပြနိုင်သည်။ ဆင်နိုးမလေးဟု အမည်ရှိသော မင်းသမီး မကျေးမျှင် (မရွှေမျှင်)သည်



တောင်တွင်းကြီးနယ်တစ်ရိုက် မြေဝိုင်းကပွဲတွင် ထင်ရှားစပြုလာရာမှ မန္တလေးရတနာပုံနေပြည်တော်သို့တက်ရောက်ကပြသည်။ မကျေးမျှင်၏ရုပ်ရည် အလှအပနှင့် ကပြဟန်ကို ရှုစားရသော ရနောင်မင်းသားမောင်မောင်တုတ်က ဆင်နှင့် တင်ခေါ်စေ၍ သိမ်းပိုက်ခဲ့သည်။ ဤတွင်မှ ဆင်နိုးမလေး ဟူ၍ အမည်တွင်လာခြင်းဖြစ်၏။ သီပေါမင်း၏မိဖုရားကြီးက အထူးမြှောက်စား၍ ယိုးဒယားအကသင်စေသည်။ ဆင်နိုးမလေးသည် ယိုးဒယားအကနှင့်သာ ပိုင်နိုင်သည်မဟုတ်၊ ရောသံသီချင်းဖြင့် ဒိုးပတ်အကကရာ၌လည်း အထူးသွက်လက်မြူးကြွသည်။

အထက်မြန်မာနိုင်ငံ၌ မဆင်နိုး နာမည်ကျော်နေစဉ် အောက်မြန်မာနိုင်ငံ၌ ယိုးဒယား အကကောင်းသူများအဖြစ် မစိန်နုက်နှင့် မစိန်မြိုင်တို့ ကျော်ကြားနေကြသည်။

သီပေါမင်း ပါတော်မူပြီးနောက် မထွေးလေး ဟူသော အမည်သည် သဘင်လောကကို စိုးမိုးရန်ပေါ်ထွက်လာခဲ့သည်။ ငယ်မည် မခင်ထွေးမှသည် မထွေးလေး ဟု ချစ်စနိုးခေါ်ဝေါ်ကြသော မင်းသမီးလေးသည် မြေဝိုင်း သဘင်ခေတ်ကပင် နာမည်ရခဲ့သူဖြစ်၏။ ဇာတ်စင်ဖြင့် ကပြသည့်အဆင့်သို့ရောက်လာသောအခါ သဘင် အဆင့်အတန်း မြင့်တက်လာချိန်နှင့် မထွေးလေး၏ အနုပညာစွမ်းရည်ထက်မြက်လာချိန်မှာ အံကိုက်ဖြစ်နေသည်။ မထွေးလေးသည် နန်းတွင်းယိုးဒယားအကများကိုလည်း ကျွမ်းကျင်ပိုင်နိုင်၏။ ကိန္နရာအက ကရာတွင်လည်း ငှက်သွင်ပျံကြွမတတ် ကပြနိုင်စွမ်းရှိ၏။ ဇာတ်ထုပ် ခင်းကျင်းရာ၌ အဆို၊အငို၊အပြော ပိုင်နိုင်ပုံတို့မှာ နှောင်းခေတ် သဘင်သည်များ စံပြုစရာဖြစ်ခဲ့၏။ ယနေ့အထိ မထွေးလေး၏ ကဟန်ဆိုဟန်၊ သရုပ်ဆောင်ဟန်တို့ကို အမှီလိုက်ရန် မဆိုထားနှင့်

ထမီအနားခတ်ပုံကိုပင် မထွေးလေးနှင့် တူအောင် လုလုပပ ခတ်နိုင်သူမရှိသေး ဟု သဘင်သည်တိုင်းက ဝန်ခံကြရသည်။

မထွေးလေး အရွယ်ရောက်လာချိန်၌ ပရိသတ်များကို အရွှန်းအဖော် ဖွဲ့လန်းကျန်ရစ်လေအောင် ဖျော်ဖြေနိုင်သော မြခြေကျင်းငွေမှိုင်သည် ပေါ်ထွန်းလာသည်။ သဘင်အလောက၌ မထွေးလေးနှင့်မယှဉ်သာ မတော်မြှင့်နိုင်သော်လည်း သူ့တတ်မြောက်ကျွမ်းကျင်သမျှနှင့် ပရိသတ်ကိုချုပ်ကိုင်နိုင်စွမ်းရှိခဲ့သည်။ သူ့ဇာတ်ကို သူကိုယ်တိုင်ဦးစီးကပြရာ၌ သူ၏ အနုပညာစွမ်းရည်တောက်ပမှုကြောင့် သူနှင့်တွဲကရသော မင်းသား၏အမည်မှာ မထင်ပေါ်နိုင်ပဲ ရှိရသည်။ နာမည်ကျော်မင်းသားကြီးဦးပိုးစိန်နှင့် တွဲကရသည့်အခါ၌လည်း ကြိုတင် ဇာတ်တိုက်ထားခြင်း မရှိပါပဲနှင့် အံဝင်ခွင်ကျဖြစ်အောင် သူကပြနေကျ ဇာတ်ထုပ်လိုပင် နိုင်နိုင်နင်းနင်း သရုပ်ဆောင်ကပြနိုင်၏။ မြခြေကျင်းငွေမှိုင်သည် နာမည်မရသေးသော မင်းသားမင်းသမီးကလေးများကိုလည်း သင်ကြား ပျိုးထောင်ပေးခဲ့သည်။ ရွှေမန်းတင်မောင်မှစ၍ ရွှေမန်း အမည်ပါသော မင်းသား အတော်များများသည် ငွေမှိုင် ပညာအမွေပေးခဲ့သူများဖြစ်သည်။ မင်းသမီးကြီး မငွေစိန်၊ မစိန်ဥ၊ ဩဘာစိန်၊ ကောလိပ်စိန် တို့သည်လည်း ဇာတ်အစီးအနင်းကောင်းသော နာမည်ကျော် ဇာတ်သဘင် မင်းသမီးကြီးများအဖြစ် ထင်ရှားခဲ့ကြသည်။

## အငြိမ့်မင်းသမီးကြီးများ

မင်းတုန်းမင်းလက်ထက်တော်အခါကပင် အငြိမ့်အပျိုတော်အမှုထမ်းများသည် တူရိယာအစုံအလင်ဖြင့် အတီးအကတို့နှင့်



ဖျော်ဖြေ အမှုထမ်းရန် လက်ျာသိမ်းမအငြိမ့်၊ လက်ဝဲယောကျ်ားအငြိမ့် ဟူ၍ရှိကြောင်းကို မှတ်သားရဘူးသည်။ ကိုလိုနီခေတ်တွင်မှ အငြိမ့်ကို စင်တင်၍ကပြခြင်း၌ ရှေ့ဆောင်ပထမတီထွင်သူမှာ မစိန်ညွန့်ဖြစ်သည်။ မစိန်ညွန့်သည် လှလည်းလှ၊ အကလည်းကောင်းသည်ဟုဆို၏။ တဖြည်းဖြည်းနှင့် အငြိမ့်အဖွဲ့များ ခေတ်စားလာခဲ့ရာ၊ မစိန်တု၊ မစိန်သစ်၊ မကိုင်ကြော့၊ မစိန်ဆင်၊ မစိန်သုံ စသည်တို့သည် အငြိမ့်ခေတ်ဦးပိုင်း၌ နာမည်ကျော်ခဲ့သူများ ဖြစ်ခဲ့သည်။ မြခြေကျင်း ငွေမှိုင်သည် မြန်မာညွန့် ဦးချစ်မောင် တည်ထောင်သော အငြိမ့်အဖွဲ့၌ နှစ်နှစ်ခန့်ဝင်ရောက်၍ ခေါင်းဆောင် မင်းသမီးအဖြစ် ကပြခဲ့သေးသည်။

စစ်ကြိုခေတ် အငြိမ့်လောက၌ လေဘာတီမမြရင်၊ ဩဘာသောင်း၊ ယုနီဗာစီတီမြသန်းကြည်၊ ဥက္ကလာအေးကြည်၊ ရွှေနှင်းဆီ မတင်ညွန့်တို့ နာမည်ကျော်လာသည်။ လေဘာတီ မမြရင်ကား အသံအဆိုကောင်းသည်။ အသံချိုစက်မပေါ်မီ ထိုခေတ်က ပရိသတ် နှစ်ထောင်ခန့်ရှိသောပွဲခင်းကို သူ့အသံကြည်ကြည်မြမြ ပီပီသသဖြင့် ပွဲခင်းအနှံ့ပေါက်အောင် ဆိုနိုင်စွမ်းရှိသည်။ ကရာ၌ ငြိမ့်ညောင်းနူးညက်သော ကကွက်ကိုသာ အထူးရွေးချယ် ကလေ့ရှိသည်။ မျက်နှာပေး ပြုံးပြုံးကလေးကိုလည်း ပရိသတ်က စွဲမက်ကြသည်။ မမြရင်ကဲ့သို့ အသံကောင်းသော၊ အကညက်သော၊ ရုပ်ရည်လှသော၊ ဣန္ဒြေရသော အငြိမ့်မင်းသမီးမျိုး ယနေ့အထိ ပေါ်မလာသေးဟုပင် ဆိုကြသည်။ ဩဘာသောင်းကား မင်းသမီးကြီးမထွေးလေး၏တပည့် ဖြစ်ခဲ့သဖြင့် ပိုသယားကကြိုးအပြင် ကကြိုးအစုံကနိုင်သည်။ ရုပ်ရည်နှင့်အသံကို အားမကိုးနိုင်သော်လည်း အကကောင်းလှန်း၍

နာမည်ကျော်ခြင်းဖြစ်၏။ ယနေ့ခေတ်တွင် ပန်တျာကျောင်း၌ အကနည်းပြသရာမကြီးအဖြစ် တာဝန် ထမ်းဆောင်လျက် ကကြိုးအခြေခံများကို စနစ်တကျ မှတ်တမ်းတင် ထားရစ်နိုင်ခဲ့သူလည်း ဖြစ်ပေသည်။ ယူနီဗာစီတီ မြသန်းကြည်မှာ ထိုခေတ်က ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ အသည်းစွဲ ဖြစ်သည်။ အဆိုကောင်း၊ အညွှန့်ကောင်း၍ အကလည်း တော်သည်။ ကာလသားကြိုက် ဝိုမက်ဘွယ် ဆိုနိုင်ကနိုင်သူတဦး ဖြစ်၏။ ဥက္ကလာအောင်ကြည်ကား လေတာသီနှင့် အပြိုင်ကျော်ကြားသူ ဖြစ်သည်။ အသားညိုချောပြစ်၍ ကရာ၌ မနိုမကယ် အပယ်ပန်းခံ၍ ကလေ့ရှိသည်။ ခေတ်ဆန်ဆန်တေးသွားများဖြင့် ကပြရာ၌ အထူးနိုင်နင်းသည်။ ရွှေနှင်းဆီ မတင်ညွန့်ကား မင်းသားအဝတ်ကိုဝတ်၍ "မင်းသားက" ကရာ၌ အလွန်ကျွမ်းကျင်သည်ဟု ရန်ကုန်ပရိသတ်က ချီးကျူးကြသည်။ ဂျပန်ခေတ်တွင် ရွှေနှင်းဆီ မတင်ညွန့်၊ ဖက်ရှင်မခအောင်ခင့်တို့ ဆက်လက်ကျော်ကြားခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင် ဆိုဗီယက်ပြန် ခွဲနွဲစိန်နှင့် ယိုးဒယား အမာစိန်တို့သည် အငြိမ့်လောက၌ ထွန်းတောက်လာသော ကြယ်နှစ်ပွင့်ဖြစ်သည်။ သို့သော် ရုပ်ရှင်ဘက်သို့ ကူးပြောင်းသွားကြသည်တွင် ယင်းတို့နှစ်ဦးသည် အငြိမ့်လောကနှင့် အဆက်ပြတ် သွားကြလေတော့သည်။

## ဂီတပညာရှင်များ

လူတို့၏စိတ်ဝေဒနာကို လှုံ့ဆော်ရာ၌ အထွမ်းထက်လှသော အနုပညာလက်နက်တမျိုးမှာ ဂီတဖြစ်ပေသည်။ ဆို-ရေး-တီးနှင့်



ဝပ်လျှိုးသော မြန်မာ့ ဂီတလောက၌ ထွန်းပေါက်ကျော်ကြားသူများတွင် အမျိုးသမီးများလည်း အများအပြား ပါဝင်သည်။ ရှေးမြန်မာမင်းများလက်ထက်အခါကပင် နန်းတွင်း၌ သီချင်းကြီး သီချင်းခန့်များကို စောင်း၊ ငြင်း၊ ပတ်သာတို့ဖြင့် သီဆိုတီးမှုတ် ဖြော်ဖြေကြရသူများမှာ အများအားဖြင့် နန်းတွင်းအပျိုတော်များ ဖြစ်ကြလေသည်။ သီပေါမင်း ပါတော်မူပြီးနောက်တွင် မြန်မာ့ဂီတ အနုပညာရှင်တို့သည် အတော်ပင် ကစဉ့်ကရဲ ဖြစ်ခဲ့ကြရလေသည်။ မြန်မာ့ဂီတပညာတို့ကို ထိန်းသိမ်းထားသူတစုသည် ဗြိတိသျှတို့၏လက်အောက်၌ မနေလို၍ ရှမ်းပြည်ဘက်သို့သွားရောက်ကြရာ၊ သီပေါစော်ဘွားကြီး ဆာစောချယ်က ကောင်းစွာ လက်ခံစောင့်ရှောက်ထားသည်။ ယင်းတို့အနက် နောင်အခါ သီပေါစော်ဘွားကြီးက "သီရိဥက္ကဋ္ဌ" ဘွဲ့ဖြင့် ကောက်ယူ မြှောက်စားခြင်းခံရသည့် ဒေါ်စောမြကြည်လည်း တယောက်အပါအဝင်ဖြစ်သည်။

**ဒေါ်စောမြကြည်**။ ။ငယ်နာမည်မှာ ခင်စိန်ကြည်ဖြစ်၍ သီပေါမင်း၏ ဗြိတိုက်သံတော်ဆင့် မောင်မောင်တင်နှင့် အပျိုတော် ခင်ဖွားတို့၏ သမီးဖြစ်သည်။ ငယ်ရွယ်စဉ်ကပင် အဆိုအက ဝါသနာထုံလှသည်။ သက္ကရာဇ် ၁၂၅၃ ခုနှစ်ဖွားဖြစ်၍ အသက် ၁၂ နှစ် အရွယ်၌ သီပေါမင်း၏အဆိုတော် ဦးလှကြီးထံတွင် အဆိုပညာကို စတင်သင်ကြားခဲ့သည်။ စော်ဘွားကြီးသည် ခင်စိန်ကြည်အား ကောက်ယူပြီးနောက်တွင်လည်း ဂီတပညာကို ပညာရှင်ကြီးများထံမှ ဆက်လက်သင်ယူစေခဲ့သည်။ သို့ဖြင့် သီပေါဟော်နန်းတွင်း၌ နေထိုင်ရစဉ်ကပင် စောင်းတီးနည်း၊ သီချင်းများ စနစ်တကျဆိုနည်း၊ သီချင်းရေးစပ်နည်း၊

ကနည်း စသည်တို့ကို ဆည်းပူးခဲ့ရ၍ ဆို-က-ရေး-တီး အနုပညာသို့ဖြင့် ကုံလုံကြွယ်ဝသော အနုပညာရှင်ကြီး တဦးဖြစ်လာပြီး ဂီတလောကတွင် ဂီတမိခင်ကြီးအဖြစ် လေးစားနေရာထားခြင်း ခံခဲ့ရလေသည်။ သီဆိုမှုတွင် "နရည်"ခေါ် ရည်းခါကို အလွန်နိုင်သူဖြစ်၍ "နရည်ကောင်းသူ" ဟု ဆိုစမှတ်ပြုကြသည်။ သီချင်းများစွာရေးစပ်ခဲ့သည့်အနက် "မိုးဒေဝါ"၊ "လမင်းသော်တာ"၊ "မိုးပဋ္ဌာန်" ပတ်ပျိုးများကား စာသားအဖွဲ့အနွဲ့ ကောင်းသည်သာမက အသံများကလည်း လွန်စွာယဉ်ကျေးသာယာလှပေသည်။ ဒေါ်စောမြကြည်သည် ဒုတိယကမ္ဘာစစ်မတိုင်မီကာလက အစိုးရပန်းချီနှင့်ဂီတပညာကျောင်းတွင် အဆိုနည်းပြဆရာမအဖြစ် ဆောင်ရွက်ခဲ့သည်။ စစ်ပြီးခေတ်တွင် ဝိုးဘတ် ဦးဘချို၏ တာဝန်ပေးချက်အရ မြန်မာဂီတ ပြန့်လည်ထွန်းကားရေးကို တာဝန်ယူဆောင်ရွက်ခဲ့ရသည်။ သီချင်းကြီးမူမှန်အဖွဲ့၏ အဖွဲ့ဝင်တဦးလည်းဖြစ်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရက အလင်္ကာကျော်စွာဘွဲ့ဖြင့် ချီးမြှင့်သည်။ ၁၉၅၃-၅၇ ခုနှစ်အထိ ကံဘဲ့ဆရာအတတ်သင်ကျောင်း၌ ဂီတနည်းပြအဖြစ် ဆောင်ရွက်နေစဉ် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ဘီအေဘွဲ့ကို ပေးအပ်ခြင်း ခံယူရလေသည်။ ထိုနောက် သမိုင်းကောက်ကော်မရှင်၌ မြန်မာဂီတသုတေသီအဖြစ် အမှုထမ်းရင်း ကွယ်လွန်ခဲ့လေသည်။

ဒေါ်စောမြကြည်နှင့် မရှေးမနှောင်း ကျော်ကြားလာသူ သီချင်းကြီးအဆိုတော်ကြီးတဦးမှာ ဒေါ်စေလီညွှန့် ဖြစ်သည်။ ဒေါ်စေလီညွှန့်သည်လည်း သီချင်းကြီးနယ်တွင် ဆရာကြီးတဆူဝင်ဖြစ်သည်။ ညည်းခံပုံများ၌ ဓနုသားဖြင့် ထိုင်ဆိုခြင်းကို ဒေါ်စေလီညွှန့်က အစပြုခဲ့သည်ဟု ဆိုကြသည်။



နိုင်ငံ့စီးပွားအတွက် စိုက်ပျိုးရေးဘက်တွင်လည်း အမျိုးသမီးများမပါလျှင်မပြီး။



...များကို ဖြည့်
... သား ငါး
... ပေးကြရသူ
... တွင်လည်း အ
... သမီးများ ပါဝင်
ကြသည်။



ဝတ်စားဆင်ယင်ကြရေးအတွက် ရှေးပဝေဏီကစပြီး ယခုတိုင်အောင်အမျိုးသမီးများက ရက်လုပ်ပေးနေရလျက်ပင်။

ရှေးဟောင်း ခေတ်ဦးပိုင်းကပင် အမျိုးသမီးများ လုပ်ကိုင်ခဲ့ကြသောခြင်းများ၊ တောင်းများ ရက်လုပ်ခြင်းကို ယခုလည်း အမျိုးသမီးများလုပ်ကိုင်သည်။





ဒု-ကမ္ဘာစစ်မတိုင်မီက မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ်ကို လှုံ့ဆော်ပေးသော အမျိုးသားနေ့ လှည့်ပွဲတွင် ပါဝင်ခဲ့ကြသော တက္ကသိုလ် ကျောင်းသူများ။

၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်ကြီးတွင် ပါဝင်ခဲ့ကြသော အမာခံ တက္ကသိုလ် ကျောင်းသူတစု။





ရေနံမြေသပိတ်တွင် အမျိုးသမီးများက သပိတ်လည်း တားဆဲကြသည်။



သပိတ်ကိစ္စအတွက်
အဖမ်းခံရလျှင်လည်း
ပျော်ပျော်ပါးပါး နှင့်
လိုက်ပါသွားကြသည်



သပိတ်တရားပွဲသို့ သွားကြလျှင်လည်းအမျိုးသမီးများက အများစု။

သပိတ်စခန်းသို့ ထမင်းထုပ်သွားပို့ကြသူများ၊ရိက္ခာပို့ကြသူအများမှာ
အမျိုးသမီးများသာ။





နိုင်ငံအတွက် လူထုအတွက် အကျိုးပြုမည့် လုပ်ငန်းကြီးများတွင်လည်း အမျိုးသမီးများပါဝင်မြဲ တူးရွင်းဆည်ဖို့ရေးအတွက် အမျိုးသမီးများ လုပ်အားပေးနေကြခြင်း။



ပညာရေးလောကတွင် ဆရာမဦးရေသည် ဆရာဦးရေထက် ပိုများသည်။



အိမ်သားများ စားသောက်ရေး အတွက် ဝယ်ခြမ်း ချက်ပြုတ် ရသည့် တာဝန်မှာ အမိုးအမရဲ့ အိမ်ရှင်မတိုင်း ဆောင်ရွက် ရသော အလုပ်တစ်ခု။



သို့ရာ အမျိုးသမီးများ၏ ဦးရေကလည်း နှစ်စဉ် အများအပြား တိုးတက်နေသည်။



မြန်မာ အမျိုးသမီးများကို ရောင်းရေးဝယ်တာ ဘက်၌လည်း အများဆုံး တွေ့နိုင်သည်။

လေတပ်မတော် စက်ပြင်ဌာနကဲ့သို့ ကျွမ်းကျွမ်းကျင်ကျင် တိတိကျကျ လုပ်ကိုင်ရသောနေရာမျိုး တွင်လည်း မြန်မာ အမျိုးသမီး စက်ပြင်များ ဝင်ရောက်နေရာယူ နိုင်ကြခဲ့သည်။



ရောဂါပိုး သုတေသနပြုရေး စသည်တို့ကိုလည်း ဆောင်ရွက်နိုင်ကြသော အဆင့်သို့ရောက်အောင် သိပ္ပံပညာဖက်၌လည်း အမျိုးသမီးများ တိုးတက်လာခဲ့လေပြီ။



ရန်ကုန် အမျိုးသမီး ဆေးရုံကြီး၌ အမျိုးသမီးဆရာဝန်နှင့် သူနာပြု များသည် ကလေးငယ်တဦးကို ခွဲ ရာ ခံဆစ် မွေးဖွား ပေး အပြီးတွင်။





ပြည်သူ့ ရဲတပ်ဖွဲ့၏ အရေးပါသော လုပ်ငန်းတရပ်ဖြစ်သည့် လက်ဗွေပုံစံ ထိန်းသိမ်းသည့် ဌာန၌ တာဝန်ယူ ဆောင်ရွက်နေကြသော ရဲတပ်ဖွဲ့ဝင် အမျိုးသမီးများ။



...သား ကပြဖျော်ဖြေမှုအတွက်လည်း အမျိုးသမီးများမပါလျှင် ပွဲမစည်။

ဖောင်ကြီး ပြည်သူ့စစ်သင်တန်းကျောင်းတွင် အမျိုးသားများနည်းတူ စစ်ရေးလေ့ကျင့်ခန်းယူခဲ့ကြသော အမျိုးသမီးများ။





...ဂီတလောကတွင် အမျိုးသမီးများသည် အဆိုနှင့် အတီးသာမက ...ရှည်း လုပ်ကိုင်ရာတွင်လည်း ကျွမ်းကျင်သူများရှိသည်။



ရှေးခေတ်က သိမ်သိမ်မွေ့မွေ့နေမှ မိန်းမပီသသည်ဟု ယူဆခဲ့ကြသော်လည်း ခေတ်နှင့်အညီ ကမ္ဘာ့အမျိုးသမီးများကို အမီလိုက်၍ ခုန်ပျံကျော်လွှား နိုင်သော အားကစားမယ်များလည်း ထွန်းကားလာခဲ့ပြီ။



...ဆုယ်ပြိုင်ပွဲများမှ မြန်မာ့ဂုဏ်ထူးဆောင် အားကစားမယ်များ။

...သားများနှင့် ခြေလှမ်းချင်းယှဉ်၍ ပေတသောင်းကျော်မြင့်သော ...တောင်ထိပ်သို့ အရောက်တက်လှမ်းခဲ့သော အမျိုးသမီးများ။

အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲ၌ အကြိတ်အနယ် ဝိုင်းလုနေကြစဉ်။







ခြင်းလုံးခတ် ကစား နည်း သည် အမျိုးသားများပင် တတ်ကျွမ်း ရန် မလွယ် သော် လည်း အမျိုးသမီး က လေး များ က စနစ် တကျ နှင့် လှပစွာ ခြင်း ခတ်ပြနိုင်ကြသည်။



မိမိတို့ ရပ်ရွာကာကွယ်ရေးအတွက် ပြည်သူ့စစ်တပ်ဝင်များ အဖြစ်လည်း အမျိုးသမီးများက ပါဝင်လှုပ်ရှားခဲ့ကြသည်။



တောင်ပေါ် မြေပြန့်
ကျေးရွာအရောက်
ကျန်း မာရေး
ဆောင်ရွက် နေကြ
အမျိုး သမီး သူနာ
ဆရာမများ။



ကျွမ်းကျင်မှု၊ စနစ်ကျမှု လိုအပ်သော စက်ကရိယာများ ကိုင်တွယ် သုံးစွဲရသော စက်ရုံ၊ အလုပ်ရုံကြီးများတွင်လည်း အမျိုးသမီးများ လုပ်ကိုင်နေကြ၍ စံပြလုပ်သားနှင့် လုပ်သားကောင်းဆုကို သုံးနှစ် ဆက်တိုက်ရခဲ့သော ကောင်ဆန်းမြို့ ဓာတုဗေဒစက်ရုံမှ မနုနုကဲ့သို့ အမျိုးသမီးအလုပ်သမား အရေအတွက်လည်း မနည်းခဲ့ပေ။



ကုသိုလ်ရေး ဆိုလျှင်လည်း အမျိုးသမီးများက ရှေ့တန်းက။ ကဆုန်ရေသွန်းကြမည့် အမျိုးသမီးတစု။

လှလှပပ ပုံဖော်ချုပ်လုပ်ရသော ရွှေချည် ငွေချည်ထိုးခြင်းသည် အမျိုးသမီးများ ပိုင်နိုင်သော အချုပ်အလုပ်တမျိုး။





မြန်မာညွန့် ဦးချစ်မောင်၏ဇနီး ဒေါ်အောင်ကြည်သည်လည်း မဟာဂီတမူမှန်ကို ထိန်းသိမ်းထားနိုင်သူတဦးဖြစ်သည်။ ဒေါ်စောမြကြည်နှင့် ဒေါ်ဒေလီညွန့်တို့ ကွယ်လွန်ခဲ့ပြီးဖြစ်ရာ ဒေါ်အောင်ကြည်သည်မှ ယနေ့တိုင် မြန်မာ့အသံ၌ သီချင်းကြီးစိစစ်ရေးဘုတ်အဖွဲ့၌ အဖွဲ့ဝင်တဦးအဖြစ် ဆောင်ရွက်နေဆဲ ဖြစ်လေသည်။

မြန်မာဂီတနယ်ပယ်၌ ပတ်ပျိုး၊ သီချင်းခံ့ စသည့် ရှေးသီချင်းကြီးများကို နိုင်နင်းသော ဂီတပညာရှင်အမျိုးသမီးကြီးများ ပေါ်ထွက်ခဲ့သကဲ့သို့ ခေတ်ပေါ်သီချင်းများကိုလည်း အဆွဲအငင်၊ မှင်မောင်းပြည့်စွာ သီဆိုနိုင်သည့် ပညာရှင်များရှိလေသည်။ ယင်းတို့အနက် ဓာတ်ပြားလောကမှ အဆိုတော် ဒေါ်ကြည်အောင်သည် စံပြုလောက်အောင်ပင် အဆိုပညာ၌ တဘက်ကမ်းခပ် ကျွမ်းကျင်၏။ ဒေါ်မေသည်လည်း သူ၏ ချိုအေးသောအသံကြောင့် လူကြိုက်များခဲ့သည်။ ဒေါ်စိန်ပါတီဆိုလျှင်လည်း အဆိုတတ်သူ ပညာရှင်တဦးဖြစ်သည်သာမက နယ်ချဲ့ဆန့်ကျင်ရေးအတွက် ဇာတိမာန်တက်ကြွအောင် ဂီတဖြင့် လှုံ့ဆော်ရာ၌ ကိုယ်တိုင်ပါဝင်သီဆိုခဲ့သူဖြစ်၏။ အနောက်တိုင်းတေးဆံဆံ သီချင်းများကို သီဆိုရာ၌ ဘိလပ်ပြန်သန်းနှင့် မေရှင်တို့ ထင်ရှား၏။ လွတ်လပ်ရေးရပြီးခေတ်၌ အဆိုတော်တင်တင်မြနှင့် မာမာအေးတို့ ကျော်ကြားလာကြသည်။ စည်းဝါးပိုင်နိုင်၍ သီဆိုရာတွင် ပညာခန့်ပြနိုင်သူ၊ အသံကို လိုသလိုအပြောင်းအလဲလုပ်၍ သံလေးသံပေါ့ အရိုက်အငင်တို့ဖြင့် ကျွမ်းကျင်စွာ သီဆိုနိုင်သူမှာ မာမာအေးဖြစ်၏။ မေလှမြိုင်ကား မြန်မာသံစစ်စစ် ကာလပေါ်သီချင်းများကို သီဆိုရာ၌ ထင်ရှားသည့် အဆိုတော်ဖြစ်၏။

## တူရိယာပညာရှင်များ

အမျိုးသမီးများသည် အဆိုအကတွင်သာ အရည်အချင်းပြည့်ဝသူများ မဟုတ်။ တူရိယာ ပစ္စည်းများကို တီးမှုတ်ခြင်း၌ နိုင်နင်းကျွမ်းကျင်သူများလည်းရှိလေသည်။ ရှေးရှေးကပင် အတီးအမှုတ်ပညာကို အမျိုးသမီးများ တတ်မြောက်ခဲ့ကြသည့် သာဓကများ အထင်အရှားရှိသည်။ အင်းဝခေတ် နံရံပန်းချီများတွင် အမျိုးသမီးတူရိယာအဖွဲ့များ၏ပုံများကို တွေ့ရသည်။ အနောက်နန်းမိဖုရား မမြလေးသည် စောင်းတီးတတ်သူဖြစ်သည်။ ရှေးမင်းသမီးကြီးများသည် သီချင်းအဆိုသင်ယူရာ၌ သံစဉ်ကို ပတ္တလားဖြင့် တီးခတ်၍ မှတ်သားသည်။ ဒေါ်စောမြကြည်သည် စောင်းတီးပညာကို ကောင်းစွာတတ်ကျွမ်းသူ ဖြစ်သည်။ စောင်းဒေါ်မြအုံသည် ဒေါ်စောမြကြည်၏ တပည့်ရင်းတဦး ဖြစ်လေသည်။ စန္ဒယား၊ ဘင်ဂျို၊ တယော၊ လက်ဆွဲဘာဂျာ စသည့် အနောက်တိုင်းတူရိယာများ ခေတ်စားလာသောအခါ ယင်းတူရိယာများကို ကျင်လည်စွာတီးခတ်နိုင်သူ အမျိုးသမီးများလည်း ပေါ်ပေါက်ခဲ့သည်။ ဘင်ဂျိုမကြီး၊ တယော မသန်းသန်းတို့သည် ကြာရှည်စွာ မကျော်ကြားခဲ့ကြချေ။ အဆိုကျော် ဒေါ်တင်အုန်းကား အဆိုကောင်းရုံသာမက၊ စန္ဒယားတီးကျွမ်းကျင်သူအဖြစ်လည်း ကျော်ကြားသည်။ လက်ဆွဲဘာဂျာဖြင့် ဆိုတီး တီးနိုင်သူ ပုသိမ်ဒေါ်တင်တင်၏ အနုပညာ အရည်အသွေးကလည်း ခေသူမဟုတ်ချေ။

ရှေ့မှလမ်းပြသွားကြကုန်သောအနုပညာရှင်အစ်မကြီးများ၏ လမ်းစဉ်ကိုလိုက်၍ ကြိုးစားခဲ့ကြသဖြင့် တူရိယာတီးခတ်နိုင်သူ အမျိုးသမီးကလေးများ အများအပြား ပေါ်ထွန်းခဲ့



သည်။ သို့သော် ဆိုင်းဝိုင်းမှ ပတ်လုံးကို ဂီတသံပေါက်အောင်တီးနိုင်ရန်မှာ မြန်မာအမျိုးသမီးများအတွက် လွယ်ကူလှသည်မဟုတ်ချေ။ ဆိုင်းတီးဝိုင်းဟူသည် အမျိုးသားများသာ လွှမ်းမိုးကြီးစိုးခဲ့ရာ ဖြစ်ခဲ့သည်။ သို့သော် မကြာသေးမီနှစ်အတွင်းက အမျိုးသားများကြီးစိုးခဲ့သော ဆိုင်းဝိုင်းတွင် ပတ်လုံးကို ပြောင်မြောက်သော ဂီတသံပေါက်အောင် တီးခတ်၍ ဆိုင်းအဖွဲ့ကြီးတခုကို ဦးစီးခေါင်းဆောင်နိုင်သော အမျိုးသမီးတဦး ပေါ်ထွန်းခဲ့လေပြီ။ ထိုအမျိုးသမီးကလေးကား ယဉ်ယဉ်နု ဖြစ်ပေသည်။

**ယဉ်ယဉ်နု။** ။တခေတ်တွင် တယောက် ဆိုရလောက်အောင် ထူးခြားစွာပေါ်ထွက်လာသော တူရိယာ ပညာရှင်ကလေးမှာ ပတ်ဝိုင်းခေါင်းဆောင် ယဉ်ယဉ်နုဖြစ်သည်။ မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းနေ ဆိုင်းအဖွဲ့ခေါင်းဆောင် ရွှေစား စိန်ဟံမြင့်၏ သမီးဖြစ်၍ ကလေးအရွယ်ကပင် ဖခင်၏ ဆိုင်းဝိုင်းတွင် ဝင်ရောက်တီးခတ်လေ့ရှိသည်။ ယဉ်ယဉ်နု၏ ပါရမီဗီဇကို အကဲခပ်မိသောဖခင်က စနစ်တကျသင်ပေးရာ ကျင်လည်စွာ တီးလာနိုင်သည်။ ပတ်လုံးများကို လက်ရင်းလက်ဖျား အပြန်အလှန်ဒိုးကဲ့သို့ မွှေနှောက်၍ ပီသအောင် တီးခတ်နိုင်သဖြင့် ဆိုင်းပညာရှင်ကြီးများကပင် အံ့ဩချီးကျူးကြရသည်။ ယောကျ်ားကြီးများပင် လက်များ အသားမာပေါက်အောင် တီးခတ်ရသော တူရိယာကို ပိုင်နိုင်စွာတီးနိုင်ခြင်းမှာ ထူးခြားသော အရည်အသွေးတရပ်ပင် ဖြစ်သည်။ ယခုအခါ ၁၃ နှစ်သမီးကလေး ယဉ်ယဉ်နု ခေါင်းဆောင်သော "မိသားစုဆိုင်းအဖွဲ့" သည် အလှူ မင်္ဂလာများတွင် ဝင့်ကြွားစွာ ဧည့်ခံနိုင်သော အဆင့်သို့ ရောက်နေပေပြီ။

## ရုပ်ရှင်အနုပညာရှင်များ

လွယ်မယောင်နှင့်ခက်သော ရုပ်ရှင်သရုပ်ဆောင်မှုတွင် ထူးခြားသော အနုပညာအရည်အသွေးဖြင့်ပြည့်ဝသူ မြန်မာရုပ်ရှင်သရုပ်ဆောင်များအနက် အမျိုးသမီးများ၏ဦးရေသည်လည်း မနည်းလှပေ။ မြန်မာရုပ်ရှင်ဇာတ်ကား စတင်ရိုက်ကူးသည့် ၁၉၂၀ ပြည့်နှစ်က ပထမဆုံး အမျိုးသမီးရုပ်ရှင်မင်းသမီးဖြစ်သူမှာ ကြည့်မြင်တိုင်သူ မရီဖြစ်သည်။ မရီသည် ထိုဇာတ်ကားထဲတွင်သာ ပါဝင်သရုပ်ဆောင်ခဲ့သည်။ အသစ်အဆန်းဖြစ်နေသေးသော လုပ်ငန်းတခုတွင် အမျိုးသမီးကလည်း မိမိကျရာ တာဝန်ပိုင်းကို အောင်မြင်အောင် ထမ်းဆောင်နိုင်ကြောင်းကို ပြသခဲ့ပြီးသည့်နောက်၊ မရီသည် နောင် ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်ခြင်းမပြုတော့ချေ။ သို့သော် မရီ၏ခြေရာကိုနင်း၍ ရုပ်ရှင်လောကထဲသို့ ဝင်ရောက်၍ အောင်မြင်စွာ ထမ်းဆောင်နိုင်ကြသော ရုပ်ရှင်ဇာတ်လိုက် အမျိုးသမီးများ အများအပြား ပေါ်ထွက်ခဲ့ကြလေသည်။

**ခင်ခင်နု။** ။ကြည့်မြင်တိုင်သူ မရီ၏နောက်၊ မြန်မာရုပ်ရှင်လောကထဲသို့ ဒုတိယ ဝင်ရောက်လာသူဖြစ်သည်။ အသံတိတ်ဇာတ်ကားခေတ်ဖြစ်၍ ထိုစဉ်က ရုပ်ရှင်မင်းသမီးများ၏ ရုပ်ဆင်းရူပကာ လှပတင့်တယ်မှု၊ ဟန်အမူအရာကောင်းမှုတို့သည် အရေးပါလှပေရာ၊ ခင်ခင်နုသည် အဆိုပါအရည်အချင်းတို့ဖြင့် ပြည့်ဝသည်။ ခင်ခင်နုသည် ကြည့်မြင်တိုင် စမ်းချောင်း ရှင်စောပုလဲလမ်းတွင် သက္ကရာဇ် ၁၂၇၃ ခုနှစ်က မွေးဖွားခဲ့၍ အမည်ရင်းမှာ မငြိမ်မြိုင်ဖြစ်သည်။ "ကျေးတောသူမနု" ဇာတ်ကားတွင် စတင်ပါဝင်သရုပ်ဆောင်ခဲ့၍ ခင်ခင်နု၏အမည် အထွတ်အထိပ် ရောက်အောင် တင်ပို့ခဲ့သောဇာတ်ကားမှာ "ရတနာပုံ"ဇာတ်ကား ဖြစ်သည်။ ခင်ခင်နုနှင့် တွဲဖက်အညီဆုံး ဖြစ်သော ရုပ်ရှင်မင်းသား ဘတင့်နှင့် ထိမ်းဆောင်ကျသည်။ ခင်ခင်နု ပါဝင်ရိုက်ကူးခဲ့သော "ဆုထူးပန်"ဇာတ်ကားသည် နိုင်ငံခြားသို့ပင် တင်ပို့ပြသနိုင်သော အဆင့်အတန်းရှိခဲ့သည်။ ခင်ခင်နုသည် သရုပ်ဆောင်မှုကောင်းမွန်လှသဖြင့် မြန်မာရုပ်ရှင် လောကတွင် ကျော်ကြားမှုသက်တမ်း အကြာမြင့်ဆုံး ရှိခဲ့လေသည်။



တဖြည်းဖြည်းနှင့် ရုပ်ရှင်ကုမ္ပဏီများလည်း တိုးတက်လာကြရာ၊ ရုပ်ရှင်ဇာတ်လိုက် ဇာတ်ဆောင်များလည်း များပြားလာသည်။ ခင်ခင်နု ကျော်ကြားလာပြီးနောက်တွင် ဗြိတိသျှဘားမားရုပ်ရှင် ကုမ္ပဏီမှ ခင်ခင်ကြည် သည်လည်း ထွန်းတောက်သော ကြယ်ပွင့်တပွင့် ဖြစ်လာသည်။ သည့်နောက်တွင် ခင်ခင်ဥ၊ ခင်မကြီး၊ ခင်မလေးတို့သည်လည်း ခေတ်စားလှသော ရုပ်ရှင်မင်းသမီးများ ဖြစ်ကြသည်။ အဆိုပါ ရုပ်ရှင်မင်းသမီးများမှာ ဟန်အမူအရာနှင့် လှပသိမ်မွေ့မှုအတွက် လူထုအသည်းစွဲများ ဖြစ်ကြသည်။ သူတို့နှင့်မတူ တမူထူးခြား၍ ကျော်ကြားသူမှာ ခင်ခင်စန်း ဖြစ်သည်။ ခင်ခင်စန်းသည် တန့်ရုပ်ရှင်ဇာတ်ကားတို့တွင် အခုန်အပျံ အကျော်အလွှား၊ အကြမ်းအရမ်း သရုပ်ဆောင်နိုင်သူ ဖြစ်လေသည်။ ဟန်အမူအရာ တည်တည်ခန့်ခန့်နှင့် ဣန္ဒြေရရဖြစ်ပြီး သဘာဝကျကျ သရုပ်ဆောင်နိုင်မှုကြောင့် လူထုအသည်းကျော် ဖြစ်လာသူမှာ အဝမ်းရုပ်ရှင်မှ မေရှင်ဖြစ်သည်။ ရွှေမန်းသူ မေရှင်သည် ရုပ်ရှင်သာ အောင်မြင်ကျော်ကြားသည် မဟုတ်၊ သူ၏ ငြိမ့်ငြောင်း

ချိုအေးသော အသံဖြင့် ဖမ်းစားနိုင်သော နိုင်ငံကျော် အဆိုကျော်တဦးလည်း ဖြစ်ပေသည်။

ကြည်ကြည်ဖွေး။ ။ဇာတ်သဘင်လောကမှ ပြဇာတ်၊ ပြဇာတ်မှ ရုပ်ရှင်နယ်သို့ ကူးပြောင်း၍ အနုပညာ သမ္မာရင့်လှသူ ရုပ်ရှင်မင်းသမီးကား ကြည်ကြည်ဖွေး ဖြစ်ပေသည်။ ကြည်ကြည်ဖွေးသည် ဇာတ်သဘင်တွင် "ဆောင်ရှင်းမ" အမည်ဖြင့် လည်းကောင်း၊ "မာလာရီ" အမည်ဖြင့် လည်းကောင်း ကပြ၍ သဘင်ရည် ပြည့်ဝခဲ့သည်။ ယင်းသည့် နောက်တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးစအချိန်၊ ပြဇာတ်များ ခေတ်စားစဉ်က ပြဇာတ်လောကသို့ ကူးပြောင်း၍ ဆောင်မြင့်ကျော်ကြားလာသည်။ ပြဇာတ်မှ ရုပ်ရှင်နယ်သို့ ပြောင်း၍ ပထမဆုံး စတင်ရိုက်ကူးရသည့် "ချစ်သက်ဝေ" ဇာတ်ကား (၁၉၅၃ ခုနှစ်)တွင် ရုပ်ရှင်အကယ်ဒမီဆုကို ရရှိ၍ ရုပ်ရှင်မင်းသမီးများအနက် အကယ်ဒမီဆုကို ပထမဆုံး ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။ အနုပညာရည် ပြည့်ဝလှသော ကြည်ကြည်ဖွေးသည် ၁၉၅၆ ခုနှစ်တွင် "ချစ်မှုံမပိုင်" ဇာတ်ကား၌ သရုပ်ဆောင်မှုအတွက် အကယ်ဒမီဆုကို ထပ်ဆင့်ရရှိပြန်ပြီး ၁၉၅၇ ခုနှစ်တွင်မူ ဝဏ္ဏကျော်ထင်ဘွဲ့ဖြင့်ပင် ချီးမြှင့်ခံရပေသေးသည်။ ယင်းသို့ သရုပ်ဆောင်မှု အနုပညာနယ်တွင် သရဖူဆောင်းနိုင်ခဲ့သော ကြည်ကြည်ဖွေးကား ဟံသာဝတီခရိုင် လက်ပံတန်းအပိုင်၊ ကျုံသတ်ရွာ ဇာတိဖြစ်သည်။ မိဘများမှာ ဦးဘိုးပုင့် ဒေါ်အုန်းကြေတို့ ဖြစ်၍ ရှစ်နှစ်သမီးကပင် ဇာတ်သဘင်နယ်ထဲသို့ ဝင်ရောက်ခဲ့လေသည်။

နောက်ပိုင်းတွင် သရုပ်ဆောင်မှု ပညာရည် ပြည့်ဝ၍ ရုပ်ရှင်



အကယ်ဒမီဆုကို ဆွတ်ခူးနိုင်ခဲ့ကြသူများမှာ မေမြင့်၊ မေလှိုင်၊ မြင့်မြင့်ခင်၊ မြတ်မွန်၊ ခင်ယုမေ၊ သီသီ၊ ဝါဝါဝင်းရွှေနှင့်ခင်သန်းနုတို့ ဖြစ်ကြလေသည်။

## ပြဇာတ်မင်းသမီးများ

ဂျပန်ခေတ်တွင် ရုပ်ရှင်ဖလင်ပြား ရှားပါးမှုကြောင့် ရုပ်ရှင်ပညာသည်အချို့က "ပြဇာတ်"ဟူ၍ လူကိုယ်တိုင် ဇာတ်ခင်ပေါ်တက်ပြီး ရုပ်ရှင်ဟန် အမူအရာမျိုးဖြင့် သရုပ်ဆောင်ကြသည်။ ဝင်းနီ၊ မေချစ်၊ ကြူကြူ၊ ခင်အုန်းမြင့် စသူတို့သည် ပြဇာတ်လောက၌ နာမည်ကျော် မင်းသမီးများ ဖြစ်လာကြ၏။ နောက်ပိုင်းတွင် ကြည်ကြည်ဖွေးနှင့် မြင့်မြင့်ဖွေး၊ မေငြိမ်း စသူတို့ နာမည် ကျော်ကြားလာကြသည်။ သို့သော် သူတို့တတွေသည် ပြဇာတ်များ ခေတ်တိမ်သွားခဲ့ရာတွင် ရုပ်ရှင်ဘက်သို့ ကူးပြောင်းသွားကြ၍ ရုပ်ရှင်ပိတ်ကားပေါ်တွင် ထွန်းတောက်သော ကြယ်ပွင့်များ ဖြစ်ခဲ့ကြလေသည်။

ယင်းကဲ့သို့ အမျိုးသမီး အနုပညာရှင်များ၏ အရည်အသွေးတို့ကို ခြုံငုံသုံးသပ်ရခြင်း အားဖြင့် အမျိုးသမီးများသည် ခက်ခဲနက်နဲသော အနုပညာရပ်များ၌လည်း ကျွမ်းကျင်လိမ္မာကြ၍ ယင်းပညာရပ်များဖြင့် ပရိသတ်၏ အာရုံကို ဖမ်းယူစားနိုင်ကြောင်းမှာ မငြင်းကွယ်နိုင်သော အချက်ပင် ဖြစ်တော့၏။

## မြန်မာ့ဂုဏ်ဆောင် အားကစားမယ်များ

ရှေးခေတ် အစဉ်အဆက်ကပင် မြန်မာ အမျိုးသမီးများသည် အပျိုဖော်ဝင်သည်နှင့် တပြိုင်နက် အနေအထိုင် မြင်လိုက်

ကြသည်။ အာကလေးအရွယ်မှာကဲ့သို့ ခုန်ပေါက် ပြေးလွှား ကစားမြူးထူးခြင်း မပြုတော့ချေ။ ဖိုင်းကောက်ကျောက်ဒိ ပီပိ ပြေးပြေးနေမှသာလျှင် မိန်းကလေးပီသသည် ဟု ထင်မြင်ယူဆ ခြင်း ခံကြရသည်။ ထို့ကြောင့်ပင် ဣန္ဒြေရရ သွားလာလှုပ်ရှား ကြသည်။ ထမီကို ခြေသလုံးပေါ် အောင်ပင် ဝတ်ဆင်လေ့မရှိ ကြ။ လုပ်လီလုပ်လဲ့ ကချွဲကရ လမ်းလျှောက်ဟန်ကိုပင် "ခြေ တလှမ်း ကုဋေတသန်း တန်လောက်သည်" ဟု စာဖွဲ့ကြသည့် အခြေအနေရှိခဲ့သည်။ ထို့ကြောင့် နိုင်ငံခြား အမျိုးသမီးများ ကဲ့သို့ ပြေးခုန်ကစားပွဲများတွင် မြန်မာအမျိုးသမီးများ ပါဝင် ယှဉ်ပြိုင်ရေးမှာ အိပ်မက်ပင် မမက်သေးသောခေတ် ဖြစ်သည်။

ယင်းကဲ့သို့သော အယူအဆ သဘောထားများ လွှမ်းမိုး ထားသည့် ခေတ်အခါတွင် ကာယဗလဖခင်ကြီး ဦးရှိန်နှင့် ဦးဇော်ဝိတ်တို့၏ ဦးဆောင်ကြိုးပမ်းချက်ကြောင့် မြန်မာအမျိုး သမီးများသည် အားကစားလောကထဲသို့ လှမ်းဝင်လာခဲ့ကြ လေသည်။

**ပထမဆုံး အားကစား အမျိုးသမီးများ။** ။ကိုလိုနီခေတ် တွင် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ကျန်း မာကြံ့ခိုင်ရေးကို အလေးပေး ဆောင်ရွက်ခြင်းမျိုး မရှိခဲ့ချေ။ ရန်ကုန်မြို့၌ တရုတ်အမျိုးသား၊ အိန္ဒိယအမျိုးသားများ ဦးစီး ကျင်းပသည့် အားကစားပွဲများကိုသာ ရံဖန်ရံခါ တွေ့ရတတ် သည်။ မြန်မာလူငယ်တို့၏ ကြံ့ခိုင်သန်စွမ်းရေးကို အထူး စိတ် ဝင်စားစွာဖြင့် မြှေအောင် မြှောက်ပေးလိုသော ဦးရှိန်သည် မြန်မာတိုင်းရင်း အမျိုးသားများပါဝင်သည့် အားကစားပြိုင်ပွဲ ဖြစ်မြောက်ရေးကို ဦးဇော်ဝိတ်နှင့်အတူ ကြိုးပမ်း အကောင်



အထည် ဖော်ခဲ့သည်။ ယင်းအားကစားပြိုင်ပွဲ၌ အမျိုးသမီး ကလေးများကိုလည်း ယောကျ်ားလေးများနည်းတူ ပါဝင် ယှဉ်ပြိုင်ရန် လှုံ့ဆော်စည်းရုံးခဲ့လေသည်။

၁၉၄၁ ခုနှစ် ဇန္နဝါရီလ ၃၀ ရက်နေ့တွင် ပထမဆုံးအကြိမ် မြန်မာ တိုင်းရင်းသား ကစားခုန်စား ပွဲကြီးကို အောင်မြင် စွာ ကျင်းပနိုင်ခဲ့သည်။ မအုန်းကြည်၊ မြမြ၊ လှလှ စသူတို့နှင့် အတူ တိုင်းရင်းသူကလေးများ အပါအဝင် အမျိုးသမီး ၈၀ ကျော် ယှဉ်ပြိုင်သော ယင်းအားကစားပြိုင်ပွဲ၌ ကရင်အမျိုး သမီးကလေး ဓိုလင်ဒါရွှေသွင်က အမျိုးသမီး တံခွန်စိုက်ဆုကို ဆွတ်ခူးနိုင်ခဲ့လေသည်။ ထိုနှစ်မှာပင် ဒုတိယကမ္ဘာစစ်မီးသည် မြန်မာပြည်သို့ ကူးစက်ရောက်ရှိလာခဲ့သည့်အတွက် အားကစား လောက၌ အမျိုးသမီးများ ခြေလှမ်းတန့်သွားခဲ့ရသည်။

ဂျပန်ခေတ်တွင် အားကစားပြိုင်ပွဲ တရပ်ကို ကျင်းပရန် စီစဉ်ပြီးမှ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်ပြားသွားခဲ့ရ သည်။ အာရှလူငယ်အစည်းအရုံးများမှ လူငယ်အားကစားကို ဆက်လက် မြှေတောင်မြှောက်ပေး၍ အမျိုးသမီးကလေးများ တွင် အားကစားဝိဇ္ဇာတ်များ ပေါ်၍ ထက်သန်လာခဲ့ကြလေ သည်။

**စစ်ပြီးခေတ် အားကစားလောက။** ။စစ်ပြီးကာလ၌ အား ကစားစိတ်ဓာတ် ထက်သန်သူများ ပါဝင် ဖွဲ့စည်း ထားသည့် "မြန်မာပြည် အိုလံပစ်အသင်း" မှ ကြီးမှူးလျက် အားကစား ပြိုင်ပွဲများကို ကျင်းပပေးလေ့ရှိသည်။ သိမ်ပေါ်မင်း၏မြေးတော် တော်ဘုရားကြီး၏ ဇနီး မခင်ကြည်၊ တော်ဘုရားကြီး၏ နှမ

ထိပ်ရှမြတ်ဘုရားလေး စသူတို့သည် အားကစား လောက၌ နာမည်ထင်ပေါ် လာကြသည်။

အမြို့မြို့အနယ်နယ်၌ မောင်းမယ်ရွေးပွဲများ ခေတ်စားလာခဲ့သည်။ ကိုယ်ကာယအလှကို အကဲဖြတ် ရွေးချယ်သော ပြိုင်ပွဲများ ဖြစ်သည်။ အားကောင်းမောင်းသန်များ ပေါ်ပေါက်စေရေး၊ အားကစားလိုက်စားမှု တိုးပွားစေရေး၊ တဦးချင်း၏ ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးရေးမှသည် တမျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးရေးသို့ တိုးတက်ရောက်ရှိရေး စသည့် ရည်ရွယ်ချက်ကောင်းတို့ဖြင့် မောင်းမယ်ရွေးပွဲများကို ကျင်းပကြခြင်း ဖြစ်သည်။ ထိုရွေးပွဲများကို အကြောင်းပြု၍ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းယူသူ အားကစားလိုက်စားသူ အမျိုးသမီးများ တိုးပွားလာခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဖဆပလအစိုးရသည် မြန်မာပြည် အိုလံပစ်အသင်းသို့ ရန်ပုံငွေတသိန်း ထည့်ဝင်ကူညီခဲ့သည်။ မြန်မာပြည် အိုလံပစ်အသင်းသည် အမြို့မြို့အနယ်နယ်၌ အိုလံပစ် အသင်းခွဲများ ဖွဲ့စည်းလျက် အားကစားပြိုင်ပွဲများကို ကျင်းပပေး လေသည်။ အမျိုးသမီးများ သည်လည်း ကျောင်းပြေးခုန်ကစားပွဲများမှ တဆင့်တက်၍ ဘီအေအေကွင်း၌ ကျင်းပသော အားကစားပြိုင်ပွဲများအထိ တက်ရောက် ယှဉ်ပြိုင်လာနိုင်ခဲ့၏။

**လွတ်လပ်ရေးရပြီးခေတ် အားကစားလောက။** ။ဖဆပလ အစိုးရ လက်ထက်တွင် "အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး ကောင်စီ အက်ဥပဒေ"ကို ၁၉၅၁ ပြည့်နှစ် အောက်တိုဘာလ ၉



ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းဥပဒေအရ အမျိုးသား ကိုယ်လက် ကြံ့ခိုင်ရေး ကောင်စီ ပေါ်ပေါက် လာခဲ့သည်။ ကောင်စီ၏ လုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်ရန်အတွက် နယ်များတွင်လည်း ဒေသန္တရကောင်စီများဖွဲ့စည်းပေးလျက် ခရိုင်စည်းရုံးရေးမှူးများကို ခန့်ထားခဲ့သည်။ ယခင် အားကစားလောက၌ ထင်ရှားခဲ့ကြသည့် အမျိုးသမီးများသည် ခရိုင်စည်းရုံးရေးမှူးများ၊ ကိုယ်လက်ကြံ့ခိုင်ရေးမှူးများ အဖြစ် ထမ်းဆောင်ကြရလေသည်။ ဒေါ်ကြင်စိန်၊ မဖွါးဖွါး၊ လီလီကြာညွန့်၊ ဂရေစီကား စသူတို့သည် အစိုးရခန့်ထားသော ဝန်ထမ်းများ ဖြစ်သော်လည်း အားကစားလောကတွင် နည်းစနစ်ပေး၍ လမ်းညွှန်သည့်အပြင် ကိုယ်တိုင်ပါဝင် ယှဉ်ပြိုင်ကြသူများလည်း ဖြစ်၏။

ဤသို့နှင့် အမျိုးသမီးများ၏ အားကစားနှင့် ကြံ့ခိုင်မှု အရည်အသွေး တိုးတက်လာလေရာ၊ မြန်မာ့အမျိုးသမီးများ၏ စွမ်းရည်သည် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သည့် အဆင့်သို့ ရောက်လာသည်။ ၁၉၅၉ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသော ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် ဂရေစီကား (မမိုးအေး)၊ မေမေရီ၊ မခင်ထွေး၊ မခင်ဌေး စသူတို့သည် ပြေးခုန်ပစ်ပွဲများ၌ ပထမဆု ရွှေတံဆိပ်များကို ဆွတ်ခူးနိုင်ခဲ့လေသည်။

၁၉၆၁ ခုနှစ် ဒုတိယ ကျွန်းဆွယ်ပွဲတွင်လည်း ပြေးခုန်ပစ်၌ သာမက ရေကူးပြိုင်ပွဲတွင်ပါ ဝင်ရောက်ယှဉ်ပြိုင်၍ အစွမ်းပြခွင့် ရခဲ့သည်။ မညွန့်ခင်နှင့် အယ်လစ်ဇဗက်ဆိုက်တို့သည် ရေကူး၌ ထူးချွန်သူများ ဖြစ်ခဲ့သည်။

မျက်မှောက်ခေတ် အားကစားလောက။ ။တော်လှန်ရေး ကောင်စီ ပေါ်ပေါက်လာပြီးနောက် အားကစားဆောင်ပုဒ် သည်လည်း ပြောင်းလဲလာခဲ့၏။ "လူတစု အားကစားမှသည် လူထုအားကစားသို့" ဟူသော ဆောင်ပုဒ်အရ ပြည်သူတရပ်လုံး ပါဝင်သော အားကစား လှုပ်ရှားမှုကို ဦးတည်ကြိုးပမ်းကြသည်။ ယခင်ရှိခဲ့သော ၁၉၅၀ ပြည့်နှစ် အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ အက်ဥပဒေကို ဖျက်သိမ်းလျက် "ပြည်ထောင်စုမြန်မာနိုင်ငံ၊ အားကစားနှင့် ကာယပညာ ကောင်စီ" (အားကာ ကောင်စီ)ကို ဖွဲ့စည်းပေးသည်။

အရည်အချင်း ပြည့်ဝသော အားကစား နည်းပြများ၏ လမ်းညွှန်သင်ပြမှုကို ခံယူလျက်၊ အားကစားပစ္စည်းများ အစုံအလင်ဖြင့် လေ့ကျင့်မှုရလာသော အမျိုးသမီးများသည် အားကစားတွင် ပိုမိုထူးချွန်၍ အရည်အသွေး တက်လာခဲ့သည်။ အာရှကျွန်းဆွယ်ပွဲများ၌ အမျိုးသမီး စံချိန်သစ်တင်နိုင်သူများ ပေါ်ထွက်ခဲ့သည်။ ဂရေစီကားကဲ့သို့ ယခင်လူဟောင်း အားကစား အမျိုးသမီးများသာမက ဂျင်နီဖာတင်လေး၊ မခင်တာ၊ မခင်ပု၊ မပေါ်ရွှေ၊ မမိုးစံ စသူတို့သည် အရှေ့တောင်အာရှ ကျွန်းဆွယ်မြေပြင်ပြိုင်ပွဲများတွင် နိုင်ငံ၏ဂုဏ်ကို ဆောင်ခဲ့ကြသော မြန်မာအမျိုးသမီးများပင်။ ကချင်ပြည်နယ်သူ ဂရေစီကားခေါ် မမိုးစေးသည် ကျောင်းသူဘဝကပင် အားကစား ထူးချွန်သူ ဖြစ်သည်။ တက္ကသိုလ်သို့ ရောက်သောအခါ သူ၏ အရည်အသွေးသည် ပိုမို၍ တောက်ပြောင်လာကာ ပညာရေးကို အနိုင်အတင် ရုန်း၍ အားကစားလောကထဲသို့ ဝင်ရောက်လာခဲ့ပြီး ကိုယ်လက်ကြံ့ခိုင်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရင်း အရှေ့တောင် အာရှ နိုင်ငံများ၌



ကျင်းပသော အားကစား ပြိုင်ပွဲများ၌ ရွှေတံဆိပ်ဆုများကို ဆွတ်ခူးကာ မြန်မာ့အားကစားဂုဏ်ကို မြှင့်တင်ပေးခဲ့သည်။

တာတိုပြေးပွဲတွင် ဘုရင်မတပါးဟု ကင်ပွန်းတပ်ခြင်းခံရသော မိုးစံသည် ပုသိမ်သူ ဖြစ်သည်။ ကျောင်းသူဘဝကပင် အားကစား၌ ထူးချွန်၍ တစတစ တိုးတက်ထွန်းပြောင်လာရာ ပြည်သူ့ရဲတပ်ဖွဲ့၌ ဝင်ရောက် အမှုထမ်းရင်း မိမိ၏ အားကစား အရည်အသွေးကို တိုးတက်အောင် ကြိုးပမ်းလေ့ကျင့်ခဲ့သည်။ သို့ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ချစ်ကြည်ရေး သွားရောက်ရသော အားကစားအဖွဲ့၌၎င်း၊ အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲများ၌၎င်း ပါဝင်ယှဉ်ပြိုင်ခဲ့ရ၍ ၁၉၆၅ ခုနှစ် မလေးရှား၌ ကျင်းပသောပွဲတွင် ရွှေတံဆိပ်ဆု ရခဲ့သည်။

အမျိုးသမီးအားကစားမယ်များအနက် ထူးခြားသူမှာ ဂျင်နီဖာတင်လေး ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် ထွားကြိုင်းသလောက် အားကစားစိတ်ဓာတ် ပြည့်ဝသူလည်း ဖြစ်သည်။ တိုင်းနှင့်ပြည်နယ်မြေပြင်ပြိုင်ပွဲသည် အားကစား လူရည်ချွန်များကို မွေးထုတ်ပေးခဲ့ရာ၊ ဂျင်နီဖာသည် ဧရာဝတီတိုင်း၏ အားကစားမယ်ဖြစ်သည်။ သူ၏ တောက်ပြောင်သော အရည်အသွေးကြောင့် ကျွန်းဆွယ်ပြိုင်ပွဲများအတွက် လက်ရွေးစင်အဖြစ် ခေါ်ယူလေ့ကျင့်ပေးခဲ့ရာ၊ ဘော်လီဘောနှင့် သံလုံးပစ်တွင် ထူးချွန်လာ၍ အရှေ့တောင်အာရှ၏ သံလုံးပစ်ဗိုလ် ဟူသော ဘွဲ့ထူးကိုပင် ရရှိခဲ့သည်။

မြန်မာအမျိုးသမီးကလေးများ အဖွဲ့လိုက် ယှဉ်ပြိုင်မှုတွင် ဗိုလ်စွဲနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သူကား ဘော်လီဘောမယ် မမြမြ ဖြစ်သည်။ မမြမြခေါင်းဆောင်သော မြန်မာအမျိုးသမီး

ဘော်လီဘောအသင်းသည် ၁၉၆၅ ခုနှစ် တတိယကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် ထိုင်းအသင်းကိုအနိုင်ရရှိကာ ရွှေတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာအားကစားမယ်ကလေးများကား အတ်စကက်ဘော၊ ကြက်တောင်ရိုက်၊ ရေကူးပြိုင်ပွဲများ၌လည်း ပထမအဆင့်သို့ တက်လှမ်းနိုင်မည့် အရည်အသွေးများ ရှိနေသည်။ နိုင်ငံခြားသို့ သွားရောက်ယှဉ်ပြိုင်ကြရာ၌ ကွင်းစိမ်းနေခြင်း၊ ရာသီဥတု၊ အစားအသောက် ကွဲပြားခြားနားနေခြင်းတို့ကြောင့်သာလျှင် စွမ်းရည်အပြည့် မပြနိုင်ကြခြင်းဖြစ်သည်။ ယခုအချိန်ထိ မြန်မာအားကစားမယ်တို့ ရယူနိုင်ခဲ့သော အောင်မြင်မှုများကား ကျေနပ်အားရဖွယ် အခြေအနေ၌ ရှိနေပေသည်။

အမျိုးသမီးများသည် ခုန်ပျံကျော်လွှား အားကစားနည်းမျိုးစုံတွင် အမျိုးသားများနည်းတူ စွမ်းရည်ပြနိုင်ကြသကဲ့သို့ ဇွဲသတ္တိဖြင့် အပင်ပန်းခံ၍ သက်စွန့်ဆံဖျားဆောင်ရွက်ရသော ရေခဲတောင်ထိပ်များဆီသို့လည်း အမျိုးသားများနှင့် ခြေလှမ်းချင်းယှဉ်၍ အရောက်တက်လှမ်းနိုင်ခဲ့ကြသည်။

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဝင်များသည် ပေတသောင်းကျော်မြင့်သော ရေခဲတောင်ထိပ်ဆီသို့ တက်ရောက်ရန် သုံးနှစ်တာမျှ အချိန်ယူပြီး အပတ်စဉ်လေ့ကျင့်ကြရသည်။ စာတွေ့ လက်တွေ့ နှစ်ရပ်ပေါင်း၍ ဆည်းပူးကြရသည်။ ထိုအသင်းဝင်များတွင် အမျိုးသမီးများလည်း ပါဝင်သည်။ သို့နှင့်ပင် တောင်တက်အသင်းဝင်များသည် ၁၉၇၁ ခုနှစ် ဒီဇင်ဘာလတွင် ချင်းဝိသေသတိုင်း(ယခု ချင်းပြည်နယ်)ရှိ ပေ ၁၀,၂၀၀ မြင့်သော ဝိတိုရိယတောင်ထိပ်သို့ ခြေမြန်



လေ့ကျင့်မှုအဖြစ် တက်ရောက်ခဲ့ကြသည်။ ၁၉၇၂ ခုနှစ်တွင်မူ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့နယ်ရှိ ရာစကျိုတောင်၊ အရှေ့ပြင် အနောက်ပြင်တောင်၊ တောင်ကြီးမှ တောင်ထိပ်ချွန်များ စသည်တို့သို့လည်း တက်ရောက်၍ ကျောက်တောင်တက်နည်းကို လက်တွေ့လေ့ကျင့်ခဲ့ကြသည်။

ယင်းသို့ ခံနိုင်ရည်၊ ဇွဲသတ္တိနှင့် မှန်ကန်စွာလေ့ကျင့်မှုတို့ကို ရယူခဲ့ပြီးနောက်တွင် အသင်းဝင်ဦးရေ နှစ်ရာကျော်ရှိသည့် အနက်၊ အမာခံလက်ရွေးစင် ၂၇ ဦးသာ ကျန်တော့သည်။ ယင်းတို့တွင် စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်နှင့် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တို့မှ ဆရာမများနှင့် ကျောင်းသူများ ဖြစ်ကြသော ဒေါ်မြသန်းနွယ်၊ ဒေါ်နုနုရီ၊ မခင်ဦး၊ နန်းဆိုင်ခမ်း၊ နုနုကြည်၊ မမြင့်ဦး၊ မခင်အေးမွန်တို့သည် အမာခံလက်ရွေးစင်စာရင်းဝင်များ ဖြစ်ကြသည်။

၁၉၇၄ ခုနှစ် ဧပြီလတွင် ယင်းအမာခံလက်ရွေးစင် ၂၇ ဦးသည် ဦးလှအောင် (ဗိုလ်မှူးကြီးဟောင်း) ဦးဆောင်သော မြေတိုင်းအဖွဲ့နှင့် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ဝင်များနှင့်အတူ ကချင်ပြည်နယ် ပူတာအိုမြို့၏အနောက်ဘက်ရှိ ပေ ၁၁,၅၀၀ မြင့်သည့် မှန်ကန်ရေခဲတောင်ကို စည်းကမ်းသေဝပ်စွာနှင့် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြ၍ တောင်ထိပ်တွင် တံခွန်အလံများ စိုက်ထူခဲ့ကြသည်။ ပထမဦးဆုံး တက်ရောက်ခဲ့သော ရေခဲတောင်ကို တက်လှမ်းနိုင်ခဲ့သော လူငယ်တို့၏ ပထမဆုံးအောင်မြင်မှုမှာ အထူးချီးကျူးဖွယ်ဖြစ်၏။ ခရီးလမ်းပန်းခက်ခဲကြမ်းတမ်းမှုကို ပမာမထားပဲ အောင်မြင်မှုကို အရယူခဲ့သူများတွင် အမျိုးသမီးများက ခရီးအစမှအဆုံးတိုင် ပါဝင်နိုင်ခဲ့သည်မှာလည်း ဂုဏ်ယူဖွယ်ရာဖြစ်ပါပေသည်။

## အမျိုးသမီးစစ်မှုထမ်းများ

လွတ်လပ်ရေးရပြီးခေတ်တွင် အမျိုးသမီးတို့၏စွမ်းရည်ကို ပြသနိုင်သော အခွင့်အလမ်းတရပ်ပွင့်ခဲ့သည်။ ယင်းမှာ အခြားမဟုတ်၊ တပ်မတော် ကြည်း၊ ရေ၊ လေတို့တွင် အမျိုးသမီးများ ဝင်ရောက်အမှုထမ်းနိုင်ခွင့် ပေါ်ပေါက်လာခြင်းဖြစ်၏။

တိုးတက်သောနိုင်ငံကြီးတိုင်း၌ နိုင်ငံကာကွယ်ရေးအတွက် အထောက်အကူပေးနိုင်သော အမျိုးသမီးအရံတပ်များ ထားရှိရမြဲဖြစ်၏။ ဒုတိယကမ္ဘာစစ်အတွင်းက အနောက်နိုင်ငံများတွင် အမျိုးသမီးအရံတပ်ဖွဲ့ဝင်များသည် ရှေ့တန်းရောက် စစ်သည်တော်များ၏နေရာတွင် အစားထိုး ဝင်ရောက်လျက် လက်နက်ခဲယမ်းမီးကျောက် ထုတ်လုပ်ရေးစက်မြေပြင်သူနာပြုရေးနှင့် အုပ်ချုပ်စီမံခန့်ခွဲရေး၊ သယ်ယူပို့ဆောင်ရေး စသည့်တာဝန်များကို ထမ်းဆောင်နိုင်ခဲ့ကြသည်။

လွတ်လပ်သည့် မြန်မာနိုင်ငံသည်လည်း အနာဂတ်ကာလ၌ နိုင်ငံကာကွယ်ရေးတွင် အမျိုးသမီးများကို တတပ်တအား တာဝန်ယူစေရန်အတွက် တိုင်းရင်းသူများကို မူလတန်းစစ်ပညာသင်ပေးရန် လွှတ်တော်တွင် တင်ပြဆွေးနွေးခဲ့၏။ ၁၉၅၁ ခုနှစ် စက်တင်ဘာလအတွင်း၌ ကျင်းပခဲ့သော ပြည်သူ့လွှတ်တော် အစည်းအဝေးသို့တွင် ရခိုင်တိုင်း မောင်းတော တောင်ပိုင်းအမတ် ဒေါ်အေးညွန့်က အဆိုတင်သွင်းခြင်းဖြစ်၏။

ထိုအဆိုမှာ ရုတ်တရက် အကောင်အထည် ပေါ်မလာခဲ့သော်လည်း ၁၉၅၅ ခုနှစ်တွင် တပ်မတော်မှ အမျိုးသမီး အရာရှိများကို ခေါ်ယူခန့်ထား၍ ရွှေပြေးအစီအစဉ်တရပ်ကို ချမှတ် လုပ်ဆောင်ခဲ့သည်။ ခေါ်ကြငြိ အမှုပြုသော ဘွဲ့ရ



အမျိုးသမီး ၁၁ ဦးသည် ဗထူးတပ်မြို့၌ ခြောက်လကြာမျှ အရာရှိအခြေခံစစ်သင်တန်းကို တက်ကြရသည်။ ထို့နောက် အမျိုးသမီးအရာရှိခြောက်ဦးကို အမေရိကန်နိုင်ငံရှိ အမျိုးသမီး အရံတပ်ဖွဲ့၊ အခြေခံသင်တန်းစခန်းသို့ ပို့လွှတ်၍ သင်တန်း တက်စေခဲ့သည်။ အမေရိကန်တွင် ရက်သတ္တပတ် ၂၀ ကြာမျှ လေ့ကျင့် သင်ယူခဲ့ပြီးနောက်၊ အမျိုးသမီးအရာရှိခြောက်ဦး သည် အင်္ဂလန်နှင့် အနောက်ဥရောပနိုင်ငံတို့ရှိ စစ်သင်တန်းစခန်းများသို့ လည်း ဝင်ရောက်လေ့လာခဲ့ကြလေသည်။

၁၉၅၇ ခုနှစ်တွင် ကြည်းရေလေ အမျိုးသမီးတပ်ဖွဲ့စည်းရန် အတွက် စစ်မှုထမ်းအမျိုးသမီးများကို ခေါ်ယူသည်။ အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်မရှိသူများ ဖြစ်ရမည်။ ပညာအရည်အချင်းအားဖြင့် ခုနစ်တန်း အောင်မြင်ရမည်။ ရွေးချယ်ခြင်းခံရသူများသည် သုံးနှစ်အတွင်း အိမ်ထောင်မပြုရ စသည်ဖြင့် သတ်မှတ်ထား၏။

အမျိုးသမီးစစ်သည်များကို ရွေးချယ်ခြင်းခံရလျှင် အခြေခံ စစ်ပညာကို ၁၆ ပတ်ကြာ သင်တန်းပေးပြီးလျှင် နှစ်သက်ရာ ပညာရပ်ခြောက်မျိုးကို ဆက်လက်သင်တန်းတက်ရမည်။ ယင်း သင်တန်းခြောက်မျိုးမှာ စာရေးစာချီ၊ ရေဒီယိုစက်ပြင်၊ တယ်လီဖုန်း ခလုတ်ထိန်း၊ ဝိုင်ယာလက်အတတ်၊ သူနာပြုနှင့် အုပ်ချုပ် ရေးတို့ဖြစ်သည်။ လစာနှင့် ထောက်ပံ့ကြေး၊ စစ်မှုထမ်းဆု ကြေးနှင့် အငြိမ်းစားလစာတို့ကို အမျိုးသားစစ်သည်တော် များနှင့် တန်းတူရရှိမည်။

ဤသို့သော အချက်အလက်များကို ရှင်းလင်းဟောပြော လျက် အမျိုးသမီးစစ်သည်များကို စုဆောင်းသိမ်းသွင်းရန် တပ်မတော်မှ အမျိုးသမီးအရာရှိအချို့သည် ပုသိမ်၊ မော်လမြိုင်၊

မန္တလေး၊ တောင်ကြီးနှင့် စစ်တွေမြို့များသို့ သွားရောက်ခဲ့ကြသည်။

အမျိုးသားများနှင့် ရင်ပေါင်တန်း၍ "မ"တို့ စွမ်းရည်ပြလိုသော အမျိုးသမီးကလေးများသည် တပ်မတော်သို့ ဝင်ရောက်လျက် စစ်မှုထမ်းကြသည်မှာ ယနေ့တိုင်အောင်ဖြစ်သည်။ သို့သော် အမျိုးသမီးအရံတပ်ဖွဲ့ဟူ၍ တသီးတခြား ပေါ်ထွက်လာခြင်း မရှိသေးချေ။ ဂျပန်ခေတ်က စတင်၍ အရိပ်အယောင်သန်းခဲ့သော အမျိုးသမီးတပ်သည် ပါလီမန်ခေတ်တွင် အစို့အညှောက် ပြူထွက်စပြုလာသော်လည်း အထွန်းကား ပွင့်အာနိုင်သည့် အခြေအနေသို့ မတက်နိုင်ခဲ့ချေ။

### ရဲတပ်ဖွဲ့ဝင်အမျိုးသမီးများ

ပြည်သူတို့၏ အိုးအိမ်စည်းစိမ်လုံခြုံမှုကို တာဝန်ယူရသော ရဲဌာနတွင် အမျိုးသမီးများ ဝင်ရောက်အမှုထမ်းနိုင်ခွင့်ရသည်မှာ ၁၉၆၀ ပြည့်နှစ်က စတင်ခဲ့သည်။

ရန်ကုန်တိုင်းရဲအဖွဲ့၌ ရဲအုပ်ရာထူးဖြင့် ခန့်အပ်ရန် အမျိုးသမီး ငါးဦးကို ပထမအသုတ်တွင် ရွေးချယ်ခဲ့သည်။ ဒေါ်ခင်သိန်းညွန့်၊ ဒေါ်စုစုဝင်း၊ ဒေါ်နော်နက်တီသင်၊ ဒေါ်တင်တင်အေးနှင့် ဒေါ်ခင်လှရီတို့သည် မန္တလေးရဲသိပ္ပံ၌ သင်တန်းကို ခြောက်လကြာမျှ တက်ရောက်လေ့လာရသည်။ အမျိုးသမီးရဲအရာရှိများနှင့် တချိန်တည်းမှာပင် အမျိုးသမီးရဲများကိုလည်း ခေါ်ယူခန့်ထားခဲ့သည်။

တော်လှန်ရေးအစိုးရ ပေါ်ပေါက်လာပြီးနောက် ဒုတိယအသုတ်အဖြစ် ၁၉၆၃ ခုနှစ်တွင် အမျိုးသမီးရဲအရာရှိ ၃၃ ဦးကို ထပ်မံခေါ်ယူ၍ မင်္ဂလာဒုံ အမျိုးသမီးလေ့ကျင့်ရေးတပ်၌



သင်တန်းတက်စေသည်။ ယင်းနောက် ရန်ကုန်ရဲတပ်ဖွဲ့နှင့် မှုခင်းဌာန၊ ရဲအထူးမှုခင်းစုံစမ်းထောက်လှမ်းရေးဌာနတို့၌ တာဝန်ပေးခြင်းခံရသည်။

အမျိုးသမီးများကား လုပ်ငန်းမရွေး အနုရောအကြမ်းပါ စွယ်စုံလုပ်ကိုင်နိုင်သူများဖြစ်ကြောင်း ထင်ရှားပေသည်။

### အမျိုးသမီးများနှင့် အလုပ်အကိုင်

ရှေးခေတ် မြန်မာအမျိုးသမီးတို့၏ အလုပ်အကိုင်သည် လုပ်ခကြေးငွေ သတ်မှတ်ရယူနိုင်ခွင့်မရှိသော အလုပ်တမျိုးဖြစ်ကြောင်းကို ဖော်ပြခဲ့ပြီးချေပြီ။

ကိုလိုနီခေတ်တွင်လည်း များသောအားဖြင့် အမျိုးသမီးများသည် ရိုးရာထုတ်လုပ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကြရသည်။ ယနေ့ထက်တိုင်အောင် လယ်ယာလုပ်ငန်းခွင်၌ အမျိုးသမီးများ၏လုပ်အား အများဆုံး ပါဝင်လျက်ရှိသည်။

ကိုလိုနီခေတ်က အမျိုးသမီးများအတွက် အသက်မွေးဝမ်းကြောင်း ပညာရပ်များကို ဖွံ့ဖြိုးသင်ကြားပေးနိုင်သည့်ကျောင်းများ မရှိချေ။ ထို့ကြောင့်လည်း အမျိုးသမီးများမှာ ကျောင်းဆရာမအလုပ်နှင့် စာရေးစာချီအဖြစ်ဖြင့်သာ လုပ်ကိုင်ကြသူများသည်။ သူနာပြုနှင့် သားဖွားဆရာမသင်တန်းသို့ ကရင်အမျိုးသမီးများသာ၊ များသောအားဖြင့် တက်ရောက်သင်ယူလေ့ရှိသည်။ အမျိုးသမီးအများစုကား လုပ်ငန်းကျွမ်းကျင်မှု မလိုသော အလုပ်များနှင့် ဆေးလိပ်လိပ်ခြင်း၊ ဓနိပျစ်ခြင်း၊ စက်ချုပ်ခြင်း စသော လုပ်ခကြေးငွေနည်းပါးသည့် အလုပ်မျိုးကိုသာ လုပ်ကြရသည်။

ကိုလိုနီခေတ်က အမျိုးသမီး အလုပ်သမများ၏ အခြေအနေမှာလည်း အလွန်နိမ့်ကျလှ၏။ ယောကျ်ားအလုပ်သမားတို့နှင့် အလုပ်ချင်းတူစေကာမူ လုပ်ခရရှိမှာ အဆမတန် လျော့နည်းလှပေသည်။ အလုပ်ကြမ်းလုပ်ရသော အလုပ်သမား ယောကျ်ားကြီးတယောက်၏ တနေ့တာလုပ်ခသည် ၁၂ ပဲ (၇၅ ပြားခန့်) ဖြစ်သော်လည်း၊ မိန်းမတယောက်၏လုပ်ခသည် အလားတူအလုပ်မျိုးအတွက် ၆ ပဲ (ပြားလေးဆယ်ခန့်) သာ ဖြစ်လေသည်။ အလုပ်သမားများအတွက် သက်သာချောင်ချိရေးအစီအစဉ်၊ ရပိုင်ခွင့် စသည်တို့မှာလည်း မရှိသလောက်ပင် ဖြစ်၏။

ထို့ကြောင့်ပင် ၁၃၀၀ ပြည့်အရေးတော်ပုံ၌ အလုပ်သမား ပေါင်းစုံ စုပေါင်းညီညွတ်လျက် အလုပ်သမားများ၏ ရပိုင်ခွင့်ကို သတ်မှတ်၍ တောင်းဆိုခဲ့ကြသည်။ ယင်းသို့တောင်းဆိုရာ၌ အမျိုးသမီးများအတွက် အလုပ်တူလျှင် ယောကျ်ား မိန်းမ မခွဲခြားပဲ လုပ်ခအတူ ညီမျှစွာပေးရန် ဟူသော အချက်လည်း ပါဝင်ခဲ့သည်။

မကြာမီဒုတိယကမ္ဘာစစ်ဖြစ်ပွားလာပြီးနောက် ဂျပန်ဖက်ဆစ်၏လက်အောက်တွင် အလုပ်သမားများ အခြေအနေ ပိုမိုဆိုးရွားလာခဲ့ရသည်။ ယင်းနောက် ဂျပန်တို့ ဆုတ်ခွာသွား၍ ဗြိတိသျှတို့ပြန်လည်ဝင်ရောက်လာသောအခါ ၁၉၄၆ ခုနှစ်တွင် အမှုထမ်းပေါင်းစုံပါဝင်သောအထွေထွေသပိတ်ကြီးပေါ် ပေါက်ခဲ့ရသည်။ ထိုအထွေထွေသပိတ်ကြီးအတွက် စုံစမ်းရေးကော်မီရှင်ဖွဲ့၍ စုံစမ်းနေစဉ်မှာပင် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပိုမိုကျယ်ပြန့်သော အထွေထွေသပိတ်ကြီး ထပ်မံဖြစ်ပွားလာခဲ့လေသည်။



ယင်း ၁၉၄၇ ခုနှစ် အထွေထွေသပိတ်ကြီးမှ တောင်းဆိုချက်များတွင် အမျိုးသမီးအလုပ်သမားများအတွက် အလုပ်တူလျှင် လခတူပေးရန် ဟူသော အချက်ကို လည်းကောင်း၊ အမျိုးသမီးအလုပ်သမားများအတွက် ကိုယ်ဝန်ရှိခဲ့သော် မီးမဖွားမီ ရက်သတ္တပတ်ခြောက်ပတ်၊ မီးဖွားပြီးနောက် ရက်သတ္တ ခြောက်ပတ်၊ စုစုပေါင်း ရက်သတ္တ ၁၂ ပတ်ကို လစာအပြည့် ရှားပါးစရိတ်အပြည့်ဖြင့်ခွင့်ပေးရန်ကိုလည်းကောင်း ထည့်သွင်း တောင်းဆိုခဲ့သည်။ သို့သော် အရင်းရှင် ပုဂ္ဂလိကစက်ရုံပိုင်ရှင်များက ပရိယာယ်ဖြင့် အချိန်ဆွဲနေခဲ့ခြင်းကြောင့် ရပိုင်ခွင့် တောင်းဆိုချက်များ အကောင်အထည် ပေါ်မလာခဲ့ချေ။ အစိုးရဌာနလုပ်ငန်းများ၌သာ အမျိုးသမီး ဝန်ထမ်းများကို ဥပဒေသတ်မှတ်ပေး၍ လစာမပျက် မီးနေခွင့် ၈၂ ရက်ကို ခံစားနိုင်ခွင့် ရခဲ့ကြသည်။ ယင်းခံစားခွင့်အရ အစိုးရအမှုထမ်း အမျိုးသမီးများအနက် ၁၉၄၈ ခုနှစ်တွင် ၂၅၃ ယောက်၊ ၁၉၄၉ ခုနှစ်တွင် ၂၇၈ ယောက်နှင့် ၁၉၅၁ ပြည့်နှစ်တွင် ၃၅၆ ယောက် အကျိုးခံစားခဲ့ကြလေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပေါ်ပေါက်လာသောအခါ (၁၉၅၁ ခုနှစ် ပြင်ဆင်ချက်အရ) အခန်း ၂၊ မူလအခွင့်အရေးများကို ဖော်ပြရာ၌ အပိုဒ် ၁၃ တွင် "ပြည်သူ့ဝန်ထမ်းဆိုင်ရာ ရာထူးတို့၌ လည်းကောင်း၊ အလုပ် လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်မှု၊ စီးပွားရှာမှု၊ အတတ်ပညာနှင့် အသက်မွေးမှုတို့၌လည်းကောင်း၊ နိုင်ငံသားအားလုံးသည် ညီမျှသောအခွင့်အလမ်းကို ရရှိရမည်" ဟူ၍ အတိအလင်းပါရှိသည်။ ထိုမျှသာမကသေး၊ အပိုဒ် ၁၅ ၌ "မိန်းမများသည် တူညီသောအလုပ်အတွက် ယောကျ်ားတို့ ရသော လခမျိုးကို

ရနိုင်ရမည်”ဟူ၍ ရှင်းလင်းတိကျစွာ ဖော်ပြသတ်မှတ်ထားလေသည်။

သို့သော် ဥပဒေက မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ လက်တွေ့ကျင့်သုံးရာ၌ ဥပဒေတွင် ပါသည့်အတိုင်း လိုက်နာခြင်း မရှိလှချေ။ အလုပ်ရာထူး လစ်လပ်သည့်နေရာ ပေါ်လာလျှင် ယောကျ်ားနှင့်မိန်းမ ယှဉ်ပြိုင်လျှောက်ထားကြရာ၌ ယောကျ်ားကိုသာ ဦးစားပေးရွေးချယ်လေ့ရှိကြသည်။ အမျိုးသမီးများအပေါ်၌ ယေဘုယျအားဖြင့် အစဉ်အဆက် ထားရှိခဲ့သော အထင်သေးစိတ်သည် စွဲမြဲကပ်ငြိလျက်ပင်ရှိသေးသည်။ အမျိုးသမီးတို့က သမိုင်းစဉ်တလျှောက် မည်သို့ပင် စွမ်းရည်ပြခဲ့စေကာမူ ထိုသမရိုးကျအမြင်ကား ပျောက်ပျက်၍မသွားသည်မှာ ဝမ်းနည်းဘွယ်ဖြစ်၏။

လုပ်ငန်းချင်းတူပါလျက် လုပ်ခအားဖြင့် မတူညီသော ကွာခြားမှုကို ၁၉၅၃ ခုနှစ်က ကွက်ကောက်စာရင်းကောက်နည်းအရ မြို့ ၂၂ မြို့၌ ကောက်ယူခဲ့ရာ အမျိုးသမီးအလုပ်သမားနှင့် ယောကျ်ားအလုပ်သမား တလလုပ်ခ ကွာခြားချက်ကို ဤသို့တွေ့မြင်ရသည်။

| အလုပ်ဌာန | ယောကျ်ားလုပ်ခ | မိန်းမလုပ်ခ |
|---|---|---|
| ဆန်စက် | ၉၃.၈၇ ကျပ် | ၆၇.၇၆ ကျပ် |
| ဂျုံစက် | ၁၁၅.၀၃ ။ | ၅၇.၀၃ ။ |
| ဆီစက် | ၁၀၇.၁၈ ။ | ၅၈.၆၀ ။ |
| ဆေးလိပ်ရုံ | ၁၁၉.၁၉ ။ | ၅၈.၀၇ ။ |
| ဝါကြိတ်ချည်ကျစ်စက် | ၁၀၆.၆၁ ။ | ၅၄.၀၀ ။ |
| ရှပ်ကျယ်စက် | ၁၂၇.၂၉ ။ | ၇၉.၃၂ ။ |



| အလုပ်ဌာန | ယောကျ်ားလုပ်ခ | မိန်းမလုပ်ခ |
|---|---|---|
| သစ်စက် | ၉၂.၅၁ ။ | ၄၆.၄၁ ။ |
| ဆပ်ပြာစက် | ၁၀၅.၁၂ ။ | ၆၄.၃၀ ။ |
| သတ္တုထိုးခွက်စက် | ၁၆၀.၄၂ ။ | ၇၅.၀၀ ။ |
| ရုပ်ရှင်ရုံ၊ ဇာတ်ရုံ | ၈၅.၄၃ ။ | ၅၀.၀၀ ။ |

## အလုပ်သမားများ၏ရပိုင်ခွင့်

တော်လှန်ရေးကောင်စီ တက်လာပြီးသည့် နောက်ပိုင်း၌ အလုပ်သမားလောကတွင် တိုးတက်မှုများ သိသာစွာပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။ ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့်ဥပဒေ ပေါ်ပေါက်လာခဲ့သဖြင့် ယခင်ကထုတ်ပြန်ခဲ့သော ရှိရင်းစွဲဥပဒေများအရ အကျိုးခံစားခွင့် ရှိပါလျက်နှင့် အပြည့်အဝ မခံစားခဲ့ရသမျှကို ယခုအခါ ခံစားနေကြရပြီ ဖြစ်လေသည်။ ယင်းဥပဒေသစ် ပြဋ္ဌာန်းချက်အရ အလုပ်သမားရေးရာကိစ္စများတွင် အလုပ်သမားများကိုယ်တိုင် ပါဝင်ဆောင်ရွက်အရေးဆိုနိုင်ခွင့်များကိုလည်း ရရှိကြပြီဖြစ်၏။

၁၉၅၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သော လူမှုဖူလုံရေးအက်ဥပဒေတွင်လည်း ပြင်ဆင်ချက်များထည့်သွင်းလျက် လုပ်သားအများဆုံး အကျိုးခံစားခွင့် ရစေရန် စီစဉ်ပေးလျက်ရှိသည်။ ပုံစံအားဖြင့် ယခင်က အလုပ်သမား ၁၀ ယောက်နှင့် အထက်ရှိသော အလုပ်ဌာနများသည်သာ ယင်းဥပဒေ၏အကျိုးသက်ရောက်မှုကို ခံစားကြရသော်လည်း ယခုအခါ အလုပ်သမား ငါးဦးနှင့် အထက်ရှိသော အလုပ်ဌာနများသည်လည်း လူမှု

မွှလုံရေးဆက်ဥပဒေနှင့် အကျုံးဝင်လာလေပြီ။ အမျိုးသမီးလုပ်သားရှင်များလည်း မီးဖွားခွင့်၊ မကျန်းမာခွင့်၊ ဆေးဝါးကုသခွင့်၊ အလုပ်ခွင်၌ ထိခိုက်ဒဏ်ရာရရှိပါက လျော်ကြေးရပိုင်ခွင့် စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ခံစားရရှိလာကြပြီ။

နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်တာဝန်ယူနေကြသည့် အမျိုးသမီးများ အတွက် မိမိတို့ ရင်သွေးငယ်များကို စိတ်ချလက်ချ ထိန်းကျောင်း ကြည့်ရှုပေးမည့် မူကြိုနှင့်ကလေးထိန်းဌာနများကို လူမှုဝန်ထမ်းဌာနမှ ဖွင့်လှစ်ထားရှိပေးလေပြီ။ အလုပ်ရုံ၊ စက်ရုံများနှင့်တွဲလျက်လည်း ကလေးထိန်းဌာနများကို ဖွင့်လှစ်ပေးခြင်းများလည်း တဖြည်းဖြည်း တိုးလာလျက်ရှိပြီဖြစ်၏။

**စံပြလုပ်သားစီမံကိန်း။** ။အလုပ်သမားလောက သာယာဝပြောရေးအတွက် ဦးတည်ဆောင်ရွက်ပေးရာ၌ ဘော်လွန်ရေး ကောင်စီသည် စံပြလုပ်သားစီမံကိန်းကို ရေးဆွဲချမှတ်လျက် လက်တွေ့အကောင်အထည်ဖော်ခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေး စနစ်ဆောင်မြှင့်ရေးအတွက် ကုန်ထုတ်လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်နေကြသော အလုပ်သမားများထဲမှ စံပြလုပ်သားများကိုရွေးချယ်၍ ယင်း၊ အင်းလေး စသောအပန်းဖြေစခန်းများတွင် သွားရောက်အနားယူ အပန်းဖြေစေနိုင်ရန် စီစဉ်ပေးခြင်းဖြစ်သည်။

၁၉၆၄ ခုနှစ်မှစ၍ စီမံကိန်းကို လက်တွေ့လုပ်ဆောင်လာခဲ့သည်။ စံပြလုပ်သားများကို ရွေးချယ်ရာ၌ အရည်အချင်းပြည့်ဝ၍ သတ်မှတ်ထားသော မူကိုးချက်နှင့် ကိုက်ညီသည့် လုပ်သားများကို စိစစ်ရွေးချယ်သည်။ ယင်းသို့ ရွေးချယ်ရာ၌



အလုပ်သမားဦးရေ ၁၀၀ နှင့် အထက်ရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများကိုသာ ရွေးချယ်လေသည်။

စံပြလုပ်သားဖြစ်ရန်မှာ ဝင်စဖ် မလွယ်ကူလှချေ။ သတ်မှတ်ထားသော မူကိုးချက်နှင့် ညီညွတ်ရသည်။ ယင်းတို့မှာ (၁) အထူးကြိုးစားမှုရှိခြင်း၊ (၂) လုပ်သားအများစု၏ယုံကြည်လေးစားမှုကို ခံယူနိုင်သူဖြစ်ခြင်း၊ (၃) ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အများဆုံးကြိုးပမ်းနိုင်ခြင်း၊ (၄) အမှုလိုက်ဆောင်ရွက်တတ်ခြင်း၊ (၅) ဆက်ဆံမှု ပြေပြစ်ခြင်း၊ (၆) အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ (၇) အလုပ်ပျက်ကွက်သောရက် အနည်းဆုံးရှိခြင်း၊ (၈) စည်းကမ်းကို ပိုသေလိုက်နာခြင်း၊ (၉) အလုပ်ခွင်စည်းကမ်းဘောင်အတွင်းမှ အများဆုံးလုပ်အားပေးနိုင်ခြင်းတို့ ဖြစ်၏။ ယင်းအချက်ကိုးချက်နှင့် ညီညွတ်ပါက စံပြလုပ်သားအဖြစ်ရွေးချယ်ခြင်းခံရပေသည်။ သုံးနှစ်ဆက်၍ စံပြလုပ်သားအဖြစ်အရွေးချယ်ခံရပါက "ဆိုရှယ်လစ်လုပ်သားကောင်း" ဘွဲ့ကို နှင်းအပ်သည်။

၁၉၆၄ ခုနှစ်မှ ၁၉၇၂–၇၄ ခုနှစ်အထိ စံပြလုပ်သားများကို နှစ်စဉ်ရွေးချယ်လာခဲ့ရာ အမျိုးသမီးလုပ်သားထဲမှစံပြလုပ်သား (တတိယဆင့်) ရသူ ၄၀၈ ယောက်၊ ဒုတိယဆင့်ရသူ ၉၁ ယောက်နှင့် ဆိုရှယ်လစ်လုပ်သားကောင်းဘွဲ့ရသူ ၂၅ ယောက်တို့ ပါဝင်ခဲ့ပေသည်။

ယင်းသို့ ဆိုရှယ်လစ် လုပ်သားကောင်းဘွဲ့ကို ဆွတ်ခူးကြိုးပမ်းခဲ့သော အမျိုးသမီးများမှာ — (၁) ဒေါ်သောင်းရှင်၊ (၂) ဒေါ်ခင်မြ၊ (၃) ဒေါ်အေးသင်၊ (၄) ဒေါ်မြခင်၊ (၅) ဒေါ်ခင်ကြည်၊ (၆) ဒေါ်ကျင်ပြိုင်၊ (၇) ဒေါ်မြင့်မြင့်၊

(၈) ဒေါ်အေးသိန်း၊ (၉) ဒေါ်ခင်တုတ်၊ (၁၀) ဒေါ်တင်ရွှေ၊ (၁၁) ဒေါ်စိန်ကြည်၊ (၁၂) နော်ဝိုစီ၊ (၁၃) ဒေါ်တင်အေး၊ (၁၄) ဒေါ်သန်းသန်းနု၊ (၁၅) ဒေါ်ညွန့်ရီ၊ (၁၆) ဒေါ်တင်၊ (၁၇) ဒေါ်နုနု၊ (၁၈) ဒေါ်ဝိုင်းကြည်၊ (၁၉) ဒေါ်နော်ဓားလို၊ (၂၀) ဒေါ်အုန်းရီ၊ (၂၁) ဒေါ်ငြိမ်း၊ (၂၂) ဒေါ်မြရွှေ၊ (၂၃) ဒေါ်ခင်ရွှေ၊ (၂၄) ဒေါ်ကျင်ဥ၊ (၂၅) ဒေါ်သောင်းရီတို့ ဖြစ်သည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေနှင့် နှိုင်းစာပါက ထူးချွန်သောလုပ်သားဦးရေက အတော်ပင် နည်းပါးလျက်ရှိ၏။ ယင်းသို့ နည်းပါးရခြင်းမှာ အမျိုးသမီးလုပ်သားများသည် အိမ်ရှင်မတာဝန်ကိုလည်း ထမ်းရွက်ကြရသောကြောင့် လည်းကောင်း၊ မျိုးဆက် ပွားဖွားရေး တာဝန်အရ မီးဖွားရခြင်း၊ မီးဖွားမှုကို အကြောင်းပြု၍ မကျန်းမမာဖြစ်ရခြင်းများကြောင့် လုပ်ငန်းခွင်၌ လုပ်အားအပြည့်အဝ မပေးနိုင်ခြင်းကြောင့် လည်းကောင်း ဖြစ်တန်ရာ၏။ သို့သော် ၁၉၈၄ ခုနှစ် စီမံကိန်း စတင်သည်မှစ၍ တနှစ်ထက် တနှစ် ဆိုရှယ်လစ် လုပ်သားကောင်း အမျိုးသမီးဦးရေ တိုးတက်လာသည်ကို တွေ့ရသောကြောင့် အလားအလာကောင်းသည် ဟု ဆိုရပေမည်။

### အနည်းဆုံး အခကြေးငွေကောင်စီ

အမျိုးသမီးလုပ်သား အများဆုံးနှင့် အမျိုးသမီးချည်းသာ လုပ်ဆောင်ရသော ဆေးလိပ်လုပ်ငန်းဌာနတို့၌ အမျိုးသမီး အလုပ်သမတို့သည် လုပ်အားနှင့်မမျှသော လုပ်ခကို ရကြသောကြောင့် အထူးနစ်နာလျက် ရှိပေသည်။ တော်လှန်ရေး ကောင်စီသည် ဆန်စက်လုပ်ငန်းဆိုင်ရာ အနည်းဆုံး အခကြေး



ငွေကောင်စီနှင့် ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ် လုပ်ငန်းဆိုင်ရာ အနည်းဆုံး အခကြေးငွေ ကောင်စီတို့ကို ဖွဲ့စည်းလျက် အလုပ်သမားများ နစ်နာမှု မရှိစေရန် ဆောင်ရွက်ပေးလျက် ရှိလေသည်။

အစိုးရစက်ရုံ၊ အလုပ်ရုံ၊ ရုံး၊ ကျောင်း စသည်တို့၌ လစာဖြင့် အမှုထမ်းနေသော အမျိုးသမီး အလုပ်သမားများရှိသကဲ့သို့ ပုဂ္ဂလိကပိုင်လုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများ၌ နေ့စား၊ ပုတ်ပြတ် စသည်ဖြင့် အခကြေးငွေယူ၍ ဆောင်ရွက်နေသော အလုပ်သမများလည်း ရှိ၏။ သို့သော် ကောက်စိုက် ပျိုးနုတ် စသော လယ်ယာလုပ်ငန်းများနှင့် အိမ်ထောင်တာဝန်ကို ထမ်းရွက်နေကြရသော အမျိုးသမီးများကား နေထွက်မှ နေဝင် အချိန်ပြည့် တာဝန်ယူ ထမ်းဆောင်ကြရစေကာမူ အလုပ်သမားစာရင်း၌ ထည့်သွင်း သတ်မှတ်ခြင်း မခံရချေ။ ယင်းတို့၏ အတိုးတက်မှု၊ ဆုတ်ယုတ်နစ်နာမှု စသည်တို့ကို အလေးပေး စဉ်းစားမည့်သူလည်း မရှိကြ။

စင်စစ်ဆိုရလျှင် နိုင်ငံ့ရိက္ခာ ထုတ်လုပ်ရေးကို အများဆုံး လုပ်ဆောင်ပေးနေကြသူများမှာ အမျိုးသမီးများသာ ဖြစ်ပေ၏။ အိမ်ထောင်စီးပွားရေးကို စီမံခန့်ခွဲပေးနေသူများမှာလည်း အမျိုးသမီးများသာ ဖြစ်ပေသည်။ ယင်းတို့၏ ဘဝအခြေအနေ တိုးမြှင့်ရန်ကိုလည်း အရေးတယူ လုပ်ဆောင်ပေးရန် လိုအပ်လျက်ရှိ၏။

### အမျိုးသမီးများ၏ အနာဂတ်မြော်မှန်းချက်

ယနေ့ ရောက်ရှိနေသော နေရာမှသည် ဖြတ်သန်းခဲ့သော ခေတ်အဆက်ဆက်ကို ပြန်လည်သုံးသပ်ကြည့်သောအခါ မြန်မာ

အမျိုးသမီးများသည် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး အပိုင်းတို့၌ နိုင်နင်းစွာ တာဝန်ယူနိုင်ကြောင်းကို တွေ့ရ၏။ နိုင်ငံရေး၊ စာပေနှင့်ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့၌ ထက်မြက်စွာ ဦးဆောင်နိုင်ကြောင်းကိုလည်း ပြသခဲ့၏။ တမျိုးသားလုံးနှင့်စပ်ဆိုင်သော အရေးတော်ပုံကြီးများ၌ ယောကျ်ားတို့နှင့် လက်ညီတက်ညီ တူယှဉ်ကြိုးပမ်းခဲ့သော သာဓကများလည်း အထင်အရှား ရှိခဲ့လေသည်။

မြန်မာ့လူ့နေမှု အဆောက်အအုံ၌ မိန်းမသည် ယောကျ်ားနှင့် ပခုံးချင်းယှဉ်၍ ရင်ပေါင်တန်း၍ တန်းတူရည်တူ လုပ်ဆောင်နိုင်ခွင့် ပေးထား၏။ ထို့ကြောင့်လည်း အိမ်ထောင်စီမံခန့်ခွဲရာ၌ လည်းကောင်း၊ စီးပွားရေး၊ လူမှုရေးများ လုပ်ဆောင်ရာ၌ လည်းကောင်း အချုပ်အချယ်မရှိ၊ လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြ၏။ အကျိုးခံစားခွင့်နှင့် ရပိုင်ခွင့်များကိုလည်း ယောကျ်ားတို့နှင့် အညီအမျှ ခံစားခွင့်ရှိ၏။ ဓလေ့ထုံးတမ်းဥပဒေများ၌ လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ လည်းကောင်း မိန်းမများကို ဖိနှိပ်ထားခြင်းမရှိ၊ ရှုတ်ချထားခြင်းလည်း မပါ၊ ယောကျ်ားများနှင့် သာတူညီမျှ သဘောထားလျက် အခွင့်အရေးတန်းတူ ပေးထားပေသည်။

ကမ္ဘာ့နိုင်ငံ အသီးသီးရှိ အမျိုးသမီးတို့၏ အခြေအနေ အဆင့်အတန်းနှင့် နှိုင်းယှဉ်သုံးသပ်ပါက မြန်မာအမျိုးသမီးတို့၏ ဘဝသည် အတော်ပင်တွင် သာလွန်လျက်ရှိ၏။ မြန်မာအမျိုးသမီးတို့၏ ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များသည် နိုင်ငံခြားမှ အမျိုးသမီးများအဖို့ အားကျလိုလားဖွယ်သာ ဖြစ်ဘိ၏။ သို့ပါလျက်လည်း မြန်မာအမျိုးသမီးများထဲမှ ကမ္ဘာကျော် ထိပ်တန်းအမျိုးသမီးကြီးများ ပေါ်ထွက်လာခဲ့ခြင်း မရှိသေး။ အိန္ဒိယ



နိုင်ငံဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၊ သီဟိုဠ်နိုင်ငံဝန်ကြီးချုပ် သီရိမာဗိုဒ် ဗန္ဒာရနိုက်ကေး၊ အစ္စရေးဝန်ကြီးချုပ်ဟောင်း မစ္စက် ဂိုလဒါမေယာ၊ ပီရူးနိုင်ငံသမတ မစ္စက်ပီရွန် စသည်တို့သည် အစဉ်အလာအားဖြင့် မိန်းမတို့အပေါ် ဖိနှိပ်ချုပ်ချယ်ထားသော လူမှုဆက်ဆံရေး အနေအထားများကို ဖြတ်ကျော်ရုန်းကန်၍ နိုင်ငံ့ခေါင်းဆောင်နေရာကို အရယူနိုင်ခဲ့ကြခြင်း ဖြစ်သည်။ မြန်မာအမျိုးသမီးများကား ဤမျှ လွတ်လပ်ခွင့် ရပါလျက်နှင့် ကမ္ဘာကျော် နိုင်ငံ့ခေါင်းဆောင်များ အဖြစ်သို့ ရောက်မလာနိုင်ခဲ့သည်မှာ အဘယ့်ကြောင့်နည်း၊ မြန်မာအမျိုးသမီး အများစုသည် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး အပိုင်းများ၌ ဦးဆောင်နိုင်သူ အရေအတွက် အဘယ်ကြောင့် နည်းပါးနေရပါသနည်း။

အဖြေကို ရှည်ရှည်ဝေးဝေး လိုက်ရှာရန် မလိုချေ။ ယနေ့တိုင် စွဲမြဲစွာကပ်ငြိလျက်ရှိသော မမှန်ကန်သည့် အတွေးအခေါ် သဘောထားတို့ကြောင့် ဖြစ်၏။

“မိန်းမသည် ယောကျ်ားလောက် မမြင့်မြတ်၊ ဘုန်းကံမရှိ”၊ “မိန်းမသည် ခွေးထီးထက်ပင် ယုတ်ညံ့၏”၊ “မိန်းမပျက်လျှင် ပြည်ပျက်သည်” စသည်ဖြင့် အမျိုးသမီးများကို နှိမ့်ချ၍ အစဉ်အဆက် ပြောဆိုလာကြသော စကားရပ်များကို ဘုရားဟောသကဲ့သို့ လက်ခံထားကြသည်။ စင်စစ်တွင်ကား ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်တိုင်က အမျိုးသမီးတို့ကို နှိမ့်ချ ပြောဆိုခြင်းမရှိခဲ့။ ချီးမွမ်းရမည့်အခါ၌ ချီးမွမ်းခဲ့၏။ အကြောင်းတိုက်ဆိုင်၍ မိန်းမတို့ ဖောက်လွဲဖောက်ပြန် ပြုကျင့်ခဲ့ပုံကို ထောက်ပြသကဲ့သို့ ယောကျ်ားတို့၏ သစ္စာမဲ့မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ သဘောထား မတည်ငြိမ်မှု၊ သဘောထား

သေးသိမ်မှုတို့ကိုလည်း ဖော်ထုတ် ဟောပြောတော် မူခဲ့သည်သာဖြစ်၏။

ယောကျ်ားတို့ လက်သုံးပြု၍ ကိုးကားပြောဆိုလေ့ရှိသော မန်လည် ဆရာတော်ဘုရားကြီး ပြုစုသည့် မဃဒေဝ ပျို့၌ပင်လျှင် မိန်းမများမကောင်းပုံနှင့် ယောကျ်ားတို့ ယုတ်မာပုံကို စကား အလျဉ်း သင့်ရာ၌ ဖော်ပြ ရေးသား ထားသည်။ ယောကျ်ားတို့ကမူ ယင်း စကားရပ်ထဲမှ မိန်းမ မကောင်းကြောင်းကိုသာ ကောက်နုတ်ကိုးကားလေ့ရှိသည်။ ယောကျ်ားတို့၏ စိတ်သဘော မဖြောင့်မြတ်ပုံ၊ ရက်စက် ယုတ်မာပုံကိုကား ဖြည်းဖုံးကာချ ထားကြသည်၊ စာပေရေးသားရာ၌ လည်းကောင်း၊ စကားပြောဆို ဆက်ဆံရာ၌ လည်းကောင်း မိန်းမတို့ကို ရှုတ်ချထားသော စကားပုံ၊ လင်္ကာ ကောက်နုတ်ချက်တို့ဖြင့် သုံးနှုန်းလာခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာမြင့်ခဲ့ပြီ ဖြစ်၏။

ဓလေ့ထုံးတမ်းများ၌လည်း မိန်းမများသည် ယောကျ်ားကို အရိုအသေပေးခြင်း၊ ဦးစားပေး ဆက်ဆံခြင်းများရှိသည်။ ယောကျ်ားကို ရိုကိုးခြင်း၊ ဝိုသေစွာ ပြုစုခြင်းဖြင့် နောင်တမလွန်ဘဝ၌ နတ်ပြည်နတ်ရွာတွင် သိကြားမင်းအရာကိုပင် ရနိုင်သည်ဟူသော ဘာသာရေး အယူအဆကို မြန်မာအမျိုးသမီးတို့ လေးစားစွာ နာယူကြသည်။

မြန်မာအမျိုးသမီးတို့သည် ဘာသာတရား၌ ကိုင်းရှိုင်းသူများ ဖြစ်ကြသည့်အလျောက် ဘုရားဟောဆုံးမ ပြောဆိုရေးသားခြင်းကို မဝေဖန်ကြပဲ ကောင်းစွာလိုက်နာ ကျင့်သုံးကြခြင်းဖြင့် မိမိတို့ကိုယ်ကို နှိမ့်ချလာခဲ့ကြသည်။ မိမိ အရည်အသွေးကို မှေးမှိန်စေသော အတွေးအခေါ်တို့ဖြင့် နောက်ချန်



နေခဲ့ကြသည်၊ ယောကျ်ားတို့ရှေ့မှ ဦးစီးရှေ့ဆောင် ပြုရန် အတွက် အလွန်ဝန်လေးနေကြသည်။ တချိန်တည်း၌ပင် မိန်းမတို့ကို နေရာမပေးလိုသော၊ အထင်အမြင်သေးစိတ်ဖြင့် နှိမ်လိုသော ယောကျ်ားတို့၏ သဘောထားကလည်း ပျောက်ပျက်၍ မသွားပဲ အမြစ်တွယ်လျက်သာ ရှိသေးသည်။

ယင်းကဲ့သို့သော မှုမမှန်သည့် သဘောထားများ လွှမ်းမိုးနေသမျှ ကာလပတ်လုံး မြန်မာအမျိုးသမီးတို့သည် မိမိတို့ ရောက်ရှိနေသော နေရာအဆင့်မှ ကျော်လွန်လှမ်းတက်နိုင်လိမ့်မည် မဟုတ်ချေ။ အမျိုးသမီးတို့က မိမိ၏စွမ်းရည် ထက်မြက်အောင် ကြိုးပမ်းရှက်ဆောင် ပြသနေသည်နှင့်အမျှ အမျိုးသားတို့ဖက်မှ ယင်းအရည်အသွေးကို အသိအမှတ်ပြု၍ နေရာပေးမှုများ တိုးတက်များပြားလာခဲ့ပါလျှင် မြန်မာအမျိုးသမီးတို့၏ အနာဂတ်သည် အားတက်ဘွယ်ရာအတိ ဖြစ်လာပေလိမ့်မည်။

ယနေ့ဆိုလျှင် ကမ္ဘာ့ကုလသမဂ္ဂမှ ၁၉၇၅ ခုနှစ်ကို နိုင်ငံတကာ အမျိုးသမီးနှစ်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့၌ ရှိနေသေးသော ကျား-မ အခွင့်အရေး ခြားနားမှုများ၊ အမျိုးသမီး အလုပ်သမတို့၏ ရပိုင်ခွင့်များ၊ အိမ်ထောင်ရှင်မများ ခံစားနေရသည့် နစ်နာချက်များ၊ အမျိုးသမီးတို့၏ ပညာသင်ကြားရေး အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ယူနိုင်ရေး စသည်တို့၌ တိုးတက်ကျယ်ပြန့်စွာ လမ်းဖွင့်ပေးရေး စသည်တို့ကို ဆွေးနွေးညှိနှိုင်းရန် မက္ကဆီကိုမြို့တော်၌ နိုင်ငံတကာ အမျိုးသမီးနှစ် ကွန်ဖရင့်ကို ဇွန်လ ၁၉ ရက်နေ့မှ အစပြု၍ တပတ်တိုင်တိုင် ဆင်နွှဲခဲ့သည်။ ယင်း ကွန်ဖရင့်မှ ဆုံးဖြတ်ချက်များကို နိုင်ငံပေါင်းစုံမှ အစိုးရအဖွဲ့များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် လူမှုရေး

အသင်းအဖွဲ့များသို့ ပို့ပေးမည်ဖြစ်၏။ နိုင်ငံအသီးသီးမှလည်း အမျိုးသမီးတို့၏ ဘဝတိုးတက်ရေးကို ရှေးရှုလျက် ယင်း ဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်ပေးကြမည် ဟု မျှော်လင့်ရသည်။

မြန်မာနိုင်ငံတွင်လည်း မြန်မာ့ယဉ်ကျေးမှုကို မပျက်ပြားစေပဲ အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်မှုများကို ဆူရာရှေးထုတ်လျက် လှုပ်ရှားဆောင်ရွက် သင့်ကြပေပြီ။ ။

ဤစာအုပ်တွင် ထည့်သွင်း ဖော်ပြသော ဓာတ်ပုံများအတွက် မြန်ကြားရေးနှင့် အသံလွှင့် ဦးစီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ Forward နှင့် ရှေ့သို့ စာစောင်၊ ဂျာနယ်ကျော် တို့အားရင်း၊ တက္ကသိုလ်များ အဘိဓာန်ပြုစုရေး ဌာနမှ ဦးတင်ဦးနှင့် ကိုအမြင့် (ဘုမိဗေဒ) တို့ကိုရင်း ကျေးဇူးတင်ရှိပါကြောင်း။

## မှီငြမ်းပြုသော စာအုပ်စာတမ်းများ


၁။ ကိုလိုနီခေတ်ဦး ဟော်လန်ရေး သမိုင်းဝင် အဘိဓာန်များ (တက္ကသိုလ် စာသင်) အတိုင်းစာပေတိုက်၊ ၁၉၆၉ ခု။
၂။ ကမ္ဘာ့သမိုင်း မှတ်တိုင်များ၊ ပထမတွဲ၊ (မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်) စာတွေ့နှိပ်ခြင်း၊ ၁၉၆၈ ခု၊ မေလ။
၃။ ခေတ်ဟောင်း မြန်မာရာဇဝင်၊ (ဦးသန်းထွန်း) မဟာဒဂုံစာပေ ထုတ်ဝေရေး၊ ၁၉၆၃။
၄။ ငွေတာရီမဂ္ဂဇင်း၊ ၁၉၆၄ ခု၊ မေလ။
၅။ ။ ။ ။ ၁၉၆၄ ခု၊ အောက်တိုဘာလ။
၆။ ။ ။ ။ ၁၉၆၈ ခု၊ စက်တင်ဘာလ။
၇။ စာပေဗိမာန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၈။ (စာပေဗိမာန်)
၈။ တိုးပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ (ဒေါက်တာ မောင်မောင်) ပထမ နှိပ်ခြင်း၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၅၉ ခု။
၉။ တက္ကသိုလ် ပညာပဒေသာ စာစောင်၊ အတွဲ ၁၊ အပိုင်း ၂၊ တက္ကသိုလ်များအုပ်ချုပ်ရေးရုံး၊ ၁၉၆၆ ခု ဇွန်လ။
၁၀။ ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံ (မောင်ထွန်းသူ) ရှေ့သို့ စာစောင်၊ ၁၉၆၄ ခု၊ မေလ ၁ ရက်။
၁၁။ ၁၃၀၀ ပြည့် အရေးတော်ပုံမှတ်တမ်း၊ (ရေနံမြေ သခင်ဗထင်)၊ မြဝတီစာစဉ်၊ (ရက်စွဲမပါ)

၁၂။ တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း (လမ်းစဉ်ပါတီဌာနချုပ်)၊ ပထမအကြိမ်၊ ၁၉၇၁ ခု၊ ဇန်နဝါရီလ။
၁၃။ ဒီးဒုတ်ဂျာနယ်၊ ၁၉၄၆ ခု ဇန်နဝါရီလ ၂၁ ရက်နှင့် ၁၉၄၆ ခု ဖေဖော်ဝါရီလ ၁၁ ရက်။
၁၄။ နှစ်ငါးဆယ်စာစဉ် (ယဉ်ကျေးမှုဌာန)(ပ)နှင့် (ဒု)၊ စာပေဗိမာန်၊ ပထမနှိပ်ခြင်း၊ ၁၉၇၆ ခု။
၁၅။ နှစ်ပေါင်း ၆၀ (ဂျူဗလီဝင်လေး) ယုဝတီစာပေ မြန်မာ့မျိုးရေးဌာန၊ ၁၉၆၄ ခု။
၁၆။ ပါတီရေးရာစာစောင်၊ ၁၉၇၄ ခု၊ ဖေဖော်ဝါရီလ။
၁၇။ ပုဂံ (ပုဂံစာအုပ်တိုက်) ၁၉၆၅ ခု၊ ဒီဇင်ဘာလ။
၁၈။ ပြည်တော်သာသတင်း(ဦးသန့်)၊ (ပ)နှင့်(ဒု)စာပေဗိမာန်၊ ၁၉၆၁ ခု။
၁၉။ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော ရှင်းလင်းချက်များ။
၂၀။ ပြည်သူချစ်သော အနုပညာသည်များ၊ (လူထုဒေါ်အမာ) တတိယနှိပ်ခြင်း၊ ကြီးပွားရေးပုံနှိပ်တိုက်၊ မန္တလေး၊ ၁၉၆၇ ခု၊ ဇူလိုင်လ။
၂၁။ ဗမာ့တော်လှန်ရေးသမိုင်း (ဗိုလ်မှူးဘသောင်း)၊ နံ့သာတိုက် ဒုတိယအကြိမ်(ခုနှစ်မပါ)
၂၂။ ဗမာ့လွတ်လပ်ရေးနှင့် အလုပ်သမားတိုက်ပွဲ (သခင် ခင်ဇော်)၊ ကလောင်ပျံစာအုပ်တိုက်၊ ၁၉၆၉ ခု၊ မေလ။
၂၃။ မြဝတီမဂ္ဂဇင်း ၁၉၇၁ ခု၊ မတ်လ။
၂၄။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၃၊ ၄၊ ၁၀၊ စာပေဗိမာန်။
၂၅။ မြန်မာ့ယဉ်ကျေးမှု၊ တရားရေးနှင့်လူမှုရေး (ဦးအောင်သန်းထွန်း၊) စာအုပ်စာအုပ်တိုက်၊ ၁၉၇၀ ပြည့်၊ ဖေဖော်ဝါရီလ။
၂၆။ မြန်မာ့လွတ်လပ်ရေးမော်ကွန်း၊ (ထင်ရှားသုတ)။
၂၇။ မြန်မာ့အလင်းသတင်းစာ၊ (၃၊ ၈၊ ၆၉)၊ (၂၈၊ ၅၊ ၇၁)။



၂၈။ မြန်မာနိုင်ငံစာပေဆုများ၊ (ဆုရှင်များ) စာပေဗိမာန်၊ ပထမနှိပ်ခြင်း၊ ၁၉၇၂ ခု။
၂၉။ မြန်မာနိုင်ငံတော်မှတ်တမ်း ၁ (စစ်ကိုင်းပန်းတင်)ပြည်သူ့အာဘော်စာအုပ်တိုက်၊ ၁၉၆၇ ခု။
၃၀။ မြန်မာနိုင်ငံ အလုပ်သမားလှုပ်ရှားမှုသမိုင်း (သခင်လှိုင်)၊ ပုဂံစာအုပ်တိုက်၊ ပထမနှိပ်ခြင်း၊ ၁၉၆၈ ခု၊ မေလ။
၃၁။ မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မီတီ သမိုင်းစဉ်၊ (အား–ကာဦးစီးဌာန)။
၃၂။ မြန်မာနိုင်ငံအုပ်ချုပ်ရေးသမိုင်း၊ (သိပ္ပံစိုးရှင်)၊ ပင်းယစာပေတိုက်၊ (ခုနှစ်မပါ)။
၃၃။ မြန်မာပြည် နိုင်ငံရေးရာဇဝင် (ဦးဘခိုင်၊ အောင်သိန်း)၊ ပုဂံစာအုပ်တိုက်၊ ဒုတိယနှိပ်ခြင်း၊ ၁၉၆၄ ခု၊ ဒီဇင်ဘာလ။
၃၄။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ (ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ် သေနာအမိန့်တော်စာတမ်းကြီး၊) ဒုတိယပိုင်း၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၅ ခု။
၃၅။ မှတ်မိသေးတယ် ဂျပန်ခေတ်ဆေးရုံကြီးငယ်၊ (ဒေါက်တာမြင့်ဆွေ)၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၇ ခု၊ ဩဂုတ်လ။
၃၆။ ယုဝတီဂျာနယ်၊ ၁၉၄၆ ခု၊ နိုဝင်ဘာလ။
၃၇။ ရခိုင့်ယဉ်ကျေးမှုဝေသာလီခေတ်၊ အတွဲ ၁၊ အမှတ် ၁၊ (ဦးအောင်သာဦး)၊ လင်းညွန့်စာပေ၊ ၁၉၆၆ ခု၊ စက်တင်ဘာလ။
၃၈။ လူထုသိပ္ပံကျမ်း၊ အတွဲ ၆၊ ဘာသာပြန်စာပေအသင်း၊ ပထမနှိပ်ခြင်း၊ ၁၉၅၆ ခု။
၃၉။ လုပ်သားဂျာနယ်၊ ၁၉၇၅ ခု။ မတ်လ။
၄၀။ လမ်းစဉ်သတင်း၊ (၁၅၊ ၁၀၊ ၇၂)၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်။

၄၁။ သတင်းစာများ ပြောပြတဲ့ စစ်တုန်းကမ္ဘာပြည် (ပ) နှင့် (ခု)။ (လူထုဦးလှ)၊ ကြီးပွားရေးပုံနှိပ်တိုက်၊ မန္တလေး။
၄၂။ သတင်းစာများ ပြောပြတဲ့ စစ်ပြီးစကမ္ဘာပြည် (ပထမ ပိုင်း)၊ (လူထုဦးလှ)၊ ကြီးပွားရေးပုံနှိပ်တိုက်၊ မန္တလေး ၁၉၈၉ ခု၊ မေလ။
၄၃။ သမူဟဗေဒနှင့်မွေးသတ်ချက်ပေါ် မြန်မာ့တရားလမ်းမှူးသတ်ချက်ပြ။
၄၄။ သာယာဝတီသတင်းစာ၊ (၁၉၂၃၊ ဇူလိုင်လ ၂၈ ရက်)။
၄၅။ သီလရှင်သမိုင်း၊ (ရဝေထွန်း)၊ ပညာအလင်းပြ စာအုပ်တိုက်၊ ၁၉၆၅ ခု။
၄၆။ သီရိဗြာဟ္မဏဝတ်ဝါ၊ (ကြေးမုံကြီးမောင်)၊ စန္ဒာဝတီပုံနှိပ်တိုက်၊ (ညွှန့်ပေါ်)။
၄၇။ သူရိယသတင်းစာ၊ (၄၊ ၄၊ ၃၁)၊ (၂၄၊ ၈၊ ၃၁)၊ (၁၄၊ ၁၀၊ ၃၁)။
၄၈။ သူ့လိုလူ (ကျွန်ုပ်ကျော်မလေး) ပုဂံစာအုပ်တိုက်၊ ၁၉၆၇ ခု။
၄၉။ အခြေပြုကမ္ဘာ့နိုင်ငံရေးသမိုင်း၊ ပထမတွဲ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်၊ ၁၉၇၀ ပြည့်၊ ဇွန်လ။
၅၀။ အမျိုးသမီးအနုပညာရှင်များ (ဒဂုန်ခင်ခင်လေး)၊ ငွေစာပေမိုးမြ၊ ၁၉၆၇ ခု၊ ဇန်နဝါရီလ။
၅၁။ အမျိုးသားနေ့နှင့် အမျိုးသား ပညာရေး လှုပ်ရှားမှု သမိုင်း၊ လမ်းစဉ်ပါတီဌာနချုပ်၊ ၁၉၇၀ ပြည့်။
၅၂။ အရှေ့က နေဝန်းထွက်သည့်ပမာ၊ (ပထမတွဲ)၊ (သိန်းဖေမြင့်)၊ ဥမ္မာဘောင်စာပေ၊ အင်းဝ ပုံနှိပ်ခြင်း၊ ၁၉၇၄ ခု ဧပြီလ။ (ဒုတိယတွဲ) ပုံနှိပ်ခြင်း၊ ၁၉၇၄ ခု စက်တင်ဘာလ။
၅၃။ အိုးဝေ၏ ရွှေရတုသတင်း လက်စွဲစင်၊ အိုးဝေစာပေတိုက်၊ ၁၉၇၀ ခု။
၅၄။ အင်းလျားလူငယ်သင်တန်းကျောင်း ကျောင်းရာဇဝင်မှတ်တမ်း။
၅၅။ အနုသုခုမပညာရှင်အကျဉ်း (ကင်းဝန်မင်းကြီးဦးကောင်း)၊ အရိုးရ စာပုံနှိပ်တိုက်၊ ၁၉၆၁ ခု။

## ကိုယ်တိုင်ပြောပြသူများ

၁။ ဒေါ်ခင်ကြီး (သခင်ဘသိန်း ဇနီး)
၂။ ဒေါ်ခင်ကြည်ကြည် (ဦးသိန်းဖေမြင့် ဇနီး)
၃။ ဒေါ်ခင်စု (ရေနံမြေ ခင်စု)
၄။ ဒေါ်ခင်ရီ (ဗ လ စ)
၅။ ဒေါ်မမစောအောင်
၆။ ဒေါ်မြမြင့်သင် (ရွှေကလေးထိန်းဌာန)
၇။ ဒေါ်ရီကြိန် (စာရေးဆရာမ)
၈။ ဒေါ်သန်းနိုင် (လူငယ်သင်တန်းကျောင်း)
၉။ ဒေါ်သိန်းတင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
၁၀။ ရဲရဲတောက် သခင်သန်းတင်
၁၁။ ဦးကျော်မြင့်လွင် (စာရေးဆရာ)
၁၂။ ဦးဇော်ဝိတ် (အငြိမ်း/ကာ၊ ဒု ညွှန်ကြားရေးမှူးဟောင်း)

## အင်္ဂလိပ်ဘာသာကျမ်းကိုးစာရင်း


1. *A History of Modern Burma*, (Cady), Cornell University Press; New York 1960.
2. *Burma*, (Sir. J. G. Scott), Alexander Moring, Ltd; Hanover Square, W. England. 1911.
3. *Burma Code Vol XI.*
4. *Burma Parliamentary Companion*, Rangoon Gazette Ltd, Rangoon, 1940.
5. *Burma, Vol III No. 3.*
6. *Burma Weekly Bulletin*, (21. 5. 52), (20. 10. 55)
7. *Burmese Buddhist Law*, (S. C. Lahiri and Dr. Aye Mg.)
8. *Government of Burma Act, 1935.*
9. *Old Burma*. (Compiled and Edited by U Myo Min) A Hanthawaddy Publication, 1948.
10. *Perspective of Burma*, Inter-cultural Publication. Inc, New York. 1958.
11. *South East Asian Games Official Reports.*
12. *The Guardian Daily*, (4. 8. 73.)
13. *The Working People's Daily*, (1. 6. 75.)
14. *Who's Who in Burma*, People's Literature House, 1961.
15. *World Book Encyclopedia, Vol 18.* Field Enterprises Inc, U. S. A; 1947.



# စာကြည့်တိုက်တွင်သုံးရန်

တိုက်ပိုင်အမှတ်

ကြည်မာ (တက္ကသိုလ်-)

မြန်မာအမျိုးသမီးလောက။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၅။

၁၀၂ စာမျက်နှာ၊ ပြည်သူ့လက်စွဲစာစဉ်။

မြန်မာအမျိုးသမီးများ၏စွမ်းရည်၊ နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး တို့၌ ပါဝင် လှုပ်ရှားခဲ့ပုံများ၊ ထူးချွန်သူအမျိုးသမီးများအကြောင်း ပါသည်။ နိုင်ငံတကာအမျိုးသမီးနှစ်အတွက် ထုတ်ဝေသည်။

အဖိုး ၃ ကျပ်

ပြန်ပေးရမည့် ရက်စွဲ

**Date Due**

၈၂၀.၇၁
ကြည်

B 42749

ရေးသူ
AUTHOR
ကြည်မောင် (တက္ကသိုလ်-)

စာအုပ်အမည်
TITLE
မြန်မာ့အမျိုးသမီး

| ပြန်ပေးရမည့်နေ့စွဲ DATE DUE | ငှါးရမ်းသူအမည် BORROWER'S NAME |
| --- | --- |
| [illegible] | [illegible] |

ပညာရပ်အမှတ်
Class No.
၈၂၀.၇၁
ကြည်

တိုက်ပိုင်နံပါတ်
Acc. No.
B 42749

★ နိုင်ငံတကာ အမျိုးသမီးများနှင့် နှိုင်းယှဉ်ရလျှင် အခွင့် အရေးနှင့် လွတ်လပ်မှု၌ တစန်းသာသူများ

★ မြန်မာအမျိုးသမီးများ၏ မီးရှူးတန်ဆောင်များ

★ နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး၊ အနုပညာရေး နှင့် အားကစား ရေးရာတို့၌ မြန်မာအမျိုးသမီး များ၏ တက်တက်ကြွကြွ ထက်ထက်သန်သန်ဖြင့် ပါဝင်လှုပ်ရှားခဲ့ပုံများကို

"နိုင်ငံတကာအမျိုးသမီးနှစ်" ကို ဂုဏ်ပြု၍ ထုတ်ဝေလိုက်သော

"မြန်မာ အမျိုးသမီးလောက"

အဖိုး ၃